www.burmeseclassic.com




www.burmeseclassic.com

## မာတိကာ


- ထူးဆန်းသောပြပွဲ
- သံပုံးထဲမှအသံ
- မောင်သံပုံးဟုခေါ်သည်
- မာယာလောကသို့တိုးဝင်ခြင်း
- ဝက်ဝံ့ကောရီ
- ထောင်ချောက်မိသူ
- မောင်သံပုံး လှည့်ဖြားခံရခြင်း
- နေရောင်ခြည်နှင့်ဆုံစည်းမှု
- ဂငယ်သုံးလုံး မောင်သံပုံး
- လားမားကျောင်းတော်၏ညှော်သည်စိမ်း
- လျှို့ဝှက်ချက်ပေါက်ကြားခြင်း
- လောဘသားကောင်၏ရက်စက်မှု
- နေရောင်ခြည်ပျောက်ဆုံးခြင်း
- တတိယဂငယ်ကိုမေ့လျော့သူ
- သမုဒ္ဒယသောင်ပြင်
- လေ့ထိုးသားမောင်သံပုံး
- ကံဆိုးသူ
- ရှင်သေမင်းကိုအာခံခြင်း
- သက်မဲ့ရှာ
- မောင်သံပုံး၏မာယာ
- ရင်တွင်းအမုန်း
- ခြေရာပျောက်သောမိန်းကလေး
- အသက်လုပွဲ
- မောင်သံပုံး၏အောင်ပွဲ
- အကျိုးပေးသောဂငယ်များ
- ရင်ထဲကချစ်သူ
- အတိတ်မှလိုက်လာသူ
- ပြေးမလွတ်
- ရန်သူတော်များ၏ကျဆုံးခန်း
- အမုန်း၏အစွန်းတစ်ဖက်


BURMESE CLASSIC .com



## ❖ ထူးဆန်းသောပြပွဲ ❖

တစ်နေ့သ၌ အညာဒေသ တောမြို့လေးတစ်မြို့ဝယ် ဘုရားပွဲတော်ကျင်းပလျက်ရှိလေ၏။ ယင်းမြို့လေးမှာ သေးငယ်ပြီး တောမကျ မြို့မကျ မြို့ငယ်လေးဖြစ်လေရကား ဘုရားပွဲတော်မှာ လွန်စွာစည်ကားခြင်းမရှိချေ။

ကြီးကျယ်ခမ်းနားသော ဘုရားပွဲတော်ကြီးမျိုး မဟုတ်သဖြင့်လည်း ဘုရားဂေါပကလူကြီးများသည် မြို့ကြီးပြကြီးတို့မှ ဇာတ်သဘင် အငြိမ့်အဖွဲ့တို့ကို ငှားကာ ပွဲမသွင်းနိုင်ချေ။

ထို့ကြောင့် ယင်းမြို့ငယ်လေး၏ တစ်ဦးတည်းသော ဒိုးဆရာကိုဘသောင်း ဖွဲ့စည်းတည်ထောင်ထားသော ခါးပြတ်ဒိုးဝိုင်းလေးကို သာ ငှားကာ ကြည့်ချင်ပွဲအဖြစ် ပွဲသွင်းပြီး မြို့ကာလသားတို့ ဖြစ်သလို ဇာတ်တိုက်ထားသည့် အရပ်ပြဇာတ်ကိုသာ ကပြစေရလေ၏။

မည်သို့ပင်ဖြစ်စေ ယင်းတောမြို့လေးနှင့် အနီးအပါး ရွာငယ်စုလေးတို့မှ ရွာသူရွာသားတို့မှာ ပွဲငတ်နေကြသူများပီပီ အဆိုပါ ခါးပြတ်ဒိုးဝိုင်းနှင့် အရပ်ပြဇာတ်ကိုသာ အားသာပြေကြည့်ရှုရန် အားခဲထားကြလေ၏။

အရပ်ပြဇာတ်ကပြမည့် ဇာတ်စင်ကို ဘုရားပုရဝုဏ်၏ အပြင်ဘက်ရှိ ရိုးပြတ်လယ်ကွင်းဝယ် တည်ဆောက်ထားပြီး အခြားကြည့်ချင် ပွဲငယ်များကိုလည်း ဇာတ်စင်နှင့် ဝါးနှစ်ရိုက်ခန့်အကွာ ဘယ်ဘက်၌ တန်းစီကာ နေရာချထားပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားပွဲဈေးတန်းကို လျှောက်ကြသူများသည် အရပ်ပြဇာတ်မကာပြသေးမီ အခြားကြည့်ချင်ပွဲငယ်များကို ဝင်ကြည့်ကြလေရာ ပိုက်ဆံတစ်ပဲပေးပါက ဝင်ကြည့်ရှုရသော မျက်လှည့်ပွဲ၊ အထူးအဆန်း တိရစ္ဆာန်ငယ်တို့ကိုပြသောပွဲ၊ မျောက်ပွဲတို့မှာ ယခင်နှစ်များက ဘုရားပွဲတော်ကျင်းပတိုင်း ကြည့်နေကျမို့ သူတို့အဖို့ သိပ်အထူးအဆန်း မဖြစ်လှချေ။

သို့သော် ယခုနှစ်တွင်မူ ထူးထူးခြားခြား ပွဲသွင်းလာသော ပြပွဲတစ်ခုကိုမူ လူအများ စိတ်ဝင်စားလျက်ရှိချေ၏။

ယင်းပြပွဲမှာ မျက်လှည့်ပွဲ၊ မျောက်ပွဲများကဲ့သို့ ရုံရှေ့ဝယ် ကြော်ငြာပုံနှင့်စာတမ်းတစ်စုံတစ်ရာ ရေးဆွဲချိတ်ထားခြင်းမရှိဘဲ ဆယ်ပေပတ်လည်ခန့်ရှိသော ရုံငယ်ကို ကျူထရံများဖြင့် လေးဖက်လေးတန် ကာရံထားပြီးလျှင် မျက်နှာစာ၌ ဝင်ပေါက်နှင့်ထွက်ပေါက် ထားရှိလေ၏။

ယင်းဝင်ပေါက်နှင့်ထွက်ပေါက်ကို လိုက်ကာအပြာရင့်ရောင်များနှင့် ကာရံထားလေ၏။

အမိုးမရှိသော ယင်းရုံငယ်၏ရှေ့၌ အသားညိုညို၊ မျက်နှာဝယ် ကျောက်ပေါက်မာသဲ့သဲ့ရှိသော မိန်းမတစ်ဦးသည် ထဘီကို တိုတိုဝတ်ကာ

"လူဒူး ... လူဒူး ... တစ်ခါဝင်ကြည့် တစ်ပဲတည်းနော်၊ တစ်သက်မှာ တစ်ခါ ကြုံတွေ့မြင်ဖူးစေရမယ့် လူဒူး ... လူဒူး ... အမြို့မြို့ အနယ်နယ်တိုင်းမှာ ပြသပြီး အောင်ပွဲခံခဲ့တဲ့ လူဒူး"

ဟု အဆက်မပြတ်အော်ဟစ်ပြီး လူခေါ်လျက် ရှိလေ၏။

ထိုမိန်းမ၏အော်သံကြောင့် လူအချို့သည် ရုံရှေ့သို့ ရောက်ရှိလာပြီးလျှင် ကြော်ငြာရုပ်ပုံများ၊ ဆိုင်းဘုတ်စာတမ်းများ တပ်ဆင်ထားခြင်းမရှိသော အနီကြည့်ချင်ပွဲရုံလေးရှေ့ဝယ် မယောင်မလည်ရပ်ကာ ဘာများပါလိမ့်ဟူ၍ လွန်စွာစိတ်ဝင်စားလျက် ရှိလေ၏။

အသားမည်းမည်း ဝဝနှင့် လူကြီးတစ်ဦးသည် ...

"လူထူးဆိုပဲကွ ... ဘယ်လိုထူးတဲ့လူမျိုးပါလိမ့် ... ခေါင်းနှစ်လုံးများ ပါနေရော့သလား"

ဟု သူ၏နံဘေးမှ ပုညက်ညက် လူပလံလေးကို ပြောလိုက်လေရာ ညက်ညက်လူက သူ၏ခေါင်းတုံးဆံတောက်ဆံပင်ကို လက်ဖဝါးတစ်ဖက်ဖြင့် ပွတ်လိုက်ပြီး ...

"အေးဗျာ ကိုရင်သာကိရဲ ... ကျုပ်ဖြင့် အသက်လေးဆယ်ကျော်တဲ့အထိ လူထူးဆိုတာ မမြင်ဖူးပါဘူး၊ အတော်ထူးဆန်းတဲ့ လူမို့ ခုလို ကျုပ်တို့ရွာရဲ့ဘုရားပွဲမှာ ရုံသွင်းပြီးလာပြတာ ဖြစ်ရမယ်ဗျ။ ကျုပ် ဝင်ကြည့်ချင်လိုက်တာဗျာ ... ပိုက်ဆံမရှိလို့"

ဟု ခပ်ညည်းညည်းပြောလိုက်ပြီး လိုက်ကာအပြာကြီးကိုသာ စိတ်အားထက်သန်စွာ ငေးစိုက်ကြည့်နေရှာလေ၏။

"လူဒူးနော် လူဒူး ... တစ်သက်မှာ တစ်ခါသာ မြင်ရမယ့် လူဒူး၊ တစ်ခါဝင်ကြည့်မှ တစ်ပဲတည်း ... လူဒူး လူဒူး"

ရုံရှေ့မှ အော်သံသည်ကား အဆက်မပြတ် စူးရှစွာ ထွက်ပေါ်လျက်။

ကျောက်ပေါက်မာမိန်းမ၏အော်သံကြောင့် လွန်စွာ စိတ်ဝင်စားလျက်ရှိသော လူအချို့ထဲမှ စပ်စုလိုဟန်ရှိသည့် အသားလတ်လတ် ဆောင့်ကြွားကြွားဟန်ရှိသော ဆံပင်ညှပ်သမား ကိုဟန်ပသည် သူ၏ အင်္ကျီအိတ်ကပ်ထဲမှ ငွေအကြေတစ်ပဲကို ထုတ်ယူလိုက်ပြီး ရုံအဝသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်လှမ်းသွားကာ ကျောက်ပေါက်မာမိန်းမ၏ လက်ထဲသို့ ငွေစကို ထည့်လိုက်လေ၏။

ထို့နောက် အဝင်ဟု စာကပ်ထားသော ဝင်ပေါက်ဝမှ လိုက်ကာစအပြာရင့်ရောင်ကို အသာဖယ်မကာ ရုံထဲသို့ ဝင်ရောက်သွားလေတော့၏။

ကိုဟန်ပ ထိုသို့ ရုံထဲဝင်သွားသည်ကို တွေ့သူတို့သည် ရုံထဲတွင်ရှိသည့်လူထူးလူဆန်းမျိုးကို ကိုဟန်ပ မြင်ခဲ့လေသနည်းဟု သိချင်သဖြင့် စပ်စုမေးမြန်းရန် ထွက်ပေါက်အနီးဝယ် မယောင်မလည် ရပ်စောင့်နေကြလေ၏။





BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ကိုဟာန်ပလည်း ရုံထဲသို့ ရောက်သွားလေလျှင် ဆယ်ပေပတ်လည်ခန့်ရှိသော မြေစိုက်ရုံလေး၏ ထောင့်တစ်နေရာအနီး၌ ဖျာတစ်ချပ်ကို ခင်းထားပြီးလျှင် ယင်းဖျာပေါ်၌ ယောက်ျားတစ်ဦးသည် ပက်လက်လှန် လဲလျောင်းအိပ်စက်လျက်ရှိကာ သူ၏မျက်နှာကိုမူ မျက်နှာသုတ်ပဝါတစ်ထည်ဖြင့် ဖုံးလွှမ်းထားသည်ကို တွေ့ရလေ၏။

ထိုသူသည် အကွက်ကျဲပုဆိုးခပ်နွမ်းနွမ်းကို ဝတ်ထားပြီး ခြေတစ်ဖက်ကို ခင်းထားကာ အခြားခြေတစ်ဖက်ကိုမူ ဒူးထောင်ထားလျက် ပုဆိုးကိုပေါင်ရင်းနီးပါးအထိ လှန်ထားလေရာ ထိုသူ၏ဒူးခေါင်းသည် မီးခွက်မီးရောင်အောက်ဝယ် ထင်းထင်းကြီးပေါ်လျက်ရှိလေ၏။

ထိုသူ၏ခေါင်းရင်းနံ့ဘေးမှ ဖျာငယ်တစ်ချပ်ပေါ်တွင်မူ ခပ်ပိန်ပိန်အသားလတ်လတ်နှင့် မိန်းမတစ်ဦးမှာ လသားအရွယ် ကလေးငယ်တစ်ဦးကိုထိုင်လျက် နို့တိုက်နေကာ ကိုဟာန်ပကို ခပ်ပြုံးပြုံးကြည့်လျက် ရှိချေ၏။

ကိုဟာန်ပမှာ ရုံအတွင်း၌ ထိုမိန်းမနှင့် ယောက်ျားနှစ်ဦးကိုသာ တွေ့ရပြီး အခြား မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရသဖြင့် ယောင်ချာချာဖြစ်သွားပြီးလျှင် မျက်မှောင်ကုတ်လိုက်လျက် ...

"ဘယ်မှာလဲဗျ လူထူး"

ဟု ကလေးနို့တိုက်နေသော မိန်းမကို ဇဝေဇဝါမေးလိုက်ရာ ထိုမိန်းမက အိပ်နေသောယောက်ျား၏ ပေါ်နေသည့်ဒူးကို လက်ညှိုးညွှန်ပြပြီးလျှင်

"အဲဒီမှာလေ လူဒူး"

ဟူ၍ ရယ်ကျဲကျဲမျက်နှာဖြင့်ပြောလိုက်ရာ ကိုဟာန်ပမှာ ထိုအခါမှ "ဟိုက် ... လူဒူး" ဟူ၍ ပါးစပ်မှ ယောင်ယမ်းရေရွတ်ရင်း သူ့နဖူးကိုသူလက်ဖဝါးဖြင့် ဖတ်ခနဲရိုက်လိုက်ပြီးနောက် လူပါး ပုလင်းထိလေခြင်းဟုမခံချိမခံသာဖြင့် မျက်နှာမှာ ရှက်သွေးဖြန်းကာ ရဲခနဲ ဖြစ်သွားရလေ၏။

ထို့နောက် သူသည် ရုံထဲမှ ယောင်ချာချာဖြင့် ပြန်ထွက်လာရာ သူ့ကိုစပ်စုရန် စောင့်မျှော်နေကြသော တစ်ရွာတည်းသား လူတစ်စုကို ရုံအ





ပြင်ဘက်ဝယ် တွေ့ရရာ ...

"ဘယ်လိုလဲ ကိုဟာန်ပ .. တွေ့ခဲ့လား၊ ဘယ်လိုလူထူးမျိုးလဲ"

ဟု စပ်စုမေးမြန်းသည်တွင် ကိုဟာန်ပမှာ သူ အလိမ်မိခဲ့မှန်း ပြန်ပြောပြရန်ရှက်သဖြင့် မျက်နှာရဲရဲ ပြုံးစိစိဖြင့်ပင် ...

"ကျုပ်တော့ တွေ့ခဲ့ပြီးပြီ၊ တွေ့ချင့်သိချင်ရင် ဝင်ကြည့်ကြ"

ဟု ခပ်လောလောပြောလိုက်ပြီးနောက် အရပ်ပြဇာတ်စင်ဘက်သို့ သုတ်ခြေတင် ထွက်သွားလေတော့၏။

"လူဒူးနော် လူဒူး ... တစ်သက်မှာ တစ်ခါပဲ တွေ့ရမယ်၊ ကြုံတောင့်ကြုံခဲတွေ့ချင်ရင် ဝင်ကြည့်ကြ၊ တစ်ခါမှ တစ်ပဲတည်း ... လူဒူး လူဒူး"

ဟူသော ကျောက်ပေါက်မာသဲ့သဲ့နှင့် မိန်းမ၏ ခပ်တည်တည်အော်သံသည်ကား အခြားကြည့်ချင်ပွဲရုံများမှ ထွက်ပေါ်လျက်ရှိသော လော်စပီကာသံတို့ကို ထွင်းဖောက်ညံစီလျက် ...။

သို့ဖြင့် ဆံပင်ညှပ်သမား ကိုဟာန်ပနည်းတူ ယင်းရုံဝယ် ဝင်ကြည့်မိသူတို့မှာ လူဒူးနှင့်တွေ့ပြီး ခပ်ရှက်ရှက်သာ ပြန်ထွက်လာရလေတော့၏။

ယင်းရုံထဲမှ ခပ်ကုပ်ကုပ်ပြန်ထွက်လာသော သူငယ်ချင်း လူငယ်နှစ်ဦးမှာမူ သူတို့ရင်ထဲမှ ခံစားချက်ကို ထိုနေရာမှ အော်တော်လှမ်းလှမ်းအရောက်ဝယ် ရင်ဖွင့်မိကြတော့၏။ အသားညိုညို ဂင်တိုတိုနှင့် လူငယ်က ...

"တောက် ... ဒါ သက်သက်လူလည်ကျတာကွ၊ ငါတို့မှာ ထူးထူးဆန်းဆန်းလူ အောက်မေ့ပြီး ဝင်ကြည့်မိခါမှ အလိမ်မိပြီး ပိုက်ဆံတစ်ပဲဆုံးတာအဖတ်တင်ခဲ့ရတယ်ကွာ"

ဟု မချိတင်ကဲအသံကြီးဖြင့် ပြောလိုက်ရာ အတန်ငယ် စဉ်းစားတွေးတောတတ်ဟန်ရှိသော အသားလတ်လတ်နှင့်လူငယ်က သူ၏ကော်လံတစ်လိမ်းထားသည့် ဘိုကေကို ညာလက်ဖဝါးဖြင့် အသာသပ်တင်လိုက်ရင်းပြုံးစိစိမျက်နှာဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com

"ဒါကတော့ ဒိုးကြီးရာ ... သူတို့ကိုလည်း အပြစ်သွားမတင်နဲ့ကွ၊ ဟိုကျောက်ပေါက်မာနဲ့မိန်းမ အော်တာ သေချာနားထောင်ကြည့် ... သူက လူဒူး လူဒူးလို့ အော်တာကွ၊ လူထူးလူဆန်းလို့ အော်တာမျိုး မဟုတ်ဘူး"

ဟု ပြောလိုက်ရာ ဒိုးကြီးဆိုသော ဂင်တိုတိုနှင့်လူငယ်မှာ သူ၏မျက်နှာပြုံပြုံကို ရှုံ့မဲ့လိုက်ပြီး ...

"တော်စမ်းပါ ဖိုးချစ်ရာ ... အဲဒီဟာမကြီးက မလိမ့်တပတ်နဲ့ အော်ပြီး လူခေါ်သွင်းနေတာကွ ... သူက လူဒူး လူဒူးနဲ့ အော်တော့ ငါတို့က ထူးဆန်းတဲ့လူ၊ လူထူးလူဆန်းကို ပြောတယ်ပဲ ထင်မိတာပေါ့"

ဟု မကျေမချမ်းအသံဖြင့် ပြောလေလျှင် ဖိုးချစ်က ကွမ်းဝါးရင်းမှ ပြုံးလိုက်ပြီး ...

"အဲဒါပေါ့ ဒိုးကြီးရ ... ရွာဦးကျောင်းဆရာတော် ငါတို့ကို သဂြိုဟ်နဲ့သဒ္ဒါသင်တုန်းက မိန့်တော်မူခဲ့သလိုပေါ့ ... ငါတို့ မြန်မာစကား၊ မြန်မာစာမှာ ရေးတော့အမှန်, ဖတ်တော့အသံဆိုပြီး ရှိတယ် မဟုတ်လားကွ"

"ဒီအချက်ကို သူတို့က အသုံးချပြီး လူဒူး လူဒူးနဲ့ အော်လေတော့ ငါတို့က 'ထဆင်ထူး'နဲ့ထူးတဲ့ လူထူးကို ရေးတော့အမှန်, ဖတ်တော့အသံဆိုတဲ့အတိုင်း လူထူး လူထူးနဲ့ အော်ရာက ထသံကနေ ဒသံကို ကူးပြောင်းပြီး လူဒူး လူဒူးလို့ အော်တယ်ပဲ ထင်ခဲ့တာပေါ့ ...၊

ဒီတော့ ငါတို့ကလည်း ဘယ်လိုလူထူးလူဆန်းမျိုးများ တွေ့ရမလဲလို့ စပ်စုလိုစိတ်နဲ့ တစ်ပဲဆိုတဲ့ မများလှတဲ့ငွေကြေးကို အမှုမထား မနှမြောဘဲ ဝင်ကြည့်ရာက သူတို့ပြောတဲ့အတိုင်း တကယ့်လူဒူးနဲ့ ဆုံခဲ့ရတာပဲလေကွာ မဟုတ်ဘူးလား ... ဟား ဟား ဟား"

ဟု သူတို့ မလိမ့်တပတ်ဖြင့် လူလည်အကျခံလိုက်ရခြင်းကိုပင် ဖိုးချစ်က ရယ်ချင်ပက်ကျိဖြစ်ပြီး ဗိုက်နှိပ်ကာ တဟားဟား တခွီးခွီး ရယ်လျက်ရှိရာ ဒိုးကြီးမှာလည်း မျက်နှာကြီးပြုံးဖြဲဖြဲ ဖြစ်လာလေတော့၏။





သို့ဖြင့် လူဒူးသည် ထိုညအဖို့ ရက်တတ်သူများကြောင့် အောင်ပွဲခံလျက်ရှိရာ အရပ်ပြဇာတ်ပွဲထွက်လုလု ဒိုးသံပေးနေစဉ်ဝယ် ချက်အရက်နှစ်လုံး ကုန်အောင်သောက်ပြီး ခပ်ထွေထွေဖြစ်နေသည့် ဘသန်းဆိုသည့်လူသည် 'လူဒူး' ရုံရှေ့သို့ ရောက်ရှိလာတော့၏။

ဘသန်းသည်ကား ဤရွာမှ မီးသွေးဖုတ်သမားဖြစ်ပြီး ပုပု ဂင်တိုတိုနှင့် ရုပ်ကြမ်းကြမ်းရှိကာ မဟုတ်မခံ လူပုစိတ်ကို ဖြစ်သူသာမက စိတ်ဆတ်ကာ လက်မြန်ခြေမြန်ရှိသူမို့ တော်ရုံရွာသားတို့ ရှိန်ရသူ ဖြစ်ချေ၏။

အန္တိ ဘသန်းသည် ခပ်ရွတ်ရွတ်စိတ်ထားရှိသူလည်း ဖြစ်ရာ လူဒူးရုံရှေ့ဝယ် ခြေထောက်နှစ်ချောင်းကို ခပ်ကားကားရပ်လိုက်ပြီး သူ၏ဘယ်လက်က ပုဆိုးစကိုမကာ ခါးထောက်ထားလျက် ရုံရှေ့မှ အော်ဟစ်လူခေါ်နေသော မိန်းမကို ခပ်ထွေထွေဖြင့် စိုက်ကြည့်လျက်ရှိလေ၏။

ကျောက်ပေါက်မာနှင့်မိန်းမက ဘသန်းကို တစ်ချက်စွေကြည့်လိုက်ပြီး ...

"လူဒူးနော် လူဒူး ... တစ်ခါဝင်ကြည့် တစ်ပဲတည်းနော်၊ တစ်သက်မှာတစ်ခါ ကြုံတွေ့မြင်ဖူးစေရမယ့် ... လူဒူး လူဒူး"

"အမြို့မြို့အနယ်နယ်မှာ ပြသပြီး အောင်ပွဲခံခဲ့တဲ့ လူဒူး"

ဟူ၍ အဆက်မပြတ် အော်ဟစ်လူခေါ်လျက်ရှိလေ၏။

ဘသန်းသည် ထိုမိန်းမ၏ကြော်ငြာစကားကို လွန်စွာ စိတ်ဝင်စားသွားပြီး ...

"အမယ် ... လူဒူးဆိုပါလား၊ ဘယ်လိုထူးတဲ့ လူပါလိမ့်၊ လူခန္ဓာနဲ့ ဝက်ခေါင်းလား၊ ဒါမှမဟုတ် မျက်လုံးသုံးလုံးရှိတဲ့လူ၊ နားရွက်လေးခုရှိတဲ့လူပဲလား၊ ဒါမျိုးဟာ ကြည့်ရခဲတယ် ... ငါတို့ရွာဘုရားပွဲမှာ ဒီလိုမျိုး ထူးထူးဆန်းဆန်း တစ်ခါမှလာမပြဖူးဘူး ... အေး ...၊

ပြတုန်းပြခိုက် ဝင်ကြည့်ဦးမှ၊ တစ်ပဲ,ပဲ ပေးပြီးကြည့်ရတာ တန်တယ်၊ ငါကြည့်ပြီးမှ ဟိုကောင် လူဝတို့ သာမြတို့ကို ကြွားပြီးပြောပြရမယ်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်မှလည်းတွေး၊ ပါးစပ်မှလည်း ပွစိပွစိ ရေရွတ်ပြောနေရင်း ခါးကြားဝယ် လိမ်ကျစ်ထားသည့် ငွေစအနည်းငယ်ထဲမှ ငွေတစ်ပဲကို ကျောက်ပေါက်မာနှင့်မိန်းမ၏လက်ထဲသို့ ထည့်ကာ ရုံထဲသို့ ခပ်ယိုင်ယိုင်ဖြင့် ဝင်သွားလေတော့၏။

သူသည်လည်း အခြားသူတို့ကဲ့သို့ပင် ဒူးတစ်ဖက်ထောင် လဲလျောင်းနေသောလူနှင့် ကလေးအမေကိုသာ မီးခွက်အလင်းရောင်အောက်တွင် တွေ့ရရာ မျက်မှောင်ကြီးကို ကုတ်လိုက်ပြီး . . .

"ဘယ်မှာလဲ လူထူး"

ဟု ကလေးအမေမိန်းမကို ငေါက်ဆတ်ဆတ် မေးလိုက်လေ၏။

ထိုမိန်းမကလည်း ထုံးစံအတိုင်းပင် ဖျာပေါ်၌ ပက်လက်လှန် အိပ်နေသော ယောက်ျား၏ ထောင်ထားသည့်ဒူးခေါင်းကို လက်ညှိုးညွှန်ပြကာ

"အဲဒီမှာလေ လူဒူး"

ဟု ဆိုလိုက်ရာ ဘသန်းမှာ လွန်စွာအံ့အားသင့်ကာ မျက်လုံးအစုံ ပြူးသွားရာမှ ဒေါသထောင်းခနဲထွက်သွားပြီး . . .

"ဘာ . . . ဒါ လူဒူးဟုတ်လား၊ အဲဒါတော့ နင်တို့ပြောမှလား"

ဟု ဒေါသတကြီးပြောလိုက်လေရာ ကလေးအမေ မိန်းမက ပခုံးကို တွန့်လိုက်ပြီး မထီမဲ့မြင်ပြုံးလိုက်ကာ . . .

"ဟုတ်တယ်လေ . . . ကျွန်မတို့ကလည်း အစကတည်းက အစ်ကိုတို့ကို လူဒူးလို့ အော်ခေါ်ပြောခဲ့တာပဲ"

ဟု ပြောလိုက်သည့်တွင် လူပုံစိတ်တို လူရွှတ်ဘသန်းမှာ ခပ်တည်တည်ဖြင့် မလိမ့်တပတ်အပြုခံရမှန်း ရိပ်မိပြီး ဒေါသတကြီး ဖြစ်သွားလျက်

"ဟင် . . . အဲဒီလူဒူးတော့ နင်တို့ပြမှလား . . . ငါတို့မှာလည်း ရှိတာပေါ့၊ ဒါကိုပဲ တစ်သက်မှာတစ်ခါ မြင်ရမယ်လေး, ဘာလေးနဲ့ ဘာဖြစ်လို့ အော်ရတာလဲ . . . ဟင်"

ဟု ရှူးရှူးရှဲရှဲဖြင့် ပြန်ပြောရာ . . .



"ဟုတ်တယ်လေ . . . ကျွန်မယောက်ျားရဲ့ဒူးကို အစ်ကိုတို့ အရင်က မြင်ဖူးလို့လား၊ ခုမှ တစ်သက်မှာတစ်ခါ မြင်ဖူးတာ မဟုတ်လား"

ဟု ထပ်တွန့်တက်ကာ ကလေးအမေမိန်းမက ပြောလိုက်လေလျှင် ဘသန်းသည်လည်း သူ၏စိတ်ကို မထိန်းနိုင်တော့ဘဲ . . .

"ဒါလားကွ လူဒူး . . . ကဲကွာ လူဒူးဦး . . . မလိမ့်တပတ်နဲ့ ပိုက်ဆံညာယူဦး"

ဟု ဘီလူးသဘက်အသံကြီးဖြင့်အော်ကာ လဲလျောင်းနေသောသူ၏ ဒူးကို ဖောင်းခနဲ ပြေးကန်ထည့်လိုက်ပြီးနောက် ရုံထောင့်တစ်နေရာတွင်တွေ့ရသော ထင်းချောင်းစအား ပြေးကောက်ကာ . . .

"ကဲ . . . လူဒူးဦးကွာ . . . လူဒူးဦးကွာ"

ဟု အော်ဟစ်ကာ ထိုသူကို တဖုံးဖုံးဖြင့်ပြေးရိုက်ရာ ဒူးအပြကောင်းမိသော လူညာမှာ . . .

"အောင်မယ်လေး . . . ကြောက်ပါပြီဗျ . . . မဒူးတော့ပါဘူး မဒူးတော့ပါဘူး"

BURMESE CLASSIC .com

ဟု ထိတ်လန့်တကြား အော်ဟစ်ရင်း ထပြေးလေတော့၏။

ကလေးအမေလည်း ကြောက်လန့်ပြီး ကလေးကိုပွေ့ကာ ရုံထဲမှ ထွက်ပြေးတော့၏။

ကျောက်ပေါက်မာနှင့်မိန်းမလည်း အခြေအနေမဟန်တော့သဖြင့် ထိုညဦးအဖို့ လိမ်ညာရယူထားသော ငွေစတို့ကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ ခြေဦးတည့်ရာ ထွက်ပြေးလေ၏။

'လူဒူး' ပုဂ္ဂိုလ်မှာလည်း ပွဲခင်းနှင့်ဝေးရာသို့ ဖနောင့်နှင့်တင်ပါးတစ်သားတည်းကျအောင် ကြွက်အမြီးတန်းပြေးလေရာ နောက်ဆုံးဝယ် ဘသန်းနှင့် ရွာသားများက လူဒူးရုံအား ဖြိုချလိုက်ပါတော့သတည်း။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## ❖ သံပုံးထဲမှအသံ ❖

နောက်တစ်နေ့နံနက်တွင်မူ ယင်းမြို့ကလေး၏ ဈေးထဲဝယ် ပြောစရာသတင်းတစ်ခု ဖြစ်ပေါ်လေ၏။

"ဈေးနောက်က အမှိုက်ပုံထဲမှာ ကလေးတစ်ယောက်ကို တွေ့လိုက်လို့တဲ့ဟေ့"

"ကလေးက ဖြူဖြူဖွေးဖွေး ချစ်စရာလေးတဲ့"

"ဟုတ်တယ် အစ်မစိန်ရေ . . . နေလေးနည်းနည်း ထွက်လာချိန်မှာ ကလေးငိုသံကြားလို့ လိုက်ရှာရာက အမှိုက်ပုံဘက်က ကြားရတာနဲ့ မတုတ်တို့ ပြေးကြည့်လို့ ကလေးကိုတွေ့ရတာတဲ့"

ဟုတ်ပါသည်။ ပထမတော့ အမှိုက်ပုံနှင့်အနီးဆုံး ကုန်စိမ်းတန်းမှ ကန့်ဖွန်းရှက်သည် မတုတ်တို့ ပဲပင်ပေါက်ပဲပြားသည် ထွေးစိန်တို့မှာ ကလေးငယ်တစ်ဦး၏ အူဝဲ အူဝဲ ဟူသော အော်ငိုသံသဲ့သဲ့လေး စတင်ကြားရစဉ်က ဈေးဝယ်သူတစ်ဦး၏ကလေးဟု ထင်ခဲ့မိ၏။

သို့သော် ဈေးဝယ်ပါးသွားသည့်တိုင် ကလေးငိုသံကို အဆက်မပြတ်ကြားနေရရာ မတုတ်တို့မှာ ဟိုသည်စူးစမ်းကြည့်ရှုရင်း ကလေးငိုသံလာရာသို့ နားစွင့်ကြရလေတော့၏။

"ဟဲ့ ထွေးစိန် . . . ကလေးငိုသံက ဟိုအမှိုက်ပုံဘက်က လာနေတာထင်တယ်အေ့"





ဟု မတုတ်က အံ့ဩမယုံနိုင်သံလေးဖြင့် ပြောလိုက်ရာ ထွေးစိန်မှာလည်း ကလေးငိုသံကို သေချာစွာနားစွင့်လိုက်ရာမှ မျက်လုံးလေးများ ဝိုင်းသွားပြီး . . .

"ဟယ် ဟုတ်ပါရဲ့ မတုတ်ရေ . . . အမှိုက်ပုံဘက်ကနေ ဘယ့်နှယ် ကလေးငိုသံကြားနေရပါလိမ့်၊ ကျေန္တ အမှိုက်ပုံမှာ ကလေးကို လာပစ်သွားတယ်နဲ့တူတယ်"

"ငါတို့ သွားကြည့်ရအောင် မတုတ်"

ဟု အဖော်ညှိကာ ရှေ့မှထွက်သွားလျှင် မတုတ်လည်း ဈေးဝန်းကိုမှ အမှုမထားတော့ဘဲ စပ်စုတတ်သော မိန်းမတို့၏ဝါသနာအတိုင်း ထွေးစိန်နောက်မှ ပြေးလိုက်လေတော့၏။

ဈေးသည်မလေးနှစ်ယောက်မှာ ကလေးငိုသံ ထွက်ပေါ်လျက်ရှိရာ ဈေးအမှိုက်ပုံကြီးသို့ ရောက်ရှိသွားသည်တွင် တောင်းစုတ်၊ ပလုံးစုတ်၊ အမှိုက်အရှုပ်ထုပ်တွေကြား ဟိုသည်ကြည့်ရှုရှာဖွေလျက်ရှိစဉ် . . .

"ဝါး . . ဝါး . . ဝါး"

ဟူသော ကလေးငိုသံစူးစူးဝါးဝါးကို အနီးကပ်ကြားလိုက်ရာ ဖျတ်ခနဲ လှည့်ကြည့်လိုက်ကြသည်တွင် တောင်းစုတ်နှစ်လုံးကြားရှိ လေးထောင့်သံပုံး အစုတ်တစ်လုံးထဲမှ ကလေးငိုသံ ထွက်ပေါ်နေခြင်းဖြစ်ကြောင်း သတိပြုမိလေတော့၏။

"ဟဲ့ ထွေးစိန် . . . ဟိုသံပုံးထဲက ကလေးငိုသံ ထွက်နေတာအေ့"

ဟု ပြောရင်း မတုတ်က သံပုံးရှိရာသို့ လှမ်းသွားလိုက်လေ၏။ သံချေးအထပ်ထပ်တက်နေသော လေးထောင့်သံပုံးမှာ ထိပ်ပိုင်းမှ ပြတ်လျက်ရှိပြီး အမှိုက်များကြားဝယ် ခပ်စောင်းစောင်းတည်ရှိနေကာ အနည်းငယ်တလှုပ်လှုပ်လည်း ဖြစ်နေချေ၏။

မတုတ်က သံပုံးအနီးသို့အရောက်ဝယ် သံပုံးထဲသို့ ငုံ့ကြည့်လိုက်ရာ တွေ့ထားသော အနီးဖြူညစ်ညစ်ထဲမှ တဝါးဝါး အော်ငိုနေသော တင်ပါသား



www.burmeseclassic.com

www.burmeseclassic.com

အရွယ်ခန့်သာရှိဦးမည့် ကလေးငယ်လေးကို တွေ့ရလေတော့၏။

"ဟယ် ဟုတ်တယ်တော့ . . . ကလေးလေး ကလေးလေး"

အေးချမ်းသာယာလှသော သူတို့မြို့လေးဝယ် ယင်းသို့သော အဖြစ်အပျက်မျိုး မကြုံဖူးသဖြင့်လည်း အမှိုက်ပုံထဲမှ ချစ်စရာကလေးငယ်လေးကို တောက်ရသောသတင်းမှာ တစ်မူထူးခြားသော ပြောစရာသတင်း ဖြစ်လျက်ရှိပါလေတော့သတည်း။

✧ ✧ ✧



BURMESE CLASSIC .com



## ❖ မောင်သံပုံးဟုခေါ်သည် ❖

"အင်း . . . ဒီလိုလသားအရွယ် ကလေးငယ်ကို ဘယ်သူစွန့်သွားတာလဲ မသိဘူး . . . ကျုပ်တို့မြို့လေးကတော့ မဖြစ်နိုင်ဘူး"

ဟု အသားညိုညို ဝဝဖိုင့်ဖိုင့်နှင့် ကုတ်အင်္ကျီရှည်ကြီး ဝတ်ထားသော လူကြီးက မှတ်ချက်ပြုလိုက်လေ၏။ ထိုလူကြီးမှာ ဈေးခေါင်း ဦးကြင်မောင်ဖြစ်ပြီး သူက ဈေးသည်မတို့လက်ထဲ ဟိုရောက်သည်ရောက်ဖြစ်နေသော နီတာရဲကလေးငယ်ကို ကြည့်ကာ မှတ်ချက်ပြုလိုက်ခြင်းဖြစ်လေ၏။

ကလေးငယ်မှာ မွေးဆံပင်များ ရိတ်ထားသဖြင့် ခေါင်းတုံးပြောင်လျက်ရှိပြီး ဈေးသည်မတို့၏လက်ထဲဝယ် ယက်ကန်ယက်ကန်ဖြစ်လျက်ရှိလေ၏။ စတွေ့စကတည်းက နို့ဆာလွန်းသဖြင့် တငိုတည်း ငိုနေရှာသော အနီကလေးငယ်ကို ဝက်သားသည်မရွှေဥနှင့် ငါးစိမ်းသည် ဒေါ်စိမ်းမြတို့က တစ်လှည့်စီ နို့တိုက်ပြီးဖြစ်ရာ ကလေးငယ်မှာ နို့ဝသွားသဖြင့် ငိုယိုခြင်းမရှိတော့ချေ။

ဈေးခေါင်းဦးကြင်မောင်၏ဇနီး ဒေါ်တင်သိန်းမှ အနီးတစ်ထည်ထာပေးသဖြင့် ကလေးငယ်၏ သွေးတိုးစိုရွှဲနေသော အနီးဟောင်း ပေညစ်ညစ်ကို လဲလှယ်စွန့်ပစ်ခဲ့ပြီးလည်း ဖြစ်ပါ၏။

လောလောဆယ် ကလေးငယ်၏ နို့ဆာခြင်းပြဿနာ၊ အနီး ဆေးခြင်းပြဿနာတို့ကို ဖြေရှင်းပြီးနောက် အရေးအကြီးဆုံးပြဿနာသာ ကျန်



www.burmeseclassic.com

www.burmeseclassic.com

လေတော့၏။

ယင်းပြဿနာမှာ ဤကလေးငယ်ကို မည်သို့ပြုစုထိန်းသိမ်း မွေးမြူမည်နည်းဆိုသည့် ပြဿနာပင်ဖြစ်ချေ၏။ ယင်းကိစ္စအတွက် ဈေးလူကြီးတို့နှင့် မြို့မိမြို့ဖ နှစ်ဦးသုံးဦးတို့မှာ ခေါင်းချင်းရိုက်ဆွေးနွေးနေရပြီ။

"ကျုပ်တို့မြို့ကတော့ ဘယ်သူမှ ကိုယ့်ရင်သွေးကို စွန့်မထားခဲ့ပါဘူးဗျာ၊ မဟုတ်မှလွဲရော . . . ဒီကလေးကို အရပ်တကာ ပွဲလမ်းသဘင်တွေမှာ လှည့်ရောင်းတဲ့ ဆယ့်နှစ်ပွဲဈေးသည်တွေနဲ့ ဘုရားပွဲတော်ကိုလာတဲ့ ရွာနီးချုပ်စပ်တွေထဲကပဲ မိုးမလင်းခင် လာပြီးပစ်ထားသွားတာ ဖြစ်ရမယ်ဗျ"

ဟု တွေးတွေးဆဆဖြင့် ထင်မြင်ချက်ပေးလိုက်ရာ ဈေးခေါင်းကြီး ဦးကြင်မောင်က သူ၏ပါးစပ်ဝယ် ဆေးပြင်းလိပ်ကြီးခဲလျက်မှ . . .

"ဒါထက် နေပါဦးဗျ . . . ဒီကလေးကို ဘယ်သူက တာဝန်ယူပြီး မွေးစားမလဲ၊ သူ့မိဘအရင်းကတော့ မလိုချင်လို့ စွန့်ပစ်ခဲ့ပြီ၊ ကလေးကို လိုချင်သူရှိရင် ကျုပ်တို့ကပဲ ကြီးကြပ်ပြီး မွေးစားမယ့်သူရဲ့လက်ထဲ အပ်ကြမယ်ဗျာ၊ ကဲ ပြော ပြော . . . ဘယ်သူမွေးစားမလဲ"

ဟု ဦးကြင်မောင်က အသံကျယ်ကျယ်ဖြင့် အော်မေးလိုက်ရာ ကလေးနှင့်မတ်သက်ပြီး တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသူ များရော၊ ကလေးကို ချော့မြူနေကြသူများပါ အသံတိတ်သွားကြပြီး သူတို့အချင်းချင်း တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြလေတော့၏။

ဦးစွာ ကလေးကို ပွေ့ချီထားသော ဖိနပ်သည် ဒေါ်ထားဥက ကလေး၏ ချစ်စဖွယ်မျက်နှာလေးကို ငုံ့ကြည့်လျက်မှ . . .

"ကျုပ် မွေးစားလိုက်ချင်ပါရဲ့တော် . . . ဒါပေမဲ့ ကျုပ်က မုဆိုးမ၊ လှူမည်ကလေးသုံးယောက်ကလည်း ရှိသေးတော့ ကိုယ့်ဟာနဲ့ကိုယ်တောင် ဖတ်သီလန်အောင် ရှာဖွေနေရတာ . . . ဒီကလေးရဲ့တာဝန် ယူနိုင်မှာမဟုတ်ဘူး"

ဟု စိတ်မကောင်းသံကြီးဖြင့် ခပ်ညည်းညည်းပြောလိုက်လေ၏။





သနပ်ခါးတုံးသည် ဒေါ်ဇာဥကလည်း . . .

"ဟုတ်ပါ့တော် . . . ကျုပ်လည်း တာဝန်ယူ မွေးစားလိုက်ချင်ပါရဲ့ . . . စီးပွားရေးက သိပ်မပြေလည်လို့"

ဟု ဝင်ရောက်ပြောလိုက်လေ၏။

သို့ဖြင့် ကလေးငယ်အား တာဝန်ယူနိုင်မည့်သူမရှိ ဖြစ်နေစဉ် . . .

"ဘယ်သူမှ မမွေးစားနိုင်ရင် ကျုပ်မွေးစားမယ်ဗျာ"

ဟု ပြောသံကြားရသဖြင့် အားလုံးက အသံကြားရာသို့ လှည့်ကြည့်လိုက်ရာ ဈေးထောင့် သံဖြူဆိုင်မှ သံဖြူဆရာကိုသက်ဝင်းကို တွေ့ရလေ၏။

"ဟား ဟုတ်ပြီ . . . ကိုသက်ဝင်းမှာ သားသမီးမှ မရှိဘဲ၊ မွေးစား မွေးစား . . . ခင်ဗျားနဲ့ အံကိုက်ပဲ"

ဟု ဈေးခေါင်းကြီးက ပြောလိုက်ရာ ဈေးသည်မတို့ကလည်း ဝိုင်းဝန်းထောက်ခံကြလေ၏။

"ဟုတ်တယ် . . . ကိုသက်ဝင်းရဲ့မိန်းမ မလှသွယ်ကလည်း ကလေးလိုချင်လို့ အရူးအမူးဖြစ်နေတာ၊ ခုမှ ရေကန်အသင့် ကြာအသင့် ဖြစ်သွားတော့တယ်"

ဟု ဝက်သားသည်မရွှေဥက ပြောသကဲ့သို့ ကလေးကို စတင်တွေ့ရှိခဲ့သူ ကန်စွန်းရွက်သည် မတုတ်ကလည်း . . .

"အစ်ကိုသက်ဝင်း မွေးစားမယ်ဆို ကျွန်မတို့ သဘောတူတယ်"

ဟု အားပါးတရ ထောက်ခံလိုက်ရာ ကန့်ကွက်မဲမရှိဘဲ သံဖြူဆရာ ကိုသက်ဝင်းမှာ ကလေးငယ်ကို မွေးစားခွင့်ပါမစ် ရသွားလေတော့၏။

သို့ဖြင့် ကလေးငယ်ကိုပွေ့ချီထားသော ဖိနပ်သည် ဒေါ်ထားဥက ကလေးကို မပေးချင်ပေးချင်ဖြင့် ကိုသက်ဝင်း၏လက်ထဲ ထိုးပေးလိုက်ရလေတော့၏။

"ဒါထက် နေဦးကွ . . . ဒီကလေးကို ဘယ်လို ခေါ်ကြမလဲ . . . သူ့ကို နာမည်ပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဈေးခေါင်းကြီးဦးကြင်မောင်က ပြောလိုက်ရာ အားလုံးမှာ တွေဝေသွားပြီး ဖြူဖြူဖွေးဖွေးကလေးငယ်၏နာမည်ကို စဉ်းစားလိုက်ကြလေ၏။

''ကလေးက ယောကျ်ားလေး၊ ဖြူဖြူဝဝတုတ်တုတ်လေးဆိုတော့ ဖိုးတုတ်လို့ပေးရမယ်''

ဟု မတုတ်က သူမ၏နာမည်နှင့်ဆင်တူအောင် နာမည်ပေးရန် အဆိုတင်သွင်းလိုက်ရာ ငါးစိမ်းသည်မစိမ်းမြက ခါးခါးသီးသီး ကန့်ကွက်လိုက်ပြီး ...

''အို ဘာဖိုးတုတ်လဲ ... တောဆန်တယ်၊ ဒီနေ့က အင်္ဂါနေ့ဆိုတော့ အင်္ဂါနေ့မှာတွေ့ရတဲ့ သားလေးကို အင်္ဂါနံ စ၊ ဆ၊ ဇ၊ ဈ၊ ည ပါအောင် စိမ်းအောင်လို့ နာမည်ပေးရမယ်''

ဟု သူမ၏နာမည် မစိမ်းမြနှင့်ဆင်တူအောင် နာမည်ပေးရန် အဆိုတင်သွင်းပြန်၏။

''အို ... စိမ်းအောင်ဆိုတဲ့နာမည်ကို မကြိုက်ပါဘူး ... စိမ်းကားတဲ့ သဘောပါတယ်''

ဟု ဝက်သားသည်ဒေါ်ရွှေက ကန့်ကွက်လိုက်ပြီး ...

''ကျုပ်ရဲ့နို့ရည်ဝင်သွားတဲ့ ဒီကလေးကို ရွှေမောင်လို့ ပေးပါ''

ဟု သူ့ဘက်သူယက်ကာ တင်ပြလိုက်ပြန်လေတော့၏။

ယင်းသို့ဖြင့် တစ်ယောက်က အဆိုတင်သွင်းလိုက်၊ တစ် ယောက်က ကန့်ကွက်လိုက်ဖြင့် ဈေးခေါင်းရုံးရှေ့ဝယ် ဆူညံစွာ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြရာ ဈေးခေါင်းကြီး ဦးကြင်မောင်မှာ ခေါင်းရှုပ်လာပြီး ...

''ကဲ ... ဟေ့ ဟေ့ ... တော်ကြတော့ တော်ကြတော့၊ ဘယ်နာမည်မှ မပေးဘူး၊ ဒီကလေးကို သံပုံးထဲကတွေ့တာမို့ မောင်သံပုံးလို့ပဲ မှည့်ခေါ်ရမယ်''

ဟု တစ်ချက်လွှတ်အမိန့်ထုတ်လိုက်ရာ အားလုံးမှာ သဘောကျသွားပြီး ...



''ဟုတ်တယ် ဟုတ်တယ် ... သဘောကျတယ်၊ ကျုပ်တို့ရဲ့ သားလေးကို သံပုံးထဲကတွေ့ရလို့ မောင်သံပုံးလို့ခေါ်တာ သဘောကျတယ်''

ဟူ၍လည်းကောင်း ...

''မောင်သံပုံးဆိုတာ ထူးခြားပြီး ခေါ်လို့ကောင်းတယ်''

ဟူ၍လည်းကောင်း ...

''သံဖြူဆရာက မွေးစားမှာမို့ သံပုံးလို့အမည်မှည့်တာ ပညတ်သွားရာ စာတ်သက်ပါဆိုသလို လိုက်ဖက်တယ်''

ဟူ၍လည်းကောင်း ...

တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းထောက်ခံကြရာမှ ယင်းကလေးငယ်မှာ 'မောင်သံပုံး' ဟူ၍ အမည်တွင်သွားပါလေတော့၏။

မည်သူတွေက မည်သို့ အမည်ပေးသည်ဖြစ်စေ သံဖြူဆရာ ကိုသက်ဝင်းမှာ ဖြူဖြူဖွေးဖွေး ချစ်စဖွယ် သားယောကျ်ားကလေးငယ်ကို မွေးစားခွင့်ရသဖြင့် လွန်စွာဝမ်းသာအားရဖြစ်ပြီး ကလေးငယ် မောင်သံပုံးကို ပွေ့ပိုက်ကာ သူ၏အိမ်ရှိရာ ဈေးနောက်မှ တစ်လမ်းကျော်သို့ သုတ်ခြေတင်လေတော့၏။

အိမ်သို့ရောက်လေလျှင် ကိုသက်ဝင်းသည် ဇနီးဖြစ်သူ မလှသွယ်အား အကျိုးအကြောင်းကို ဝမ်းသာအားရပြောပြရာ မလှသွယ်မှာ ဝမ်းသာလွန်းသဖြင့် ထခုန်ပြီး ကလေးငယ်ကို အားပါးတရ ဆွဲယူပွေ့ပိုက်လိုက်လျက်

''အမယ်လေး ဝမ်းသာလိုက်တာရှင် ... ဘုရားပေးတဲ့ သားလေးကို လှသွယ်တို့ရတာပါလား ... သံပုံး သံပုံး ... သားလေး မောင်သံပုံးကို ရတာပါလား''

ဟု အော်ဟစ်ကာ ပတ်ချာလည်ကခုန်လျက် ရှိလေတော့၏။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com



## ❖ မာယာလောကသို့ တိုးဝင်ခြင်း ❖

အိမ်ထောင်သက် သုံးနှစ်သုံးမိုးရှိသည့်တိုင် သားသမီးမရနိုင်သော မလှသွယ်မှာ ကိုတ္တိုမသားလေး မောင်သံပုံးကို မွေးစားခွင့်ရသည့်အခါ လွန်စွာဝမ်းမြောက်ခြင်းဖြစ်လျက် လက်က မချမစတမ်း တပွေ့ပွေ့တပိုက်ပိုက်ဖြစ်နေလေတော့၏။

မလှသွယ်မှာ မနက်မိုးလင်းကတည်းက သားလေးမောင်သံပုံး၏ ကိစ္စဝိစ္စများဖြင့်သာ ထွေးလုံးရစ်ပတ်လျက်ရှိရာ ခင်ပွန်းသည်ဖြစ်သူ ကိုသက်ဝင်း၏ ဝေယျာဝစ္စကိုပင် အခါတိုင်းကဲ့သို့ တာဝန်ကျေအောင် မဆောင်ရွက်နိုင်ဖြစ်ရလေ၏။

''အစ်ကိုသက်ဝင်းရယ် . . . ဒီမှာ သားလေးရဲ့ သေးစိုအဝတ်တွေလဲပြီး ရေပါတစ်ခါတည်း ချိုးပေးလိုက်ချင်လို့၊ ထမင်းကြမ်းလေးတော့ ကိုယ့်ဘာသာမီးမွှေးပြီး ကြော်လိုက်ပါတော့နော်''

ဟူ၍ တစ်ဖုံ . . .၊

''အစ်ကိုသက်ဝင်းရေ ဒီမှာကြည့်ပါဦး . . . သားလေးက နို့ တအားစို့တာပဲ ဖျော်ထားတဲ့နို့ဘူး ကုန်သွားပြီ နို့ထပ်ဖျော်ရဦးမှာ . . . ဟင်းအိုးလေးကြည့်လိုက်ပါဦး''

ဟူ၍ တစ်မျိုး . . .၊

''အစ်ကိုသက်ဝင်းရေ . . . သားလေးရဲ့အနှီးတွေ လျှော်ရတာ တစ်





ပုံကြီးပဲ . . . သိလား၊ ညက သေးစိုတဲ့အိပ်ရာခင်းပါ လျှော်ရလို့ လူဆိုတာ ဖတ်ဖတ်မောသွားပြီ၊ အစ်ကိုသက်ဝင်းရဲ့ အင်္ကျီနဲ့လုံချည်တောင် မလျှော်ဖြစ်လိုက်ဘူး၊ ရေချိုးရင်း ကိုယ့်ဘာသာပဲ ဖွပ်လိုက်ပါတော့နော်''

ဟူ၍ တစ်နည်း . . . မလှသွယ်က လေပြေထိုး၍ပြောလေတိုင်း ကိုသက်ဝင်းမှာ အပြုံးမပျက်ဘဲ . . .

''ကောင်းကွာ . . . ကောင်းကွာ''

ဟူ၍သာ မညည်းသလိုလို ညည်းသလိုလို ပြောကာ သူ့ဝေယျာဝစ္စသာမက အိမ်၏ဝေယျာဝစ္စကိုပါ ကူညီလုပ်ပေးရှာလေ၏။

မောင်သံပုံးလေး ခြေပူခေါင်းပူဖြစ်လျှင်မူ လင်မယားနှစ်ယောက်စလုံး ခြေမကိုင်မိ လက်မကိုင်မိဖြင့် ပျာယာခတ်ပြီးလျှင် ဟိုဘက်လမ်းထိပ်မှ သူငယ်နာဝိဇ္ဇာဆရာကြီး ဦးဖြူသီးထံ သားဖြစ်သူကို ပွေ့ချီကာ ပြေးရသည်မှာ အမော။

ကိုသက်ဝင်းမှာ သံဖြူဆိုင်သိမ်း၍ ညနေဘက် ဈေးမှပြန်လာတိုင်း မုန့်စားတတ်စပြုသည့် သားငယ် မောင်သံပုံးအတွက် ဈေးထိပ်မုန့်မျိုးစုံဆိုင်မှ မုန့်တစ်ခုခုကို ဝယ်လာလေ့ရှိပြီး ရံဖန်ရံခါ ဘာဘူကြီးစတိုးဆိုင်မှ ကစားစရာအရုပ်လေးများ တခုတ်တရ ဝယ်လာလေ့ရှိကာ မလှသွယ်မှာလည်း ဟင်းစားဝယ်ရန် ဈေးသို့လာသည့်အခါ ပိတ်စနုနုပျော့ပျော့လေးများ တွေ့ပါက ကိုက်ဖြတ်ဖြင့်ဝယ်သွားပြီး အိမ်ရှိ အပ်ချုပ်စက်ဖြင့် သားလေးအတွက် အင်္ကျီဘောင်းဘီလှလှလေးများကို ချုပ်လုပ်ပေးလေ့ရှိလေ၏။

မလှသွယ် ဈေးသို့သွားသည့်အခါ အိမ်နီးနားချင်းဖြစ်သူ ဒေါ်ပုမှ မောင်သံပုံးကို တာဝန်ယူ ကူညီထိန်းကြောင်းပေးလေ့ရှိလေရာ ကိုသက်ဝင်းတို့လင်မယား မောင်သံပုံးအပေါ် အဘယ်မျှချစ်ကြသည်၊ ဂရုစိုက်ကြသည်ကို ဒေါ်ပု အသိဆုံးပင် ဖြစ်ပါ၏။

ထို့ကြောင့်လည်း ဒေါ်ပုမှာ မလှသွယ် ဈေးသွားချိန်ဝယ် မောင်သံပုံးကို ရင်ခွင်ထဲထည့်ကာ နို့ဘူးတိုက်ရင်းမှ အောက်ဖော်ပြပါအတိုင်း တွေးမိ



www.burmeseclassic.com

www.burmeseclassic.com

လေ၏။

"အင်း ... ဒီကလေးဟာ မိရင်းဖရင်းတွေရဲ့ ပစ်သွားတာ ခံရပေမယ့် ကံကောင်းရှာပါတယ်၊ မောင်သက်ဝင်းတို့ မလှသွယ်တို့ရဲ့လက်ထဲရောက်ရတာ သူ့မိဘအရင်းရဲ့လက်ထဲမှာ နေရတာထက် သာဦးမယ်"

"မောင်သက်ဝင်းကလည်း ရိုးသားသလောက် သဘောကောင်းရှာတယ်၊ မလှသွယ်ကလည်း တကယ့်ကို သဘောဖြူအူစင်း မိန်းမကောင်း၊ မိန်းမမြတ်လေး၊ သူတို့လင်မယားဟာ တစ်ဦးကိုတစ်ဦး ချစ်ခင်ကြင်နာကြသလို မောင်သံပုံးလေးကိုလည်း သူတို့ရဲ့ရင်ထဲက ဖြစ်တဲ့သွေးလို သဘောထားပြီး တုန်နေအောင်ချစ်ကြရှာတယ်"

"သူတို့ရဲ့မိသားစုလေးကိုကြည့်ရတာ စိတ်ချမ်းသာလိုက်တာ၊ အထူးသဖြင့် မိဘမဲ့ရှာတဲ့ ဟောဒီကလေးအတွက် ရင်အေးရတာကိုပဲ ဝမ်းသာစရာကောင်းလှပါပြီ"

ဟူ၍ မုဆိုးမဒေါ်ပုမှာ တွေးရင်း နှိုဝသွားသဖြင့် သူမ၏ရင်ခွင်ထဲတွင် အိပ်ပျော်သွားရှာသော မောင်သံပုံးလေး၏ မျက်နှာပြည့်ဝိုင်းဝိုင်းလေးအား ငုံ့ကြည့်ကာ ပီတိဖြစ် ကျေနပ်စွာ ပြုံးပြုံးကြီးလုပ်နေမိတော့၏။

✧

ဤသို့ဖြင့် မောင်သံပုံးလေးမှာ ကိုသက်ဝင်းနှင့် မလှသွယ်တည်းဟူသော မွေးစားမိဘနှစ်ပါး၏ ပိုးမွေးသလိုမွေးကာ ပြုစုစောင့်ရှောက်ခြင်းကို ခံခဲ့ရလျက်မှ ငါးနှစ်အရွယ်သို့ ရောက်ရှိလာတော့၏။

ကျောင်းထားရမည့်အရွယ်သို့ ရောက်လာပြီမို့ မြို့လယ်၌ရှိသော အလွတ်ပညာသင်ကျောင်းဝယ် မောင်သံပုံးကို ကိုသက်ဝင်းတို့ ဇနီးမောင်နှံက ကျောင်းအပ်နှံထားပေးခဲ့လေ၏။

ထိုသို့ ကျောင်းထားသည့်အခါတွင်လည်း သူများတန်းတူ ဝတ်နိုင်





စားနိုင်အောင် ကြော့ကြော့မော့မော့လေး ဆင်ယင်ထားလျက် ဖူးဖူးမှုတ်နေတော့၏။

ကိုသက်ဝင်းနှင့်မလှသွယ်မှာ မောင်သံပုံးလေး၏ ဖေဖေ၊ မေမေဟူသော ခေါ်သံလေးကြားရလျှင် မောင်သံပုံးလေးအတွက် ကုန်သမျှ ကျသမျှ၊ ပင်ပန်းသမျှပြေကာ ပီတိဝေဖြာလျက်သာ ရှိလေတော့၏။

မောင်သံပုံးလေးကား မိဘအရင်း၏ စွန့်ပစ်ခြင်းခံရသော်ငြား မွေးစားမိဘတို့ထံမှ မိဘမေတ္တာကို အပြည့်အဝရရှိ ခံစားခွင့်ရကာ မိစုံဖစုံရှိသည့် အခြားကလေးများနည်းတူ မိဘ၏ရင်ခွင်ဝယ် ပျော်ရွှင်ချမ်းမြေ့ခဲ့ရ၏။

သို့သော် မောင်သံပုံးလေး ငါးနှစ်ပြည့်ပြီး ကျောင်းထားသည့်နှစ်မှာပင် မလှသွယ်မှာ မိန်းမတို့၏ရောဂါဖြစ်သော မီးယပ်ရောဂါ စတင်ရရှိခံစားရကာ ယင်းနှစ်မှာပင် ဆရာအမျိုးမျိုးနှင့် ကုသနေသည့်ကြားမှ ရောဂါကျွမ်းပြီး ကွယ်လွန်အနိစ္စရောက်သွားရာတော့၏။

မောင်သံပုံးလေး၏ဘဝကား တစ်ဆစ်ချိုးပြောင်းသွားကာ သူ ချစ်ခင်အားကိုးလှစွာသော မိခင်ကြီးမရှိသည့်နောက် မိခင်မေတ္တာရရှိ ခံစားခွင့် ဆုံးရှုံးသွားတော့၏။

ထိုရောအခါ တစ်ဦးတည်းကျန်ရှိသည့်ဖခင် ကိုသက်ဝင်းကိုသာ မှီခိုအားထားရကာ ဖခင်ကြီး၏ရင်ခွင်သည်သာ သူ၏ဘဝ၊ သူ၏ကမ္ဘာ ဖြစ်ခဲ့ရချေ၏။

ကိုသက်ဝင်းမှာလည်း ချစ်လှစွာသောဇနီးမယား ရုတ်တရက် မမျှော်လင့်ဘဲ သေဆုံးသွားရလေသဖြင့် လွန်စွာကြေကွဲဆို့နစ်လျက်ရှိရာမှ လူမှာလည်း ကြောင်တိကြောင်တောင်ဖြင့် ယောင်ချာချာဖြစ် ကျန်ခဲ့ရလေ၏။

"မလှသွယ်ရယ် ... မင်း အစ်ကို့ကို ဒီလို စောစောစီးစီး ခွဲခွာသွားလိမ့်မယ်လို့ လုံးဝ မထင်ထားခဲ့ဘူး၊ ခုတော့ ရောဂါဖြစ်တာလည်း မြန်၊ သေတာလည်း မြန်လိုက်တာကွယ်"

"အစ်ကိုနဲ့ သားလေးကို မင်းခွဲသွားရက်ခဲ့တယ် ... ခွဲသွားရက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

တယ် မလှသွယ်ရယ်''

ဟု တဖွဖွပြောကာ ကိုသက်ဝင်းမှာ မျက်ရည်လည်ရွဲ ဖြစ်၍ မဆုံး ဖြစ်နေရှာတော့၏။

သို့သော် ပျောက်သောသူ ရှာလျှင်တွေ့၊ သေသောသူ ကြာလျှင်မေ့ ဆိုသည့် စကားအတိုင်း မလှသွယ် သေဆုံးကွယ်လွန်ပြီး တစ်နှစ်ကျော်ခန့် အကြာတွင်မူ မလှသွယ်အား ကြေကွဲတမ်းတစိတ်တို့လည်း လျော့ပါးသွားကာ ကိုသက်ဝင်း၏စိတ်အာရုံတို့မှာ လက်ရှိဘဝ၏အလျဉ်မှာသာ မျောပါနစ်ဝင် လာရတော့၏။

သူ၏သံဖြူလုပ်ငန်းမှာလည်း တိုးတက်သည်ထက် တိုးတက်လာရာ သွပ်ပုံး၊ သံပုံး၊ ရေတံလျှောက်၊ ဆီချင်ခွက်၊ ကတော့၊ မီးခွက်၊ စုဘူး၊ ရေပန်းကရား စသည့်တို့သာမက သံသေတ္တာများပါ ပြုလုပ်လာရရာ ကိုသက် ဝင်းက ဆိုင်ကိုတိုးချဲ့လိုက်ပြီး အကူနှစ်ယောက်ခေါ်ကာ အင်တိုက်အားတိုက် လုပ်ရလေသဖြင့် ကွယ်လွန်သူဇနီးသည်အား တမ်းတလွမ်းဆွတ် ကြေကွဲငူ ငေါင်နေချိန် မရတော့ပေ။

သူ၏ 'မိတ်ဆွေကောင်း' သံဖြူဆိုင်မှ ထုတ်လုပ်သော သံသေတ္တာ တို့ကို ရွာနီးချုပ်စပ်မှသာမက သူတို့မြို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် အခြားဒိစတြိတ်မြို့နယ်တို့သို့ပါ တင်ပို့ရောင်းချရရာ လူကြိုက်များပြီး အော်ဒါ မှာသူ များပြားလာတော့၏။

ကိုသက်ဝင်းမှာ လုပ်ငန်းအတော်ကောင်းလာသည်နှင့် လက်ဖျား ငွေစတို့ သီးလာကာ ဓနိမိုး၊ ထရံကာ နေအိမ်ကိုလည်း သွပ်မိုးပျဉ်ထောင် အိမ်အဖြစ် ပြင်ဆင်ဆောက်လုပ်လာနိုင်ခဲ့လေ၏။

ကိုသက်ဝင်း၏ တိုးတက်ဖြစ်ထွန်းသော ဥစ္စာဓနတို့ကို မျက်စိကျ လာသည့် မြို့သူအပျိုချောတို့အထဲဝယ် ချောမေဟူသော လုံးကြီးပေါက်လှ မိန်းမလှတစ်ဦးလည်း ပါဝင်လေ၏။

ချောမေကား စွန်လည်ပုံမျက်နှာချေမှုန့်ကို ဖုံနေအောင် လိမ်းကာ





နှုတ်ခမ်းနီကို ရဲအောင်ဆိုးပြီး နောက်ကျောသို့ ဖားလျားကျနေသည့် ဆံပင် ရှည်ကို ဖွတ်မြီးနှစ်ချောင်း ထိုးထားလေ့ရှိလေသည်။

ပဒုမ္မာအကျီပါးပါးကျပ်ကျပ်ကို ဝတ်လျက် ခါး၌လည်း စူရတီထဘီ ကို တင်းရင်းနေအောင် ဝတ်လေ့ရှိရာ သူမ၏မျှစ်စို့ပေါက်နှင့် တူသော ဖွံ့ထွားလှပသည့် ခန္ဓာကိုယ်အိအိမှာ ပိုမိုပေါ်လွင်လျက် ရှိလေ၏။

မင်းကြိုက်မိုးကြိုက် ကာလသားတို့ ဘဝင်ခိုက်ကာ မျက်စိတစ်ချက် ဝိုက်ရုံဖြင့် စိုက်စိုက်ပါလာလောက်အောင် ဆွဲဆောင်မှုကောင်းသော မိန်းမ ချောလေးမို့ ချောမေမှာ မြို့၏ကာလသားပုရိသတို့ နှုတ်ဖျားဝယ် ရေပန်းစား သူလေးလည်း ဖြစ်ချေ၏။

အနှီ ချောမေမှာ ဈေးထဲဝယ် ခေါက်ဆွဲ၊ ကြာဆံသုပ် ရောင်းရာ သူမ၏လက်ရာကိုမှ ခံတွင်းတွေ့လှပါသည်ဆိုသော ပုရိသတို့ အထဲဝယ် ကိုသက်ဝင်းလည်း ပါချေ၏။

ကိုသက်ဝင်းမှာ ဇနီးဖြစ်သူ ဆုံးပါးသွားကတည်းက နေအိမ်ဝယ် ထမင်းဟင်းချက်စားမှု နည်းပါးသွားပြီး ဈေးထဲရှိ ဆိုင်တစ်ဆိုင်မှ ချိုင့်ဆွဲဖြင့် မှာစားခဲ့လေ၏။

နံနက်အရုဏ်တက်ပြီးသည်နှင့် ကိုသက်ဝင်းမှာ ဆိုင်ဖွင့်ရန် ဈေးသို့ သားမောင်သံပုံးနှင့်အတူ လာသည့်အခါ ချောမေ၏လက်သုပ်ဆိုင်သို့ အရင် ဝင်ကာ နံနက်အဆာပြေအဖြစ် ခေါက်ဆွဲသုပ်ဖြစ်စေ၊ ကြာဆံသုပ်ဖြစ်စေ စားလေ့ရှိရာမှ ချောမေနှင့် ခင်မင်ရင်းနှီးလာလေ၏။

အလုပ်ကိစ္စဖြင့် ရေစကြို၊ မြိုင်၊ ပခုက္ကူ စသည့်မြို့ကြီးများသို့ သွားရသည့်အခါ ချောမေက အဝတ်အထည်ဆန်းလေးက အစ၊ မျက်နှာချေ ပေါင်းဒါ စသည့် အလှပြင်ပစ္စည်းလေးများ မှာလေ့ရှိရာ ကိုသက်ဝင်းက ခရီးကြို့ လမ်းကြို့အဖြစ် ဝယ်လာပေးလေ့ရှိပြီး အချို့အဝတ်အထည်ပစ္စည်း များအတွက် ချောမေထံမှပင် ငွေမယူဘဲ လက်ဆောင်အဖြစ် မေတ္တာဖြင့် ဝယ်ခြမ်းပေးလေ့ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီ နှစ်ထပ်ဇာနိုင်လွန်ထဘီလေးက ချောမေနဲ့ လိုက်လွန်းလို့ အစ်ကိုဝယ်လာပေးတာ၊ ရန်ကုန်ရွှေမြို့တော်မှာရှိတဲ့ နာမည်ကျော် 'ရိုး' ကုမ္ပဏီတိုက်က မှာရတာတဲ့"

ဟုဆိုကာ ချောမေအတွက် ထဘီအသစ်အဆန်းလေးမျိုးကို လက်ဆောင်ဝယ်ပေးလေလျှင် အလုကြိုက်မလေး ချောမေမှာ ဆွေ့ဆွေ့ခုန်မျှဝမ်းသာလေ့ရှိပြီး ...

"အို ... ကြည့်စမ်းပါဦး ... လှလိုက်တာ၊ အစ်ကိုသက်ဝင်းကြီးက သိပ်ဝယ်တတ်တာပဲ၊ ကျေးဇူးသိပ်တင်တယ် ... သိလား"

ဟု ထဘီကို ကိုယ်နှင့်ကပ်ကြည့်လိုက်၊ ကျေးဇူးစကားဆိုလိုက်ဖြင့် ပြုံးပန်းဝေနေလေ့ရှိလေ၏။

"ကျေးဇူးတင်ရင် ဒီနေ့အဖို့ ခေါက်ဆွဲသုပ် အလကားကျွေးလေ"

ဟု ကိုသက်ဝင်းက စ,လျှင် ချောမေက ချစ်စဖွယ် မျက်စောင်းလေးထိုးရင်း ...

"ဟွန်း ... ဒီက ခေါက်ဆွဲသုပ်တင်မကဘူး၊ အစ်ကိုသက်ဝင်းအတွက်ဆို ထမင်းပါ ချက်ကျွေးချင်တာ ... သိလား"

ဟု ရေလာမြောင်းပေးစကားဖြင့် ပြုံးမူမူလေးပြောလေလျှင် ကိုသက်ဝင်းမှာ တဟင်းဟင်းဖြင့် သဘောကျစွာ ရယ်သွမ်းသွေးရင်းမှ

"တကယ်လား ချောမေ ... တစ်သက်လုံး ချက်ကျွေးနိုင်ပါ့မလား"

ဟု သွေးတိုးစမ်း အတွန့်တက်မေးရာ ချောမေမှာ သူမ၏ လှပသောဦးခေါင်းလေးကို ရှက်စနိုးဟန်ဖြင့် ငုံ့ရင်း ...

"အို အစ်ကိုသက်ဝင်းကလည်း ... အစ်ကိုသက်ဝင်းအတွက် ဆို ချောမေက စေတနာရှိပြီးသားပါရှင်"

ဟု မပွင့်တပွင့်လေး ပြောလေ့ရှိလေ၏။

သို့ဖြင့် ကိုသက်ဝင်းနှင့် ချောမေမှာ မထိခလုတ် ထိခလုတ် စသလို နောက်သလိုပြောရင်းမှ ချစ်သူရည်းစားဘဝရောက်မှန်းမသိ ရောက်သွားလေတော့၏။

စီးပွားတက်လျက်ရှိသော ကိုသက်ဝင်းမှာ အောင်မြင်သော သံဖြူလုပ်ငန်းပိုင်ရှင်ဖြစ်ပြီး တိုက်ခံနှစ်ထပ်အိမ်ကြီးကိုလည်း ပိုင်ဆိုင်ကာ စိန်ရွှေလက်ဝတ်ရတနာ အတွင်းပစ္စည်း အတော်အတန်စုမိပြီဟု ကိုသက်ဝင်းရွှေထည်ဝယ်နေကျ 'သမာဓိ' ရွှေဆိုင်ပိုင်ရှင်အပျိုကြီး မချမ်းမြ၏ပြောစကားကို ကြားထားသည့် ချောမေမှာ မှဆိုးဖိုပင်ဖြစ်သော်လည်း ကိုသက်ဝင်း၏ ခနဥစ္စာအခြေအနေကို မက်မောသဖြင့် ကိုသက်ဝင်းနှင့်နီးအောင် သူမကပင် ရေလာမြောင်းပေး လုပ်ခဲ့ခြင်းဖြစ်လေ၏။

ချောမေမှာ မိဘမဲ့တစ်ကောင်ကြွက်တစ်ဦးဖြစ်ပြီး လောလောဆယ် အဒေါ်၏အိမ်၌ကပ်နေရကာ အဒေါ်ဖြစ်သူနှင့်အဒေါ်၏ယောက်ျား ဖိုးသမားကိုဘိုးခတို့ကို အသုပ်ရောင်း၍ ကျွေးနေရသူလေးဖြစ်၏။

ရုပ်ဆင်းရူပကာ တင့်တယ်လှပသူလေးဖြစ်သော်လည်း ဘဝအခြေအနေ မလှသည့် ချောမေမှာ ကြီးပွားချမ်းသာလိုစိတ် ပြင်းပြသူလေးဖြစ်ရာ သူမ၏အလှကို ဗန်းပြပြီး ပိုက်ဆံဝါးလားတစ်ဦးဦးကို မြူဆွယ်ကာ ချမ်းသာသောဘဝကို ရယူဖို့ ကြံစည်ထားသူလေးလည်း ဖြစ်၏။

သို့ကြောင့်လည်း သူမ၏အလှကို နှစ်သက်တပ်မက်ပြီး သူမ၏အချစ်ပန်းကို ဆင်မြန်းခွင့်ပြုရန် တောင်းဆိုလာသူများထဲမှ ပုလိပ်ဝန်ထောက်ကိုစံချွန်း၊ မီးရထားရုံပိုင် ဦးရွှေပေါ်၊ ဆန်ကိုယ်စားလှယ် အဝယ်တော်ကိုမောင်မောင်သန်း၊ သံဖြူဆိုင်ပိုင်ရှင် ကိုသက်ဝင်းတို့ကို ရွေးထုတ်လိုက်ပြီးနောက် ...

"အင်း ... ပုလိပ်ဝန်ထောက် ကိုစံချွန်းက ရာထူးရှိပေမယ့် မြာမွေ တယ်လို့ သတင်းကြီးသူဖြစ်တယ်၊ သူ တာဝန်ကျရာမြို့တိုင်းမှာ မိန်းမတစ်ယောက် ယူလေ့ရှိတယ်တဲ့"

"ဒီမြို့က မိန်းမတစ်ယောက်ကို ယူပြီးတဲ့နောက် တာဝန်အရ တခြားမြို့ကိုပြောင်းရရင် ဒီမြို့ကမိန်းမကို ကွာရှင်းပစ်ခဲ့ပြီး နောက်မြို့မှာ နောက်





www.burmeseclassic.com

www.burmeseclassic.com

မိန်းမကို ထပ်ယူလေ့ရှိတယ်တဲ့၊ အဲဒီလိုလူမျိုးကို လင်တော်မိရင် ငါးပါး မှောက်မှာ . . . သူ့ကို ပယ်မှ''

''မီးရထားရုံပိုင် ဦးရွှေပေါ်ကျတော့ အသက်ကြီးလွန်းတယ်၊ သူက ချမ်းသာတဲ့မျိုးရိုးက ဆင်းသက်လာတာဖြစ်ပြီး လူပျိုကြီးလည်း ဖြစ်ပေမယ့် ရာထူး အတော်ထောက်နေပြီ၊ အလုပ်က ပင်စင်ယူရဖို့တောင် ငါးနှစ် လောက်ပဲ လိုတော့တယ်တဲ့၊ သူ့လိုသက်ကြားအိုကိုတော့ လင်တော်လို့ မဖြစ်ဘူး . . . ပျင်းစရာကြီး''

''စတီးဘရားသားကုမ္ပဏီရဲ့ ဆန်အဝယ်တော် ကိုမောင်မောင်သန့် ကတော့ သူတစ်ပါးကို ကျလောက်အောင် ပတ်ချွဲနပ်ချွဲပြောတတ်ပြီး ရုပ်ရည် ကလည်းသန့်, မှင်မောင်းဂိုက်ဆိုက်ကလည်း ကောင်းပါရဲ့၊ ခက်တာက အသုံးအဖြုန်းများလွန်းပြီး စုမိဆောင်းမိ ဘာမှရှိသူ မဟုတ်ဘူး၊ အိမ်ပိုင် ယာပိုင်နဲ့ နေနိုင်ဖို့နေနေသာသာ အိမ်ငှားပြီးတောင် မနေနိုင်လို့ စတီးဘရား သားကုမ္ပဏီပိုင် ပွဲရုံရဲ့အပေါ်ထပ် ထပ်ခိုးမှာ ကပ်ရပ်နေရသူတဲ့''

''ရသမျှလည်း သုံးဖြုန်းလို့ ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင် ခေါင်ဆိုတဲ့ လူစားမျိုးကြီး၊ သူ့ကို ရုပ်မက်ပြီးယူမိရင် ကိုယ်ကချည်း လုပ် ကျွေးနေရလိမ့်မယ် . . . မဖြစ်ဘူး''

''အင်း . . . အစ်ကိုသက်ဝင်းကျတော့ မဆိုးဖိုဆိုတဲ့ အပြစ်တစ်ခုက လွဲရင် တခြားအပြစ်ကင်းတယ်၊ အစ်ကိုသက်ဝင်းက အသောက်အစား, လောင်းကစားလည်း ကင်းတယ်၊ မိန်းမကိစ္စ ရှုပ်ပွေတယ်လို့လည်း မကြား ဖူးဘူး၊ ကလေးတစ်ယောက်အဖေဆိုပေမယ့် အဲဒီသံပုံးဆိုတဲ့ကောင်လေးက သူ့ရဲ့မွေးစားသားတဲ့''

''သူ့ကိုယူလိုက်ရင် သူပိုင်တဲ့အိမ်ဟာ ငါ့အိမ် ဖြစ်လာမှာပဲ၊ သူစု ဆောင်းထားတဲ့ စိန်ရွှေရတနာတွေကိုလည်း ငါ သိမ်းပိုက်နိုင်မယ်''

''ဒီတော့ ဝင်ငွေကောင်းပြီး စုမိဆောင်းမိဖြစ်နေတဲ့ ဒီကို သက်ဝင်း ဆိုတဲ့ လူရိုးကြီးကိုပဲ ရွေးချယ်မှ''





''ဟုတ်တယ် . . . ကိုသက်ဝင်းကိုရှင် ငါ ဒီလို ပင်ပင်ပန်းပန်းနဲ့ ရုန်းကန်မနေရတော့ဘဲ ခြေမွေးမီးမလောင်, လက်မွေးမီးမလောင်နဲ့ အေးအေး သားနေရမှာ''

ယင်းသို့တွေးရင်း သူမအနီးသို့ ချဉ်းကပ်လာသူတို့အထဲမှ ကိုသက်ဝင်းကို ချောမေ ရွေးခဲ့ခြင်းဖြစ်လေ၏။

ကိုသက်ဝင်းနှင့် ချောမေတို့မှာ ကိုသက်ဝင်း၏အိမ်မှာပင် မင်္ဂလာ ဆွမ်းကျွေးကာ အကျဉ်းရုံး လက်ထပ်လိုက်ခြင်းဖြင့် အကြင်လင်မယားဘဝသို့ ရောက်ရှိသွားလေတော့၏။

အသက် (၇) နှစ်ကျော်အရွယ်သို့ ရောက်ရှိလာပြီဖြစ်သော မောင် သံပုံးလေးမှာ ပတ်ဝန်းကျင်၏ပြောစကားများအရ သူသည် ကိုသက်ဝင်း၏ မွေးစားသားမှန်း သိပြီးဖြစ်သော်လည်း အမိအဘအရင်းတို့၏ စွန့်ပစ်ခြင်း ခံခဲ့ရသော သူ့မှာ အားကိုးရာဆို၍ သူ၏မွေးစားဖခင်ကြီး ကိုသက်ဝင်းသာ ရှိကြောင်း သိလေရာ ကိုသက်ဝင်းကိုသာ ဖခင်အရင်းကဲ့သို့ ချစ်ခင်အားကိုး လျက် ရှိတော့၏။ ကိုသက်ဝင်းသည်သာ သူ၏ဘဝ၊ သူ၏ကမ္ဘာ ဖြစ်လျက် ရှိလေ၏။

ယခုမူ ဖခင်ကိုသက်ဝင်းမှာ နောက်မိန်းမ ထပ်ယူလိုက်ရာ ချောမေ တည်းဟူသော မိထွေးဖြစ်သူ အိမ်ပေါ်ရောက်လာသဖြင့် မောင်သံပုံး၏ စိတ်ဝယ် မလွတ်လပ်သလို ဖြစ်လာလေ၏။ ချောမေကလည်း မောင်သံပုံးမှာ ကိုသက်ဝင်း၏သားအရင်းမဟုတ်မှန်း သိထားပြီးဖြစ်သဖြင့် မောင်သံပုံး အပေါ် သူစိမ်းတစ်ရံဆံ ကလေးတစ်ဦးလိုသာ သဘောထားလေရာ သူတို့ နှစ်ဦး၏ဆက်ဆံရေးမှာ ခပ်စိမ်းစိမ်းဖြစ်နေလျက် ချောမွေ့ခြင်း မရှိချေ။

''ဟဲ့ သံပုံး . . . နောက်ဖေးစဉ့်အိုးထဲမှာ ရေမရှိတော့တာ မသိဘူး ပေ။ သွား . . . ရေတွင်းမှာ သွားခပ်ချေ . . . စဉ့်အိုးပြည့်အောင် ခပ်နော်''

''ဟဲ့ သံပုံး . . . နိုင်းခါနီးမှ စာကျက်သလိုလို ဘာလိုလို လုပ်မနေနဲ့ ရေတစ်ဆုံ လာထောင်းပေးစမ်း၊ အကောက်ရဲ့ဆိုင်မှာ ရေနံဆီတစ်ပုလင်း



www.burmeseclassic.com

www.burmeseclassic.com

လည်း သွားဝယ်ပေးဦး''

''ဟဲ့ သံပုံး . . . ရေချိုးရင်းနဲ့ ဝါ့ထဘီပါ လျှော်လိုက်စမ်း . . . ရော့''

''ဟဲ့ သံပုံး . . . ပန်းကန်တွေဆေးပြီးရင် ထမင်းအိုးဟင်းအိုးတွေပါ တိုက်ချွတ်ဆေးကြောထား၊ ပြောင်အောင်ဆေးနော် . . . ဆပ်ပြာခဲတွေ တင်မကျန်ရစ်စေနဲ့၊ အိုးတွေမှာ ဆပ်ပြာခဲကပ်နေတာ တွေ့ရရင်တော့ နင့်ခေါင်း အခေါက်ပဲမှတ်''

သို့ကလို ဟဲ့သံပုံး ဆိုသော ချောမေ၏အသံစာစာကို နံနက်လင်းသည်နှင့် ကိုသက်ဝင်းတို့အိမ်ဆီမှ ကြားရပြီး သံပုံးသည်လည်း ကျောင်းမသွားမီနှင့် ကျောင်းမှပြန်လာပြီးချိန်မှစ၍ ချောမေ ထောင့်စေ့အောင်နိုင်းသမျှ ကျင်ခြေလည်အောင် လုပ်ရသလို ချောမေ စိတ်တိုင်းမကျပါက ခေါင်းပူအောင် အခေါက်ခံရလေ့ရှိလေ၏။

ကိုသက်ဝင်းမှာ သူ့အလုပ်ကိစ္စဖြင့် မအားနိုင်အောင် ဖြစ်နေရာ အိမ်၏ဝေယျာဝစ္စကိစ္စမှန်သမျှကို ဇနီးသစ်ကလေး ချောမေသို့သာ လွှဲအပ်ထားရပြီး မောင်သံပုံးအား ထိန်းသိမ်းစောင့်ရှောက်သည့် တာဝန်ကိုလည်း ချောမေ၏လက်သို့သာ လွှဲအပ်ထားရရာ မောင်သံပုံးမှာ ချောမေ၏လက်ခုပ်ထဲမှရေ ဖြစ်နေရလေ၏။

သည်တော့လည်း မောင်သံပုံး၏ဘဝမှာ ချောမေ စိတ်ကြည်သာမှ အနေအစားချောင်ပြီး၊ ချောမေ မကြည်ဖြူပါက ထမင်းပင် နပ်မမှန်သည့် ဘဝသို့ ရောက်မှန်းမသိ ရောက်လာတော့၏။

''ဟဲ့ သံပုံး . . . အဲဒီထင်းပုံကို ညမိုးမချုပ်ခင် ပြီးအောင်ခွဲ၊ မပြီးလို့ကတော့ ညစာငတ်ပြီသာ မှတ်''

အမှန်တော့ ချောမေမှာ မောင်သံပုံးအား အိမ်၌ မထားလိုတော့သဖြင့် ဥပါယ်တံမျဉ်ဖြင့် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် နှိပ်စက်ပြီး သူ့အလိုလို အိမ်မှထွက်ပြေးသွားစေရန် ကြံစည်လုပ်ကိုင်နေခြင်း ဖြစ်လေ၏။

မောင်သံပုံးလေးမှာ အသက်အရွယ် ငယ်ရွယ်သေးသော်လည်း





ဘဝပေးအသိရှိသူလေးဖြစ်ရာ ,သူ၏ဘဝမှာ ချောမေအား သည်းခံပြီး အလိုက်အထိုက်နေမှဖြစ်မည်ကို သိသဖြင့် ချောမေနှိပ်စက်သမျှကို အရွယ်နှင့်မလိုက်အောင် သည်းခံရှာလေ၏။

တစ်ခါတစ်ရံ မခံစားနိုင်သဖြင့် ဖခင်ဖြစ်သူ ကိုသက်ဝင်းအား ချောမေ အိမ်မှာမရှိခိုက် ရင်ဖွင့်မိလျှင်လည်း လူရိုးဖြစ်သော ကိုသက်ဝင်းမှာ မောင်သံပုံးပြောသမျှ ချောမေအား ပြန်ပြောလေ့ရှိရာ ချောမေ၏ဒေါသမီးစွဲရောက်ခြင်းကိုသာ မောင်သံပုံး ခံရလေ၏။

''ဟဲ့ သံပုံး . . . နင်က နင့်ပထွေးကို ငါ့မကောင်းကြောင်း ကုန်းချောတယ်ပေါ့လေ . . . ဟုတ်လား၊ ငါကပဲ အလုပ်တွေ မတရားခိုင်းသလိုလို၊ ထမင်းမကျွေးဘဲ ထားသလိုလိုနဲ့ ငါ့အဆိုးဖြစ်အောင် နင်က မဟုတ်တမ်းတရားတွေပြောပြီး ကုန်းတိုက်တယ်ပေါ့ . . . ဟုတ်လား၊ ကဲဟယ် . . . ကုန်းတိုက်ဦး၊ ကုန်းတိုက်ဦး''

''ဒီအိမ်ကအလုပ်တွေ နင်မလုပ်လို့ ဘယ်သူလုပ်မလဲ၊ ဟင်း . . . အလုပ်လုပ်မှ ထမင်းစားရတယ်ဟဲ့ . . . သိရဲ့လား၊ အစ်ကိုသက်ဝင်း မွေးစားထားလို့ အသက်ရှင်နေရတဲ့ကောင်ကများ . . . ကိုယ်မှီခို ကပ်ရပ်နေရတဲ့ အိမ်ရဲ့ ဝေယျာဝစ္စလုပ်ရတာလေးများ ညည်းညူပြီး ကုန်းပြန်ချောရတယ်လို့ . . . အံ့ပါရဲ့ဟယ်''

''ဒီမှာဟဲ့ သံပုံး . . . နင့်လို အလေအလွင့် သူတစ်ပါး စွန့်ပစ်ထားတဲ့ အလေကဝကောင်လေးမျိုးကို အစ်ကိုသက်ဝင်းလို နှလုံးဖြူ ဝမ်းကောင်းသမားပဲ မွေးစားမယ် . . . သိရဲ့လား၊ အစ်ကိုသက်ဝင်းရဲ့ ကျေးဇူးတွေကို နင့်တစ်သက်မှာ ဆပ်လို့မကုန်ဘူး မှတ်ထား''

''ဒီတော့ အစ်ကိုသက်ဝင်းနဲ့ပတ်သက်တဲ့ ဒီအိမ်က အလုပ်တွေ ရှိသမျှကို နင် လုပ်ကိုလုပ်ပြီး ကျေးဇူးပြန်ဆပ်ရမယ်''

''အေး . . . အဲဒီလို ကျေးဇူးတုံ့ပြန်ပြီး ဒီအိမ်ကအလုပ်တွေ လုပ်မပေးနိုင်ဘူးဆိုရင်တော့ နင် ဒီအိမ်က ထွက်သွားပြီးရင် အခုတာကာ



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပြီး လိုက်တောင်းစားပေတော့''

သို့ကလို နှင့်နှင့်သီးသီး အပြောခံ အရိုက်အနှက်ခံရခြင်းသာ အဖတ်တင်ကာ မောင်သံပုံးမှာ ပို၍ အနေရ အစားရကျပ်ကာ ချောမေ၏ အငြိုးအတေးထားနှိပ်စက်ခြင်း ပိုခံရလေတော့၏။

သည်တော့လည်း မောင်သံပုံးမှာ ဖခင်ဖြစ်သူ ကိုသက်ဝင်းအား မတိုင်ဝံ့တော့ဘဲ ချောမေ နှိပ်စက်အနိုင်ကျင့်သမျှကို ခါးစည်းကာသာ ခံနေရရှာတော့၏။

ကိုသက်ဝင်းမှာလည်း ချောမေအား ငုံ့ထားမတတ်ချစ်လေရာ မည်သည့်ကိစ္စမှာမဆို ချောမေအား မဆူရက်၊ မပြောရက်၊ အပြစ်မတင်ရက် ဖြစ်နေကာ နေရာတကာ ချောမေသဘော ဖြစ်နေသဖြင့် ချောမေ၏ နှိပ်စက်ကလူပြုမှုအားလုံးမှာ မောင်သံပုံးလေး၏မလိမ်မိုး မလိမ္မာမှုတို့ကို စေတနာရှေ့ထားဆုံးမခြင်း အပိုးကျိုးပြီး အောက်သက်ကြေအောင် နှိုင်းစေခြင်းဟုသာ စိတ်ဝယ် မှတ်ယူလျက်ရှိလေတော့၏။

ဘဝပေးအခြေအနေအရ မောင်သံပုံးလေးမှာ ချောမေ၏ဒဏ်ကို လိမ့်ပိမ့်ခံနိုင်သော်လည်း သူသည်းမခံနိုင်သော အချက်တစ်ခုမှု ရှိလေ၏။ ယင်းအချက်မှာ ချောမေ အိမ်ထောင်ရေးဖောက်ပြန်ခြင်းပင် ဖြစ်၏။

ကိုသက်ဝင်းမှာ သူ၏ဈေးထဲမှ သံဖြူဆိုင်ဝယ် အလုပ်ကို တစ်နေကုန် ကြိုးစားလုပ်ကိုင်ပြီး ညနေဈေးသိမ်းမှ အိမ်သို့ပြန်လာကာ ရေမိုးချိုး၊ ညစာစားသောက်ပြီးသည်နှင့် လမ်းထိပ် လက်ဖက်ရည်ဆိုင်သို့ထွက်၊ ညကိုးနာရီခန့် လက်ဖက်ရည်ဆိုင်မှ ပြန်ရောက်သည့်နောက် အိပ်ရာသို့ဝင်။ ဤသည်မှာ ကိုသက်ဝင်း၏ နိစ္စဓူဝလုပ်ငန်း လုပ်ရိုးလုပ်စဉ်ဖြစ်လေ၏။

ကိုသက်ဝင်းနှင့် အိမ်ထောင်မကျမီကတည်းက ချောမေနှင့် ချိတ်တိတ်တိတ်ဖြစ်နေသော စတီးဘရားသားကုမ္ပဏီ၏ ဆန်အဝယ်တော် ကိုမောင်မောင်သန့်မှာ ကိုသက်ဝင်း အလုပ်သို့သွားခိုက် ချောမေတို့၏အိမ်သို့ စက်ဘီးလေးဖြင့် မကြာခဏ အလည်အပတ် ရောက်လာလေ့ရှိပြီး ချောမေနှင့်





အာလာပသလ္လာပ ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်နေသည်ကို မောင်သံပုံးမှာ လုံးဝမနှစ်ခြိုက်ချေ။

ဖခင်ဖြစ်သူ ကိုသက်ဝင်း အလုပ်သို့သွားနေချိန်ဝယ် အိမ်သို့ ဤကဲ့သို့ သူစိမ်းယောက်ျားတစ်ယောက် လာနေခြင်းကို စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင်သာ မောင်သံပုံး တွေ့မြင်သိရှိရခြင်းဖြစ်ပြီး သူကျောင်းသွားရသည့် နေ့တိုင်းလိုလိုမှာလည်း ထို ကိုမောင်မောင်သန့်ဆိုသောလူ နေ့ခင်းဘက်ဝယ် ချောမေထံ လာလည်လေ့ရှိကြောင်း တစ်ဖက်ခြံမှ မြင်းလှည်းဆရာ ကိုပိုက်တင်ပြောသဖြင့် မောင်သံပုံး သိရလေ၏။

''ဟေ့ကောင် သံပုံး . . . မောင်မောင်သန့်ဆိုတဲ့ကောင်က မင်းတို့ရဲ့ အိမ်ကို နေ့တိုင်းလိုလို ချောင်းပေါက်မတတ် လာနေပါလားကွ၊ အဲဒါကို မင်းရဲ့အဖေရော သိရဲ့လား''

ဟု မြင်းလှည်းဆရာ ကိုပိုက်တင်က မေးလျှင် မောင်သံပုံးမှာ မျက်မှောင်ကိုကုတ်ရင်း . . .

''ဟုတ်တယ် ဦးလေးပိုက်တင်ရာ . . . အဲဒီလူကြီး အိမ်ကို လာလာနေတာ ကျွန်တော်မကြိုက်ဘူး။ အဖေကလည်း သိရဲ့နဲ့ မပြောဘူးဗျ။ တစ်ခါအဖေက ချောမေ မောင်မောင်သန့်ဆိုတဲ့လူက အိမ်ကို လာလှချေလား.သို့ ပြောတာကို ဒေါ်လေးချောမေက ကျွန်မနဲ့ မိတ်ဆွေချင်းမို့ လာလည်တာဖြစ်လဲ၊ ဒါက ကျွန်မရဲ့လူမှုရေးပါလို့ ပြောတယ်ဗျ၊ အဲဒါနဲ့ပဲ အဖေကလည်း ဘာမှ ထပ်မပြောတော့ဘူး''

ဟု မောင်သံပုံးက ခပ်ညည်းညည်းပြောလေလျှင် မြင်းလှည်းဆရာ ကိုပိုက်တင်က တဟားဟားရယ်ပြီးနောက် . . .

''ဟား ဟား ဟား . . . သူတို့ရဲ့လူမှုရေးကလည်း ညှော်ခန်းထဲမှာတောင် ဖက်နေလို့ပါလားကွ''

ဟု လှောင်ရယ်ကာပြောလိုက်လျှင် မောင်သံပုံးမှာ မျက်လုံးပြူးသွားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



''ဗျာ . . . ညှော်ခန်းထဲမှာ ဖက်လို့ . . . ဟုတ်လား''

ဟု မယုံနိုင်သလို မေးလိုက်ရှာလေ၏။

"ဟုတ်တယ်ကွ . . . ငါက သူတစ်ပါးရဲ့ကိစ္စကို မပြောချင်လို့ ကြည့်နေတာ ကြာပြီ၊ ခုတစ်လော မောင်မောင်သန့်နဲ့ ချောမေတို့က ပိုအတင့်ရဲလာတယ်၊ ငါတို့အိမ်က ခြေတံရှည်အိမ်မို့ နည်းနည်းပိုမြင့်တော့ ငါတို့အိမ်ရှေ့ပြတင်းပေါက်က ကြည့်လိုက်ရင် မင်းတို့အိမ်ရှေ့ ညှော်ခန်းပြတင်းပေါက်ကိုဖြတ်ပြီး အတိုင်းသား မြင်နေရတယ်ကွ''

''ချောမေနဲ့မောင်မောင်သန့်က မရိုးတာတော့ အမှန်ပဲ၊ ဟို တစ်နေ့ကဆို ဆက်တီခုံရှည်မှာ သူတို့နှစ်ယောက် အတူထိုင်နေပြီး မောင်မောင်သန့်က ချောမေရဲ့တစ်ကိုယ်လုံးကို ပွေ့ဖက်စကားပြောနေတာကို ငါကိုယ်တိုင်လှမ်းမြင်ခဲ့ရတာကွ၊ ငါတို့ခြံစည်းရိုးက ဝါးရုံတွေ ကွယ်နေပေမယ့် ဝါးရွက်တွေကြားကနေ ငါ အသေအချာ မြင်ခဲ့တာ''

''အဲဒီ မောင်မောင်သန့်ဆိုတဲ့ကောင်က သူ့ကိုယ်သူ မျက်နှာဖြူသူဌေးတွေပိုင်တဲ့ စတီးဘရားသားကုမ္ပဏီရဲ့ အဝယ်တော် မန်နေဂျာဆိုပြီး ခပ်ထောင်ထောင် ဆောင့်ကြွားကြွားနဲ့ ရပ်ကွက်ထဲကလူတွေကို မတူမတန်သလို ဆက်ဆံသလောက် မြာက တကယ်ပွေတဲ့ကောင်ကွ၊ လင်ရှိမယားကိုကြာကူရှိကိုဖို့လည်း နည်းနည်းမှ ဝန်လေးတဲ့ကောင် မဟုတ်ဘူး၊ အရင်က မီးရထားရုံပိုင် ဦးလှဘူးရဲ့ မိန်းမချောချောလေးကို ဒီကောင် ကြာခိုလို့ ဦးလှဘူးနဲ့ ပြဿနာဖြစ်ပြီး ဟိုးလေးတကျော် ဖြစ်ခဲ့သေးတယ်လေကွာ''

''ဦးလှဘူးက လက်ပူးလက်ကြပ်မမိလို့ ဒီကောင့်ကို မယားခိုးမှုနဲ့ တရားမစွဲနိုင်ခဲ့တာကွ၊ မယားခိုးမှုနဲ့ တရားစွဲနိုင်ခဲ့ရင် အဲဒီကောင် ထောင်ကျမှာ ကျိန်းသေပဲ''

ဟု ကိုပိုက်တင်က ပြောလေလျှင် မောင်သံပုံးလေးမှာ မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်ပြုရင်း . . .

''မယားခိုးမှုနဲ့ တရားစွဲနိုင်ရင် ထောင်ကျအောင်လုပ်လို့ရတယ်





. . . ဟုတ်လား ဦးလေးပိုက်၊ အဲဒါ ဘယ်လိုလဲ . . . ကျွန်တော့်ကို သေသေချာချာ ပြောပြစမ်းပါဦး''

ဟု လွန်စွာ စိတ်ဝင်စားသည့်ဟန်ဖြင့် မောင်သံပုံးလေးက ရှင်းပြဖို့ တောင်းဆိုလိုက်ရာ ကိုပိုက်တင်မှာ သစ်သားဖလားခွက်ကြီးထဲသို့ မြင်းသောက်ရန်ရေကို သံပုံးဖြင့်လောင်းထည့်လိုက်ပြီးနောက်

"ကဲ . . . လာ . . . မင်းရှင်းအောင် ငါပြောပြမယ်''

ဟု ဆိုလျက် မောင်သံပုံး၏ပခုံးကို လက်တစ်ဖက်ဖြင့် ဖက်ပြီး မြင်းဇောင်းမှထွက်ကာ သူ၏အိမ်တံစက်မြိတ်သို့ ဝင်လာ၏။

"ကဲ . . . ဒီကပြင်မှာထိုင်ပြီး ထန်းလျက်နဲ့ရေနွေးကြမ်းသောက်၊ မင်းကို မယားခိုးတွေ့ ကြာကူရှိကောင်တွေကို ဘယ်လိုနှိမ်နင်းလို့ ရသလဲ ဆိုတာ ငါသိသလောက် ပြောပြမယ်၊ ငါ့ကိုလည်း ငါ့မြင်းလှည်းကိုစီးနေကျ ဖောက်သည် ရာဇဝတ်အုပ်ဦးမြခိုင်ပြောပြလို့ သိထားတာကွ''

''အိမ်ထောင်ရှိ မိန်းမတစ်ယောက်ဟာ တခြားယောက်ျားနဲ့ ဖောက်ပြန်တဲ့အခါ လက်ပူးလက်ကြပ်မိရင် အဲဒီကြာကူရှိကောင် ယောက်ျားကို မယားခိုးမှုနဲ့ တရားစွဲလို့ ရတယ်ကွ၊ အဲဒီပြစ်မှုက ငွေဒဏ်မရှိဘူး . . . ထောင်ဒဏ်၊ ထောင်နှစ်နှစ်လောက်တော့ သာသာလေး ကျသွားနိုင်တယ်''

ဟု ကိုပိုက်တင်ကပြောပြီး ရေနွေးကြမ်းတစ်ခွက် ငုံသောက်လိုက်ရာ မောင်သံပုံးက စိတ်ဝင်စားစွာ နားထောင်နေရာမှ . . .

''ဖောက်ပြန်တဲ့မိန်းမကိုရော ထောင်ချလို့ရသလား ဦးလေးပိုက်''

ဟု မေးလိုက်ရာ ကိုပိုက်တင်က ဆေးပေါ့လိပ်တစ်လိပ်ကို ဆေးလိပ်ခွက်ထဲမှလှမ်းယူကာ ကြေးမီးခြစ်လေးကိုခြစ်လျက် မီးညှိဖွာရှိုက်လိုက်ပြီး . . .

''ဖောက်ပြန်တဲ့မိန်းမကို ဥပဒေအရတော့ ဖမ်းတာဆီးတာ ထောင်ချတာမျိုး မလုပ်နိုင်ဘူးကွ၊ တစ်ခုပဲ ရှိတယ် . . . အဲဒီ မျောက်မထားတဲ့ မိန်းမယုတ်ကို သူ့ရဲ့ယောက်ျားက အမွေအနှစ်ပိုင်ဆိုင်ခွင့် လုံးဝခွဲမပေးဘဲ



www.burmeseclassic.com

www.burmeseclassic.com

ကွာရှင်းပစ်ပြီး အိမ်ပေါ်ကနေ လက်ချည်းဗလာ ခါးကော့ဆင်းသွားအောင် တန်ချေပစ်လိုက်လို့ရတယ်ကွ''

ဟု ပြောလိုက်ရာ မောင်သံပုံးလေးမှာ ကိုပိုက်တင်၏မျက်နှာကို စိတ်အားထက်သန်စွာ စိုက်ကြည့်ရင်း ...

''ဟုတ်ပြီ ... ကြာကူရီ ကိုမောင်မောင်သန့်ဆိုတဲ့လူကြီးကို လက်ပူးလက်ကြပ်ဖမ်းမိပြီး ထောင်ကျသွားအောင် လုပ်ရမယ်''

''ပြီးရင် အဖေ့အပေါ် သစ္စာမရှိတဲ့ ဒေါ်လေးချောမေကို အိမ်ပေါ်ကနေ ခါးကော့ဆင်းပြေးအောင် လုပ်ရမယ်''

ဟု လက်သီးလေးဆုပ်ကာ ကြိမ်းဝါးလိုက်ရာ မြင်းလှည်းဆရာ ကိုပိုက်တင်မှာ သဘောကျလွန်းသဖြင့် သူ၏ပေါင်ကို လက်ဖြင့် ဖြန်းခနဲနေအောင်ပုတ်ရင်း ...

''ကောင်းကွာ ... ကြိုတ်လိုက်စမ်း ငါ့ကောင်လေး၊ ဒါမှ သစ္စာမဲ့တဲ့ မိန်းမယုတ်နဲ့ ကြာကူရီကောင် လူရှုပ်တို့ရဲ့ဇာတ် မရှုမလှ သိမ်းမှကွ''

ဟု အားရပါးရ ပြောလိုက်ပါလေတော့သတည်း။

✧ ✧ ✧





## ❖ ဝက္ကကောရ ❖

ပင်ကိုမူလ စိတ်ဗီဇ မှုမမှန်သော ချောမေမှာ ကိုယ်ကျင့်သိက္ခာကို တန်ဖိုးထားသူ မဟုတ်လေရကား လင်သားဖြစ်သူ ကိုသက်ဝင်းက အိုးပိုင် အိမ်ပိုင်နှင့် ရွှေငွေလက်ဝတ်လက်စားဆင်လျက် မပူမပင် မကြောင့်မကြ ထားသည့်တိုင် စိတ်ဂနာမငြိမ်ဘဲ အိမ်ထောင်ရက်သား မကျမီကလိုပင် ယောက်ျားသားများနှင့် ပရောပရည် အရောတဝင် လုပ်လေ့ရှိရာ ...

မိန်းမကျမ်းကြေသော မောင်မောင်သန့်မှာ ချောမေထံ လွယ်ကူစွာ ပြန်လည်ချဉ်းကပ်လာလျက် ကိုသက်ဝင်းမရှိခိုက်ဝယ် ချောမေ၏အိမ်သို့ စက်ဘီးလေးဖြင့် လာလာလည်လေ့ ရှိလေ၏။

မောင်မောင်သန့်လာတိုင်း ချောမေကြိုက်တတ်သည့် ခရုခေါက်ဆွဲကြော်၊ ကြက်သားပလာတာ၊ ချောကလက်၊ ဒိန်ချဉ်၊ တစ်ခုမဟုတ်တစ်ခု စားသောက်ဖွယ်တို့ ပါလာလေ့ရှိရာ ချောမေက မောင်မောင်သန့်တည်းဟူသော ကိုရွှေညှို့သည်ကို ဝမ်းပန်းတသာ ကြိုဆိုတတ်စမြဲဖြစ်လေ၏။

ချောမေကလည်း ကိုမောင်မောင်သန့်လာတိုင်း ကုလားမခြင်းဆွဲနီဆီနှင့် ကော်ဖီခါးဆိမ့်ဆိမ့်လေး ဖျော်တိုက်လေ့ရှိကာ ကြာမူပါပါ မျက်စောင်းလေးခဲလိုက်၊ နှုတ်ခမ်းနီ ရဲနေအောင်ဆိုးထားသော နှုတ်ခမ်းချွန်ချွန်လေးကို စူလိုက်၊ မဲ့လိုက်၊ ပြုံးလိုက်ဖြင့် စကားချိုပျစ်ပျစ်တို့ကိုပြောရင်း ကြည်ကြည်ညှို့ခံလေ့ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်သန့်လာသည့်အချိန်ဝယ် ကျောင်းပိတ်ရက်မို့ အိမ်မှာ မောင်သံပုံးရှိနေလျှင် ချောမေက မောင်မောင်သန့် မလာမီကတည်းက မောင်သံပုံးအား ငွေနှစ်ပဲပေးကာ မြို့မြောက်ဘက်စွန်းရှိ မြတောင်ပေါ်မှ မြစေတီဝယ် ဘုရားပန်း တစ်ပဲဖိုးဝယ်စေကာ သူမအတွက် ယကြာချေနိုင်းပြီးနောက် ပိုက်ဆံတစ်ပဲဖြင့် မြို့လယ်ရှိ ဘိုင်စကုတ်ရုံဝယ် ဘိုင်စကုတ်ကြည့်ခွင့်ပြုလေ၏။

အစပထမတွင်မူ မောင်သံပုံးမှာ သူ့အား ကျောင်းပိတ်ရက်တိုင်း အိမ်မှာမနေအောင် ချောမေက ပ,ထုတ်နေမှန်း မရိပ်မိဘဲ ဒေါ်လေးချောမေ သဘောကောင်းလှချည့်ဟု စိတ်ဝယ်မှတ်ထင်ကာ ချောမေအား ရှိခိုးဦးချ မတတ် ကျေးဇူးတင်ပြီး ဘုရားသို့လည်း ကဆုန်ဆိုင်းသွားကာ ဘိုင်စကုတ် ကိုလည်း ပျော်ရွှင်စွာကြည့်လျက် ဘိုးကြိုင်းတုတ် ဖြစ်နေလေတော့၏။

သို့ဖြင့် မောင်မောင်သန့်မှာ ချောမေတို့အိမ်ဝယ် တစ်နေ့လုံး လွတ်လပ်စွာနေခွင့်ရပြီး ဘိုင်စကုတ်ရုံ လွှတ်ခါနီး မောင်သံပုံး ပြန်လာခါနီးတွင်မှ ချောမေ၏အိမ်မှ ပြန်လေ့ရှိလေ၏။

ကိုသက်ဝင်းမှာ နံနက်ရှစ်နာရီခန့်မှစ၍ ဈေးသို့သွားကာ သံဖြူဆိုင်ဝယ် ရောင်းဝယ်ဖောက်ကားအလုပ်လုပ်ရာ ချောမေက နေ့ခင်း (၁၁) နာရီခန့်ဝယ် ကြုံရာမြင်းလှည်းဆရာဖြင့် ကိုသက်ဝင်းအတွက် ထမင်းချိုင့် ပို့ပေးလေ၏။

သို့ကြောင့် ကိုသက်ဝင်းမှာ တစ်နေ့တာလုံး နေအိမ်သို့ ပြန်ရန် မလိုဘဲ ညနေ (၅) နာရီ ဈေးသိမ်းမှပြန်ရရာ ချောမေနှင့် မောင်မောင် သန့်တို့အဖို့ လေမလာ ကြာတိုင်းကောင်း ဖြစ်နေလေတော့၏။

ကိုသက်ဝင်းမှာ သူမရှိခိုက် အိမ်သို့ မောင်မောင်သန့် လာလည် လေ့ရှိသည်ကို ပတ်ဝန်းကျင်၏သတင်းပေးမှုကြောင့် သိရှိသော်လည်း လူရိုးလူအ,ဖြစ်ရာ ချောမေ၏လှည့်ပတ်ပြောဆို နှစ်သိမ့်မှု၊ ဖြောင်ဖြင်းမှုတို့ကို ယုံစားကာ ချောမေ၏စကားအတိုင်း ပတ်ဝန်းကျင်က မနာလို၍ပြောသည်၊





တစ်ဆိတ်ကို တစ်အိတ်လုပ်ကာ ပုံကြီးချဲ့ပြောသည်၊ မောင်မောင်သန့်နှင့် မိတ်ဆွေချင်းခင်မင်မှုထက် မပိုဟု ယူဆလျက် ရှိလေ၏။

တစ်နေ့ဝယ် ကိုသက်ဝင်းမှာ ဈေးထဲမှဆိုင်ဝယ် အလုပ်လုပ်နေရင်း တုပ်ကွေးအဖျားကြောင့် ခေါင်းမူး နာစေးပြီး အဖျားတက်လာရာ မိုးတစိမ့်စိမ့်ရွာနေသည့်ကြားထဲမှ ထီးဆောင်းပြီး အိမ်သို့အနားယူရန် ပြန်လာခဲ့လေ၏။

ယင်းသို့ အိမ်ပြန်ချိန်မဟုတ်ဘဲ နေ့ခင်းဘက်ဝယ် ကိုသက်ဝင်း အိမ်သို့ပြန်လာသည်ကို ချောမေ ကင်းအစောင့်ချထားသော မျက်နှာချင်း ဆိုင်အိမ်မှ အေးကြည်မက တွေ့သွားလေ၏။

အေးကြည်မမှာ ချောမေနှင့် အပျိုဘဝကတည်းက ခင်မင်ခဲ့သူဖြစ်ပြီး ယနေ့အထိ ချောမေက အဝတ်ဟောင်းလေးများ စွန့်ကြဲလိုက်၊ အတိုးမဲ့ ငွေချေးလိုက်၊ ဟင်းကျန်လေးများရှိလျှင် ပေးကမ်းလိုက်ဖြင့် ကျွေးမွေးပေါင်းသင်းပြီး လှူယုံလုပ်ထားခြင်းခံရသော ကလေးနှစ်ယောက်အမေ တစ်ခုလပ် မလေး ဖြစ်လေ၏။

အေးကြည်မကိုယ်တိုင်က ဆင်းရဲသလောက် စရိုက်မမှန်သူ ဖြစ်ရာ ချောမေ၏ ပေးစာကမ်းစာကိုစားပြီး ချောမေထံသို့ မောင်မောင်သန့် ရောက်ရှိနေချိန်ဝယ် မတော်တဆ ကိုသက်ဝင်း အိမ်သို့ပြန်လာပါက မြင်သည်နှင့်အချက်ပေးရန် ချောမေ၏ခိုင်းစေချက်အရ မသိမသာ ကင်းစောင့်ကြည့်ရှုပေးနေလေ့ ရှိလေ၏။

ယနေ့နေ့လယ်မှာလည်း နို့စို့ကလေးငယ်ကို ရင်ခွင်ထဲထည့်ရင်း သူတို့အိမ်ရှေ့ ကပြင်ပေါ် ဖင်ချထိုင်ကာ နို့တိုက်နေသည့် အေးကြည်မမှာ ကိုသက်ဝင်း ထီးဆောင်းလျက်ပြန်လာသည်ကို မြင်လျှင် မြင်ချင်းကလေးကို ကပြင်ပေါ် ကပျာကသီချပြီး လုံချည်တစ်ထည်ကို ခေါင်းဝယ်မြှီးကာ အိမ်ခြံဝင်း အုယားဖားယားပြေးထွက်လျက် မျက်နှာချင်းဆိုင်ရှိ ချောမေတို့၏အိမ်ခြံဝင်းထဲ ပြေးဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

ယင်းသို့ အေးကြည်မ အိမ်ခြံနှစ်ခုကို ဖြတ်ကူးလိုက်ခြင်းအား အဝေးမှ ထိုးကိုင်ကိုက်စိုက်ဆောင်းလာသည့် ကိုသက်ဝင်းတစ်ယောက်ကမူ လုံးဝ သတိမမူမိချေ။

အေးကြည်မမှာ ချောမေတို့၏အိမ်ရှေ့သို့ ရောက်သည်နှင့် ခဲလုံး ယဲသုံးလုံးကို ကတိုက်ကရိုက်ကောက်ကာ အိမ်ရှေ့ပြတင်းဝမှနေ၍ ခဲတစ်လုံးစီကို အိမ်ထဲသို့ ဆက်တိုက် ပစ်သွင်းလိုက်လေ၏။

ချောမေမှာ အိမ်ထဲသို့ ခဲသုံးလုံး ဒေါက်ခနဲ ဒေါက်ခနဲ ဝင်လာသံကြားရသည်နှင့် အေးကြည်မ အရေးပေါ်အချက်ပေးပြီမှန်း သိသဖြင့် မောင်မောင်သန့်နှင့်အတူ အိပ်ခန်းထဲမှ ခုတင်ပေါ်ဝယ် ချစ်ကျီစယ်နေရာမှ ကမန်းကတန်း လူးလဲထပြီး ...

"ကိုသန့် ... ဖိနပ်ယူပြီး သွားတော့ သွားတော့ ... ကိုသက်ဝင်း ပြန်လာပြီ"

ဟု မျက်ကလူးဆန်ပျာ တိုက်တွန်းပြောဆိုရာ လူပါးလူနပ် မောင်မောင်သန့်မှာလည်း လဲလျောင်းနေရာမှ သုတ်သီးသုတ်ပျာ လူးလဲထပြီး ခုတင်ပေါ်မှ ဖျတ်ခနဲဆင်းလိုက်ကာ အိပ်ခန်းအဝဆီ ပြေးသွားပြီးလျှင် နဂိုကပင် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အိပ်ခန်းအဝဝယ် ချထားခဲ့သောဖိနပ်ကို ကောက်ယူလျက် နောက်ဖေးတံခါးကို ဆွဲဖွင့်ကာ လှေကားမှ ကမူးရှူးထိုး ဆင်းလိုက်ပြီး အိမ်နံဘေး၌ ထောင်ထားသော သူ၏စက်ဘီးကို ခြံနံဘေးသို့ လျှင်မြန်စွာ တွန်းသွားလေ၏။

ချောမေတို့၏ခြံမှာ ခြံရှေ့ပိုင်းကိုသာ နှစ်ငါးမူး သစ်သားပြားငယ်များစီကာ စနစ်တကျ ကာရံထားသော်လည်း ခြံဘေးစည်းရိုးမှာမူ ပုရွက်ဆိတ်ပင်တို့ ကျိုးတိုးကျဲတဲဖြစ်နေရာ ထိုနေရာမှ စက်ဘီးကို ဖြတ်တွန်းလိုက်သည်နှင့် မောင်မောင်သန့်မှာ ခြံဘေးမှ ကပ်လျက်လမ်းကြားသို့ ရောက်ရှိသွားလေတော့၏။

ချောမေတို့၏ခြံမှာ လမ်းထောင့်ချွန်းခြံဖြစ်ရာ ခေါင်းရင်းဘက်မှခြံမှာ





မြင်းလှည်းဆရာ ကိုပိုက်တင်၏ခြံဖြစ်ပြီး ခြေရင်းဘက်တွင်မူ ခြံမရှိတော့ဘဲ လမ်းကြားလေးတစ်ခုသာ ရှိလေ၏။

လူသွားလူလာပြတ်လှသော ယင်းလမ်းကြားလေးမှ နောက်ဘက်သို့ စက်ဘီးကို ခပ်သုတ်သုတ်တွန်းသွားသော မောင်မောင်သန့်မှာ မိနစ်ပိုင်းအတွင်းမှာပင် အခြားလမ်းတစ်ခုသို့ ရောက်ရှိသွားပြီး ယင်းလမ်းပေါ်သို့ ရောက်သည်နှင့် စက်ဘီးကိုနင်းကာ လေလေးချွန်ပြီး အေးဆေးစွာ ထွက်ခွာသွားလေတော့၏။

ကိုသက်ဝင်း ခြံထဲသို့ဝင်လာသောအခါတွင်မူ အေးကြည်မနှင့် ခြံဝဝယ် ဆုံလေ၏။ ပုဆိုးခြုံအောက်မှ အေးကြည်မက ခေါနေသောသွားပေါ်အောင် ရယ်ကျဲကျဲဖြင့်နှုတ်ဆက်လျက်မှ ဖက်လေးပုပြီး ကိုသက်ဝင်းရှေ့မှ ခါးလေးကုန်းကာ ခြံပြင်သို့ သုတ်ခြေတင် ထွက်သွားတော့၏။

ကိုသက်ဝင်းမှာ ထိုးကိုပိတ်လျက် အိမ်ရှေ့လှေကားမှ တစ်ထစ်ချင်းနင်းတက်လာသည့်အခါတွင် လှေကားထိပ် အိမ်အဝမှ အပြုံးဖြင့် ဆီးကြိုနေသော တစ်ပတ်လျှိုဆံထုံးလေးနှင့် ချောမေကို တွေ့လိုက်ရရာ ကိုသက်ဝင်းမှာ တုပ်ကွေးအဖျား တစ်ဝက်သက်သာသွားသည့်နှယ် ရင်ဝယ် နှစ်ခြိုက်အမောပြေသွားလေတော့၏။

"ဟော ... အစ်ကိုသက် နေ့ခင်းကြီး မပြန်စဖူး ပြန်လာပါလား"

ဟု ပြုံးလျက် မေးလိုက်ရာမှ ကိုသက်ဝင်း၏လက်ထဲမှ ရေစိုထီးကို လှမ်းယူလိုက်သည်တွင် လက်ချင်းထိသွားရာ ...

"အို အစ်ကိုသက်ရဲ့လက်တွေ ပူလို့ပါလား ... မှန်းစမ်း"

ဟု ဆိုကာ ကိုသက်ဝင်း၏နဖူးပြင်ကို သူမ၏လက်ဖဝါးလေးတစ်ဖက်ဖြင့် စမ်းသပ်ကြည့်လိုက်ပြီး ...

"ဟယ် ... ကိုယ်တွေ ပူလို့ပါလား၊ အစ်ကိုသက် ဖျားနေပါလား ဖြစ်မှဖြစ်ရလေရှင်၊ ဪ ... ဖျားလို့ ပြန်လာတာကိုး၊ လာ လာ ... အနွေးထည်ဝတ်ထား"



www.burmeseclassic.com

www.burmeseclassic.com

"ပြီးရင် ချော ဆေးတိုက်မယ်နော်၊ ရေနွေးလည်း ရှိတယ်၊ ကော်ဖီ မှုန့်လေးလည်း ဖျော်ပေးမယ် . . . သိလား၊ လာ လာ . . . အိပ်ရာထဲ တစ်ခါတည်းဝင်"

ဟု ပျာပျာသလဲပြောရင်း ကိုသက်ဝင်းကို အိပ်ခန်းထဲသို့ တွဲခေါ်ခဲ့ကာ အနွေးထည်ဝတ်ပေးခြင်း၊ ကော်ဖီဖျော်ကာ ဆေးတိုက်ခြင်းတို့ကို ဇက်ဆယ်သလို ပြုလုပ်ပေးပြီးနောက် အိပ်ရာပေါ်ဝယ် သက်သောင့်သက်သာ လဲလျောင်းစေလျက် နဖူးကြော၊ နားထင်ကြောတို့ကို နှိပ်ပေးခြင်း၊ ခြေလက်တို့ကို ဆုပ်နယ်ခြင်းပြုကာ တယုတယ ဂရုတစိုက်ပုံစံဖြင့် ပြုစုပေးလျက်ရှိလေ၏။

ကိုသက်ဝင်းမှာ ဇနီးသည်၏ ပြုစုယုယမှုကို သဘောကျစွာ ခံယူရင်း . . .

"အင်း . . . ငါ့မိန်းမက သူများတွေပြောသလို ငါ့အပေါ်မှာ ကြင်နာမြတ်နိုးချစ်ခင်မှုမရှိလို့ တခြားတစ်ပါးယောကျ်ားနဲ့ ဖောက်လွှဲဖောက်ပြန် လုပ်နေတယ်ဆိုတာ မဖြစ်နိုင်ပါဘူး"

"အင်း . . . ဒီလို ကြင်နာယုယတတ်တဲ့ မိန်းမမျိုးကိုရတာ ငါ ကံကောင်းပါတယ်လေ"

ဟု စိတ်ချမ်းမြေ့စွာတွေးရင်း သူ့မိန်းမချောမေ မကြာမီအချိန်ကမှ တစ်ပါးသောယောကျ်ားနှင့် လော်လည်ဖောက်ပြားခဲ့ရာ အိပ်ရာထက်ဝယ် သက်သောင့်သက်သာ လဲလျောင်းလျက်မှ ပီတိဖြာ သောအပြုံးကိုပြုံးလျက် နေပါတော့သတည်း။

✧

"အင်း . . . တကယ်တော့ ငါ့အဖေဟာ အရမ်းလည်တဲ့ ဒေါ်လေးရဲ့ လှည့်ဖြားမှုကို ခံနေရတာပါလား"





"ချောမေက သိပ်လည်တာကွ . . . မင်းရဲ့အဖေကလည်း မယား စိတ်မွှန်ပြီး မယားစကားပဲ ယုံနေတော့ ခက်တာပဲ၊ နေမြင့်လေ အရူးရင့်လေ ဆိုသလို မင်းအဖေလည်း ကြာလေ နွားဖြစ်သထက်ဖြစ်ပြီး ခေါင်းမှာတောင် ချိုပေါက်မှာ စိုးရိမ်ရတယ်ကွ . . . သိလား . . . တောက်"


မခံချိမခံသာ အသည်းယားစွာပြောနေသော မြင်းလှည်းဆရာ ကိုပိုက်တင်၏စကားကို နားထောင်ရင်း မောင်သံပုံးမှာ သူ့မိထွေး ချောမေ၏ ယုတ်မာမှုကို ဖော်ထုတ်နိုင်ရန် နည်းလမ်းအမျိုးမျိုး ကြံစည်စိတ်ကူးလျက် ရှိလေတော့၏။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



## ❖ ထောင်ချောက်မိသူ ❖

ယခုအပတ် စနေနေ့ကျောင်းပိတ်ရက်ဝယ် ချောမေ၏သစ္စာမဲ့မှုနှင့် ကြာကူရိုကောင်၏ယုတ်မာမှုတို့အား လက်ပူးလက်ကြပ် ဖမ်းမိရန် မောင်သံပုံးလေးမှာ သူဉာဏ်မီသမျှသောနည်းဖြင့် ကြိုးစားကြည့်ရန် ဆုံးဖြတ်ထားသည့်အတိုင်း ချောမေထံမှ ပိုက်ဆံနှစ်ပဲကိုယူကာ မြတောင်ဘက် ထွက်ခဲ့လေ၏။

မြတောင်ပေါ်မှ မြစေတီရင်ပြင်သို့ရောက်လေလျှင် ပြုဖွယ်ရှိသော ဘုရားပန်းကပ်ခြင်း၊ ယတြာချေခြင်း စသည်တို့ကို အပတ်စဉ် ဝတ္တရားအတိုင်း မြှုလုပ်ပြီးလျှင် မြို့လယ်မှ ဘိုင်စကုပ်ရုံသို့မသွားဘဲ အိမ်သို့ပြန်လာခဲ့လေ၏။

မောင်သံပုံးလေးမှာ သူ၏နေအိမ်သို့ အိမ်ရှေ့လမ်းအတိုင်း မပြန်ဘဲ နောက်ဖေးလမ်းမှပြန်ကာ သူတို့အိမ်၏ ခြံနံဘေးလမ်းကြားအတိုင်း လာခဲ့ရာ သူတို့ခြံနံဘေးသို့ ရောက်လာလျှင် အိမ်အောက်သို့ လှမ်းကြည့်လိုက်လေ၏။

လေးပေသာသာခန့်မြင့်သော သူတို့အိမ်၏ ခေါင်းရင်းဘက် အိမ်တိုင်တစ်တိုင်ကိုမှီကာ စက်ဘီးတစ်စီးထောင်ထားသည်ကို မြင်ရရာ ယင်းစက်ဘီးမှာ ကိုမောင်မောင်သန့်၏စက်ဘီးဖြစ်မှန်း မောင်သံပုံး သိပြီးဖြစ်လေ၏။

''ဟင်း . . . ကြာကူရိုလူကြီးတော့ ရောက်နေပြီ . . . တွေ့ကြသေးတာပေါ့''





မောင်သံပုံးမှာ စိတ်မှကြုံးဝါးရင်း ပုဏ္ဏရိုက်စည်းရိုးကို လက်နှစ်ဖက်ဖြင့် အသာဖြဲကာ ခြံထဲသို့ သတိကြီးစွာဖြင့် ခြေသံမကြားရအောင် ဝင်လာလေ၏။ သူ၏မျက်လုံးကလည်း အိမ်၏ပြတင်းပေါက်တို့ဆီသို့ အကဲခတ်ကြည့်ရှုလျက် နားကိုလည်း စွင့်ထားလေ၏။

သူ့အိမ်နံဘေးသို့အရောက်ဝယ် သူ့ဖခင် ကိုသက်ဝင်းနှင့် ချောမေတို့၏အိပ်ခန်းဆီမှ ယောက်ျားတစ်ယောက်၏ တီးတိုးစကားသံကို ကြားရသလို မိန်းမတစ်ယောက်၏ ခစ်ခနဲရယ်သံကိုလည်း ခပ်သဲ့သဲ့ကြားလိုက်ရရာ မောင်သံပုံး၏ရင်မှာ ဒိန်းခနဲခုန်သွားပြီး အံကိုလည်း ကြိတ်လိုက်မိလေ၏။

''ကြာကူရိုလူကြီး အဖေတို့ရဲ့အိပ်ခန်းထဲတောင် ရောက်နေပြီ . . . တွေ့ကြသေးတာပေါ့''

ဟု မောင်သံပုံးမှာ စိတ်ထဲမှကြုံးဝါးရင်း မနေ့ညနေက အိမ်ကြမ်းပြင်အောက် ဆင့်တန်း၌ သူပတ်ထားခဲ့သော သံကြိုးကို အသံမမြည်အောင် အသာဖြုတ်ယူလိုက်လေ၏။

ယင်းသံကြိုးကို စက်ဘီး၏နောက်ဘီးရှိ စပုတ်တံနှစ်ခုအကြားမှ လျှိုသွင်းကာ အိမ်တိုင်ဝယ် သံကြိုးကိုပတ်လိုက်ပြီးနောက် ကြိုးအဖျားတစ်ခုမှ သော့ခလောက်ဖြင့် ခတ်လိုက်လေတော့၏။

ထို့နောက် သူသည် ပုဏ္ဏရိုက်စည်းရိုးဆီ ပြေးသွားကာ ခြံထဲမှ တိုးထွက်လိုက်လေ၏။

ယင်းနောက် မောင်သံပုံးလေးမှာ ဈေးဘက်သို့ သုတ်ခြေတင်ပြီးလျှင် သူ့ဖခင်၏သံဖြူဆိုင်သို့ အူယားဖားယားသွားကာ ဖခင်အနီးသို့ ကပ်သွားလျက် . . .

''အဖေ အဖေ . . . အိမ်ကို ခချက်ချင်းလိုက်ခဲ့၊ အဖေတို့အိပ်ခန်းထဲမှာ ဟို . . . မောင်မောင်သန့်ဆိုတဲ့လူကြီးနဲ့ ဒေါ်လေးချောမေတို့ ရောက်နေပြီဗျ၊ ကျွန်တော်ကိုယ်တိုင် မြင်တာ, ကြားတာ''

ဟု ခပ်တိုးတိုးပြောလိုက်ရာ သံဖြူပြားတစ်ပြားကို ထုနေသည့်



www.burmeseclassic.com

www.burmeseclassic.com

ကိုသက်ဝင်းမှာ သူ၏ဦးခေါင်းကို မိုးကြိုးပစ်သွားသလားဟု ထင်ရလောက်အောင် စိတ်နှလုံး တုန်လှုပ်နာကျင်သွားပြီး . . .

"ဟုတ်ရဲ့လား သားရယ်"

ဟု မောင်သံပုံးလေးအား သေချာအောင်မေးလိုက်ရာ မောင်သံပုံးလေးက မဲ့လိုက်ပြီး . . .

"သေချာပါတယ် အဖေရဲ့ . . . သေချာတာမှလေ အဲဒီကြာကူရီလူကြီး စီးလာတဲ့ စက်ဘီးဟာ ကျွန်တော်တို့အိမ်ခေါင်းရင်းက တိုင်တစ်လုံးကို မှီပြီးရပ်ထားလို့ အဲဒီစက်ဘီးကို အိမ်တိုင်နဲ့သံကြိုးချည်ပြီး သော့ခတ်ထားခဲ့တယ် အဖေရဲ့"

"ခါတိုင်း . . . အဖေ မမျှော်လင့်ဘဲ အိမ်ပြန်လာရင် ဒေါ်လေးချောမေက သူ့ရဲ့လူ ကိုမောင်မောင်သန့်ကို အချိန်မီ ရှောင်ထွက်သွားနိုင်အောင် သေချာစီစဉ်ထားတာ အဖေရဲ့"

"ခုတော့ ကိုမောင်မောင်သန့် ရှောင်ထွက်မပြေးနိုင်အောင် ဦးလေးပိုက်တင်နဲ့ တိုင်ပင်ပြီးမှ ကိုမောင်မောင်သန့်ရဲ့စက်ဘီးကို အိမ်တိုင်နဲ့တွဲချည်သော့ခတ်ထားခဲ့တာ အဖေရ ကိုမောင်မောင်သန့် ဒီတစ်ခါ ထွက်ကိုမပြေးနိုင်စေရဘူး"

"ကဲ . . . လာ အဖေ . . . အိမ်ကို ခုချက်ချင်းပြန်ပြီး သွားပိုင်းမှဖြစ်မယ်"

ဟုဆိုကာ ကိုသက်ဝင်းကို အတင်းဆွဲခေါ်ရာ ကိုသက်ဝင်းမှာ မောင်သံပုံးနှင့်အတူ အိမ်သို့ သုတ်ခြေတင်လာခဲ့ရလေ၏။

လမ်းအတိုင်း ကိုသက်ဝင်းနှင့် မောင်သံပုံး ဝင်လာသည်ကို ချောမေ၏ကင်းသမား အေးကြည်မက မြင်လိုက်ရာ ဝတ္တရားအတိုင်း ချောမေကို အချက်ပေးနိုင်ရန် လမ်းကိုဖြတ်ကူးပြီးနောက် ချောမေတို့၏ ခြံဝင်းထဲပြေးဝင်ကာ ခဲလုံးငယ် သုံးလုံးကောက်လျက် အိမ်ရှေ့ပြတင်းထဲ ပစ်သွင်းလေတော့၏။





"ဟယ် . . . ဒီနေ့လည်း ကိုသက်ဝင်း ပြန်လာပြန်ပြီ၊ ကိုသန့် . . . သွား သွားတော့"

ဟု ချောမေက ပျာပျာသလဲပြောရင်း ပြေကျနေသော ဆံထုံးကို ပြန်လည်ကာ တစ်ပတ်လျှိုထုံးနေစဉ် . . .

မောင်မောင်သန့်မှာ ခုတင်ထက်မှ ဆင်းလိုက်ပြီး အိပ်ခန်းအဝမှ ဓနိုပ်ကိုပြေးယူကာ အိမ်နောက်ဖေးတံခါးကို ချက်ဖွင့်ပြေးထွက်ပြီး နောက်ဖေးလှေကားအတိုင်း ကပျာကသီ ဆင်းခဲ့လေ၏။

ထို့နောက် အိမ်၏ခေါင်းရင်းတိုင်တစ်တိုင်ကို မှီထောင်ထားသည့် သူ၏ရာလေးစက်ဘီးကို ကမန်းကတန်း ဆွဲယူလိုက်ရာ စက်ဘီးမှာ တုံ့ခနဲဖြစ်သွားပြီး သူဆွဲယူရာသို့ ပါမလာရာ မောင်မောင်သန့်မှာ မျက်လုံးပြူးသွားပြီး ဘာဖြစ်ပါလိမ့်ဟူသောအတွေးဖြင့် စက်ဘီးကိုငုံ့ကြည့်လိုက်ရာ . . .

"ဟာ သံကြိုးနဲ့ ငါ့စက်ဘီးကို သော့ခတ်ထားပါလား၊ ဘယ် . . . ဘယ်သူ လာခတ်ထားပါလိမ့်"

မောင်မောင်သန့်မှာ ထိတ်လန့်ချောက်ချားသွားပြီး ပြူးတူးပျာတာဖြင့် စက်ဘီးကို အတင်းဆောင့်ဆွဲသော်လည်း သံကြိုးသံ ဂလောက်ဂလောက်သာ မြည်သွားပြီး စက်ဘီးမှာ အိမ်တိုင်နှင့် ဂဟေဆက် ချစ်ကြိုးသွယ်လျက်သာ ရှိချေတော့၏။

"တောက် . . . ဒုက္ခပါပဲ ဒုက္ခပါပဲ . . . ဒီစက်ဘီး ဒီမှာ ကျန်ရစ်ခဲ့လို့မဖြစ်ဘူး။ ဒီစက်ဘီးကို ကိုသက်ဝင်းမြင်ရင် ငါ့ရဲ့စက်ဘီးဆိုတာသိပြီး လစ်ပြေးသွားသူဟာ ငါမှန်း သိသွားမယ် . . . ဘယ် ဘယ်လိုလုပ်ရပါ့"

မောင်မောင်သန့်မှာ ကမူးရှူးထိုးဖြစ်ကာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေစဉ် အိမ်နံဘေး ပုဏ္ဏရိက်ခြံစည်းရိုးတို့ကို ဖြိုပြီး မြင်းလှည်းဆရာကိုပိုက်တင်နှင့် ရပ်ကွက်လူကြီးတို့ ဝင်လာသလို . . .

ခြံဝင်းရှေ့အဝမှလည်း မောင်သံပုံးနှင့် ကိုသက်ဝင်းတို့ ဝင်လာသည်ကို မောင်မောင်သန့် တွေ့ရပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင်သန့် ... မင်း ထွက်ပြေးဖို့ မကြိုးစားနဲ့၊ မင်းရဲ့ စက်ဘီးကို ဟောဒီကလေး မောင်သံပုံးလေးက သော့ခတ်ထားလိုက်ပြီ၊ မင်းနဲ့ချောမေတို့ ဖောက်ပြန်လော်လည်မှုတွေကို ဟောဒီ ကိုပိုက်တင်က လည်း မျက်မြင်သက်သေအဖြစ် ရုံးတော်မှာထွက်ဆိုဖို့ အသင့်ပဲ၊ မောင်သံပုံး လေးကလည်း မင်း စောစောက ချောမေတို့ လင်မယားရဲ့ အိပ်ခန်းထဲဝင်ပြီး ချောမေနဲ့ ကလူကျီစယ်ပြောဆိုသမျှကို သူကြားတဲ့အတိုင်း သက်သေထွက် ဆိုမှာဖြစ်တယ်၊ သူတစ်ပါးအိမ်ရာကို စည်းကမ်းမဲ့ကျူးလွန်တဲ့ မင်း ဘာငြင်းချင်သေးသလဲကွ ... ဟေ"

ရပ်ကွက်လူကြီး၏ စကားအဆုံးဝယ် မောင်မောင်သန့်မှာ ခေါင်းငိုက် စိုက်ကျသွားလေတော့သတည်း။

✧ ✧ ✧



## ❖ မောင်သံပုံး လှည့်ဖြားခံရခြင်း ❖

မောင်မောင်သန့်မှာ သူတစ်ပါးမယားအား ခိုးယူပေါင်းသင်းမှုဖြင့် ထောင်သုံးနှစ်ကျသွားရသလို ...

လူရိုးစိတ်တိုဖြစ်သော ကိုသက်ဝင်းကလည်း ချောမေကို အဝတ် တစ်ထည် ကိုယ်တစ်ခုဖြင့် အိမ်ပေါ်မှ နှင်ချလိုက်လေတော့၏။

အိမ်ထောင်ရေးဖောက်ပြန်မိသော ချောမေမှာ ကိုသက်ဝင်းထံမှ ညီသည့်အခွင့်အရေးမျှ တောင်းဆိုခွင့်မရဘဲ ကိုသက်ဝင်းဆင်ထားသည့် လက်ဝတ်လက်စားများကိုပင် ချွတ်ပေးခဲ့ရပြီး နားဝယ် နားကပ်နှင့်လက်စွပ် တစ်ကွင်းဖြင့်သာ အိမ်ထက်မှ ခါးကော့ဆင်းသွားရလေတော့၏။

ယင်းသို့ အိမ်ပေါ်မှဆင်းသွားရစဉ် ချောမေမှာ မောင်သံပုံးအား အခဲမကျေသည့် မျက်စောင်းကြီးထိုးသွားရာ ဒေါသမီးခိုးမီးလျှံများထွက် နေသည့် ချောမေ၏ ယင်းဒေါသမျက်စောင်းကြီးကို ဘဝတစ်သက်တာဝယ် မေ့ဖျောက်၍ရနိုင်ဖွယ်မမြင်ဟု မောင်သံပုံး တွေးမိလေ၏။

ကိုသက်ဝင်းမှာ ရှက်ဒေါသများ နှလုံးကြေကွဲမှုများဖြင့် ချောမေ အား အနာကြည်းကြီး နာကြည်းကာ အိမ်ပေါ်မှနှင်ချလိုက်ရသော်လည်း ချောမေအပေါ်ထားရှိသည့် သူ၏အချစ်စိတ်များမှာ ပျက်ပြယ် သွားခြင်းမရှိရာ ချောမေအား စိတ်ထဲမှ နေ့စဉ် တမ်းတလျက်ရှိလေ၏။

သို့သော် တစ်ပါးသောယောကျ်ားနှင့် အထင်အရှား ဖောက်ပြန်ထား





www.burmeseclassic.com

www.burmeseclassic.com

သော ချောမေအား ပြန်လည်ပေါင်းသင်းရန်မှာလည်း မဖြစ်နိုင်တော့သဖြင့် သူ့မှာ အသည်းကွဲဝေဒနာကို အကြီးအကျယ် ခံစားရလျက် ဆောက်တည် ရာမရအောင် ဖြစ်နေရှာတော့၏။

သည်တော့လည်း သူ၏အသည်းကွဲဝေဒနာကို ယမကာဖြင့် ကုစား ရန် ကြိုးစားမိရာမှ အရက်ကို နေ့မလင်း ညမလင်း သောက်မိပြီး သုံးလေးလ အတွင်းမှာပင် ဖိုးသမားကြီးလုံးလုံး ဖြစ်သွားရလေတော့၏။

အရက်အိုးထဲမှာသာ ခေါင်းနှစ်ထားသဖြင့် သံဖြူဆိုင်လုပ်ငန်းကို လည်း မကြိုးကြပ်နိုင်တော့ရာ သူ၏သံဖြူလုပ်ငန်းမှာ တစ်နေ့တခြား ကျဆင်း လာပြီး စီးပွားလျှင်မြန်စွာ ယုတ်လျော့လေတော့၏။

ကိုသက်ဝင်းမှာ သူ့ဘဝကို မထူးဇာတ်ခင်းပြီး သံဖြူဆိုင် ပြုတ် သည့်နောက် အိမ်ရှိပစ္စည်းအားလုံးကို တစ်ခုပြီးတစ်ခုရောင်းချကာ အရက် အဖြစ်ဖျော်ပစ်ခဲ့ရာမှ နောက်ဆုံး အိမ်ကိုပါ ပေါင်နှံခဲ့ရလေ၏။

ဖခင်ဖြစ်သူ ကိုသက်ဝင်း၏ စီးပွားကျဆင်းပျက်ယွင်းမှုကြောင့် မောင်သံပုံးမှာလည်း ကျောင်းဆက်မတက်နိုင်တော့ဘဲ လေးတန်းအောင် ပြီးနောက် ကျောင်းထွက်လိုက်ရလေတော့၏။

မောင်သံပုံးမှာ သူတို့သားအဖ ထမင်းနပ်မှန်အောင် စားရစေရေး နှင့် ဖခင်ကြီး၏အရက်ဖိုး ရရှိစေရန် မြင်းလှည်းဆရာ ကိုပိုက်တင် ဆက် သွယ်ပေးသော ဦးလူဝကြီး၏မြင်းဇောင်း၌ မြင်းချေးကျုံးခြင်း၊ မြင်းစာ ကျွေးခြင်းအလုပ်ကို အရွယ်နှင့်မမျှအောင် လုပ်ကိုင်ခဲ့ရလေ၏။

အလုပ်ရှင်ပေးသော နံနက်ပိုင်းလုပ်အားခ ငွေတစ်မူးထဲမှ ငွေတစ်ပဲ ကို ဖခင်ကြီး၏အရက်ဖိုးအဖြစ် ဖယ်ထားကာ ကျန်ငွေတစ်ပဲဖြင့် ဆန်နှင့် ဟင်း လျာတို့ကို ဈေးမှ ဝယ်ခဲ့လေ၏။

မောင်သံပုံးမှာ အိမ်သို့ရောက်လျှင် အိပ်ရာမှနိုးလာသော ဖခင်ကြီး ၏လက်သို့ ငွေ တစ်ပဲကိုအပ်ပြီး မီးဖိုချောင်သို့ဝင်ကာ ထမင်းအိုး တည်ရလေ ၏။





ကိုသက်ဝင်းမှာ မျက်နှာပင်မသစ်နိုင်ဘဲ ငွေတစ်ပဲကိုယူကာ ဘုံဆိုင် သို့ပြေးလေ၏။

မောင်သံပုံးမှာ ထမင်းဟင်းချက်ပြုတ်ပြီးနောက် ဖခင်ကြီးအတွက် ဦးချဖယ်ကာ ထမင်းစားလေ၏။ ထမင်းစားပြီးလျှင် ခေတ္တ အိပ်စက်ပြီးနောက် ဖခင်ကြီး ဘုံဆိုင်မှပြန်လာချိန်ဝယ် အိပ်ရာမှထပြီး ဖခင်ကြီးအား ထမင်းခူး ခပ်ကျွေးလေ၏။

ထို့နောက် လမ်းထိပ်နားရှိ ဒေါ်မှုံကြီး၏ခြံထဲမှ ရေတွင်းဝယ် ရေခင် ကာ သံပုံးနှစ်လုံးဖြင့် ရေဆွဲရလေ၏။

သောက်ရေသုံးရေများအတွက် ရေဖြည့်ပြီးနောက် ထင်းခွဲရပြန်လေ ၏။ ထို့နောက်တွင်မှ ရေချိုးကာ အလုပ်ခွင်ဖြစ်သော မြင်းဇောင်းရှိရာသို့ ပြန်ပြေးရပြန်လေ၏။

ထို့နောက် မြင်းစာအတွက် ပြင်ဆင်ခြင်း၊ မြင်းသောက်ရေ ထည့် ခြင်းများ ပြုလုပ်ရလေ၏။ ညနေစောင်း မြင်းလှည်းသိမ်းချိန်ဝယ် ခြံထဲသို့ ပြန်ဝင်လာသော မြင်းလှည်းတို့မှ မြင်းတို့ကို မြင်းလှည်းဆရာနှင့်အတူ ကူ ဖြုတ်ပေးရလေ၏။

ထို့နောက် မြင်းတို့ကို ချွေးသိပ်စေပြီးမှ ရေမိုးသန့်စင်ခြင်းပြုကာ မြင်းစာကျွေးရလေ၏။

မြင်းစာကျွေးခြင်း၊ မြင်းရေတိုက်ခြင်းများ ပြုလုပ်ပြီးနောက် မောင် သံပုံးမှာ မြင်းဇောင်းပိုင်ရှင် ဦးလူဝကြီးထံမှ သူ၏ညနေပိုင်း လုပ်အားခ ငွေတစ်မူးကိုယူကာ အိမ်သို့ ပြန်လာလေ၏။

ထိုငွေတစ်မူးထဲမှ တစ်ပဲကို ဖခင်ကြီး၏လက်သို့အပ်ပြီး ကျန်ငွေ တစ်ပဲဖြင့် ဆန်၊ ဟင်းလျာတို့ဝယ်ကာ ညစာချက်ပြုတ်ရလေ၏။

ကိုသက်ဝင်းမှာ လက်ထဲသို့ ငွေတစ်ပဲရောက်သည်နှင့် ဘုံဆိုင်သို့ ပြေးလေ၏။

မောင်သံပုံးမှာ ထမင်းဟင်းလျာတို့ကို ချက်ပြုတ်ပြီးနောက် ဖခင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ပြန်အလာကို မီးခွက်ထွန်းကာ စောင့်လေရာ ဖခင်ဖြစ်သူ ပြန်လာမှ သားအဖနှစ်ယောက် ညစာကို အတူစားပြီး အိပ်ရာသို့ဝင်လေ၏။

မောင်သံပုံး၏ နိစ္စဓူဝလုပ်ငန်းစဉ်မှာ ယင်းအတိုင်းဖြစ်ပြီး သားအဖနှစ်ယောက် မငတ်ရုံတမယ် စားသောက်နေရကာ သူ၏ဘဝမှာလည်း တိုးတက်ရာလမ်း ဘာမှမရှိ ဖြစ်နေလေ၏။

မောင်သံပုံးမှာ ဦးလူဝကြီး၏မြင်းဖောင်းထဲဝယ် အလုပ်လုပ်ကိုင်နေစဉ် သူ၏ကျောင်းနေဖက်သူငယ်ချင်းများ ကျောင်းသို့သွားကြသည်ကို လှမ်းတွေ့ရလေလျှင် လုပ်လက်စအလုပ်ကိုရပ်ကာ ထိုကျောင်းသားကျောင်းသူတို့ကို အားကျစိတ်ဖြင့် ငေးကြည့်နေမိလေ၏။ သူတို့လို ကျောင်းတက်ပြီး မပူမပင် မကြောင့်မကြဖြင့် ပညာသင်ရလျှင် ကောင်းလေစွဟု တွေးမိရင်း သူ၏ဘဝအတွက် ဝမ်းနည်းလာမိလေ၏။

မောင်သံပုံး၏ဘဝမှာ မြင်းဖောင်းနှင့်အိမ်မှာသာ အချိန်ကုန်ပြီးနောက် ဘဝ၏တိုးတက်မှု ဘာမျှမရှိသော်လည်း ကိုသက်ဝင်းမှာမူ နေ့ရောညပါ အရက်သောက်နေမှုကြောင့် ခြေဖမိုး၊ လက်ဖမိုးတို့ပင် ဖောရောင်လာကာ မျက်နှာကြီးမှာလည်း ထူအမ်းအမ်းဖြစ်လာလေ၏။

သူသည် အရက်၏ကျေးကျွန်ဘဝသို့ ရောက်ရှိသွားပြီး အရက်ကိုမသောက်ရမနေနိုင် ဖြစ်လာလေ၏။ အမြဲလိုလို လက်တုန်ခြေတုန် ဖြစ်နေခြင်းကြောင့်လည်း မည်သည့်အလုပ်ကိုမှ မလုပ်နိုင်ဘဲ မွေးစားသားလေးဖြစ်သူ မောင်သံပုံး ရှာဖွေကျွေးမွေးသမျှကိုစားကာ အရက်ဖြင့်သာ ဘဝကို ပျော်မွေ့လျက် ရှိလေ၏။

သူတို့၏နေအိမ်မှာလည်း အပေါင်ဆုံးသွားရာ အိမ်ပေါ်မှ ဖယ်ရှားပေးရပြီး သူတစ်ပါးအိမ်မှ အဖီလေးဝယ် ငှားရမ်းနေရလေ၏။

ဘဝ၏အခြေအနေ မည်မျှနိမ့်ပါးဆိုးဝါးသွားသော်လည်း မောင်သံပုံးလေးမှာ ညည်းညူခြင်းမရှိဘဲ သူတတ်နိုင်သလောက် ရုန်းကန်ရှာဖွေကာ ဖခင်ကြီးကို ကျွေးမွေးပြုစုရှာလေ၏။





သို့သော် ကိုသက်ဝင်းမှာ တစ်နေ့တခြား ကျန်းမာရေးဆိုးဝါးလာပြီး နောက်ဆုံးဝယ် အိပ်ရာထဲ၌ ဘုံးဘုံးလဲရလေတော့၏။

"အဖေရယ် ... အဖေအခုလိုဖြစ်ရတာ ကျွန်တော့်ကြောင့်ပါ။ ကျွန်တော်သာ ဒေါ်လေးချောမေ လော်လည်ဖောက်ပြားတာကို မဖော်ထုတ်ခဲ့ရင် အဖေ ဒီလိုဖြစ်မှာမဟုတ်ဘူး"

ဟု မောင်သံပုံးက ဝမ်းနည်းပက်လက်ပြောလျှင် ကိုသက်ဝင်းမှာ သူ၏ခေါင်းစုတ်ဖွားကြီးကိုရမ်းကာ လက်ကိုတခါခါပြုရင်း ...

"မဟုတ်ဘူး သား ... မဟုတ်ဘူး၊ သားကြောင့် မဟုတ်ဘူး။ အဖေရဲ့ဘဝ ပျက်ရတာ မိန်းမယုတ်ကြောင့် သိရဲ့လား ... မိန်းမယုတ်ကြောင့်၊ အဲဒီမိန်းမယုတ်ကို စိတ်နာပြီးတော့ ကြေကွဲပြီးတော့ အရက်ကိုသောက် အော့ ... အဲဒီလိုကြောင့် အရက်ကို သောက်ဖြစ်ခဲ့တာပါ သားရယ်"

"ငါ့သားက အမှန်ကို ဖော်ထုတ်ပေးခဲ့တာ၊ ငါ့သားသာ ဒီလို မဖော်ထုတ်ခဲ့ရင် အဖေက နွားကြီးလုံးလုံး ဖြစ်နေမှာ သားရဲ့ ... အော့ ငါ့သားမှန်တယ် ... ငါ့သားမှန်တယ်၊ မှားတာက အဖေ ... အဲဒီလို မိန်းမယုတ်ကို ယူမိမှားခဲ့တာက အဖေပါ သားရဲ့"

"ဒါကြောင့် မိုက်လုံးကြီးလှတဲ့ အဖေ့ကိုယ်အဖေ ဒဏ်ခတ်တဲ့အနေနဲ့ မြန်မြန်သေအောင် အရက်ကို သောက်နေတာ ... သိလား သားရဲ့ ... အော့"

ဟု အရက်သံနှောကာ ပြောလေလျှင် မောင်သံပုံးလေးမှာ ဖခင်ဖြစ်သူအား ဖက်ငိုရင်း ...

"အဖေရယ် ... အဲဒီလို မပြောပါနဲ့၊ အဖေသေရင် သားတစ်ယောက်တည်း လောကကြီးရဲ့အလယ်မှာ ကျန်ခဲ့မှာပေါ့၊ အဖေ မသေရဘူး ... မသေရဘူး"

ဟု တတွတ်တွတ်ပြောရှာလေ၏။

သို့သော် ကိုသက်ဝင်းမှာ နောက်နှစ်ရက်အကြာဝယ် သေဆုံး



www.burmeseclassic.com

www.burmeseclassic.com

ကွယ်လွန်သွားတော့၏။ မောင်သံပုံးလေးမှာ ပဋ္ဌာမြေလူး ခံစားရလျက် သူ့ဖခင် ဤကဲ့သို့ လူလုံးမလှဖြစ်ကာ အသည်းကွဲ သေဆုံးရသည်မှာ ချောမကြောင့်ဟု စိတ်ဝယ်စွဲမှတ်ကာ သူ့ဖခင်အတွက် ချောမကို တစ်စုံတစ်ရာ လက်စားချေတုံ့ပြန်လိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာတော့၏။

"အဲဒီ ဒေါ်လေးချောမကို တစ်နေ့ကျရင် မတွေ့တွေ့အောင် ရှာပြီး ငါ့အဖေအတွက် လက်တုံ့ပြန်ရမယ်"

နောက်နှစ်ပတ်ခန့်အကြာဝယ် မောင်သံပုံးအနေဖြင့် ချောမအပေါ် ထပ်ဆင့်မုန်းတီးနာကြည်းစေရန် အကြောင်းဖန်လာပြန်၏။

ဖြစ်ပျက်ပုံမှာ ...

မောင်သံပုံးလေးသည် ဖခင်ကိုသက်ဝင်း သေဆုံးကွယ်လွန်သွားပြီးနောက် သူတို့သားအဖ ငှားရမ်းနေသော အဖီလေးမှာပင် တစ်ယောက်တည်း ဆက်လက်နေထိုင်လျက် ဦးလူဝကြီး၏ မြင်းဇောင်းမှာပင် မြင်းချေးကျုံးခြင်း၊ မြင်းစာကျွေးခြင်း အလုပ်ကို ဆက်လက်လုပ်ကိုင်နေရာ တစ်ညနေခင်း ဦးလူဝကြီး၏မြင်းဇောင်းမှ အလုပ်သိမ်းပြီး ပြန်လာစဉ် လမ်းခုလပ်အရောက်ဝယ် ...

"ဟေ့ သူငယ် ... ဟေ့ သူငယ်"

ဟု ခေါ်သံကြားသဖြင့် နောက်သို့လှည့်ကြည့်လိုက်ရာ တစ်ခေါင်းလုံး ဖြူဖွေးနေသည့် အဘွားအိုတစ်ဦးကို တွေ့ရလေ၏။ ခါးကုန်းနေရှာသည့် အဘွားအိုက တုတ်ကောက်ကို အားပြုရပ်နေရင်းမှ ...

"သူငယ် ... မင်းဟာ မောင်သံပုံးမဟုတ်လား"

ဟု အဘွားအိုက ထပ်မံမေးလိုက်ရာ မောင်သံပုံးမှာ ပြန်ဖြေရန် သတိရပြီး ...

"ဟုတ်ပါတယ် အဘွား ... ကျွန်တော် မောင်သံပုံးပါ"

ဟု ပျာပျာသလဲ ဖြေလိုက်လေ၏။

"မင်းကို အဘွား ကောင်းကောင်းသိပါတယ် မောင်သံပုံး၊ မင်းရဲ့





ဘဝကိုလည်း အဘွားသိပါတယ် ... မင်းမှာ ဖအေအရင်း၊ မအေအရင်း ရှိတယ်ကွဲ့ ... သူတို့ကို မင်း မတွေ့ချင်ဘူးလား"

ဟု အဘွားအိုက မေးလိုက်လျှင် မောင်သံပုံးမှာ လွန်စွာအံ့သြသွားပြီးရင်လည်း ဒိန်းခနဲခုန်သွားကာ ...

"ဟင် ... ကျွန်တော့်ရဲ့ အဖေရင်း၊ အမေရင်းကို အဘွားသိတယ် ဟုတ်လား ... သူ သူတို့ကို ကျွန်တော် သိပ်တွေ့ချင်ပါတယ် အဘွား"

ဟု ဝမ်းသာအားရ ပြောလိုက်ရာ ...

"အေး ... သိပ်တွေ့ချင်တယ်ဆိုရင် အဘွားရဲ့နောက် အခု လိုက်ခဲ့ မင်းရဲ့ အဖေရင်း၊ အမေရင်းတို့ရှိရာအရပ်ကို အဘွား လိုက်ပို့မယ်"

ဟု အဘွားအိုကပြောကာ တုတ်ကောက်ကို အားပြုလျက် ရှေ့မှ ကုန်းကုန်းကုန်းကုန်းနှင့် ထွက်သွားလေလျှင် မောင်သံပုံးသည်လည်း နောက်မှလိုက်ပါသွားတော့၏။

အဘွားအိုမှာ မြို့စွန်လမ်းဘက်သို့ ထွက်သွားရာမှ မြို့ပြင်သို့ ရောက်ရှိလာတော့၏။

"အဘွား ... ကျွန်တော့်ရဲ့ အဖေနဲ့အမေ ဘယ်မှာလဲ"

ဟု မောင်သံပုံးကမေးလိုက်ရာ အဘွားအိုမှာ နောက်သို့ လှည့်မကြည့်ဘဲ ...

"ကွယ် မေးမနေပါနဲ့ ... အဘွားရဲ့နောက်သာ လိုက်ခဲ့စမ်းပါ။ သူတို့က တောထဲမှာနေတာကွဲ့၊ သူတို့က မင်းကိုအမိုက်ပုံမှာ ပစ်ထားခဲ့မိလို့ သူတို့ကို မြို့သူမြို့သားတွေက ဒေါသဖြစ်နေပြီး ဝိုင်းရိုက် မှာစိုးလို့ သူတို့မှာ မြို့ထဲမလာရဲဘဲ တောထဲမှာပဲ ပုန်းနေရှာတယ်ကွဲ့၊ သူတို့က သူတို့ရဲ့သားလေး မင်းကို တွေ့ချင်တယ်ဆိုတာနဲ့ အဘွားကို ခေါ်ခိုင်းလို့ မင်းကို လာခေါ်ရတာလေ"

ဟု အဘွားအိုက ပြောလေလျှင် ကလေးသာသာမျှသာ ဖြစ်သော မောင်သံပုံးလေးမှာ အဘွားအို၏စကား ယုတ္တိရှိသည်၊ မရှိသည်ကို ဆင်ခြင်


www.burmeseclassic.com

www.burmeseclassic.com

တွေးတောခြင်းမပြုနိုင်ဘဲ သူ့မိဘအရင်းကို တွေ့ချင်ဇောဖြင့်သာ အဘွားအိုဏ်နောက်သို့ စိုက်လိုက်မတ်တတ် လိုက်ပါသွားတော့၏။

သူတို့သည် သွားရင်းသွားရင်းဖြင့် မြို့၏မြောက်ဘက်ရှိ တောအုပ်တွင်းသို့ ရောက်ရှိသွားပြီးလျှင် အချိန်ကလည်း အတော်မှောင်စပြုလာပြီဖြစ်၏။ သို့သော် လဆန်းရက်မို့ လဝန်းက ထိန့်ထိန့်သာလျက်ရှိရာ ခလုတ်ကန်သင်းတို့ကို ကောင်းစွာရှောင်ရှားနိုင်လျက် အဘွားအို ဦးဆောင်သွားရာနောက်သို့ မောင်သံပုံး လိုက်ပါလာနိုင်ခဲ့၏။

သို့ဖြင့် မောင်သံပုံးတို့သည် ရေမမြေတွင်းကြီး တစ်တွင်း၏အနီးသို့ ရောက်ရှိသွားလေလျှင် အဘွားအိုသည် ခြေလှမ်းကို ရပ်တန့်လိုက်ပြီး . . .

"ကဲ မောင်သံပုံး . . . အဲဒီတွင်းကြီးထဲကို ငုံ့ကြည့်လိုက်စမ်း။ အဲဒီတွင်းရဲ့အောက်ခြေမှာ မင်းရဲ့အဖေအရင်း၊ အမေအရင်းတို့ ရှိလေရဲ့"

ဟု ပြောလိုက်လေ၏။ မောင်သံပုံးလည်း လရောင်ဖြာကျလျက်ရှိသော တွင်းကြီးထဲသို့ ငုံ့ကြည့်လိုက်စဉ် သူကျောခိုင်းထားရာ အဘွားအိုထံမှ မာန်ဖီသံလိုလို ကြားလိုက်ရပြီး သူ့ကျောကုန်းကို ဆောင့်တွန်းခံလိုက်ရကာ သူ၏အသည်း အေးခနဲဖြစ်သွားပြီး သူ့တစ်ကိုယ်လုံးမှာ ခြေလွတ်လက်လွတ်ဖြစ်လျက် မြေတွင်းကြီးထဲသို့ ဦးစိုက်ကျွမ်းပြန်ကျသွားတော့၏။

မောင်သံပုံးမှာ အားခနဲအော်လိုက်ပြီး ပေသုံးဆယ်လောက်နက်သော မြေတွင်းကြီးထဲ ပြုတ်ကျလာစဉ် ကြောက်အားလန့်အားဖြင့် လက်နှစ်ဖက်ကိုရမ်းပြီး ဆွဲမိဆွဲရာဆွဲတော့ရာ မြေတွင်းနံရံကို ကပ်မြှောင်ပေါက်နေသည့် မျှင်ဝါးပင်တစ်ပင်ကို ဆွဲလိုက်မိသဖြင့် သူ၏ကိုယ်အလေးချိန်ကြောင့် ဝါးပင်မှာ ကိုင်းညွတ်ကျသွားတော့၏။

မောင်သံပုံးမှာ ဝါးပင်ကို ကံအားလျော်စွာဆွဲမိသဖြင့် မြေတွင်းအောက်ခြေသို့ ခွေးကျဝက်ကျ ပြုတ်မကျဘဲ ဝါးပင်ကိုခိုကာ တန်းလန်းကြီးဖြစ်နေရာမှ အောက်သို့ငုံ့ကြည့်လိုက်ရာ မြေပြင်မှ လေးငါးပေခန့်သာ မြင့်တော့ကြောင်း သိရသဖြင့် ဝါးပင်ကို လက်လွှတ်လိုက်လေ၏။





မောင်သံပုံးမှာ မြေပြင်သို့ ဖုတ်ခနဲ ပြုတ်ကျသွားသော်လည်း နာကျင်မှုမရှိဘဲ ဖင်ထိုင်လျက်ကျနေရာမှ ချက်ချင်း လူးလဲထပြီး မြေတွင်းပေါ်သို့ မော့ကြည့်လိုက်စဉ် မြေတွင်းကြီး၏အောက်ခြေသို့ ငုံ့ကြည့်လျက်ရှိသော အဘွားအိုကို လရောင်ဖြင့် မြင်ရလေ၏။

မောင်သံပုံးမှာ အံ့အားသင့်ခြင်း၊ ဒေါသဖြစ်ခြင်း၊ တုန်လှုပ်ခြင်းများဖြင့် မော့ကြည့်လျက်မှ အဘွားအိုကို အော်ဟစ်မေးလိုက်လေ၏။

"အဘွား . . . ကျွန်တော့်ကို ဘာဖြစ်လို့ တွန်းချရတာလဲ၊ ကျွန်တော် အဘွားကို ဘာလုပ်လို့လဲ၊ ကျွန်တော့်ရဲ့အဖေ၊ အမေတွေ ရော ဘယ်မှာလဲ"

ဟု အသံတုန်တုန်ဖြင့် မေးလိုက်လေလျှင် အဘွားအိုက တဟားဟားအော်ရယ်ရင်း . . .

"ဟဲ့ သံပုံး . . . နင့်အဖေနဲ့အမေတို့ကိုတွေ့ဖို့ ခေါ်လာတယ်ဆိုတာက နင့်ကိုညာပြီး ခေါ်လာတာဟဲ့ . . . သိရဲ့လား။ ငါဟာ နင် ထင်သလို တကယ့်အဘွားကြီး မဟုတ်ဘူး . . . ဒီမှာကြည့်"

ဟုဆိုကာ သူ၏ ကုန်းနေသောခါးကို မတ်လိုက်ပြီး ခေါင်းမှ ဆံပင်တုကြီးကို ချွတ်လိုက်ရာ အဘွားအိုအဖြစ် ဟန်ဆောင်ထားသူမှာ မိန်းမယုတ် ချောမေဖြစ်ကြောင်း တွေ့ရလေတော့သည်။

"ဟင် . . . ဒေါ်လေးချောမေပါလား"

"ဟုတ်တယ် . . . နင့်ကြောင့် ငါ ဘဝပျက်ရပြီး ငါချစ်တဲ့ မောင်မောင်သန့်လည်း ထောင်ကျခဲ့ရလို့ နင့်ကိုလက်စားချေဖို့ ကြံစည်နေတာ ဒီနေ့မှပဲ အကောင်အထည်ဖော်နိုင်တော့တယ်၊ ဒီတွင်းထဲပြုတ်ကျပြီး ဖက်ကျိုးမသေလည်း အစာငတ်ရေငတ်ဖြစ်ပြီး နင် သေကိုသေရမယ် . . . သိရဲ့လား၊ ကဲ . . . ငါတော့သွားပြီ မိန္ဒာလေးရေ"

ဟုပြောကာ တဟားဟားအော်ရယ်ရင်း ချောမေမှာ တွင်းအနီးမှ ထွက်ခွာသွားတော့၏။

တိုအခါမှ မောင်သံပုံးမှာ ကျောချမ်းစားပြုမှန်းသိ ဆိုသလို သူသည်


www.burmeseclassic.com

www.burmeseclassic.com

မိန်းမလှည့်ချောမေ၏ လှည့်စားမှုခံရကာ ထောင်ချောက် အဆင်ခံရမှန်းသိပြီး လွန်စွာ တုန်လှုပ်ချောက်ချားသွားတော့၏။

သူရောက်ရှိနေသော မြေတွင်းကြီး၏အနေအထားကို စူးစမ်းကြည့်တော့လည်း အောက်ခြေ ပေနှစ်ဆယ်ပတ်လည်ခန့်ရှိသော မြေတွင်းကြီးမှာ သဘာဝအလျောက်ဖြစ်ပေါ်နေပြီး မြေတွင်းမှာ ဇောက်ကြီးဖြစ်သဖြင့် ကုတ်ကပ်တွယ်တက်ရန် မဖြစ်နိုင်ချေ။ တွင်းနံဘေးဝယ် အပင်ငယ်အချို့ တွယ်ကပ်ပေါက်နေသော်လည်း ယင်းအပင်ငယ်တို့ကို ဆွဲခိုတက်ရန် မဖြစ်နိုင်ချေ။ တစ်စုံတစ်ဦးက တွင်းအပေါ်မှ ကြိုး၊ နွယ် စသည်တို့ ချပေးမှသာ ကြိုးစားတက်နိုင်မည်ဖြစ်၏။

သို့သော် ဤတွင်းကြီးမှာ တောအုပ်၏အတွင်းပိုင်း၌ ရှိနေပြီး လူသူအရောက်အပေါက်နည်းသောနေရာတွင် ရှိသဖြင့် တော်ရုံလူ ဤနေရာသို့ ရောက်ရှိလာရန် မလွယ်ချေ။ သို့ကြောင့် မောင်သံပုံးမှာ ကယ်မည့်သူမဲ့သော ဘဝသို့ ရောက်ရှိနေရကာ ဤမြေတွင်းကြီးထဲ၌ပင် အစာငတ်ရေငတ်ဘဝဖြင့် အသက်ဆုံးရမည့်ကဲ့သို့ ဖြစ်နေလေ၏။

"ဒေါ်လေးချောမေ, ဒေါ်လေးချောမေ ... အတော် အကြံပက်စက်တဲ့ မိန်းမကြီး၊ သူ့ရဲ့လှည့်ဖြားမှုကြောင့် ငါ့ရဲ့အဖေ သေဆုံးခဲ့ရသလို ငါ့ကိုပါ ဒီနေရာအထိ လိမ်ညာခေါ်လာပြီး ဒီတွင်းထဲ တွန်းချခဲ့တာ ငါ ကံကောင်းလို့ ဇက်ကျိုးပြီးမသေတယ်၊ ခုလည်း ငါ့မှာ ကယ်သူမရှိရင် အစာငတ်ရေငတ်ဖြစ်ပြီး သေရတော့မယ်"

"ငါ့အဖေနဲ့ငါ့ကို ဒုက္ခပေးခဲ့တဲ့ ဒေါ်လေးချောမေကို လုံးဝမကျေဘူး၊ ဘယ်တော့မှမကြေဘူး၊ ငါ ဒီမြေတွင်းကြီးထဲက ပြန်တက်နိုင်ရင် သင်းကို တွေ့အောင်ရှာပြီး လက်စားချေမယ် ... လက်စားချေမယ်"

မောင်သံပုံးမှာ ဤသို့ဖြင့် ချောမေအပေါ် မုန်းသည်ထက်မုန်း လာခဲ့တော့၏။

မောင်သံပုံးလေးမှာ မြေတွင်းကြီးထဲဝယ် တစ်ယောက်တည်း အားငယ်စွာ ယောင်ချာချာဖြစ်နေရာမှာ ဗိုက်ကလည်း ဆာလောင်လှပြီ ဖြစ်ရသည့်အထဲ တောတွင်းမှ မျောက်မောင်းမအော်သံ၊ ညှို့ငှက်အော်သံ၊ မြွေတွန်သံ၊ ပုရစ်အော်သံ၊ သစ်တောက်ငှက်ခေါက်သံတို့ကိုသာမက အဝေးဆီမှ ကျားဟိန်းသံသဲ့သဲ့ကိုပါ ကြားနေရရာ ကြောက်၍တုန်လှုပ်လှသဖြင့် တအီအီ ငိုနေမိရှာလေ၏။





သို့ဖြင့် ညဥ့်အတော်ကြီးနက်လာသည့်တွင် ပင်ပန်းနွမ်းလျလွန်း လှပြီဖြစ်၍ မောင်သံပုံးလေးမှာ မြေကြီးပေါ်ဝယ် ခွေခွေလေး လဲလျောင်းကာ ရှိုက်ငိုနေလျက်မှ အိပ်ပျော်သွားပါတော့သတည်း။

✧ ✧ ✧


www.burmeseclassic.com

www.burmeseclassic.com

## ❖ နေရောင်ခြည်နှင့်ဆုံစည်းမှု ❖

ပူနွေးစူးရှသော နေရောင်ခြည်က မျက်နှာပြင်ပေါ်သို့ တိုက်ရိုက်ထိုးကျလျက်ရှိရာ မောင်သံပိုးမှာ အိပ်ပျော်နေရာမှ လန့်နိုးသွားပြီးလျှင် လဲလျောင်းနေရာမှ လူးလဲထလိုက်လေ၏။

အိပ်ချင်မူးတူးဖြစ်နေသော မောင်သံပိုးလေးမှာ အစပထမတွင် သူ၏အိမ်မှ အိပ်ရာဝယ် အိပ်နေခြင်းဟု ထင်မှတ်မိသော်လည်း ခဏချင်းမှာပင် သူသည် ညကတည်းက တောထဲရှိ မြေတွင်းကြီးထဲ ရောက်နေခဲ့သည့်ကို ပြန်လည်အမှတ်ရကာ စိတ်နှလုံး တုန်လှုပ်ချောက်ချားသွားရလေ၏။

သူသည် ထိုင်နေရာမှ ဖြည်းဖြည်းချင်းထပြီး မြေတွင်းကြီး၏ပတ်လည်ကို သေချာစွာ လှေ့လာကြည့်ရာ ဤတွင်းကြီးထဲမှ မည်သို့မျှ ကုပ်တွယ်တက်စရာလမ်း မမြင်သဖြင့် စိတ်ဓာတ်လွန်စွာကျသွားပြီး သူ၏ဝမ်းဗိုက်ကလည်း လွန်စွာဆာလောင်နေကြောင်း သတိပြုမိလေ၏။

"အင်း ဒုက္ခပါပဲ . . . ဗိုက်ကလည်း ဆာလိုက်တာ၊ ညကတည်းက ငါ ဘာမှမစားရဘူး၊ ဒီတွင်းကြီးထဲကလည်း တက်လို့ရမှာ မဟုတ်ဘူး၊ ဘယ်လိုလုပ်ရပါ့ . . . ၊

ငါ အော်ဟစ် အကူအညီတောင်းကြည့်ရင် ကောင်းမယ်၊ ဒီတောထဲကို သစ်ခုတ်,ဝါးခုတ်လာသူတွေ ကြားရင် ငါ့ကို လာကယ်ကြမှာပဲ"

မောင်သံပိုးမှာ ယင်းသို့ တွေးမိပြီးလျှင် တွင်းအဝဆီသို့ မော့ကာ





အော်ဟစ်ခြင်းပြုတော့၏။

"ကယ်ကြပါဗျို့ . . . ကယ်ကြပါ"

မောင်သံပိုးမှာ အကြိမ်ပေါင်းများစွာ အော်ဟစ်သော်လည်း မည်သို့မျှ ထူးခြားမလာသဖြင့် အားအင်ကုန်ခန်း စိတ်ပျက်စွာဖြင့် မြေပြင်ပေါ်ထိုင်ကာ လက်မှိုင်ချနေရပြန်လေ၏။

သို့သော် သူသည် ဖွဲမလျှော့ဘဲ နာရီဝက်ခန့်ကြာတိုင်း ထိုင်နေရာမှ ထကာ အော်ဟစ်အကူအညီတောင်းခြင်းပြုလေရာ စတုတ္ထအကြိမ်မြောက် အော်ဟစ်ခြင်းပြုသည့်တွင် . . .

လူတစ်ဦး၏မျက်နှာ တွင်းအဝမှ ပေါ်လာသည်ကို မမျှော်လင့်ဘဲ တွေ့ရသဖြင့် လွန်စွာဝမ်းသာသွားတော့၏။

"ကျွန်တော့်ကိုကယ်ပါ . . . ကျွန်တော့်ကိုကယ်ပါ"

ဟု တွင်တွင်အော်ဟစ်ရင်း တွင်းကြီးထဲသို့ ငုံ့ကြည့်နေသော သူကို လက်ယမ်းပြနေရာ တွင်းပေါ်မှလူသည် နွတ်ခမ်းဝသို့ ပိုတိုးလာပြီး မောင်သံပိုးလေးကို သေသေချာချာ ကြည့်လေ၏။

မောင်သံပိုးမှာလည်း တွင်းအပေါ်မှလူ၏မျက်နှာကို သေသေချာချာမြင်ရရာ ထိုသူမှာ တရုတ်အမျိုးသားကြီးတစ်ဦးဖြစ်မှန်း သိရတော့၏။

"ဟိတ် ကောင်လေး . . . မင်း ဒီတွင်းကြီးထဲကို ဘယ်လိုလုပ်ရောက်နေရတာလဲ . . . မင်းတစ်ယောက်တည်းလား"

ဟု တွင်းအပေါ်မှ တရုတ်လူဝကြီးက အော်ဟစ်မေးလိုက်ရာ မောင်သံပိုးမှာ တွင်းပေါ်သို့မော့ကြည့်ရင်း . . .

"ဒီတွင်းကြီးထဲမှ ကျွန်တော်တစ်ယောက်တည်းပါ၊ ကျွန်တော့်ကို မိန်းမကြီးတစ်ယောက်က ဒီတောထဲ ညာခေါ်လာပြီး ဒီတွင်းကြီးထဲကို ညကတည်းက တွန်းချခဲ့တာပါ၊ ကျွန်တော် မနေ့ညကတည်းက ဘာမှ မစားရသေးဘူး . . . ဗိုက်လည်းဆာလှပြီ ကျွန်တော့်ကိုကယ်ပါ ဦးလေးကြီး"

ဟု အသံခပ်ယဲ့ယဲ့ဖြင့် အော်ပြောလိုက်ရာ တွင်းဝမှ တရုတ်လူဝ



www.burmeseclassic.com

www.burmeseclassic.com

ကြီးမှာ မောင်သံပုံး၏အဖြစ်ကို လွန်စွာ စိတ်ဝင်စားသွားပြီး . . .

"မင်းအဖြစ်က အဆန်းပါလားကွ ကောင်လေး၊ အေး အေး . . . လောလောဆယ် မင်း ဗိုက်အဆာပြေစားဖို့ မုန့်ဖက်ထုပ်တွေ ပစ်ချပေးလိုက်မယ် . . . မင်းစားနှင့်"

ဟုဆိုကာ သူ၏ လွယ်အိတ်ဖောင်းဖောင်းကြီးထဲမှ မုန့်ဖက်ထုပ်သုံးလေးထုပ်ကို ယူလိုက်ကာ တွင်းကြီးထဲသို့ ပစ်ချပေးလိုက်လေ၏။

"အဲဒီမုန့်တွေ မင်းစားနှင့် . . . ငါက မင်းကိုကယ်ဖို့ နွယ်ကြိုးတွေ သွားရှာလိုက်ဦးမယ်"

ဟု တရုတ်လူဝကြီးကပြောကာ တွင်းအဝမှ ထွက်ခွာသွားလေလျှင် မောင်သံပုံးလည်း မြေပြင်ပေါ်ကျလာသည့် မုန့်ဖက်ထုပ်များကို ဝမ်းသာအားရကောက်ကာ အထုပ်ဖြည်လျက် အားရပါးရစားလျက် ရှိလေတော့၏။

မုန့်ဖက်ထုပ်များကို တစ်ထုပ်ပြီးတစ်ထုပ် ဖြည်စားပြီးနောက် ဗိုက်အတော်လေး ပြည့်သွားသည့်တွင် တွင်းဝအပေါ်၌ တရုတ်လူဝကြီး၏မျက်နှာပေါ်လာပြန်ပြီး သူက နွယ်ကြိုးကို တွင်းအောက်သို့ ခပ်ဖြည်းဖြည်း ချပေးလာလေ၏။

အတော်အတန်တုတ်ခိုင်သော နွယ်ကြိုးမှာ နွယ်ကြိုးသုံးလေးပင်ကို ဆက်ထုံးချည်ထားခြင်းဖြစ်ပြီး နွယ်ကြိုး၏အစမှာ တွင်းအောက်ခြေတိုင်အောင် ရောက်ရှိလာတော့၏။

"ကဲ ကောင်လေး . . . အဲဒီနွယ်ကြိုးကို ဆွဲကိုင်ပြီး တွင်းနံရံကို ခြေကန်တက်ခဲ့ပေတော့"

ဟု တရုတ်လူဝကြီးက အော်ပြောလိုက်လျှင် မောင်သံပုံးလည်း နွယ်ကြိုးကို လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ဆွဲကာ တွင်းနံရံကို ခြေကန်လျက် ကြိုးစားတက်တော့၏။

"အား . . . လက်နာလိုက်တာ"

ဟု မောင်သံပုံး ညည်းညူလိုက်လေလျှင် တွင်းနှုတ်ခမ်းဝမှ ငုံ့





ကြည့်နေသော တရုတ်လူဝကြီးက . . .

"ဟေ့ကောင်လေး . . . လက်နာလည်း ဖွဲမလျှော့နဲ့ ကြိုးစားတက်၊ ယောက်ျားဆိုတာ သေခါမှ ဖွဲလျှော့ရတယ် . . . တက် တက် ကြိုးစားတက်"

ဟု အဆက်မပြတ် အော်ဟစ်အားပေးလျက်ရှိသဖြင့် မောင်သံပုံးမှာ အံကြိတ်ပြီး အတင်းကြိုးစားတက်လာရာ တွင်းနှုတ်ခမ်းအနီးသို့ ရောက်လုလုဝယ် တရုတ်လူဝကြီးက မောင်သံပုံး၏လက်ကို ဆွဲတင်လိုက်လေတော့၏။

"ကျေးဇူးတင်လိုက်တာ ဦးကြီးရာ . . . ဦးကြီးသာ မကယ်ရင် ကျွန်တော်တော့ ဒုက္ခပဲ"

ဟု အမောဖြေနေရင်းမှ မောင်သံပုံးက တစ်ခွန်းချင်း ပြောလိုက်လေရာ တရုတ်လူဝကြီးက ပြုံးလိုက်ပြီးနောက် သူ၏လွယ်အိတ် ဖောင်းဖောင်းကြီးထဲမှ ပရုပ်ဆီဘူးလေးကိုထုတ်ကာ မောင်သံပုံး၏ နီရဲနေသော လက်ဖဝါးနှစ်ဖက်ကို ပရုပ်ဆီလူးပေးရင်း . . .

"အေးကွ . . . ငါကလည်း ယင်းချောင်းကိုဖြတ်ပြီး ဒီဘက်ကမြို့ကိုအကူး ဟောဒီတောကို ဖြတ်လာမိလို့ မင်းရဲ့အော်သံကြားရပြီး မင်းကို ခုလို ကူညီခွင့်ရတာပဲကွ"

ဟု ပြောလိုက်ရင်းမှ မောင်သံပုံး၏မျက်နှာအား စေ့စေ့ကြည့်ကာ . . .

"ဒါထက် မင်းနာမည်က ဘယ်သူလဲကွ၊ ပြီးတော့ ဒီတွင်းကြီးထဲကို မိန်းမကြီးတစ်ယောက်က ညာခေါ်လာပြီး တွန်းချခဲ့တယ်ဆို . . . အဲဒါ ဘယ်လိုဖြစ်တာလဲဆိုတာ ငါ့ကို ပြောပြစမ်းပါဦးကွ၊ ရော့ . . . အမောပြေ ရေသောက်လိုက်ဦး"

ဟု ပြောကာ သူ၏ လွယ်အိတ်ဖောင်းဖောင်းကြီးထဲမှ အင်္ဂလိပ်စစ်တပ်သုံး ရေဘူးအပြားကို ထုတ်ပေးရာ မောင်သံပုံးမှာ ရေဘူးအဖုံးကို တမန်းကတန်းဖွင့်ပြီး ရေကို အငမ်းမရမော့သောက်ရှာလေ၏။

ရေငတ်ပြေသွားမှ မောင်သံပုံးမှာ သက်ပြင်းကြီးချလိုက်ပြီးနောက် . . .



www.burmeseclassic.com

www.burmeseclassic.com

"ဒီလို ဦးကြီးရ . . ."

ဟု အစချီကာ သူ၏ဘဝနှင့် သူ၏ဖြစ်အင်အလုံးစုံကို သူ၏ကျေးဇူးရှင် တရုတ်လူဝကြီးအား ခရေစေ့တွင်းကျ ပြောပြလိုက်ရာ တရုတ်လူဝကြီးမှာ မောင်သံပုံးပြောသမျှကို သေချာစွာ နားစိုက်ထောင်ပြီးနောက် . . .

"သြော် မောင်သံပုံး မောင်သံပုံး . . . မင်းဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘဝပြဿနာမျိုးစုံ ကြုံခဲ့ရတာပါလား၊ အေး . . . ယောကျ်ားတစ်ယောက်ရဲ့ ဘဝမှာ အဲဒီလို ပြဿနာမျိုးစုံ, ဘေးဒုက္ခမျိုးစုံနဲ့ တွေ့ရတာလည်း အကောင်းသားကွ၊ ဒါမှ ရေရှည်လျှောက်လှမ်းရမယ့် ဘဝခရီးအတွက် လေ့ကျင့်သားရတာပေါ့ကွာ . . .၊

ကဲ ကဲ . . . ဘာမှ အားမငယ်နဲ့ . . . မင်းလည်း အသက်ဘေးက လွတ်မြောက်ပြီပဲ မင်းရဲ့အိမ်ကို မင်းပြန် . . . ဟုတ်လား၊ ငါလည်း မကွေးမြို့ဘက် သွားဦးမယ်ကွ . . . မြသလွန်ဘုရားပွဲအမီ သွားရမှာကွ"

ဟု တရုတ်လူဝကြီးက ပြောပြောဆိုဆိုဖြင့် လွယ်အိတ်ကြီးကို စလွယ်သိုင်းပြီး ထိုင်နေရာမှ ထရပ်လိုက်ရာ မောင်သံပုံးလည်း ထိုင်နေရာမှ လူးလဲထပြီး . . .

"နေပါဦး ဦးကြီးရ . . . ဦးကြီးက မကွေးမြို့က ဘုရားပွဲဆီ သွားမလို့ . . . ဟုတ်လား၊ ဘုရားပွဲမှာ ဘာသွားလုပ်မှာလဲဗျ . . . ကျွန်တော်လည်း လိုက်ပါရစေ"

ဟု ပြောလိုက်ရာ တရုတ်လူဝကြီးမှာ အံ့သြစွာ လှည့်ကြည့်လိုက်ပြီး

"ဘယ်လို . . . မင်းက ငါ့ရဲ့နောက် လိုက်မလို့ . . . ဟုတ်လား၊ မင်းရဲ့အိမ် မင်းမပြန်ဘူးလား"

ဟု မေးလိုက်လေ၏။ မောင်သံပုံးက သက်ပြင်းရှိုက်လိုက်ပြီး . . .

"ကျွန်တော့်အိမ်ကို ကျွန်တော် မပြန်ချင်တော့ဘူး ဦးကြီး၊ ကျွန် တော် ဒီမြို့မှာ ရှိနေမှန်းသိရင် ဒေါ်ချောမေဆိုတဲ့မိန်းမကြီးက တစ်နည်းနည်းနဲ့ ကျွန်တော့်ကို ဒုက္ခရောက်အောင်လုပ်ဦးမှာပဲ . . .၊





ဦးကြီး ကျွန်တော့်ကိုခေါ်နိုင်ရင် ခေါ်သွားပါဗျာ . . . ကျွန်တော် ဒီမြို့မှာ မနေချင်တော့လို့ပါ"

ဟု ပြောလိုက်ရာ တရုတ်လူဝကြီးက မောင်သံပုံးကို စေ့စေ့ကြည့်နေရာမှ ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ပြီးနောက် . . .

"ကောင်းပြီ ကောင်လေး . . . မင်းရဲ့ဘဝ ရှေ့လျှောက် တက်လမ်းမရှိတဲ့ ဒီမြို့လေးမှာ မင်း ဆက်မနေသင့်တော့တာ အမှန်ပဲကွ၊ ပြီးတော့ ဒီမြို့မှာ မင်းဆက်နေရင် မင်းအတွက် ချောမေရဲ့ ရန်ထပ်ပြုမှုကို တစ်နေ့မဟုတ်တစ်နေ့ ခံရမှာပဲ၊ တကယ်တော့ ချောမေလို ဉာဏ်များလှတဲ့ မိန်းမလည်သိန်းကြွယ်မျိုးကို ပြန်လည်ရင်ဆိုင်ပြီး သူ့ကို လက်တုံ့ပြန်ချင်တယ်ဆိုရင်လည်း မင်း အရွယ်ရောက်တဲ့အချိန်ကျမှ ဖြစ်နိုင်မယ် . . .၊

ဒီတော့ မင်း ငါနဲ့အတူလိုက်ချင်လည်း လိုက်ခဲ့၊ ငါကတော့ ဂျုံနဲ့လုပ်တဲ့ အရုပ်မုန့်လေးတွေလုပ်ပြီး နယ်တကာ,မြို့တကာ လှည့်ရောင်းစားနေသူ ခြေသလုံးအိမ်တိုင်သမားပဲကွ၊ ငါ့အတွက် နေအိမ်က အတည့်တကျမရှိဘူး၊ ကြုံရာနေရာ ဇရပ်တန်ဆောင်းတွေဟာ ငါ့ရဲ့ ကွန်းခိုရာပဲ၊ စားတော့ လမ်းဘေးထမင်းဆိုင်, သောက်တော့ လမ်းဘေးဘုံပိုင်နဲ့ သောက်ရေအိုးစင်ပဲ . . . ဟဲ ဟဲ ဟဲ ဟဲ"

ဟု သူ့ကိုယ်သူ ဂုဏ်ဖော်ကာပြောရင်း အားရပါးရ ရယ်သွမ်းသွေးလိုက်ပြီးမှ . . .

"အေး . . . ငါ့ရဲ့နာမည်ကိုလည်း မှတ်ထား . . . ငါ့နာမည်က လုကွမ်းတဲ့၊ မြန်မာလို အဓိပ္ပာယ်ပြန်ရင်တော့ နေရောင်ခြည်လို့ အဓိပ္ပာယ်ရတယ်ကွ၊ မင်းဘဝအတွက် ရှေ့ဆောင်လမ်းပြ ကူညီမှုပေးမယ့် ဘဝလမ်းပြ နေရောင်ခြည်လို့ပဲ မှတ်လိုက်ပေါ့ကွာ . . . ဟား ဟား ဟား"

ဟု အော်ရယ်လိုက်ပါတော့သတည်း။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



## ❖ ဂငယ်သုံးလုံး မောင်သံပုံး ❖

မောင်သံပုံး၏ ဘဝနေရောင်ခြည်ဟု သူ့ကိုယ်သူ ကင်ပွန်းတပ်သော တရုတ်လူဝကြီး လုကွမ်း၏ အသက်မွေးဝမ်းကျောင်းမှုမှာ ရောင်စုံဂျုံအရုပ်လေးများ ပြုလုပ်ခြင်းပင် ဖြစ်ပါ၏။

မကွေးမြို့စွန် မြသလွန်ဘုရားပွဲကြီး၏ ပွဲဈေးတန်းအစွန်နေရာဝယ် လုကွမ်း ထိုင်လျက် ဆေးရောင်စုံဆိုးထားသော ဂျုံတို့ဖြင့် အရုပ်မျိုးစုံ ပြုလုပ်ရောင်းချလေရာ သူ၏အနီးဝယ် များသောအားဖြင့် ကလေးပရိသတ်များ ဝိုင်းအုံလျက်ရှိလေ၏။

တရုတ်ကြီးလုကွမ်းသည် ဦးစွာ သစ်သားဗျက်တစ်ခုထဲဝယ် ရောင်စုံဂျုံအဝုံးတို့ကို စီရီချထားပြီးလျှင် တုတ်ကလေးတစ်ချောင်းကို ဘယ်လက်ဝယ်ကိုင်ကာ အစိမ်းရောင်ဂျုံကို ညာလက်ဖြင့်ဖဲ့ယူပြီး တုတ်အဖျားပိုင်း၌ စွဲမြဲအောင် အုံလိုက်လေ၏။

ထို့နောက် လက်ထဲမှ ဘီးကျိုးလေးဖြင့် ဂျုံသားကို ပြုပြင်လိုက်၊ အနီရောင်ဂျုံကိုယူကာ အစိမ်းရောင်ဂျုံပေါ်ထပ်တင်ပြီး ဘီးကျိုးလေးဖြင့် ပြုပြင်လိုက်၊ အနက်ရောင်ဂျုံ၊ အဖြူရောင်ဂျုံ တို့ကို နည်းနည်းစီယူကာ ကပ်လိုက် ပြုလုပ်လျက်ရှိရာ နှစ်မိနစ်လောက်အတွင်းမှာပင် လှပသော ကြက်တူရွေးအရုပ်လေး ဖြစ်ပေါ်လာတော့၏။

ကလေးများမှာ တရုတ်ကြီးလုကွမ်း ပြုလုပ်သမျှကို စိတ်ဝင်စားစွာ





ဝိုင်းထိုင်ကြည့်နေကြရာမှ ဂျုံဝုံးလေးများမှာ သူတို့၏မျက်စိ ရှေ့မှောက်မှာပင် လှပသော ကြက်တူရွေးအရုပ်လေး ဖြစ်သွားသည်ကို တွေ့ရရာ လွန်စွာသဘောကျသွားကြပြီးလျှင် . . .

"ဟာ . . . လှလိုက်တဲ့ ကြက်တူရွေးရုပ်ကလေး၊ လိုချင်လိုက်တာ"

"ဟယ် . . . လှတယ်နော်၊ သိပ်လှတာပဲ"

"ကြက်တူရွေးနဲ့တူလိုက်တာကွာ၊ ငါဝယ်သွားပြီး အမေတို့ကို ပြရမယ်"

ဟု ဝမ်းသာအားရ တစ်ယောက်တစ်ပေါက် ပြောကြပြီးလျှင် ကြက်တူရွေးအရုပ်ကို အလုအယက် ဝယ်ကြသေ၏။

လုကွမ်းလည်း မျောက်ရုပ်၊ ခေါင်းရုပ်၊ ဗျိုင်းက ငါးတစ်ကောင်ကို ကိုက်ချီထားသောအရုပ်၊ ဆင်ကို ဆင်ဦးစီးက မောင်းနှင်လာသော အရုပ်သည့် ဆန်းပြားသောအရုပ်များ တစ်ခုပြီးတစ်ခု ပြုလုပ်ကာ အရုပ်တစ်ခုလျှင် ငွေတစ်ပြားနှုန်းဖြင့်ရောင်းချရာ လက်မလည်အောင် ပြုလုပ်ရောင်းချရလေ၏။

သို့ဖြင့် ဘုရားပွဲတော်ဈေး၏ နံနက်ပိုင်းမှာပင် လုကွမ်းမှာ သုံးမတ်ဖိုး ရောင်းချရလေ၏။ သစ်သားဗျက်ထဲမှ ဂျုံတို့မှာ အတော်ကုန်သွားပြီဖြစ်၍ သစ်သားဗျက်၏အဖုံးကို ပြန်ပိတ်လိုက်ရာ သစ်သားသေတ္တာပြားလေး ဖြစ်သွားလေ၏။ ယင်းသစ်သားသေတ္တာပြားလေးကို လွယ်အိတ်ကြီးထဲ ထည့်နေသော လုကွမ်းအား မော့ကြည့်ရင်း . . .

"ဦးရီးလုကွမ်းရဲ့အလုပ်က တယ်ဟန်ကျပါလားဗျ၊ ဒီတစ်မနက်ထဲတင် သုံးမတ်ဖိုးတောင် ရောင်းရတယ်၊ အတော်ဟန်တာပဲ"

ဟု မောင်သံပုံးက ဝမ်းသာအားရပြောရာ လုကွမ်းက ပြုံးပြုံးကြီး လုပ်နေရာမှ . . .

"လာကွာ . . . ထမင်းသွားစားကြမယ်"

ဟု မောင်သံပုံးကိုပြောပြီး ပွဲဈေးတန်းရှိ ထမင်းဆိုင်တစ်ဆိုင်သို့ သွားကြကာ ပိုက်ဆံတစ်မတ်ပေးလျက် နှစ်ယောက်သား ထမင်းဟင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းဖြင့် တဝတပြ စားကြလေ၏။

ပြီးလျှင် ဇရပ်တစ်ခုသို့သွားကာ လုကွမ်းက သူ၏လွယ်အိတ်ဖောင်းဖောင်းကြီးထဲမှ မိုးကာဖျင်စနှစ်ခုကို ဆွဲထုတ်ယူလိုက်ပြီး တစ်ခုကို မောင်သံပုံးအားပေးကာ ဇရပ်၏ကြမ်းပြင်ပေါ်ဝယ် မိုးကာဖျင်စနှစ်ခုကို ယှဉ်ခင်းလိုက်ကြပြီး ယင်းဖျင်စတို့ပေါ်ဝယ် လဲလျောင်းလျက် တစ်ရေးတစ်မော အိပ်စက်အနားယူကြလေ၏။

ညနေခင်း နှစ်နာရီကျော်မှ အိပ်ရာထကြပြီး မောင်သံပုံးက ရေခွက်ငယ်ဖြင့် ရေတွင်းမှ ရေသွားခပ်ကာ လုကွမ်းက ဝယ်ထားသောဂျုံမှုန့်တို့ကို ရေဖြင့်နယ်လေ၏။ ထို့နောက် ဂျုံနယ်ပြီးသားအား လိုသလောက်အတုံးများခွဲကာ လိုအပ်သောဆေးရောင် ဆိုးလေ၏။

ဂျုံတုံးများကို ဆေးဆိုးပြီးသောအခါမှ သစ်သားဗျက်ထဲ စီရီထည့်ကာ ပွဲဈေးတန်းသို့သွားပြီး ဈေးထွက်လေ၏။

ဈေးသိမ်း၊ ထမင်းစားပြီး ညသို့ရောက်သောအခါတွင်မူ သူတို့နှစ်ဦးသည် နေ့လယ်က နားခိုခဲ့သော ဇရပ်မှာပင် ပြန်နားကာ တစ်ညတာ အိပ်စက်ခြင်းပြုကြလေ၏။

သို့ဖြင့် မြသလွန်ဘုရားပွဲတော် ရက်တစ်လျှောက်လုံး လုကွမ်းနှင့် မောင်သံပုံးမှာ ဂျုံရောင်စုံအရုပ်လေးများကို ရောင်းချစီးပွားရှာကြရာ ပွဲတော်ရက်အပြီးဝယ် ငွေနှစ်ဆယ်ကျပ်ခန့် စုမိကြလေ၏။

မောင်သံပုံးမှာ ပွဲတော်ရက် ဘွင်း လုကွမ်း အရုပ်လေးများ ပြုလုပ်ရောင်းချနေစဉ် ဂျုံမှုန့်၊ ဆိုးဆေး စသည်တို့ လိုအပ်ပါက မကွေးမြို့သို့သွားရပြီး မြို့မဈေးထဲရှိ ကုန်စုံဆိုင်မှ ဂျုံမှုန့်တို့ကို လိုသလောက် ဝယ်ရလေ၏။

ထို့နောက် ပရဆေးဆိုင်သို့သွားကာ ရေခဲခြစ်ဆိုးဆေးအမှုန့်ရောင်စုံ ဝယ်ရလေ၏။ လုကွမ်းမှာ မောင်သံပုံးဝယ်လာသော ဂျုံမှုန့်တို့ကို ရေဖြင့်နယ်ပြီး ဆိုးဆေးအမှုန့်ကို အရည်ဖျော်ကာ ဂျုံတုံးများကို ဆေးဆိုးကာ ထပ်မံနယ်ရလေ၏။ လိုအပ်သော ရောင်စုံဂျုံတုံးများ ရရှိသောအခါ သစ်သားဗျက်ထဲ





စီရီထည့်ပြီး အရုပ်များ ပြုလုပ်ရောင်းချရလေ၏။

မောင်သံပုံးမှာ လုကွမ်း ဂျုံနယ်နေစဉ် ဝါးခန့်ရောင်းသော မြစ်ကမ်းနားမှ ဝါးဆိုင်များသို့သွားကာ ထရံယက်သည့်အခါ ပိုသဖြင့် ဖြတ်တောက်လွှင့်ပစ်ထားသော ဝါးပိုင်းတို့ကို လျှောက်ကောက်ယူပြီး ဓားမောက်ငယ်ဖြင့် ခွဲစိတ်လျက် ဝါးချောင်းလေးများ ပြုလုပ်ရလေ၏။ ဝါးချောင်းလေးများကို ခြောက်လက်မခန့် ဖြတ်တောက်ပြီးနောက် လုံးချောနေအောင် ဓားဦးဖြင့် သပ်ရလေ၏။ သပ်ပြီးသား ဝါးချောင်းလေးများကို လုကွမ်း အရုပ်ပြုလုပ်နိုင်ရန် သစ်သားဗျက်၏နံဘေးဝယ် စီရီချထား ပေးရလေ၏။

ယင်းသို့ လုကွမ်းနှင့် မောင်သံပုံးတို့ တက်ညီလက်ညီဖြင့် လုပ်ကိုင်ရောင်းချကြသဖြင့် ဘုရားပွဲတော်ရက်အပြီးဝယ် ငွေထုပ်ပိုက်နိုင်ကြခြင်း ဖြစ်လေ၏။

“ဦးရီးလုကွမ်းရဲ့အလုပ်က ပါချည်ပါချဲ့အလုပ်ဆိုပေမယ့် အတော်တန်သားဗျ . . . ကျွန်တော်တို့နှစ်ယောက် စားပြီးသောက်ပြီး တစ်ရက်ကို တစ်ကျပ်၊ တစ်ကျပ်ခွဲလောက်ကျန်တယ်ဆိုတာ နည်းတဲ့ဝင်ငွေ မဟုတ်ဘူး”

ဟု မောင်သံပုံးကပြောရာ တရုတ်လူဝကြီးလုကွမ်းမှာ မိန့်မိန့်ကြီးပြုံးလျက်မှ . . .

“ဘယ်စီးပွားရေးလုပ်ငန်းမဆို စီးပွားပြိုင်ဘက်နည်းလေ အဆင်ပြေလေပဲကွ၊ အခု ငါတို့အဆင်ပြေတာ မြသလွန်ဘုရားပွဲဈေးတန်းကြီးတစ်ခုလုံးမှာ ရောင်စုံဂျုံအရုပ်လေးတွေ ရောင်းတဲ့သူဟာ ငါတို့တစ်ဦးတည်းရှိတော့ လက်မလည်အောင် ရောင်းရတာပေါ့ကွ၊ ငါ့လိုအသည် လေးငါးဦး ရှိကြည့်ပါလား . . . ငါတို့ ဒီလောက် ဘယ်ရောင်းရမလဲ . . .၊

ဒါကြောင့် စီးပွားရေးလုပ်ငန်းလုပ်ရင် သူတစ်ပါးလုပ်ပြီးသား၊ သူများတွေ စုပြုံတိုးလုပ်နေကြတဲ့လုပ်ငန်းကို သွားလုပ်လို့ကတော့ သူတစ်ပါးစားပြီးသားရဲ့ အရိုးအရင်းပဲ ကိုယ်စားရမယ်ကွ . . .၊

ကိုယ်က သူတစ်ပါးမလုပ်သေးတဲ့ အလုပ်ကို ရှာကြံလုပ်ရမယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဒါမှ ကိုယ်လုပ်တဲ့အလုပ် အောင်မြင်သွားရင် အသားချည်း စားရမှာကွ''

ဟု ရှည်လျားစွာ ရှင်းပြရာ ...

''ကျွန်တော့်ကိုလည်း အရှုပ်လုပ်တာ သင်ပေးပါ ဦးရီးလုကွမ်း''

ဟု မောင်သံပုံးက ပြောလိုက်လေ၏။

''အေး ... သင်ပေးမယ်၊ ဒီလုပ်ငန်းဟာ ကြီးပွားနိုင်တဲ့ လုပ်ငန်းတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ... လုပ်ငန်းသေးတယ်ဆိုပြီး အထင်မသေးနဲ့၊ သေးငယ်တဲ့လုပ်ငန်းဟာ အရင်းအနှီးနည်းတယ်၊ ကိုယ်က အရင်းအနှီးမရှိသူဆိုတော့ အရင်းအနှီးနည်းတဲ့အလုပ်ကပဲ စလုပ်ရမယ် ...၊

အဲဒီလို အရင်းနည်းနည်းနဲ့ အမြတ်များများ ကျန်အောင် ကြိုးစားလုပ်၊ ချွေတာသုံးပြီး စုဆောင်းရမယ်၊ ဒီလိုနည်းနဲ့ အရင်းအနှီးများများ စုဆောင်းနိုင်မှ သည်ထက်ပိုအကျိုးအမြတ်ရှိမယ့် လုပ်ငန်းကြီးမျိုးကို တက်လှမ်းပြီး လုပ်နိုင်မယ် ...၊

ဒါပေမဲ့ မင်း သတိထားရမှာက အခြားလုပ်ငန်းကြီးတစ်ခုကို လှမ်းကိုင်လိုက်ပြီဆိုတာနဲ့ မူလလုပ်ငန်းငယ်ကို လုံးဝမစွန့်ပစ်မိစေနဲ့''

ဟု လုကွမ်းက ပြောလိုက်ရာ မောင်သံပုံးမှာ မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်ပြုရင်း ...

''ဘာဖြစ်လို့လဲ ဦးရီးရဲ့ ... လုပ်ငန်းကြီးကြီးလုပ်ပြီဆိုမှတော့ လုပ်ငန်းငယ်လေးကို သံယောဇဉ်ထားနေစရာ လိုလို့လား''

ဟု အတွန့်တက်မေးလေလျှင် လုကွမ်းက ပြုံးလိုက်ပြီး ...

''အေး ... လူအချို့ဟာ အဲဒီလိုစိတ်မျိုးထားလို့ ဒုက္ခတွေ့ကြတတ်တာကွ၊ ဒီမှာ ငါပြောမယ် ... တချို့လူတွေဟာ သူတို့ရဲ့မူလလုပ်ငန်းကိုလုပ်ရင်း အထိုက်အလျောက် အဆင်ပြေလာတယ်၊ ကြီးပွားလာတယ်၊ စုမိဆောင်းမိလာတယ်ဆိုပါတော့ကွာ၊ အဲဒီလို လုပ်ငန်းတိုးတက် အဆင်ပြေလာတဲ့အခါ အဲဒီလူဟာ လုပ်ငန်းစီးပွား တိုးတက်လာတာနဲ့အမျှ အပေါင်းအသင်း ဝင်ဆံ့လာတယ်၊ အပေါင်းအသင်းလည်း များလာတတ်တယ် ...၊





အဲဒီလို အပေါင်းအသင်း ဝင်ဆံ့များပြားလာတဲ့အခါ အမြင်ပါကျယ်လာတယ်၊ အမြင်ကျယ်လာတဲ့အတွက် သူ့ရဲ့ မူလလုပ်ငန်းထက် ပိုမိုကြီးကျယ်တဲ့ အမြတ်အစွန်းကြီးမားတဲ့ လုပ်ငန်းမျိုးလုပ်ကိုင်ဖို့ စိတ်ဝင်စားလာတတ်တယ်၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွေ မိတ်သစ်ဆွေသစ်တွေကလည်း ခင်ဗျား ဘယ်လုပ်ငန်းလုပ်ပါလား, အဲဒီလုပ်ငန်းက ဘယ်လို ပိုမြတ်တယ်၊ ဘယ်လိုကြီးပွားနိုင်တယ် စသည်ဖြင့် ညွှန်းဆိုတိုက် တွန်းလေ့ရှိကြတယ်၊

အဲဒီအခါ အဲဒီလူဟာ ပိုမိုကြီးပွားမြတ်စွန်းမယ်ထင်တဲ့ လုပ်ငန်းကြီးကိုလုပ်ဖို့ ဆုံးဖြတ်ပြီး စုမိဆောင်းမိထားတဲ့ငွေတွေ ပုံအောလို့ အဲဒီလုပ်ငန်းထဲ ခြေစုံပစ်ဝင်သွားတတ်တယ် ...၊

အဲဒီလို ပိုမိုကြီးကျယ်တဲ့လုပ်ငန်းမျိုးကို လှမ်းတက်ပြီးလုပ်တဲ့အခါ မူလလုပ်ငန်းငယ်အပေါ် အထင်မကြီးတော့တဲ့စိတ်နဲ့ ပစ်ပယ်လိုက်လေ့ရှိကြတယ်၊ သူ့အတွက် တစ်နေ့ကို ရွှေဥတစ်လုံးဥပေးနေတဲ့, သူကျွမ်းကျင်ပိုင်နိုင်ပြီးသား, အမြတ်အစွန်းလည်း ကျိန်းသေပြီးသား မူလလုပ်ငန်းကို လုံးဝစွန့်လွှတ်လိုက်ပြီး လုပ်ငန်းသစ်, လုပ်ငန်းကြီးကိုပဲ အာရုံစိုက်လုပ်ကိုင်တော့တယ် ...၊

တကယ်တော့ ဘယ်လုပ်ငန်းမဆို အဝေးကကြည့်ရင် ဟန်သလိုထင်ရပေမယ့် ကိုယ်ကိုယ်တိုင် ထဲထဲဝင်ဝင် နဖူးတွေ့ဒူးတွေ့ လုပ်ကြည့်မှ ကိုယ်ထင်မထားတဲ့ အခက်အခဲတွေ, ပြဿနာတွေကို တွေ့လာရတတ်တယ်၊

အဲဒီအခါ လုပ်ငန်းကလည်း ကိုယ်တစ်ခါမှ မလုပ်ဖူးတဲ့လုပ်ငန်းမို့ ကိုယ့်မှာ လုပ်ငန်းကျွမ်းကျင်မှုမရှိ, ငွေကလည်း မလိုက်နိုင်နဲ့ အကြွေးယူပြီး လုပ်တော့ ကြွေးတင်ကျွန်ဖြစ်နဲ့ နောက်ဆုံး ရှိသမျှကုန်, ဖြူကာပျာကာကျရတဲ့ဘဝမျိုး ရောက်သွားလေ့ရှိကြတယ်ကွဲ့ ...၊ ဒါဟာ စီးပွားရေးလုပ်တဲ့အခါ ဂယ်ပေါက်မထားမိတဲ့ အပြစ်ကြောင့်ပဲကွ''

ဟု လုကွမ်းက ရှည်လျားစွာ ရှင်းပြရာ မောင်သံပုံးက စိတ်ဝင်စားစွာနားထောင်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



''ဂယ်ပေါက် ... ဟုတ်လား ဦးရီးလုကွမ်း၊ ဂယ်ပေါက်ဆိုတာ ဘာလဲဗျ''

ဟု မေးလေ၏။

''ဂယ်ပေါက်ဆိုတာ အရေးပေါ်ထွက်ပေါက်မျိုးပဲကွ၊ ဥပမာ ဖွတ်တို့လို မြေတွင်းအောင်းသတ္တဝါတွေဟာ သူတို့ရိုအောင်းရာတွင်းထဲ ဝင်တဲ့ထွက်တဲ့ အပေါက်အပြင် အရေးပေါ်ထွက်ပေါက်, ဂယ်ပေါက်တွေ ပြုလုပ်ထားလေ့ရှိတယ်ကွ ...၊

သူ့ရဲ့ရန်သူဟာ သူ့ရဲ့တွင်းဝင်ပေါက် ထွက်ပေါက်ကို ပိတ်ဆို့လိုက်ပြီဆိုရင် အဲဒီဖွတ်သတ္တဝါဟာ သူအရံသင့် ကြိုတင်ပြုလုပ်ထားတဲ့ ဂယ်ပေါက်ကနေ ရန်သူမသိအောင် ထွက်ပြေးတော့တာပဲ ... အဲဒီလိုနဲ့ ရန်သူရဲ့ဘေးက လွတ်မြောက်သွား လေ့ရှိတယ်ကွ ...၊

စီးပွားရေးပဲဖြစ်ဖြစ်, ဘယ်လုပ်ငန်းလုပ်တဲ့အခါပဲဖြစ်ဖြစ် ဂယ်ပေါက်ထားရတယ်၊ စောစောကပြောတဲ့ လုပ်ငန်းလုပ်တဲ့သူလိုပေါ့ ... သူဟာ ပိုမိုကြီးပွားမြတ်စွန်းမယ်ထင်တဲ့ စီးပွားရေးလုပ်ငန်းကြီးကို လုပ်တဲ့အခါ သူ့ရဲ့ မူလအကျိုးပေးပြီးသား လုပ်ငန်းငယ်ကို မစွန့်ပယ်ဘဲ ဂယ်ပေါက်အဖြစ်ထားပြီး တစ်ဖက်တစ်လမ်းက အရှိန်အဟုန်မပျက် လုပ်ကိုင်မြဲ လုပ်ကိုင်ရမယ်ကွ ...၊

အကယ်၍ သူ မြေစမ်းခရမ်းပျိုးပြီးလုပ်တဲ့ လုပ်ငန်းကြီး တစ်စုံတစ်ခုသောအကြောင်းကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့ရင် သူ့ရဲ့မူလလုပ်ငန်းက သူ့ရဲ့ အခြေအနေကို ပြန်ထိန်းပေးနိုင်တာပေါ့''

ဟု လုကွမ်းက ရှင်းပြလိုက်ရာ မောင်သံပုံးမှာ သဘောပေါက်သွားပြီး ...

''ဟုတ်ပြီ ... ဂယ်ပေါက်ရဲ့သဘောကို နားလည်ပြီဦးရီး၊ ကျွန်တော့်ရဲ့ဘဝ တိုးတက်ကြီးပွားဖို့ စီးပွားရေးလုပ်ငန်းလုပ်တဲ့အခါ ဘယ်တော့မဆို ဂယ်ပေါက်ထားပြီး လုပ်မယ်''





ဟု တက်ကြွစွာပြောလိုက်လျှင် လုကွမ်းမှာ သဘောကျစွာ ပြုံးလိုက်ပြီးမှ ...

''ဂယ်ပေါက်ဆိုတာ စီးပွားရေးလုပ်ငန်းလုပ်တဲ့အခါမှာသာ မဟုတ်ဘူးကွ ... ဘယ်နေရာမှာ ဘာပဲလုပ်လုပ် ဂယ်ပေါက်ထားပြီးလုပ်ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ လောကကြီးမှာ အန္တရာယ်တွေ သိပ်များလို့ပဲကွ''

ဟု ပြောလိုက်ရာ မောင်သံပုံးလေးမှာ မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်ပြုရင်း ...

''ဘယ်လို ဦးရီးရဲ့ ... ရှင်းပြပါဦး''

ဟု စိတ်ဝင်စားစွာ တောင်းဆိုလိုက်လေ၏။ တရုတ်လူဝကြီး လုကွမ်းက ရေဘူးထဲမှ ရေကို မော့သောက်လိုက် ပြီးနောက် ...

''အေး ... မင်းကို သေသေချာချာ ပြည့်ပြည့်စုံစုံ ရှင်းပြမယ်၊ ဒါထက် မင်းကို မေးရဦးမယ် ... မင်း မကြီးပွား, မချမ်းသာချင်ဘူးလားကွ''

ဟု လုကွမ်းက မေးလိုက်လျှင် မောင်သံပုံးက ဦးခေါင်းကို မတ်လိုက်ပြီး ...

''ဟာ ... ကြီးပွားချမ်းသာချင်တာပေါ့ ဦးရီးလုကွမ်းရာ''

ဟု အားရပါးရကြီး ပြောလိုက်လေ၏။ လုကွမ်းက ပြုံးလိုက်ပြီး

''အေး ... မင်းရဲ့ဘဝမှာ ကြီးပွားချမ်းသာပြီး အန္တရာယ်ကင်းကင်းဘေးရှင်းရှင်းနဲ့ အသက်ရာကျော်အထိ ဘဝရဲ့ အောင်မြင်မှုသရဖူကို ဆောင်းချင်ရင်တော့ ငါ အခုပြောမယ့် ဂငယ်သုံးလုံးကို သက်ဆုံးတိုင် ကိုင်ဆောင်ရမယ်ကွ''

ဟု ပြောလိုက်ရာ မောင်သံပုံးမှာ ခေါင်းကုတ်လိုက်ပြီး ...

''ဂငယ်သုံးလုံး ... ဟုတ်လား ဦးရီးလုကွမ်း ... ဘာလဲဗျ ဂငယ်သုံးလုံးဆိုတာ''

ဟု နဝေတိမ်တောင်ဖြင့် မေးလိုက်လေ၏။

တရုတ်လူဝကြီးလုကွမ်းမှာ စကားပြောရသည်မှာ ကြာပြီဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com

ဂိုက်ဆာလာသဖြင့် သူ၏လွယ်အိတ်ဖောင်းဖောင်းကြီးထဲမှ မုန့်ဖက်ထုပ်နှစ်ထုပ်ကို ထုတ်ယူလိုက်ပြီး တစ်ထုပ်ကို မောင်သံပုံးအားပေးကာ သူကိုယ်တိုင်က တစ်ထုပ်ကို ငှက်ပျောဖက်များနွာလျက်က စားလိုက်လေ၏။

ထို့နောက် ရေဘူးထဲမှ ရေကို သောက်လိုက်ပြီးလျှင် ...

"ဒီလိုကွ မောင်သံပုံးရ ... ဂငယ်သုံးလုံးဆိုတာ နံပါတ်တစ် ဂငယ်က ဂတိ(ကတိ)သစ္စာ တည်ရမယ်လို့ ဆိုလိုတာကွ၊ စီးပွားရေးလုပ်ငန်းပဲလုပ်လုပ်, ဘယ်လုပ်ငန်းပဲလုပ်လုပ် တတ်နိုင်သရွေ့ ကိုယ်ပေးတဲ့ဂတိ(ကတိ) စကားကို တည်ရမယ်၊ ဒါမှ ကြီးပွားတိုးတက်နိုင်မယ်ကွ၊ ဂတိ(ကတိ) စကားမတည်သူဟာ ဘယ်နယ်ပယ်မှာမဆို တခြားသူတွေရဲ့ ယုံကြည်ကိုးစားမှု, အားထားမှုကို မရရှိနိုင်ဘူးကွ ...၊

ဒါကြောင့် လူတစ်ယောက်ဟာ ဘဝမှာ တိုးတက်အောင်မြင်ကြီးပွားချင်ရင် ဂတိ(ကတိ) တည်ရမယ် ...၊

နောက် နံပါတ်နှစ်ဂငယ်ကတော့ ဂယ်ပေါက်ထားရမယ် ဆိုတာပဲကွ၊ စီးပွားရေးလုပ်ငန်းလုပ်တဲ့အခါဖြစ်ဖြစ်, ဘယ်နေရာမှာ ဘာပဲလုပ်လုပ် ထွက်ပေါက်, ဂယ်ပေါက် ထားရမယ်ကွ၊ ဥပမာပြောရရင်ကွာ သူခိုးတစ်ယောက်ဟာ သူတစ်ပါးရဲ့အိမ်ကို ဖောက်ထွင်းဝင်ရောက်ရင် သူ့အတွက် ပြေးပေါက်,ထွက်ပေါက်ကို ကြည့်ထားရတယ်ကွ၊ သူ့ရဲ့လုပ်ရှားမှုကို ပတ်ဝန်းကျင်က မြင်သွားရင်ဖြစ်ဖြစ်, အိမ်ရှင်နိုးသွားရင်ဖြစ်ဖြစ်, ပတ္တရောင်ရဲက မသင်္ကာလို့ ဝင်စစ်,ဝင်ဖမ်းရင် ဖြစ်ဖြစ် သူ့အတွက် ပြေးပေါက်ကို ကြည့်ထားရတယ် ...၊

အဲဒီလိုပဲ ဘယ်လုပ်ငန်းကိုပဲလုပ်လုပ်, ဘယ်နေရာကိုပဲ ရောက်ရောက် ကိုယ့်ရဲ့အကျိုးစီးပွား, ကိုယ့်ရဲ့အသက်အန္တရာယ် ဘေးကင်းစေချင်ရင် ဂယ်ပေါက်ထားရတယ်ကွ ...၊

နောက်ဆုံး ဂငယ်ကတော့ ဂရုစမ္မပြုရမယ် ဆိုတာပဲကွ ...၊

လူဟာ ဘယ်အလုပ်ကိုပဲလုပ်လုပ်, ဘယ်စကားကိုပဲပြောပြော,





ဘယ်နေရာမှာ ဘယ်လိုပဲ နေထိုင်သည်ဖြစ်စေ အစဉ်ထာဝရ မပြတ်သော သတိနဲ့ ဂရုစမ္မပြု နေထိုင်ပြောဆိုလုပ်ကိုင်ရမယ်လို့ ဆိုလိုတာပဲ မောင်သံပုံးရဲ့၊

ဗုဒ္ဓမြတ်စွာဘုရားဟာ ပရိနိဗ္ဗာန်စံဝင်ခါနီးမှာ တပည့်သာဝကရဟန်းတော်များကို နောက်ဆုံး ဘယ်လိုမိန့်မြွက်မှာကြားခဲ့သလဲဆိုရင် 'အပ္ပမာဒေန သမ္ပာဒေထ'လို့ ဆိုမိန့်ခဲ့တယ် ကွဲ့ ... ဆိုလိုတဲ့အဓိပ္ပာယ်ကတော့ မမေ့မလျော့တဲ့သတိနဲ့ နေရစ်ကြလော့လို့ ဆိုလိုတာပဲ ...၊

ဒါကြောင့် လူဟာ ဘဝမှာ ဘေးကင်းကင်းနဲ့ အောင်မြင်မှုရချင်ရင် ဘယ်အလုပ်ကိုပဲလုပ်လုပ်, ဘယ်နေရာကိုပဲသွားသွား, ဘာစကားပဲပြောပြော, ဘယ်နေရာဒေသမှာပဲနေနေ မပြတ်သောသတိ ရှိရမယ်၊ ကိုယ်လုပ်တဲ့အလုပ်အပေါ်မှာလည်း လုံ့လဝီရိယရှိရမယ်၊ အဲဒီလို သတိနဲ့ ဝီရိယတွဲပြီး ဂရုစမ္မပြုလုပ်ကိုင်ပြောဆို ကြံစည်ရမယ်ကွဲ့ ...၊

အဲဒီတော့ မောင်သံပုံး ... မင်းဟာ မင်းရဲ့ဘဝမှာ ဘေးအန္တရာယ်ကင်းကင်းနဲ့ အသက်ထက်ဆုံး ကြီးပွားတိုးတက်ပြီး အောင်မြင်မှုသရဖူကို ဆောင်းချင်ရင် အခုပြောတဲ့ ဂငယ်သုံးလုံးကို မလွဲမသွေ ဆောင်ရမယ်ကွဲ့"

ဟု တရုတ်လူဝကြီးလုကွမ်းက စကားတစ်လုံးချင်း ပြောလိုက်ရာ မောင်သံပုံးမှာ သူ၏ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ပြီး ...

"ကျွန်တော် သဘောပေါက်ပါပြီ ဦးရီးလုကွမ်း ... ကျွန်တော်ဟာ မိဘမဲ့, ဆွေမျိုးမဲ့, တစ်ကောင်ကြွက် ငမွဲတေဘဝကနေ အောင်မြင်တိုးတက်ကြီးပွားတဲ့ဘဝရောက်စေဖို့ ဦးရီးပြောတဲ့ ဂငယ်သုံးလုံးကို သက်ဆုံးတိုင် ဆောင်ပြီး လိုက်နာလုပ်ဆောင်ပါ့မယ်"

ဟု ကတိ(ဂတိ)စကား ဆိုလိုက်ရာ လုကွမ်းမှာ သဘောကျစွာဖြင့် တဟားဟား ရယ်ရင်း ...

"ဟား ဟား ဟား ဟုတ်ပြီ ... ဒါမှ သံပုံးကွ ... မင်းဟာ ဒီအချိန်ကစပြီး ဂငယ်သုံးလုံး မောင်သံပုံး ဖြစ်ပြီကွ သိလား ... ဟား ဟား ဟား ဟား"


www.burmeseclassic.com

www.burmeseclassic.com

ဟု သဘောကျစွာ အော်ဟစ်ပြောဆို ရယ်မောလိုက်ရာ မောင်သံပုံး မှာလည်း ပြုံးလျက်မှ သူ၏နာမည်ကို သူ့ဘာသာ ရေရွတ်ကြည့်မိတော့၏။

"ဂငယ်သုံးလုံး မောင်သံပုံး ... ဂငယ်သုံးလုံး မောင်သံပုံး ... ဂငယ်သုံးလုံး မောင်သံပုံး"

✧

မောင်သံပုံးမှာ တရုတ်လူဝကြီးလုကွမ်း၏နောက်သို့ လိုက်ပါနေလာခဲ့ရာ ခုနစ်နှစ် ရှစ်နှစ်ကျော်ခန့် ရှိလာပြီဖြစ်ပြီး အထက်အညာ မကွေးဒေသမှ အောက်ဘက်သို့ စုန်ဆင်းလျက် တစ်မြို့ပြီးတစ်မြို့၊ တစ်ဒေသပြီးတစ်ဒေသ ရွှေ့ပြောင်းကာ ဂျုံ ရောင်စုံအရုပ်လေးများ ရောင်းချစားသောက် နေလာခဲ့ရာမှ မြစ်ဝကျွန်းပေါ်ဒေသသို့ ရောက်ရှိလာပြီး မြို့ရွာများလည်း အတော်စုံသွားပြီဖြစ်လေ၏။

မောင်သံပုံး လေ့လာမိသလောက် တရုတ်လူဝကြီး လုကွမ်း၏ ထူးခြားမှုမှာ မြို့တစ်မြို့တွင် သူ၏ရောင်စုံဂျုံရုပ်လေးများ မည်မျှရောင်းကောင်းနေသည်ဖြစ်စေ ထိုမြို့ဝယ် လေးငါးဆယ်ရက်ထက် ပိုမနေဘဲ အခြားမြို့ရွာသို့ ပြောင်းရွှေ့ခြင်းပင်ဖြစ်၏။

ယင်းအပြင် ရောင်စုံဂျုံအရုပ်လေးများ ရောင်းချခြင်းကြောင့် ငွေကြေးအတော်လေး စုဆောင်းမိသည့်တိုင် မြို့တစ်မြို့ဝယ် အခြေချပြီး အခြား စီးပွားရေးလုပ်ငန်းတစ်ခုခုကို ပြောင်းလုပ်ရန် လုံးဝ စဉ်းစားပုံမရခြင်းပင် ဖြစ်သည်။

တစ်နေ့ဝယ် ဖရုပ်တစ်ခု၌နားနေကြစဉ် မောင်သံပုံးက လုကွမ်းအား စကားစကာ မေးကြည့်မိလေ၏။

"ဦးရီးလုကွမ်း ... ကျွန်တော်တို့လည်း ငွေကြေးအတော် စုမိနေပြီပဲ၊ အဲဒီငွေတွေနဲ့ အရင်းတည်ပြီး မြို့တစ်မြို့မှာ အခြေချလို့ တခြားစီးပွား





ရေးလုပ်ငန်းတစ်ခုခု ထူထောင်ရအောင်လား ...၊

အဲဒီလို အခြားစီးပွားရေးလုပ်ငန်း ထူထောင်ရင်းနဲ့ အဲဒီမြို့က စာသင်ကျောင်းရှေ့တွေမှာ ကျွန်တော်က ကျောင်းဆင်းချိန်၊ မုန့်စားလွှတ်ချိန် တွေကျရင် အရုပ်လေးတွေ သွားလုပ်ပြီးရောင်းမယ်လေ၊ အဲဒီလို စီးပွားရေး လုပ်ငန်း နှစ်မျိုးလုပ်ပြီး ကျွန်တော်တို့ အခြေတကျနေကြရရင် မကောင်းဘူး လားဗျ"

ဟု ပြောလိုက်ရာ လုကွမ်းမှာ မိန့်မိန့်ကြီးပြုံးလိုက်လျက်မှ ...

"ဟဲ ဟဲ ဟဲ ... ကောင်လေး ... မင်းက အရွယ်လေးရောက်လာလို့ ငါတို့ရဲ့ ပင်မလုပ်ငန်းကို သေးနုပ်တယ်ထင်ပြီး ဆက်ပြီးလုပ်ကိုင်ရမှာ ရှက်လာလို့လား။ ဒါမှမဟုတ် ခုလို နေတော့ဖရုပ်၊ စားတော့ လမ်းဘေးထမင်းဆိုင်၊ သောက်တော့ သောက်ရေအိုးစင်နဲ့ ဘုံပိုင်ဆိုတဲ့ ခြေသလုံးအိမ်တိုင် ဂျစ်ပစီဘဝကို စိတ်ပျက်လာလို့လား၊ အဲဒီလို နေရစားရတာကို ရှက်လာလို့လား"

ဟု မေးလိုက်ရာ လူပျိုပေါက်ဖြစ်နေပြီဖြစ်သော မောင်သံပုံးက ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တယ် ... အခုလို ဖြစ်သလို နေထိုင်စားသောက်ပြီး နေရတဲ့ အဖြစ်ကို ပြောင်းလဲပစ်ချင်ပြီ ဦးရီးရယ်၊ ကျွန်တော်တို့မှာ အခြေတကျ နေနိုင်လောက်အောင်လည်း ငွေကြေးစုဆောင်းမိပြီပဲ"

ဟု ခပ်ဖြည်းဖြည်းပြောလိုက်ရာ လုကွမ်းက ပြုံးလိုက်ပြန်ပြီး ...

"အေး ... မင်းပြောတာလည်း ဟုတ်ပါတယ်ကွာ၊ ဒါပေမဲ့ ငါ့အနေနဲ့က မြို့ရွာတစ်ခုခုမှာ အကြာကြီး ကျောက်ချနေလို့ မဖြစ်ဘူးကွ"

ဟု ပြောလိုက်ရာ မောင်သံပုံးမှာ လွန်စွာ အံ့အားသင့်သွားပြီး..

"ဟင် ... ဘာဖြစ်လို့လဲ ဦးရီးရဲ့"

ဟု မျက်လုံးလေးပြူးကာ မေးလိုက်လေ၏။

"ငါ့မှာ လူတစ်ယောက်ကိုရှာဖို့ တာဝန်ရှိနေလို့ပဲ လူကလေးရဲ့၊

www.burmeseclassic.com

www.burmeseclassic.com

မင်းဟာ ငါနဲ့အတူနေပြီး ငါသွားရာနောက် တကောက်ကောက် လိုက်နေခဲ့တာ ခုနစ်နှစ်,ရှစ်နှစ် ရှိပေမယ့် အဲဒီအကြောင်း မင်းကိုငါ တစ်ခါမှ မပြောခဲ့ဖူးဘူး ... ဒါကလည်း မပြောသင့်သေးလို့ မပြောသေးတာပါကွာ''

ဟု စကားတစ်လုံးချင်း ပြောလိုက်ရာ မောင်သံပုံးမှာ လွန်စွာစိတ်ဝင်စားသွားပြီး ...

''အခုပြောနိုင်ရင် ပြောပါ ဦးရီးရာ ... ဦးရီးဟာ ကျွန်တော့်ရဲ့ အသက်သခင်ဖြစ်သလို ထမင်းရှင်လည်းဖြစ်တယ်၊ သင်ဆရာ ကျေးဇူးရှင်လည်း ဖြစ်တယ်၊ ဒါကြောင့် အသက်သခင်ကျေးဇူးရှင်ဖြစ်တဲ့ ဦးရီး အကျိုးယုတ်မဲ့အလုပ်ကို ကျွန်တော် ဘယ်တော့မှ မလုပ်ပါဘူး ... ဦးရီးအတွက်ဆို အသက်ပေးပြီး ဆောင်ရွက်ပေးမယ့်သူပါဗျာ''

''ဦးရီး ဘယ်သူ့ကို ရှာနေတာလဲ ... ကျွန်တော်ပါ ကူညီပြီး ဝိုင်းရှာပေးချင်ပါတယ်၊ ဒီတော့ ကျွန်တော့်ကို ပြောနိုင်ရင် ပြောပါ''

ဟု တတွတ်တွတ်ပြောဆိုရာ တရုတ်လူဝကြီးလုကွမ်းမှာ ခပ်သာသာပြုံးလျက်မှ မောင်သံပုံး၏ခေါင်းကို လက်ဖဝါးတစ်ဖက်ဖြင့် မနာအောင် ပုတ်ခတ်လိုက်ရင်း ...

''အေးပါကွာ ... ငါက မင်းရဲ့သဘောကို နောကျေအောင် သိပြီးသားပါ ... ဒါကြောင့် ယုံလည်း ယုံကြည်ပါတယ်၊ ကဲ ... ဒီတော့ ငါ ဘာဖြစ်လို့ ဒီမြန်မာပြည်ထဲမှာ ကျွမ်းရောင်းတာကို အကြောင်းပြပြီး မြို့ရွာအနှံ့ လှည့်လည်နေရသလဲ, ဘာဖြစ်လို့ တစ်မြို့တစ်ရွာ တစ်နေရာရာမှ အခြေချပြီး မနေနိုင်ရသလဲဆိုတာကို အစကနေ ရှင်းပြပါ့မယ်ကွာ၊ ဖြစ်ပုံက ဒီလို မောင်သံပုံးရဲ့ ...''

ဟု ဆိုကာ တရုတ်လူဝကြီးလုကွမ်းမှာ သူ၏ လျှို့ဝှက်ထားသော အကြောင်းကို ပြောပြပါလေတော့၏။

✧ ✧ ✧





## ❖ လားမားကျောင်းတော်၏ ညှိသည့်စိမ်း ❖

လေပဟူးဟူးရားရား တိုက်ခတ်လျက်ရှိသော လွင်ပြင်ကန္တာရကြီးကို ဖြတ်သန်းလျက် မြည်းနှစ်ကောင်သည် သူတို့၏ကျောပေါ်ဝယ် လူငယ်နှစ်ဦးကိုတင်ဆောင်ကာ တစ်လှမ်းချင်း လှမ်းလျက်ရှိလေ၏။

မြည်းတို့၏ကျောပေါ်မှ ဇိုက်မျဉ်းလိုက်ပါလာသူ လူငယ်နှစ်ဦးမှာ ဂန္ဓာလရာဇ်တိုင်းသား အမြွှာညီအစ်ကိုနှစ်ဦး ဖြစ်ပြီး သူတို့ခရီးစဉ်၏ ဦးတည်ရာကား တိဘက်ကုန်းပြင်မြင့်၏ တောင်ဘက်စွန်းအကျဆုံးအရပ်မှ လားမားဘုန်းတော်ကြီးကျောင်းဆီသို့ ...။

သူတို့ညီအစ်ကိုနှစ်ဦး၏အမည်များမှာ လုကွမ်းနှင့် ယဲ့ကွမ်းဟူ၍ဖြစ်ပြီး သူတို့သည် တိဘက်လားမားဘုန်းတော်ကြီးကျောင်း၌ ပညာသင်ကြားရန် အလို့ငှာ ဤခရီးကို ထွက်လာခဲ့ကြခြင်းဖြစ်လေ၏။

သူတို့သည် ဂန္ဓာလရာဇ်တိုင်းမှ ခုနစ်ရက်နှင့် ခုနစ်ညတိုင်တိုင် ခရီးနှင်လာခဲ့ကြပြီးနောက် လူသူအရောက်အပေါက်နည်းလှသော လားမားဘုန်းတော်ကြီးကျောင်းသို့ ဆိုက်ရောက်သွားတော့၏။

သူတို့အား တိုက်အုပ်ဆရာတော်က ခရီးဦးကြိုဆိုမေးမြန်းကာ ကျောင်းထိုင်ဆရာတော်ကြီးထံ ပို့ပေးလေ၏။

လုကွမ်းနှင့် ယဲ့ကွမ်း အမြွှာညီအစ်ကိုတို့သည် ကျောင်းထိုင်ဆရာတော် လားမားဘုန်းတော်ကြီးထံသို့ သူတို့၌ပါလာသော ငွေဒင်္ဂါးပြားများကို



www.burmeseclassic.com

www.burmeseclassic.com

ပညာသင်စရိတ်အဖြစ် ဆက်ကပ်လှူဒါန်းလိုက်ပြီးနောက် ဆရာတော်ကြီး၏ ခွင့်ပြုချက်အရ ပညာသင်ကြားခွင့် ရရှိသွားလေတော့၏။

ယင်းတိဘက်ဘုန်းတော်ကြီးကျောင်းတွင် တိဘက်စာ၊ တိဘက်ယဉ်ကျေးမှုများသာမက ကမ္ဘာ့အရှေ့တိုင်းဒေသ၏ အတွေးအခေါ်များ၊ ဘာသာစကားများကိုပါ သင်ကြားရကာ ခန္ဓာကိုယ်ကြံ့ခိုင်ရေး သင်ခန်းစာများ၊ မြင်းစီး၊ လှံထိုး၊ တုတ်သိုင်း၊ လက်သိုင်း၊ ဓားသိုင်းများပါ သင်ကြားရလေ၏။

ယင်းပညာရပ်များကို ငါးနှစ်တိတိ သင်ကြားပြီးနောက် အရည်အချင်းရှိသူများကို အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ကြားပေးရာ လုကွမ်းနှင့် ယဲ့ကွမ်းညီနောင်မှာ ထက်မြက်ပြီးကြိုးစားသူများပီပီ တိဘက်လားမားဘုန်းတော်ကြီးကျောင်း၏ အဆင့်မြင့်ပညာရပ်များကိုပါ ဆက်လက်ဆည်းပူးခွင့် ရလေ၏။

တိဘက်လားမားကျောင်း၏ အဆင့်မြင့်ပညာရပ်များမှာ သချာအတတ်၊ နက္ခတ္တဗေဒအတတ်၊ ဆေးအတတ်၊ မန္တန်အတတ်၊ ပဉ္စလက်အတတ်၊ အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်၊ ကိတ်၊ ဘဝေါ၊ တိတ္တုံ၊ တြင်း၊ သိုက်၊ နိဒါန်းတို့ကို ကောက်ယူအကဲဖြတ်ရသော အယူတော်မင်္ဂလာပညာရပ်များ၊ အကျိုး၏နက်နဲခြင်းကိုသိသော အတ္ထဂမ္ဘီရအတတ်၊ အကြောင်း၏နက်နဲခြင်းကိုသိသော ဓမ္မဂမ္ဘီရအတတ်၊ တရားတော်၏နက်နဲခြင်းကိုသိသော ဒေသနာဂမ္ဘီရအတတ်၊ ပညာ၏နက်နဲခြင်းကိုသိသော ပဋိဝေဓဂမ္ဘီရအတတ် စသည့်ပညာရပ်များဖြစ်လေ၏။

ယင်းပညာရပ်တို့ကို ဆယ်နှစ်ဆယ်မိုး ဆက်လက်သင်ယူဆည်းပူးပြီးနောက် ကျောင်းထိုင်ဆရာတော်ကြီးသည် အခြားကျောင်းတော်သားတို့ကို ပညာပြည့်စုံပြီဖြစ်၍ မိမိတို့၏မူလနေရပ်ဌာနသို့ ပြန်ခွင့်ပြုလိုက်သော်လည်း လုကွမ်းနှင့် ယဲ့ကွမ်းညီနောင်ကိုမူ ပညာဉာဏ်ထက်မြက်ခြင်း၊ သစ္စာရှိယုံကြည်ရခြင်းတို့ကြောင့် ပြန်ခွင့်မပြုဘဲ ကျောင်းတော်၌ ကြီးကြပ်သင်ကြားသူ ဆရာအဖြစ် တာဝန်ထမ်းဆောင်ရန် ခန့်အပ်ခြင်းပြုလေ၏။





လုကွမ်းနှင့် ယဲ့ကွမ်း ညီနောင်တို့မှာ ပင်ကိုကပင် ပညာ၌ မွေ့လျော်သူများဖြစ်သည့်အပြင် သူတို့ လားမားကျောင်းတော်ကြီး၌ နှစ်ရှည်လများ ပညာဆည်းပူးနေစဉ်မှာပင် ဂန္ဓာလရာဇ်တိုင်း၌ကျန်ရစ်ခဲ့သော သူတို့၏မိဘနှစ်ပါးမှာ ကွယ်လွန်သွားကြပြီဖြစ်၍ နောက်ဆံတင်းစရာ မရှိရကား ကျောင်းတော်၌ နည်းပြဆရာကိုယ်တော်များအဖြစ် လုပ်ကိုင်ရန် သဘောတူလိုက်ကြလေ၏။

ဤသို့ဖြင့် လုကွမ်းနှင့် ယဲ့ကွမ်းတို့မှာ တိဘက်လားမား ဘုန်းတော်ကြီးကျောင်းဝယ် နှစ်ပေါင်းများစွာ အမှုထမ်းရင်း အနယ်နယ်အရပ်ရပ်မှ ပညာသင်ကြားရန် ရောက်ရှိလာသော လူငယ်လူရွယ်တို့ကို ပညာရပ်များ ကူညီသင်ကြားပေးနေခဲ့ရာ ကျောင်းတော်ကြီး၌ အနှစ်နှစ်ဆယ် တာဝန်ထမ်းဆောင်ပြီးချိန်ဝယ် မူလကျောင်းထိုင် ဆရာတော်ကြီးမှာလည်း ပျံလွန်တော်မူသွားရာ တိုက်အုပ်ဆရာတော်မှာ ကျောင်းထိုင်ဆရာတော် ဖြစ်လာပြီး လုကွမ်းနှင့် ယဲ့ကွမ်းတို့မှာလည်း ကျောင်းထိုင်ဆရာတော်၏ အထူးယုံကြည်ကိုးစားခံရသော လက်ထောက်ဆရာတော်များ ဖြစ်လာကြတော့၏။

လုကွမ်းနှင့် ယဲ့ကွမ်းမှာ ဤသို့ လက်ထောက်ဆရာတော်များ ဖြစ်လာမှ ကျောင်းထိုင်ဆရာတော်ကြီးသည် သူတို့အား တိဘက်လားမားကျောင်းတော်ကြီး၏ အထက်အမြင့်ဆုံး ခန်းဆောင်ကြီးထဲ ဝင်ခွင့်ပြုကာ ယင်းခန်းဆောင်ကြီးထဲဝယ် နှစ်ပေါင်းနှစ်ထောင်ကျော်ကြာအောင် သိုဝှက်သိမ်းဆည်း စောင့်ရှောက်ထားသော တိဘက်ရှေးဟောင်း ဘုရားဆင်းတုတော်ကို ဖူးခွင့်ပြုခဲ့လေ၏။

ဆင်းတုတော်မှာ မြကျောက်ဖြင့် ထုဆစ်ထားပြီး ဦးခေါင်းတော်မှ မကိုဋ်တော်မှာမူ နဝရတ်ကိုးပါး ကျောက်မျက်ရတနာကိုးသွယ်ဖြင့် စီခြယ်ထားလေ၏။ စိန်၊ ကြောင်၊ နီလာ၊ မြ၊ ဥဿဖရား၊ ပုလဲ၊ သန္တာ၊ ပတ္တမြား၊ ဂေါမိတ်တည်းဟူသော ရတနာကျောက်ကိုးမျိုးဖြင့် အဆန်းတကြယ် စီခြယ်ထားသော မကိုဋ်တော်မှာ အဖိုးမဖြတ်နိုင်လောက်အောင် ထိုက်တန်လှပေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

မကိုဋ်တော်၏ရှေ့ဘက်၌ စီခြယ်တပ်ဆင်ထားသော ပတ္တမြားကြီး တစ်လုံးတည်းသည်ပင် တန်ဖိုးမဖြတ်နိုင်အောင်ဖြစ်တိ၏။ ယင်းပတ္တမြားကြီးမှာ ပတ္တမြားတို့ဝယ် အကောင်းဆုံးအရောင်၊ အရည်အသွေးဖြစ်သော လည်သီးရည် (ခေါ်) ကြက်လည်ပင်းသွေးကဲ့သို့ ပြည့်ဝသော အနီရောင်သန့်သန့် ဖြစ်ကာ အလေးချိန်အားဖြင့် (၈၀)ကာရက်ခန့် ရှိပေမည်။

မကိုဋ်တော်၏ ထိပ်တည့်တည့်မှ စိန်တုံးမှာလည်း စိန်တကာ့စိန်တို့တွင် အရောင်အသွေးအကောင်းဆုံးဟု သတ်မှတ်ကြသော ခဲသားရောင်စိန် ဖြစ်ကာ အလင်းရောင်အောက်ဝယ် စိန်သားမှာ ဖြူလွန်းသဖြင့် အပြာရောင် အရိပ်ကလေးများ သန်းနေသည့် တန်ဖိုးကြီးမားလှသောစိန်ပင် ဖြစ်ချေ၏။ ယင်းစိန်တုံးမှာ ကာရက်(၁၀၀)ခန့် ရှိပေမည်။

ဤသို့ တန်ဖိုးကြီးမားလှသော နဝရတ်ကိုးသွယ် စီခြယ်ထားသည့် ဆင်းတုတော်အား ကျောင်းထိုင်ဆရာတော်ကြီးမှ လွန်စွာစိတ်ချယုံကြည် သဖြင့်သာ ဖူးခွင့်ပြုရာ လုကွမ်းနှင့် ယဲ့ကွမ်းမှာ မြဆင်းတုတော်အား ဖူးမြော်ခွင့် ရနိုင် ဖြစ်နေကြလေ၏။

သို့သော် ကျောင်းထိုင်ဆရာတော်ကြီးမှာ လုကွမ်းတို့ညီနောင်အား ကျောင်းတော်၏ အထက်အမြင့်ဆုံး ခန်းဆောင်ထဲသို့ တစ်ကြိမ်သာ ဝင်ခွင့်ပြုပြီး နဝရတ်ကိုးသွယ်စီခြယ်ထားသော ရှေးဟောင်းမြဘုရားကိုလည်း တစ်ကြိမ်သာ ဖူးခွင့်ပြုသဖြင့် လုကွမ်းတို့ညီနောင်မှာ မချင့်မရဲ အားမလိုအားမရ ဖြစ်နေရလေ၏။

သို့ဖြင့် လွန်စွာ အအေးသည်းထန်သော ဆောင်းလယ်သို့ ရောက်သောအခါ တိဘက်လားမားကျောင်းတော်ကြီး၏ သင်တန်းရက်ရှည် နားချိန် ကာလဖြစ်ရာ သင်တန်းသားတစ်ရာကျော်ခန့်မှာ သူတို့၏ မူရင်းနေရာဒေသ တို့သို့ အသီးသီးပြန်သွားကြသဖြင့် ကျောင်းတော်ကြီးမှာ လူသူရှင်းလင်း တိတ်ဆိတ်ခြောက်ကပ် ကျန်ရစ်ခဲ့လေ၏။





လားမားကျောင်းတော်ကြီးဝယ် ကျောင်းထိုင်ဆရာတော်နှင့်လုကွမ်း၊ ယဲ့ကွမ်းတို့ ညီနောင်အပြင် အခြားလားမားဘုန်းတော်ကြီး သုံးဦးခန့်သာ ကျန်ရှိလေ၏။

တစ်နေ့သောနံနက်ခင်းဝယ် နှင်းတို့ မိုးသီးမိုးပေါက်ပမာ ကျနေစဉ် ဓိုက်အုပ်တာဝန်ကိုပါ တွဲဖက်ယူထားရသော လုကွမ်းမှာ ကျောင်းတော်ကြီး အတွင်း လှည့်လည်စစ်ဆေးလျက်ရှိစဉ် ယဲ့ကွမ်းမှာ ကျောင်းတော်ကြီး၏ အပြင်ဘက် နှစ်ဖာလုံခန့်အကွာရှိ တောအုပ်ထဲဝယ် ဆေးမြစ်သွားတူးနေ လေ၏။

ကျောင်းထိုင်ဆရာတော်ဘုရားကြီးမှာ အဆစ်အမြစ်ရောင်နာ ဖြစ်ပေါ်ခံစားရလျက်ရှိရာ ဆေးကုသရန်အတွက် ယဲ့ကွမ်းက ဆေးမြစ်သွားတူးနေ ခြင်းဖြစ်လေ၏။

ဆေးမြစ်တူးရာမှ ယဲ့ကွမ်း ပြန်လာသောအခါတွင်မူ သူ၏ပခုံးထက် ဝယ် သတိမေ့မြောနေသော အသက်လေးဆယ်ခန့်ရှိလူတစ်ဦး ပါလာလေ၏။

"ယဲ့ကွမ်း . . . သူက ဘယ်သူလဲ၊ ဘယ်နေရာက တွေ့ခဲ့တာလဲ"

ဟု လုကွမ်းကမေးရင်း ထိုလူကို ဝိုင်းသယ်မကာ ကျောင်းတော်အတွင်းခန်းဆောင်ထဲမှ ခုတင်တစ်လုံးပေါ်ဝယ် တင်ပေးလိုက်လေ၏။

"ငါ ဆေးမြစ်ရှာရင်းနဲ့ နှင်းခဲတွေကြားက ညည်းသံကြားလို့ သွားကြည့်တော့ သူ့ကိုတွေ့ရတာပဲ၊ သူနဲ့အတော်လှမ်းလှမ်းက ချောက်ထဲမှာ လေယာဉ်တစ်စီး မီးလောင်နေတာကို တွေ့ရတယ် . . . သူက အဲဒီလေယာဉ်က ဖြစ်မယ်၊ သူ မသေသေးတာနဲ့ ငါခေါ်လာတာပဲ"

လရောင်ခြည်ဟု အမည်ရှိသော ယဲ့ကွမ်းက ရှင်းပြပြီးနောက် ရှည်အနည်းငယ် ခက်ထန်ပုံရသော မေ့မြောနေသည့်လူကို သတိရအောင် ဆေးကုသမှုပြုလေ၏။

အကြောကိုင်ပညာကို ကျွမ်းကျင်သော ယဲ့ကွမ်းသည် မေ့မြောနေသူ၏ ရာသီဥတုအေးခဲလွန်းသဖြင့် ပိတ်နေသောအကြောတို့ကို တစ်ခုချင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပေးကာ သားမွေးခြုံထည်တို့ကိုလည်း ထိုလူ့ခန္ဓာကိုယ်ပေါ်မှ လှမ်းခြုံပြီး အပူငွေ့ကိုပေးလေရာ နာရီဝက်ခန့်အကြာဝယ် ထိုသူမှာ သတိရလာတော့၏။

သို့သော် ထိုသူမှာ မျက်လွှာမဖွင့်နိုင်သေးဘဲ တအင်းအင်း ညည်းညူလျက်သာရှိသေးရာ ယဲ့ကွမ်းက ထိုသူ၏နှုတ်ခမ်းနှစ်လွှာကြားသို့ ပူနွေးသောစွပ်ပြုတ်ရည်ကို နည်းနည်းချင်း ဇွန်းဖြင့် ထည့်ပေးလေ၏။

ပူနွေးသောစွပ်ပြုတ်ရည်မှာ ထိုသူ၏ နှုတ်ခမ်းနှစ်လွှာကြားမှ လည်ချောင်းအတွင်း စီးဝင်သွားရာ လည်ချောင်းမှတစ်ဆင့် ဝမ်းဗိုက်အတွင်းသို့ ရောက်ရှိသွားပြီး ပူနွေးသော တေဇောဓာတ်သည် ထိုသူ၏ခန္ဓာကိုယ်အနှံ့သို့ စီးမြောသွားလေ၏။

ထိုသူမှာ စွပ်ပြုတ်ရည်ကို နှုတ်ခမ်းလှုပ်ကာ အလိုက်သင့်သောက်နေရာမှ အားပြည့်ပူနွေးလာပြီး မျက်လွှာတို့ကိုလည်း ဖွင့်လာနိုင်တော့၏။

''ကျွန် . . . ကျွန်တော် ဘယ်ကိုရောက်နေတာလဲ''

ထိုသူက တိုးတိုးညင်းညင်းမေးလိုက်ရာ ထိုသူ၏စကားမှာ မြန်မာစကားဖြစ်ကြောင်း လုကွမ်းနှင့် ယဲ့ကွမ်းတို့ သိလိုက်၏။ ဘာသာအတော်များများ တတ်ကျွမ်းသော ယဲ့ကွမ်းက . . .

''မင်းကို ငါတို့ တိဘက်လားမားကျောင်းတော်က ခေါ်ယူပြုစုထားတာပါ . . . ဒီမှာ မင်းအတွက် ဘာအန္တရာယ်မှ မရှိပါဘူး''

ဟု မြန်မာလို တစ်လုံးချင်း ပြန်ပြောလိုက်ရာ ထိုသူ၏မျက်နှာဝယ် စိုးရိမ်သောက ကင်းသွားပုံရပြီး နှစ်ခြိုက်စွာ ပြန်လည်အိပ်ပျော်သွားလေတော့၏။

ဤသို့ဖြင့် ဂျမဒါမြဒင်ဆိုသောသူသည် လုကွမ်းတို့၏ တိဘက်လားမားကျောင်းတော်ကြီးသို့ မပင့်မဖိတ်ဘဲ အာဂန္တုဧည့်သည်အဖြစ် ရောက်ရှိလာခဲ့လေ၏။

✧





ဂျမဒါမြဒင် အတော်အတန်အားပြည့်ပြီး လမ်းအနည်းငယ်လျှောက်နိုင်သောအခါ လုကွမ်းနှင့် ယဲ့ကွမ်းတို့က ကျောင်းထိုင်ဆရာတော်ကြီး သီတင်းသုံးနေထိုင်ရာ ဗဟိုကျောင်းတိုက်သို့ တွဲခေါ်သွားလေ၏။

ဂျမဒါမြဒင်လည်း သူ၏ဖြစ်အင်ကို ကျောင်းထိုင်ဆရာတော်ကြီးအား လျှောက်တင်လေ၏။

ဂျမဒါမြဒင်မှာ ဗြိတိသျှအစိုးရ၏ ဆပ်ပါမိုင်းနားတပ်မှ ဖြစ်ပြီး ခက်ဆိုပိုတေးမီးယားစစ်မြေပြင်မှ စစ်လေယာဉ်ဖြင့်ပြန်လာစဉ် ဟိမဝန္တာတောင်တန်းကိုဖြတ်ကျော်လာခိုက် နှင်းမုန်တိုင်းမိပြီး လေယာဉ်မှာ ဦးတည်ရာလမ်းကြောင်း ပြောင်းလဲသွားရာမှ လေယာဉ်တောင်ပံတစ်ဖက်မှာ တောင်နှယ်တစ်ခုနှင့်တိုက်မိပြီး ချာလပတ်လည်သွားစဉ် လေယာဉ်ပျက်ကျတော့မည်ကိုသိသဖြင့် ဂျမဒါမြဒင်မှာ လေယာဉ်ထဲမှ အသက်ကယ်လေထီးငယ်နှင့် ခုန်ထွက်ခဲ့ကြောင်း၊ သူ လေယာဉ်ထဲမှခုန်ထွက်ပြီး စက္ကန့်ပိုင်းအတွင်းမှာပင် လေယာဉ်မှာ တောင်ကမ်းပါးယံတစ်ခုနှင့် တိုက်မိပြီး ပေါက်ကွဲမီးလောင်သွားကြောင်း၊ သူသည်လည်း နှင်းမုန်တိုင်းကြောင့် လေထီးကို မထိန်းနိုင်ဘဲ တောင်နံရံနှင့်ဝင်ဆောင့်ကာ နှင်းလွှာပြင်ပေါ်ပြုတ်ကျပြီး သတိလစ်သွားခဲ့ကြောင်း လျှောက်ထားတင်ပြလေ၏။

ကျောင်းထိုင်ဆရာတော်ကြီးက ဂျမဒါမြဒင်၏မျက်နှာအား အတန်ကြာအောင် စေ့စေ့ကြည့်နေပြီးနောက် . . .

''တို့များ တိဘက်လားမားကိုယ်တော်တို့ဟာ ဒုက္ခရောက်လာသူကို ကူညီကယ်တင်ဖို့ ဝန်မလေးပါဘူး၊ ဒကာ နေကောင်းအားပြည့်တဲ့အထိ ငါတို့ရဲ့ကျောင်းတိုက်မှာ တည်းခိုလို့ရပါတယ် . . .၊

ဒါပေမဲ့ အားပြည့်ကျန်းမာလာပြီဆိုရင်တော့ မိမိရဲ့ခရီးကို မိမိဆက်ပါ . . . လူတိုင်းဟာ ကိုယ့်ဝန်ကိုယ်ထမ်း။ ကိုယ့် လမ်းကိုယ်သွားရမှာပေါ့တဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



ဟု မြန်မာဘာသာဖြင့် ဖြည်းလေးစွာ ပီပီသသ တစ်လုံးချင်းပြော ပြီးနောက် အတွင်းဆောင်ထဲသို့ ကြွမြန်းသွားလေတော့၏။

ယဲ့ကွမ်းက ပြုံးလိုက်ပြီးနောက် ဂျမဒါမြဒင်၏လက်မောင်းတစ် ဖက်ကို တွဲလိုက်ကာ . . .

"ကဲ ဂျမဒါမြဒင် . . . ဘာမှမပူနဲ့တော့ . . . ကျောင်းထိုင်ဆရာတော် ကြီးရဲ့ ခွင့်ပြုချက်ရပြီမို့ ကျုပ်တို့ရဲ့ကျောင်းမှာ အေးအေးဆေးဆေး အနား ယူပြီးသာ နေပေတော့"

ဟု ပြောလိုက်ရာ ဂျမဒါမြဒင်က ယဲ့ကွမ်းအား လှည့်ကြည့်ကာ

"အိုင်ဆေး . . . ကျေးဇူးတင်ပါတယ်ဗျာ . . . ခင်ဗျားတို့ တိဘက် လားမားဘုန်းကြီးတွေကို ကျေးဇူးတင်ပါတယ်၊ ခင်ဗျားတို့သာ မကယ်ရင် ကျွန်တော် အခုလောက်ရှိ အရိုးဆွေးနေပြီ၊ ဒီကျောင်းမှာ ဆက်နေခွင့်ရတာ ကိုလည်း ကျေးဇူးတင်တယ်ဗျာ"

ဟု အားရပါးရပြောလိုက်ကာ လုကွမ်းနှင့် ယဲ့ကွမ်းတို့ တွဲခေါ်ရာ နောက်သို့ ရွှင်လန်းအားတက်စွာ လိုက်ပါလာခဲ့လေ၏။

✧

ဤသို့ဖြင့် ဂျမဒါမြဒင်မှာ လုကွမ်းတို့၏ တိဘက်လားမားကျောင်း တော်ကြီးတွင် ဆယ်ရက်ခန့် ဆေးဝါးကုသမှုခံယူရင်း နေလာခဲ့ရာ သူ လေယာဉ်ပေါ်မှ လေထီးနှင့်ခုန်ချစဉ်က တောင်နံရံနှင့်တိုက်မိပြီး ရရှိခဲ့သော ဒဏ်ရာတို့မှာ အတော်ပျောက်ကင်းသွားပြီ ဖြစ်သော်လည်း . . .

သူ၌ ပင်ကိုကပင် စွဲကပ်လျက်ရှိသော ငှက်ဖျားရောဂါမှာမူ အလျှင်း ပျောက်ကင်းခြင်းမရှိဘဲ ဆေးကုသနေသည့်ကြားမှ တစ်ခါတစ်ရံ သတိလစ် သွားခြင်း၊ ကယောင်ကတမ်း လျှောက်ပြောခြင်းများ ဖြစ်နေဆဲဖြစ်၏။

ဂျမဒါမြဒင်မှာ ယင်းငှက်ဖျားရောဂါကြောင့်ပင် အခြား ဒဏ်ရာရ





လူနာ၊ နာလန်ထများနှင့်အတူ မက်ဆိုပိုတေးမီးယားစစ်မြေပြင်မှ လေ ယာဉ်ဖြင့် ပြန်အပို့ခံရခြင်းဖြစ်လေ၏။

ယဲ့ကွမ်းမှာ ဂျမဒါမြဒင်အပေါ် အထူးစေတနာထားသူဖြစ်ပြီး ငှက် ဖျားရောဂါကို ကုသရန်အတွက် တောထဲ၌ ဆေးမြစ်ဆေးဥများကို သူကိုယ် တိုင် အပင်ပန်းခံ သွားရောက်ရှာဖွေတူးဖော်ပြီး သူကိုယ်တိုင် ဆေးဝါး ဖော်စပ်ကာ ကုသပေးလျက်ရှိလေ၏။

ယင်းသို့ ယဲ့ကွမ်းက နေ့ရောညပါ ကြပ်မတ်ကုသပေးမှုကြောင့် ဂျမဒါမြဒင်၏ ငှက်ဖျားရောဂါမှာ အတော်သက်သာ ပျောက်ကင်းစပြုပြီဖြစ်၏။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



## ❖ လျှို့ဝှက်ချက်ပေါက်ကြားခြင်း ❖

တစ်နေ့ညနေစောင်းတွင် ဂျမဒါမြဒင်ကို အားဆေးတိုက်ပြီးနောက် ယဲ့ကွမ်းမှာ ဂျမဒါမြဒင်အား ထားရှိသည့် ကျောင်းခန်းမ၏ အပြင်ဘက်ဝရန်တာဝယ် အေးအေးလူလူထိုင်ရင်း ဟိမဝန္တာတောင်တန်းကြီး၏ထိပ်ပိုင်းရေခဲဖုံးလွှမ်းရာ တောင်ထွတ်များပေါ်သို့ ဆည်းဆာနေရောင်ခြည် ကျလျက်ရှိသည့် လွမ်းစရာလှပသော ညနေရီရှုမျှော်ခင်းကို ငေးကြည့်နေစဉ် ...

ယင်းကျောင်းပေါ်သို့ လုကွမ်း တက်လာပြီးလျှင် ယဲ့ကွမ်း၏အနီး၌ ထိုင်ချလိုက်လေ၏။

"ဘယ့်နှယ် ... မင်းရဲ့လူနာ အတော်သက်သာသွားပြီလား"

ဟု လုကွမ်းက မေးလိုက်ရာ ယဲ့ကွမ်းက ပြုံးလိုက်ပြီး ...

"အတော်သက်သာနေပြီ လုကွမ်းရဲ့ ... အားပြည့်ဖို့ပဲ လိုတော့တယ်၊ ခု ပြန်အိပ်နေပြီ"

ဟု ပြောလိုက်ပြီးနောက် ကျောင်းထိုင်ဆရာတော်ဘုရား ကျိန်းစက်ရာ ဗဟိုကျောင်းတိုက်မြင့်ကြီးဆီသို့ မျက်လုံးဝေ့ကြည့်လိုက်ကာ ...

"ဒီမှာ လုကွမ်း ... ငါတော့ မြဘုရားကို နောက်တစ်ခါ ထပ်ဖူးချင်တယ်"

ဟု သူ့ရင်ထဲမှဆန္ဒကို ထုတ်ဖော်ပြောလိုက်လေ၏။ လုကွမ်းက ခေါင်းကိုညိတ်လိုက်ပြီး ...





"အေးကွာ ... ငါလည်း ထပ်ဖူးချင်တာပါပဲ၊ ဒါပေမဲ့ ဆရာတော်ကြီးက ခွင့်ပြုမှာမဟုတ်ဘူးကွ"

ဟု ပြောလိုက်ရာ ယဲ့ကွမ်းက သူ၏ခေါင်းတုံးပြောင်ပြောင်ကို လက်ဖြင့်ပွတ်လိုက်ပြီး ...

"ငါတော့ မြဘုရားကို ဟိုတစ်ခါဖူးရကတည်းက မျက်စိထဲက မထွက်ဘူး ဖြစ်နေတယ်ကွာ ... ဘယ်တော့များမှ ထပ်ဖူးခွင့်ကြုံရမလဲ မသိဘူး၊ ဆရာတော်ဘုရားကြီးကလည်း စေးနဲလိုက်တာကွာ ... ငါတို့လို ဒီကျောင်းတိုက်ကြီးမှာ နှစ်ပေါင်းနှစ်ဆယ်ကျော် တာဝန်ထမ်းဆောင်လာသူတွေကိုတောင် တစ်ကြိမ်ပဲ ဖူးခွင့်ပြုတယ်"

ဟု မချင့်မရဲပြောလိုက်ရာ လုကွမ်းက ပြုံးလိုက်ပြီး ...

"ဒါက ဒီလိုရှိတယ် ယဲ့ကွမ်းရဲ့ ... မြဘုရားရဲ့ မကိုဋ်တော်က ရတနာတွေဟာ အရည်အသွေးကောင်းလွန်းလှပြီး တန်ဖိုးမဖြတ်နိုင်လောက်အောင် အဖိုးတန်တော့ အဲဒီမြဘုရားကို ကြာကြာဖူးမိတဲ့ ပုထုဇဉ်တွေဟာ ရတနာတွေကိုတပ်မက်ပြီး အကုသိုလ်စိတ်တွေ ဝင်လာမှာစိုးလို့ ဆရာတော်ဘုရားကြီးက ဖူးခွင့်ပြုသင့်သူကိုတောင် ခေတ္တခဏပဲ ဖူးစေတာဖြစ်မယ်ကွ။ ဒါဟာ ဒီလားမားကျောင်းတော်ကြီးရဲ့ ရှေးအစဉ်အလာပဲ"

ဟု လုကွမ်းက အကျိုးသင့်အကြောင်းသင့် ပြောပြလိုက်ရာ ယဲ့ကွမ်းမှာ ခေါင်းကို ဖြည်းလေးစွာညိတ်ပြီး ...

"အင်းလေ ... ဟုတ်ပါတယ်၊ ငါတို့လို အတ္တလောဘကင်းသူတွေတောင် ဆင်းတုတော်ရဲ့မကိုဋ်တော်က ပတ္တမြားကြီးနဲ့ စိန်တုံးကြီးကို မျက်လုံးထဲက မထွက်နိုင်အောင် ဖြစ်နေရတာပဲ ...၊

ငါကတော့ လိုချင်လောဘစိတ်ကြောင့် မဟုတ်ပါဘူး၊ နေ့အလင်းရောင်အောက်မှာ ပတ္တမြားကြီးရဲ့ နီရဲနေတဲ့အသွေးက အခန်းနံရံတွေအထိ ဟပ်ပြီး လက်ဖြာနေတာ လှလွန်းလို့ပါ၊ အမှောင်ရိပ်ကျနေတဲ့ ခန်းဆောင်ထဲမှာ မီးမထွန်းဘဲ လင်းတယ်ဆိုတာ အဲဒီလိုပတ္တမြားမျိုးပဲဖြစ်မယ်၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com

စိန်တုံးကြီးကလည်း တဖျပ်ဖျပ်လက်လို့ ဖြူဝင်းပြီး အပြာရောင်လေးတွေ လေထဲမှာသန်းနေတာများ ရှုမဝစရာပဲကွာ၊ တော်ရုံလူ ဆိုရင်တော့ လောဘ တက်စရာပဲ''

ဟု ယဲ့ကွမ်းက ပြောလိုက်ပြီး သူ၏မျက်ဝန်းထဲဝယ် မြဘုရားကို ဖူးတွေ့မြင်ယောင်လျက်ရှိတော့၏။

''ဟုတ်တယ်ကွ . . . ပြည်တန်ပတ္တမြားဆိုတာ အဲဒီလိုပတ္တမြားမျိုး ကို ခေါ်တာဖြစ်မယ်၊ စိန်တုံးကလည်း တန်ဖိုးအတော်ဖြတ်ဖို့ ခက်မယ်၊ လက်ရာကလည်း တကယ့်ရှေးဟောင်းအတီအပြောက လက်ရာကွ၊ ဆရာ တော်ဘုရားကြီးက မိန့်တာတော့ ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပြီး နောက်ပိုင်း အဇာတသတ်မင်းကြီးရဲ့ မိဖုရားတစ်ပါးက သူ့ကိုယ်ပိုင် နန်းစဉ် ရတနာတွေနဲ့ တော်ဝင်နန်းသုံး ပန်းရွှေပညာရှင်၊ ပန်းပုပညာရှင်တို့ထံ အပ်နှံပြီး အဲဒီမြဆင်းတုတော်ကို ထုဆစ်ကိုးကွယ်ခဲ့တာတဲ့ကွ . . .၊

အဲဒီဆင်းတုတော်ဟာ မိဖုရားရဲ့ ဆွေတော်မျိုးတော်တို့ အဆက် ဆက် လက်ဆင့်ကမ်း ပိုင်ဆိုင်ကိုးကွယ်ခဲ့ရာက မဟာရာဇာတို့ခေတ်ရောက် တော့ အဲဒီမြဆင်းတုတော်ကို လက်ဝယ်ရရှိထားတဲ့ မဟာရာဇာကြီးရဲ့သား ဟာ သွေးအားနည်းတဲ့ရောဂါနဲ့ သေမလိုဖြစ်နေတုန်း တိဘက်လားမား ဘုန်းတော်ကြီးတစ်ပါး ကြွရောက်လာပြီး ကုသပေးလိုက်မှ ရောဂါပျောက်ပြီး အသက်ချမ်းသာရာရခဲ့တယ်တဲ့ . . .၊

အဲဒီမှာတင် မဟာရာဇာကြီးက တိဘက်လားမားဘုန်းတော်ကြီးကို ကျေးဇူးတင် ကြည်ညိုလွန်းလို့ မြဆင်းတုတော်ကို ဆက်ကပ်လှူဒါန်းပေး အပ်လိုက်တယ်တဲ့ . . .၊

တိဘက်လားမားဘုန်းတော်ကြီးလည်း မြဆင်းတုတော်ကို ကြည် ညိုလွန်းလို့ ဒီကျောင်းတော်အထိ ပင့်ဆောင်လာပြီး ကျောင်းတိုက်ထဲမှာ ကိုးကွယ်ထ ားရှိခဲ့တာပဲလို့ ဆရာတော်ကြီးက မိန့်တယ်ကွ''

ဟု လုကွမ်းက ယဲ့ကွမ်း ဆေးမြစ်သွားရှာနေစဉ် သူ့အား ကျောင်း





ထိုင်ဆရာတော်ကြီးက မြဆင်းတုတော်နှင့်ပတ်သက်ပြီး ပြောပြမိန့်ဆိုသမျှကို ပြန်လည်ပြောပြလေ၏။

''အစတုန်းကတော့ မြဆင်းတုတော်ကို ကျောင်းတိုက်ဗဟိုခန်း ဆောင်ထဲမှာ ရွှေပလ္လင်နဲ့ ဒီအတိုင်းထားလို့ ကျောင်းတိုက်ကိုရောက်လာတဲ့ ဘယ်သူမဆို ဖူးတွေ့ခွင့်ရပေမယ့် နောက်ပိုင်းကျမှ ဆင်းတုတော်က တန်ဖိုးမ ဖြတ်နိုင်တဲ့ရတနာတွေကို လူတွေက တပ်မက်သထက် တပ်မက်လာပြီး ဆင်းတုတော်ကို ခိုးယူဖို့ လုယူဖို့ ကြိုးစားကြံစည်လာကြတာနဲ့ ဗဟိုကျောင်း တိုက်ရဲ့ အမြင့်ဆုံးအထပ်ဆီ ဆင်းတုတော်ကို ပင့်သွားပြီး လျှို့ဝှက်ထားရှိ ခဲ့တာပဲကွ . . .၊

အဲဒီဗဟိုကျောင်းတိုက်ရဲ့ အမြင့်ဆုံးအထပ်က ခန်းဆောင်ကိုဖွင့်တဲ့ သော့ကလည်း တစ်ချောင်းတည်းရှိပြီး အဲဒီသော့ကို ကျောင်းထိုင်ဆရာတော် ဘုရားကြီးရဲ့လည်ပင်းမှာ ထာဝရဆွဲထားတာဟာ ဒီကျောင်းတိုက်ရဲ့ ရှေးအစဉ် အလာပဲလို့ ဆိုတယ်ကွ၊ မင်း ဆရာတော်ဘုရားကြီးမသိအောင် မြဆင်းတု တော်ကို ထပ်ဖူးချင်တယ်ဆိုရင်တော့ ဆရာတော်ဘုရားကြီးရဲ့လည်ပင်းမှာ ဆွဲထားတဲ့ ရွှေသော့ကိုရမှ ဖြစ်မယ်''

ဟု လုကွမ်းကပြောလိုက်ရာ ယဲ့ကွမ်းက လက်နှစ်ဖက်ကို ကမန်းက တန်းကာရင်း . . .

''တော်ပါကွာ . . . အဝီစိချိုးကပ်နေပါဦးမယ်၊ ငါ ဆရာတော် ဘုရားကြီးမသိဘဲ ဘာမှမလုပ်ဝံ့ပါဘူး၊ သူ့လည်ပင်းက သော့ကို ဖြုတ်ယူဖို့ စိတ်နဲ့တောင် မပြစ်မှားဝံ့ပါဘူး''

ဟု ပျာပျာသလဲပြောရာ လုကွမ်းက သူညီ၏ အကုသိုလ်မကောင်း မှုကို ကြောက်လန့်အား သဘောကျစွာဖြင့် တဟားဟားရယ်လျက် ရှိလေ၏။

ထိုသို့ သူတို့ညီအစ်ကိုနှစ်ဦး ပြောဆိုနေသမျှကို ကျောင်းဆောင်၏ ပုလ္လားကွယ် ကျောက်နံရံနောက်မှ ချောင်းနားထောင်နေမိသူတစ်ဦးမှာ အစ မှအဆုံး အလုံးစုံကို ကြားသိသွားပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုသူမှာ ဂျမဒါမြဒင်ပင်ဖြစ်ပြီး ဂျမဒါမြဒင်မှာ ဆေးသောက်ပြီး မှေးခနဲအိပ်ပျော်သွားရာမှ ချက်ချင်း ပြန်နိုးလာသည်တွင် သူအိပ်ပျော်နေပြီဟု ယူဆကာ လုကွမ်းနှင့် ယဲ့ကွမ်းတို့ ညီအစ်ကို ခပ်တိုးတိုးပြောနေကြသည်ကို ဘာပြောနေကြပါလိမ့်ဟု သိချင်စိတ်ဖြင့် အိပ်ရာမှ အသာထကာ ချောင်းနားထောင်ရာမှ ဤကျောင်းတော်ကြီး၏ လျှို့ဝှက်အပ်သော အကြောင်းအရာကို အမှတ်မထင် လုံးစေ့ပတ်စေ့ ကြားသိသွားပါတော့သတည်း။

✧ ✧ ✧





## ❖ လောဘသားကောင်၏ရက်စက်မှု ❖

ဂျမဒါမြဒင်မှာ အိပ်ရာပေါ်ဝယ် လဲလျောင်းလျက်မှ သူကြားသိခဲ့သော တိဘက်ဘုန်းတော်ကြီးနှစ်ပါးဖြစ်သည့် လုကွမ်းနှင့် ယဲ့ကွမ်းတို့၏ ပြောစကားများကို ပြန်လည်ကြားယောင်နေမိ၏။

သူတို့၏စကားများအရ ဤတိဘက်လားမားကျောင်းကြီး၏ ဗဟိုကျောင်းတိုက် အပေါ်ဆုံးထပ်ဝယ် လွန်စွာတန်ဖိုးရှိသော ရှေးဟောင်းရတနာများဖြင့် စီခြယ်ထားသည့် ဆင်းတုတော်တစ်ဆူရှိနေသည်မှာ သေချာ၏။

ယင်းဆင်းတုတော်၏ မကိုဋ်ဝယ် စီခြယ်ထားသော ပတ္တမြားနှင့် စိန်တို့မှာ အရည်အသွေးကောင်းမွန်လှကာ တန်ဖိုးမဖြတ်နိုင်အောင်ရှိသဖြင့် ယင်းဆင်းတုတော်အား မည်သူ့ကိုမျှ ဖူးခွင့်မပြုဘဲ ဗဟိုကျောင်းတိုက် အပေါ်ဆုံးထပ်မှာ ရွှေသော့ဖြင့်ခတ်ပြီး လျှို့ဝှက်စွာ သိမ်းဆည်းထားသည်မှာ သေချာ၏။

"အင်း လူသူပြတ်လတ်ပြီး လူ့ရပ်ရွာနဲ့ ဝေးကွာလှတဲ့ ဒီလိုနေရာမှာ ဒီလောက်အဖိုးတန်တဲ့ ရတနာပစ္စည်းတွေကို ခက်ခက်ခဲခဲ ရှာဖွေတူးဖော်စရာ မလိုဘဲ အလွယ်လေးနဲ့ ငါရနိုင်တာပဲ . . . ။

တချို့ဆို အဖိုးတန်ရတနာတွေရဖို့ တောကြီးမျက်မည်းထဲကို အသက်စွန့်ပြီး သွားရောက်ရှာဖွေကြရတယ် . . . ဒါတောင် ရှာဖွေလို့ တွေ့ချင်မှ တွေ့တာ . . . ။



www.burmeseclassic.com

www.burmeseclassic.com

အခု ငါ့ရဲ့လက်ညှိုးလေး ကွေးရုံနဲ့ ငါတစ်သက်စားမကုန်တဲ့ ရတနာတွေကို ရတော့မှာပါလား၊ ဟုတ်တယ် ... အဲဒီရတနာတွေကို ငါ ဘာဖြစ်လို့ မယူနိုင်ရမှာလဲ, မယူရဲရမှာလဲ ... ရအောင်ယူမယ်, ရအောင်ယူမယ်''

ဂျမဒါမြဒင်မှာ တွေးရင်းမှ စိတ်အားတက်ကြွလာပြီး ဘေးဘီသို့ အခြေအနေကြည့်ကာ လဲလျောင်းနေရာမှ အသာ ထလိုက်လေ၏။

ထို့နောက် ကျောက်ခုံပေါ်မှဆင်းလိုက်ပြီး အခန်းထောင့်ရှိ နံရံဝယ် ချိတ်ဆွဲထားသော ကျောပိုးအိတ်ကို ဖြုတ်ယူလိုက်ကာ အိတ်ထဲမှ သူ၏ စစ်သုံး ဘရောင်းနင်းပစ္စတိုကို ထုတ်ယူလိုက်လေ၏။

သူက ပစ္စတို၏ကျည်ကပ်ကိုဖြုတ်ကြည့်ရာ မူလအတိုင်း ကျည်အပြည့်ရှိနေသည်ကို တွေ့ရသဖြင့် ကျေနပ်သွားလေသည်။ သို့ဖြင့် ပစ္စတိုကို ခါးကြားဝယ်ထိုးလိုက်ပြီး သူ၏အိတ်ကို နံရံမှချိတ်၌ ပြန်ချိတ်ထားလိုက်သည်။

တကယ်တော့ သူသည် သူ့ကိုယ်သူ အားပြည့်အောင် လွန်ခဲ့သော သုံးလေးရက်ကတည်းက အစားအစာများဖိစားကာ အားဖြည့်ထားပြီးဖြစ်၏။ သူ ဤကျောင်းတိုက်မှ ထွက်သွားလျှင်တော့ လမ်းတွင်စားရန် ရိက္ခာအခြောက် အလုံအလောက်ယူသွားမည်ဟု တွေးထားပြီးဖြစ်၏။

ယင်းရိက္ခာအခြောက်များကို သူ အေးအေးဆေးဆေး ရွေးချယ်ကာ စိတ်တိုင်းကျ ယူသွားနိုင်သည်ဟု သူက မျှော်လင့်ထားခဲ့လေ၏။ အဘယ်ကြောင့်ဆိုသော် သူက ဤကျောင်းတိုက်ကြီးထဲရှိ သူမှလွဲသော သက်ရှိအားလုံးကို သတ်ဖြတ်ပစ်လိုက်ဖို့ ဆုံးဖြတ်ပြီးဖြစ်သောကြောင့်ပင်။

''ဒီကျောင်းတိုက်ကြီးထဲမှာ ကျောင်းထိုင်အပါအဝင် လားမားဘုန်းကြီး ၈၀ ပေါင်း ခြောက်ဦးပဲရှိတယ်၊ သူတို့အားလုံးကို ပစ်သတ်ပြီးရင် ရတနာတွေကို အေးအေးဆေးဆေး ယူပြီးသွားရုံပေါ့''

သူက သူ၏ဆုံးဖြတ်ချက်ကို ချက်ချင်း အကောင်အထည်ဖော်ရန် ဆုံးဖြတ်ပြီး ခါးကြားမှသေနတ်ကို ယူလိုက်ကာ သေနတ်မောင်းတင်လိုက်ပြီး ညာလက်ထဲဝယ် ခပ်တင်းတင်း ဆုပ်ကိုင်လိုက်၏။





ထို့နောက် ကျောက်သားပြတင်းမှ ပြင်ပသို့ ကြည့်လိုက်သည်။ သူ တကယ်အလုပ်လုပ်တော့မည်ဆိုမှ နှင်းတို့က ဖွဲဖွဲဆုပ်ဆုပ်ဖြင့် ပိုကျလာသလိုရှိ၏။ နေမြင့်လာသည့်တိုင် နှင်းဆုပ်နှင်းခဲတို့က တဖွဲဖွဲကျလို့ ကောင်းတုန်းပင်၊ နှင်းများကျနေသဖြင့် မြင်ကွင်းဟူသမျှ ဝေဝါးကာ ကျောင်းတိုက်ကြီးတစ်ခုလုံးမှာ တိတ်ဆိတ်လျက်ရှိသည်။

ပစ္စကွတ်အခြေအနေကိုကြည့်ပြီး သူက သူ၏ဆုံးဖြတ်ချက်ကို ချက်ချင်းပြောင်းလိုက်သည်။ တိဘက်လားမားဘုန်းကြီးခြောက်ဦးမှာ အကွဲကွဲအပြားပြား ဖြစ်နေကြသည်။ သူတို့တစ်ဦးချင်း ဘယ်ဆီရောက်နေသည်ကို ဂျမဒါမြဒင် မခန့်မှန်းတတ်။ အဆောင်ဆောင်အခန်းခန်း စကြံအသွယ်သွယ်ရှိသော ရှုပ်ထွေးလှသည့် ကျောင်းတော်ကြီးအနှံ့ လားမားတစ်ဦးချင်းကို လိုက်ရှာသတ်ဖြတ်ဖို့ဆိုသည်မှာ လုံးဝ မလွယ်ကူလှပါ။ သူ့အတွက် အလွန်အန္တရာယ်များမည်သာဖြစ်၏။

ပြီးတော့ လားမားတို့မှာ တိုက်ခိုက်မှုအတတ်ကို ကျွမ်းကျင်သူများဖြစ်ရာ သူ့ဘက်က တိုက်ပွဲစသည်နှင့် လားမားတို့က သူ့ကို ဝိုင်းဝန်းပြီး ချိုင်တိုက်ခိုက်တော့မှာဖြစ်သည်။

သည်တော့ သူက လားမားအားလုံးကို အရင်ရှင်းပစ်ရန်အစီအစဉ်ကို ဖျက်လိုက်ပြီး ရတနာပစ္စည်းကို ဦးစွာရယူရန်သာ ဆုံးဖြတ်လိုက်လေ၏။

ပစ္စတိုသေနတ်ကို တင်းတင်းဆုပ်ကိုင်လျက် ဗဟိုကျောင်းတိုက်ဆီသို့ စကြံအတိုင်း ဂျမဒါမြဒင်သွားနေသောအချိန်ဝယ် လှကွမ်းမှာ ကျောင်းတော်ကြီး၏ အောက်ဆုံးထပ် ရုံးခန်းကြီးထဲ ရောက်ရှိနေကာ ယမန်နှစ်က ကျောင်းသားဦးရေ စာရင်းဇယားတို့ကို ပြန်လည်စစ်ဆေးလျက်ရှိလေ၏။

ယဲ့ကွမ်းမှာမူ ကျောင်းထိုင်ဆရာတော်ဘုရားကြီး၏ အဆစ်အမြစ်နာအား ကုသပေးရန် ဗဟိုမီးဖိုခန်းဆောင်ကြီးထဲဝယ် ဆေးကျိုနေလေ၏။

အခြား လားမားကိုယ်တော်တို့မှာမူ သူတို့၏ အဆောင်ခန်းအသီးသီးဝယ် ပုတီးစိပ်လျက်ရှိနေကြပြီး ကျောင်းထိုင်ဆရာတော်ဘုရားမှာ ဗဟို



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတိုက်ကြီး၏ စတုတ္ထထပ်ရှိ သူ၏ကျက်သရေဆောင်အတွင်းမှ သလွန်ပေါ်ဝယ် မှိုင်းနံ့ကိုရှိုက်ကာ မျက်လုံးကိုစုံမှိတ်လျက် ဝေဒနာကို ရှုမှတ်လျက် ရှိလေ၏။

ဂျမဒါမြွေဒင်မှာ ဘေးဘီကို သတိထားကြည့်ပြီး ဗဟိုကျောင်းတိုက်၏ အုတ်လှေကားများအတိုင်း ခြေသံမကြားအောင် တစ်ထစ်ချင်း တက်လာခဲ့လေပြီ။

တံခါးများပိတ်ထားသော ဗဟိုကျောင်းတိုက်၏ အောက်ထပ်များကို ကျော်လွန်ခဲ့ပြီးနောက် စတုတ္ထထပ်သို့ ဂျမဒါမြွေဒင် ရောက်ရှိလာခဲ့ပြီး သူက စတုတ္ထအထပ်တွင်းသို့ အသာကပ်ပြီး စူးစမ်းကြည့်လိုက်ရာ ခန်းဆောင်၏ အလယ်မှ သလွန်ထက်ဝယ် ကျောင်းထိုင်လားမားဘုန်းတော်ကြီးတစ်ပါး တည်း ထိုင်နေသည်ကိုတွေ့ရရာ ကျေနပ်စွာပြုံးလိုက်ပြီးနောက် ကျောင်းထိုင်လားမားဘုန်းတော်ကြီးကို သေနတ်ဖြင့်ချိန်ကာ စတုတ္ထထပ်ခန်းဆောင်ထဲသို့ တစ်လှမ်းချင်း ဝင်လာခဲ့လေ၏။

သူ၏ ညင်သာသောခြေသံကို ပါးလှပ်သောနားက ကြားသဖြင့် ကျောင်းထိုင်လားမားဆရာတော်ကြီးက မျက်လုံးဖွင့်ကြည့်လိုက်လေ၏။

''မလှုပ်နဲ့''

ဟု ဂျမဒါမြွေဒင်က အံကြိတ်ကာ အမိန့်ပေးလိုက်ပြီး ရှေ့သို့ တစ်လှမ်းချင်းတိုးလာရာ ကျောင်းထိုင်လားမားဆရာတော်ကြီးက သူ့ကို စူးစိုက်ကြည့်နေလေ၏။

ဂျမဒါမြွေဒင်မှာ လားမားကြီးအား သတိထားလျက် သေနတ်ဖြင့် အနီးကပ်ချိန်ထားရာမှ လားမားဆရာတော်ကြီး၏ လည်ပင်းမှ အဝတ်ဆွဲကြိုးကို ဆတ်ခနဲ ဆွဲဖြုတ်ယူလိုက်ရာ အဝတ်ဆွဲကြိုးရော၊ ပုတီးကုံးပါ ပြတ်ပါလာပြီး ပုတီးစေ့တို့က ကြမ်းပြင်ပေါ်သို့ တဖောက်ဖောက်ဖြင့် ပြုတ်ကျပြီး လွင့်ချင်ရာသို့ လွင့်လိမ့်သွားကြတော့၏။

အဝတ်ဆွဲကြိုး၏အဖျားဝယ် ရွှေသော့ကလေးကို မြင်လိုက်ရာ ဂျမ





ဒါမြွေဒင်၏တစ်ကိုယ်လုံး ပီတိဖုံးပြီး မျက်နှာကြီးပြုံးသွားလေ၏။

ကျောင်းထိုင်လားမားဆရာတော်ကြီးမှာ အဆစ်အမြစ်များ ရောင်ပြီး ကိုက်ခဲလျက်ရှိကာ လှုပ်လှုပ်ရှားရှား သိပ်မလုပ်နိုင်သဖြင့် ဂျမဒါမြွေဒင်ကိုသာ မျက်လုံးဝါးဝါးကြီးစိုက်ကြည့်လျက် နေလေ၏။

ဂျမဒါမြွေဒင်လည်း အရုပ်ကြီးတစ်ရုပ်လိုဖြစ်နေသော ကျောင်းထိုင်လားမားဆရာတော်ကြီးကို ဂရုမစိုက်တော့ဘဲ ရွှေသော့ကို လက်ဝယ်ဆုပ်ကိုင်ကာ စတုတ္ထအထပ်မှ ပြေးထွက်လိုက်ပြီး အပေါ်ဆုံး ပဉ္စမထပ်သို့ ပြေးတက်ခဲ့တော့၏။

ဗဟိုကျောင်းတိုက်၏ အပေါ်ဆုံးထပ်တံခါးမှာ သစ်သားတံခါးချပ်ဖြစ်ပြီး ထုထည်ကြီးမားခိုင်ခန့်လှ၏။ ယင်းတံခါးရွက်၏အလယ်ရှိ သော့ပေါက်ထဲသို့ ရွှေသော့တံကိုထိုးထည့်ကာ လှည့်ဖွင့်လိုက်ရာ ချောက်ခနဲအသံမြည်လျက် သော့ပွင့်သွားသည်တွင် ဂျမဒါမြွေဒင်က တံခါးရွက်ကို ခပ်မြန်မြန် တွန်းဖွင့်လိုက်လေ၏။

ဂျမဒါမြွေဒင်မှာ အခန်းဆောင်ထဲ ပြေးဝင်လိုက်ပြီး ကြည့်လိုက်ရာ အခန်းဆောင်၏ အရှေ့ဘက်ထောင့်၌ ရွှေသားပလ္လင်တစ်ခုရှိကာ ယင်းရွှေပလ္လင်ပေါ်ဝယ် စံပယ်လျက်ရှိသော မြဆင်းတုတော်ကို တွေ့ရလေ၏။ တံခါးပေါက်မှဝင်လာသော အလင်းရောင်ရိုက်ခတ်မှုကြောင့် မြဆင်းတုတော်၏ ကိုယ်ရှိတော်မှ ပတ္တမြားနှင့် စိန်တုံးတို့မှာ ရောင်စဉ်များဖြာကာ ဖျပ်ဖျပ်လက်လျက် ရှိတော့၏။

ဂျမဒါမြွေဒင်မှာ မှင်တက်မိသလို ဖြစ်သွားရာမှ ချက်ချင်း သတိဝင်လာပြီး လောဘရမ္မက်သွေးများ တစ်ကိုယ်လုံး ဆူပွက်သွားကာ ရွှေပလ္လင်ပေါ်မှ မြဆင်းတုတော်ကို အလျှင်အမြန်ဖားယား ပြေးယူလိုက်လေ၏။ ထို့နောက် ပဉ္စမထပ်မှပြေးထွက်ကာ ကျောက်သားလှေကားထစ်များအတိုင်း ခပ်မြန်မြန် ပြေးဆင်းလာစဉ် ဗဟိုမီးဖိုခန်းဆောင်ကြီးထဲမှ ဆေးရည်အင်တုံကိုမှ ထွက်လာသော ယဲ့ကွမ်းနှင့် ပက်ပင်းဆုံတော့၏။


www.burmeseclassic.com

www.burmeseclassic.com



ယဲ့ကွမ်းမှာ ဗဟိုကျောင်းတိုက်မြင့်ပေါ်မှ ဒရောသောပါး ပြေးဆင်းလာသော ဂျမဒါမြဒင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရရာ ရုတ်တရက် အံ့အားသင့်သွားရာမှ ဂျမဒါမြဒင်၏ ဘယ်ဘက်လက်ထဲမှ မြဆင်းတုတော်ကို သတိပြုမိသည်တွင် လွန်စွာ တုန်လှုပ်ချောက်ချားသွားပြီး အခြေအနေကိုလည်း နားလည်သွားကာ မျက်နှာမည်းခနဲ ပျက်သွားတော့၏။

"ဟင် . . . မင်း . . . မင်း . . . ဒါ ဘာလုပ်တာလဲ"

ဟု ယဲ့ကွမ်းက ဒေါသဖြစ်တုန်လှုပ်စွာ အော်မေးလိုက်စဉ် ဂျမဒါမြဒင်မှာ ပခွတိုဖြင့်ပစ်ထည့်လိုက်ရာ စိတ်လွန်စွာလှုပ်ရှားနေသဖြင့် ကျည်ဆန်မှာ ယဲ့ကွမ်း၏ရင်ဝဆီသို့ ဦးတည်မသွားဘဲ ယဲ့ကွမ်း လက်နှစ်ဖက်ဖြင့် ကိုင်မ,လာသော ဆေးရည်အင်တုံကိုသာ မှန်သွားကာ အင်တုံမှာ ခွမ်းခနဲ ကွဲသွားတော့၏။

ထိုအခါ ဂျမဒါမြဒင်က နောက်တစ်ချက်ပစ်လိုက်ရာ ယဲ့ကွမ်းက ကျွမ်းပစ်ကာရှောင်လိုက်နိုင်သော်လည်း စစ်ရေဲဝကာ သေနတ်နှင့်ယဉ်ပါးလှသော ဂျမဒါမြဒင်၏ တတိယကျည်ကမူ ယဲ့ကွမ်း၏ရင်ဝကို ဖောက်ထွက်သွားတော့၏။

သေနတ်သံ သုံးချက်ဆက်တိုက်ကြားရသဖြင့် လုကွမ်းမှာ ကျောင်းရုံးခန်းထဲမှ ကမန်းကတန်းပြေးထွက်လာစဉ် ဂျမဒါမြဒင်သည် ကျောင်း၏ဝရန်တာပေါ်မှ မြေပြင်ရှိ နှင်းခဲတို့ပေါ်သို့ ခုန်ချသွားပြီဖြစ်ပါ၏။

ဗဟိုမီးဖိုဆောင်ရှေ့ ကျောက်သားကြမ်းပြင်ပေါ်ဝယ် သွေးအလိမ်းလိမ်းဖြင့် လဲကျနေသော ယဲ့ကွမ်းကိုတွေ့ရရာ လုကွမ်းမှာ လွန်စွာ ချောက်ချားတုန်လှုပ်သွားပြီး ယဲ့ကွမ်းထံပြေးသွားစဉ် ယဲ့ကွမ်းက ဂျမဒါမြဒင် ပြေးသွားရာဘက်သို့ လက်ညှိုးညွှန်ပြပြီး . . .

"အစ်ကို . . . ငါ့ကို ဂရုမစိုက်နဲ့၊ မြဆင်းတုတော် ပါသွားပြီ . . . လိုက် . . . လိုက်"

ဟု အော်ဟစ်လိုက်သည်မို့ လုကွမ်းမှာလည်း ယဲ့ကွမ်းညွှန်ပြရာ





ဘက် ပြေးလိုက်ခဲ့ရာ ကျောင်းတော်နှင့်ခပ်လှမ်းလှမ်းသို့ ဂျမဒါမြဒင် ရောက်ရှိနေသည်ကို တွေ့ရပြီး သူ့လက်ထဲမှာလည်း မြဆင်းတုတော်ကို တွေ့ရသဖြင့် ဒေါသပြင်းစွာထွက်သွားကာ ကျောင်းဝရန်တာမှ အောက်သို့ ခုန်ချလိုက်ပါတော့၏။

နှင်းခဲများပေါ်သို့ ကြောင်ကျကျသွားသော လုကွမ်းမှာ လေ၏လျင်မြန်ခြင်းမျိုးဖြင့် ဂျမဒါမြဒင်၏နောက်သို့ ပြေးလိုက်စဉ် ဂျမဒါမြဒင်မှာ ဆီးနှင်းခဲများပေါ်မှ တောင်စောင်းဆင်ခြေလျှောအတိုင်း လျှောချသွားတော့၏။

လုကွမ်းလည်း ခုန်ပျံကျော်လွှား၍ လိုက်ခဲ့ရာ ဂျမဒါမြဒင်၏ရှေ့ဝယ် ရှစ်ပေ၊ ကိုးပေခန့်ကျယ်သော ပြတ်ရွှေ့ချောက်ကြီးတစ်ခု ခံနေသည်ကို ဘွားခနဲ တွေ့လိုက်ရလေလျှင် နောက်မှ လုကွမ်းလိုက်လာသည်ကို သိသဖြင့် ဂျမဒါမြဒင်မှာ အားမာန်အပြည့်ဖြင့် ခုန်ကူးလိုက်လေ၏။ မက်ဆိုပိုတေးမီးယားစစ်ပြန်ကြီးမှာ လွန်စွာနက်သော ချောက်ကမ်းပါးကို အောင်မြင်စွာ ခုန်ကူးလိုက်နိုင်သော်လည်း ချောက်၏တစ်ဖက်သို့ရောက်သည်တွင် လူမှာ နှစ်ပတ်သုံးပတ် ကျွမ်းပစ်လိမ့်ထွက်သွားရာ သူ၏လက်ထဲမှ မြဆင်းတုတော်မှာ ဆီးနှင်းများကြောင့် ချော်ထွက်ပြီး ချောက်ဘက်သို့ လွင့်မြောက်သွားတော့၏။

ချောက်ကို နောက်မှခုန်ကူးလိုက်သော လုကွမ်းမှာ ချောက်ဘက်သို့ လွင့်မြောက်လာသော မြဆင်းတုတော်ကို လေထဲမှာပင် လက်တစ်ဖက်ဖြင့် ဖမ်းဆုပ်လိုက်နိုင်ပြီး လူကလည်း ချောက်၏တစ်ဖက်သို့ ရောက်ရှိသွားလေ၏။ သို့သော် သူ နှင်းခဲများအပေါ် ကြောင်ကျကျသွားစဉ် ဂျမဒါမြဒင်က လက်ထဲဝယ်ရှိဆဲဖြစ်သော ပခွတိုဖြင့် ထိုးပစ်လိုက်ရာ သေနတ်ကျည်ဆန်မှာ လုကွမ်း၏ ဘယ်ဘက်ပခုံးကို ရှပ်မှန်သွားပြီး လုကွမ်းမှာ မြဆင်းတုတော်ကို ဆုပ်ကိုင်လျက်မှ ချောက်ထဲသို့ လွင့်ကျသွားပါတော့သတည်း။

✧



www.burmeseclassic.com

www.burmeseclassic.com

"အဖြစ်အပျက်ကတော့ အဲဒီအတိုင်းပဲ မောင်သံပုံးရဲ့"

ဟု လုကွမ်းက အတိတ်ဖြစ်ရပ်ကို လုံးစေ့ပတ်စေ့ ပြောပြပြီးနောက် မောသွားဟန်ဖြင့် သူ၏ရေဘူးထဲမှ ရေကို မော့သောက်လိုက်ပြန်၏။

"ဒါ ... ဒါဆို မြဆင်းတုတော်က ဂျမဒါမြဒင်ရဲ့လက်ထဲ ပါမသွားဘူးပေါ့ ... ဟုတ်လား ဦးရီးလုကွမ်း"

ဟု မောင်သံပုံးက စိတ်ဝင်စားစွာမေးလိုက်လျှင် လုကွမ်းက နှုတ်ခမ်းကိုမဲ့လိုက်ပြီး ...

"ဘယ်ပါသွားမလဲကွာ ... ငါ့ရဲ့အသက်သေမှ သင်း မြဆင်းတုတော်ကို ရစေမယ် ... ဟင်း"

ဟု အံကြိတ်ကာ ပြောလိုက်လေ၏။ မောင်သံပုံးက လုကွမ်းအား ကရုဏာသက်စွာကြည့်ရင်း ...

"ဒါထက် ဦးရီးက ချောက်ထဲကျသွားပေမယ့် ဘာမှ မဖြစ်ခဲ့ဘူးလား"

ဟု မရဲတရဲမေးလိုက်ရာ လုကွမ်းက ပြုံးလိုက်ပြီး ...

"ငါ ဘာမှ မဖြစ်ခဲ့ပါဘူး။ ချောက်ရဲ့အောက်ခြေမှာ စီးဆင်းနေတဲ့ ရေခဲမြစ်ထဲ ထိုးကျသွားပြီး ရေပေါ်ကူးခပ် ပြန်တက်နိုင်ခဲ့တယ်လေ၊ ဟိုလူ ယုတ်မာကောင်ရဲ့နောက်ကိုတော့ မလိုက်နိုင်တော့ဘူးပေါ့၊ ငါဟာ ချောက်ထဲကနေ နွယ်တွေကိုခိုပြီး ပြန်တက်ခဲ့ရတယ်၊ ဘာပဲဖြစ်ဖြစ် လူယုတ်မာ မြဒင်ရဲ့လက်ထဲက မြဆင်းတုတော်ကို မှည့်တစ်ပေါက်မစွန်းဘဲ ပြန်ရယူခဲ့နိုင်တာကိုတော့ ဂုဏ်ယူမိတယ်ကွာ"

ဟု ပြုံးလျက်ပြောနေရာမှ မျက်နှာညှိုးကျသွားပြီးနောက် အဝေးသို့ ငေးရီကြည့်ကာ ...

"ဒါပေမဲ့ ငါ့ရဲ့အမြွာညီ ယဲ့ကွမ်းရဲ့အသက်ကိုတော့ ပေးလိုက်ရတယ်ပေါ့"

ဟု တစ်လုံးချင်း ဆွေးမြည့်စွာ ပြောလိုက်လေ၏။ ထို့နောက်





လုကွမ်းသည် မျက်နှာကြီးနီလာပြီး ...

"အဲဒါကြောင့် ငါဟာ မြဆင်းတုတော်ကို ဆရာတော်ဘုရားကြီးရဲ့ လက် ပြန်အပ်ပြီးတာနဲ့ ငါ့ကို ကျောင်းတော်ကနေရော, လားမားဘုန်းကြီး အဖြစ်ကပါ ထွက်ခွင့်တောင်းပြီး ငါ့ရဲ့ညီအပေါ် ကျေးဇူးကန်း သတ်ဖြတ်သွားတဲ့ လူယုတ်မာ ဂျမဒါမြဒင်ကို မတွေ့တွေ့အောင် ရှာဖွေလက်စားချေဖို့ လိုက်လာခဲ့တာပဲကွ ...၊

"ဒါကြောင့် ငါဟာ မြို့တစ်မြို့, ရွာတစ်ရွာမှာ အခြေချပြီး နေလို့ မဖြစ်ဘဲ မြို့ရွာအနှံ့သွားလို့ နှစ်ပေါင်းများစွာ မတွေ့မချင်း သင်းကို ရှာဖွေနေခဲ့တာပဲ မောင်သံပုံးရဲ့၊ ကဲ ကဲ.. ညဉ့်လည်းနက်လာပြီ ... မင်းလည်း အိပ်တော့"


ဟု ပြောကာ လုကွမ်းမှာ ဖျာပ်ကြမ်းပြင်ပေါ်သို့ လှဲချလိုက်ပါတော့သတည်း။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



## ❖ နေရောင်ခြည်ပျောက်ဆုံးခြင်း ❖

နောက်တစ်နေ့နံနက် မောင်သံပုံး အိပ်ရာမှနိုးသောအခါ လုကွမ်းကို မတွေ့ရတော့ချေ။

လုကွမ်းအစား စာရွက်တစ်ရွက်နှင့် ယင်းစာရွက်ပေါ်မှ ငွေဆွဲကြိုးလေးနှင့် ငွေကြေးတ်လေးတို့ကိုသာ တွေ့ရလေတော့၏။

မောင်သံပုံးမှာ သူတစ်ခါမှ မတွေ့ဖူးသော ငွေဆွဲကြိုးလေးနှင့် ငွေကြေးတ်ကလေးကို သေချာကြည့်လိုက်ပြီးနောက် စာရွက်ခေါက်လေးကို ဖွင့်ကာ ဖတ်ကြည့်လိုက်လေ၏။

BURMESE CLASSIC .com

မောင်သံပုံး . . .

လူဆိုတာ ကိုယ့်တာဝန် ကိုယ်ထမ်းလို့ ကိုယ့်လမ်း ကိုယ်သွားရစမြဲဆိုတဲ့ စကားအတိုင်း ငါဟာလည်း ငါ့ဝန်ငါထမ်းဖို့ ငါ့လမ်း ငါသွားပြီ။ မင်းလည်း မင်းဝန်မင်းထမ်းပြီး မင်းလမ်းကို မင်းသွားပေရော့။

မင်းလည်း အရွယ်ရောက်ပြီပဲ။ မင်း ငါ့နောက်လိုက်နေခဲ့တဲ့ ကာလတစ်လျှောက် ငါ မင်းကို ပညာမျိုးစုံ အလျဉ်းသင့်သလို သင်ပေးခဲ့ပြီ။ အသိပညာတွေလည်း ပေးဝေခဲ့ပြီ။

ဒီတော့ အတောင်အလက်စုံပြီဖြစ်တဲ့ မင်းဟာ မင်းရဲ့လမ်းကို





မင်းလျှောက်ပေတော့။

ငါ့အရိပ်ကိုခိုပြီး ငါ့နောက်ဆက်လိုက်နေလို့ မင်းရဲ့ဘဝဟာ တိုးတက်ကြီးပွားလာမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆို မင်း အမှီသဟဲပြုနေတဲ့ ငါကိုယ်တိုင်က ကြီးပွားလိုစိတ်ရှိတာမှ မဟုတ်ဘဲ။

ကြီးပွားလိုစိတ်မရှိသူရဲ့ လောင်းရိပ်မိနေတဲ့ မင်းဟာ ဘယ်တော့မှ ကြီးပွားလာမှာမဟုတ်ဘူး။ ဒါကြောင့် မင်းရဲ့ဘဝ တက်လမ်းအတွက် မင်းလမ်းကို မင်းထွင်လျှောက်နိုင်ဖို့ မင်းကို ငါ လမ်းခွဲပြီးထားခဲ့ပြီ။

ခရီးကြုံလမ်းကြုံအနေနဲ့ မင်း ငါ့ကို ကူညီချင်တယ်ဆိုရင်တော့ ငါပေးထားခဲ့တဲ့ ငွေကြေးတ်လေးထဲမှာ ငါရှာဖွေနေတဲ့ ငါ့ရဲ့ မဟာရန်သူ ဂျမဒါမြဒင်ရဲ့ပုံတူကို ငါ အတတ်နိုင်ဆုံးတူအောင် ဆွဲထားတာ ရှိတယ်။

အဲဒီပုံထဲကလူနဲ့ တူတဲ့သူတွေ့ရင် သူရိယသတင်းစာထဲမှာ တွေ့တဲ့ဒေသ မြို့ရွာအမည်ကို ရှေ့ကတင်ပြီး ဥပမာ ပဲခူးမြို့မှာ သူ့ကိုတွေ့တယ်ဆိုပါတော့ကွာ . . . အဲဒီလိုဆိုရင် ပဲခူးမှာ နေနဲ့လနဲ့ နှစ်ပါးဆိုင်ပြီလို့ ကြော်ငြာထည့်ပေးပါ။ ငါ သူရိယသတင်းစာကို နေ့စဉ် စောင့်ကြည့်ဖတ်နေပါ့မယ်။

ဒါကလည်း မင်းက ငါ့ကိုကူညီပြီး ဝိုင်းရှာပေးချင်တယ်လို့ ပြောထားတဲ့စကား ရှိလို့ပါ။ မင်းရဲ့ ဘဝရှေ့ခရီးကို လျှောက်လှမ်းရာမှာ ငါမှာထားဖူးတဲ့အတိုင်း ဂငယ်သုံးလုံးကို မမေ့ပါနဲ့။

ငါတို့နှစ်ယောက် ခုနစ်နှစ်၊ ရှစ်နှစ်အတွင်း ရှာဖွေထားတဲ့ ငွေအားလုံးလိုလိုကို မင်းရဲ့ ကြီးပွားရာလမ်းမှာ အရင်းအနှီးအဖြစ် အသုံးပြုဖို့ မင်းရဲ့ လွယ်အိတ်ထဲမှာ သေချာထည့်ပေးထားခဲ့တယ်။

ကံကြုံရင်တော့ ပြန်ဆုံကြသေးတာပေါ့ကွာ။

လုကွမ်း



www.burmeseclassic.com

www.burmeseclassic.com



လုကွမ်းခေါ်စာကို ဖတ်ပြီးနောက် မောင်သံပုံးမှာ ဝမ်းနည်းကြေကွဲသလို ခံစားလိုက်ရသည်။ ရင်ထဲဝယ် ဟာတာတာဖြစ်သွားကာ အားငယ်သလိုလည်း ဖြစ်သွားရလေ၏။

သူ့ကို လူမမယ်အရွယ်ကတည်းက လက်တွဲခေါ်ယူ ကျွေးမွေးစောင့်ရှောက်လာခဲ့သော လုကွမ်းကို သူ့ဦးရီးအရင်းလို တွယ်တာသံယောဇဉ်ဖြစ်မိပြီမို့ ယခုကဲ့သို့ ရုတ်တရက်ကြီး မပြောမဆို ခွဲခွာထားရစ်သွားသဖြင့် စိတ်ဝယ် တမြေ့မြေ့ ခံစားရလေသည်။

မောင်သံပုံးမှာ စာကိုကိုင်လျက် ငိုင်နေရာမှ သတိပြန်ဝင်လာပြီး ငွေကြုတ်လေးကို လှည့်ဖွင့်ကြည့်လိုက်သည်။ ငွေကြုတ်လေး၏အဖုံး ပွင့်သွားသည်တွင် ငွေကြုတ်လေးထဲမှ မှိုင်းခံစာရွက်လိပ်လေးတစ်လိပ် ထွက်ကျလာလေ၏။ ယင်းမှိုင်းခံစာရွက်လိပ်အား ဖြန့်ကြည့်လိုက်ရာ စာရွက်ပေါ်ဝယ် ခဲတံဖြင့် လူတစ်ယောက်၏မျက်နှာပုံ ရေးဆွဲထားသည်ကို တွေ့ရလေ၏။

မေးရိုးကားကား၊ နှာတံမြင့်မြင့်၊ မျက်ခုံးကောင်းကောင်း၊ မျက်နှာတည်တည်နှင့် မုတ်ဆိတ်မွေး ပါးပြိုင်းမွေးများရှိနေသော ထိုလူမှာ ဂျမဒါမြဒင်၏ပုံပင် ဖြစ်ပေတော့၏။

ဂျမဒါမြဒင်၏ပုံကို မောင်သံပုံးက စူးစူးရဲရဲ စိုက်ကြည့်နေရာမှ စာပါအကြောင်းအရာတစ်ခုကို သတိရသွားပြီး သူ ညက ခေါင်းအုံးအိပ်ခဲ့သည့် သူ့လွယ်အိတ်ကိုယူပြီး လွယ်အိတ်ထဲသို့ ကြည့်လိုက်ရာ လုကွမ်း မည်သို့ထည့်ထားမှန်းမသိသော စက္ကူထုပ်တစ်ထုပ်ကို တွေ့ရလေ၏။ စက္ကူထုပ်ကို ဖြည်လိုက်သည့်အခါမှာတော့ စက္ကူထုပ်ထဲမှ အင်္ဂလိပ်ငွေစက္ကူများ အထပ်လိုက် ထွက်လာသည်ကို တွေ့ရလေ၏။

မောင်သံပုံးမှာ ဘေးဘီသို့ အကဲခတ်ကြည့်လိုက်ရာ သူတို့တည်းခိုရာ ဇရပ်မှာ မြို့စွန်၌ရှိနေသဖြင့် အနီးအပါးဝယ် လူသူအရိပ်အယောင်လုံးဝ မတွေ့ရချေ။ ထိုအခါမှ မောင်သံပုံးမှာ စိတ်အေးသွားပြီး ငွေစက္ကူများကို ရေတွက်ကြည့်ရာ အားလုံး နှစ်ထောင့်ငါးရာကျော်ရှိကြောင်း တွေ့ရရာ ဝမ်းသာသွားသလို စိတ်မကောင်းလည်းဖြစ်သွားရလေ၏။

"အင်း ... ဒီငွေတွေဟာ တကယ်တော့ ဦးရီးလုကွမ်း ရှာဖွေခဲ့တဲ့ ငွေတွေပဲ၊ သူ ခုနစ်နှစ်၊ ရှစ်နှစ်လုံးလုံး ရှာဖွေခဲ့တဲ့ ငွေတွေအားလုံး ငါ့ကို ပုံပေးခဲ့တယ်ဆိုတာ နည်းတဲ့စေတနာ မေတ္တာလား ... ဒီကြားထဲ ငါ့ကို ပညာမျိုးစုံသင်ပေး, ထမင်းလည်းကျွေး, အဝတ်အစားလည်း ဆင်ပေးခဲ့ရှာတယ်၊ ဦးရီး လုကွမ်းရဲ့ကျေးဇူး ငါ့အပေါ် ကြီးမားလှပါတယ် ...၊

ဒီတော့ သူ့ရဲ့ကျေးဇူးကို ဆပ်တဲ့အနေနဲ့ သူ့ရဲ့ရန်သူ ဂျမဒါမြဒင်ဆိုတဲ့လူကြီးကို တွေ့အောင်ဗိုင်းရှာပေးရမယ်၊ ပြီးတော့ သူ့ရဲ့စကားကို နားထောင်တဲ့အနေနဲ့ ဂယေ်သုံးလုံးကိုဆောင်ပြီး ငါ့ရဲ့ဘဝ တိုးတက်ကြီးပွားအောင် ကြိုးစားရမယ်"

ဟု မောင်သံပုံးမှာ စိတ်ထဲမှ ကြုံးဝါးလိုက်ပါတော့သတည်း။

BURMESE CLASSIC .com

✧ ✧ ✧





www.burmeseclassic.com

www.burmeseclassic.com



## ❖ တတိယဂငယ်ကိုမေ့လျော့သူ ❖

BURMESE CLASSIC .com

မောင်သံပုံးမှာ လုကွမ်းပေးသွားသော ငွေဆွဲကြိုးလေးကို လည်ပင်းမှာဆွဲပြီး ငွေစက္ကူအထုပ်ကို လွယ်အိတ်၏အတွင်းထဲ သေချာထည့်ကာ လွယ်အိတ်ကို စလွယ်သိုင်းလိုက်လျက် ဇရပ်မှ ထွက်လာခဲ့တော့၏။

သူသည် မကိုင်စဖူး ငွေစက္ကူများကို အထပ်လိုက်ကိုင်ရကာ ငွေစက္ကူများကို အထုပ်လိုက် မပိုင်စဖူးပိုင်ရသဖြင့် စိတ်ဝယ် လွန်စွာမြူးလျက် လမ်းလျှောက်ရသည့်ကိုပင် ခြေထောက်နှင့်မြေကြီး ထိသည်ဟုမထင်နိုင်အောင် ဖြစ်နေလေ၏။

"ငါ့မှာ ငွေတွေအများကြီးရှိတယ် . . . ငါဘာလုပ်ရမလဲ, ဘာလုပ်ရမလဲ၊ အင်း . . . ဘာလုပ်ရမလဲဆိုတော့ အဲဒီငွေတွေကို ရင်းနှီးမြှုပ်နှံပြီး လုပ်ငန်းလုပ်ရမှာပေါ့၊ ဟုတ်တယ် . . . လုပ်ငန်းလုပ်ရမယ်၊ အဲ . . . လုပ်ငန်းလုပ်မယ်ဆိုရင်တော့ ဘာလုပ်ငန်းလုပ်ရင် ကောင်းမလဲ, ဘာလုပ်ငန်းလုပ်ရင် ကောင်းမလဲ"

မောင်သံပုံးမှာ အရွယ်ရောက်ပြီဖြစ်သည့် လူငယ်တစ်ဦးဖြစ်သော်လည်း ငယ်စဉ်မှစ၍ လုကွမ်း၏ဦးဆောင်မှုဖြင့်သာ ကျင်လည်ခဲ့ရသူဖြစ်သဖြင့် ယခုလို ရုတ်တရက်ကြီး လုကွမ်းက စွန့်ခွာသွားပြီး ငွေကို အထုပ်လိုက်ပေးခဲ့သည့်အခါ မည်သို့လုပ်ရမည်မှန်းမသိဘဲ ယောင်ချာချာဖြစ်လျက်ရှိ၏။

သို့ဖြင့် မောင်သံပုံးသည် မြို့ထဲသို့ဝင်ခဲ့ကာ ဈေးထဲသို့ သွားလိုက်၊





ပွဲရုံများဘက်သို့ သွားလိုက်ဖြင့် ဟိုလုပ်ငန်း လုပ်ရကောင်းနိုး၊ သည်လုပ်ငန်းလုပ်ရကောင်းနိုး စဉ်းစားရင်းဖြင့်သာ နေ့ဝက် ကုန်လာခဲ့တော့၏။

လုကွမ်းနှင့်အတူ လုပ်ကိုင်ခဲ့သော ဂျုံရောင်စုံအရုပ်လေးများ ပြုလုပ်ရောင်းချ စားသောက်ရန်မူ သူသည် စိတ်ကူးခြင်းမရှိချေ။

"ဒီလောက်ငွေတွေအများကြီး ရှိနေမှတော့ ငွေရင်းများများ မြှုပ်နှံပြီး များများမြတ်မယ့် ရောင်းဝယ်ဖောက်ကားစရာ လုပ်ငန်းအများကြီး ရှိနေတာပဲ . . . အဲဒီလုပ်ငန်းတွေထဲက တစ်ခုခုကိုပဲ ရွေးချယ်လုပ်ရမယ်၊ အဲဒီလိုရွေးချယ်နိုင်ဖို့ ပထမဆုံး လုပ်ငန်းတွေကို လျှောက်လေ့လာရမယ်၊ လေ့လာပြီးမှ စိတ်ကြိုက်ရွေးချယ်ရမယ်၊ လောလောဆယ် ငါ ဘာအလုပ်မှ မလုပ်လို့လည်း ပူစရာမလိုပါဘူး . . . ငါ့မှာ ငွေတွေအများကြီး ရှိနေတာပဲ"

သူသည် ခပ်ပေါ့ပေါ့တွေးရင်း မြို့လယ်မှ ဈေးဆိုင်ကနားတို့ကို ဟိုကြည့်သည်ကြည့်ဖြင့် ကြည့်ရှုလာရာမှ ဆိပ်ကမ်းဘက်သို့ ရောက်လာတော့၏။ သူရောက်ရှိနေသောမြို့မှာ ရေဝတီမြစ် ဆိပ်ကမ်းမြို့ဖြစ်ရာ ဆိပ်ကမ်းဝယ် ကုန်တင်လှေကြီးများဆိုက်ကပ်လျက် ကုန်တင်ကုန်ချ ပြုလုပ်နေသူများ၊ အညာလှေဖြင့်ပါလာသော ကုန်တို့ကို ဆိပ်ကမ်းမှာပင် ရောင်းဝယ်ဖောက်ကားပြုနေသူများနှင့် ဆိပ်ကမ်းတစ်ခုလုံးမှာ ပျားပန်းခပ်မျှ စည်ကားလျက် ရှိလေ၏။

မောင်သံပုံးမှာ ယောင်ချာချာဖြင့် ဟိုကြည့်သည်ကြည့် လုပ်နေရာမှ လှေလုပ်သားများထွက်သွားသည့် သောင်ပြင်ကြီးအတိုင်း လျှောက်လာခဲ့ရာ ဝဲဘက်မှ ကျယ်ပြောရှည်လျားလှသော သောင်ပြင်ကြီး၏ရေစပ်၌ ကုန်တင်လှေကြီးနှစ်စီး လွှန်းတင်ထားသည်ကို တွေ့ရလေ၏။

ကုန်တင်လှေကြီးများ ဆိုက်ကပ်ရာဆိပ်ကမ်းနှင့် လွှန်းထော လုပ်ငန်းပြုလုပ်ရာ သောင်ပြင်ကြီးအကြားဝယ် အင်ကြင်းစွန်းဖြစ်ပေါ်လျက်ရှိပြီး ယင်းအင်ကြင်းစွန်းဝယ် သစ်ပင်အုပ်အုပ်တို့ ပေါက်ရောက်လျက်ရှိ၍ ယင်းသစ်



www.burmeseclassic.com

www.burmeseclassic.com

တောအုပ်၌ လူအချို့ စုရုံးစုရုံးဖြစ်နေလေ၏။

ထိုစုရုံးစုရုံးဖြစ်လျက်ရှိသော လူအုပ်စုထဲဝယ် လေ့သူကြီးက ကြို ငွေထုတ်ပေးလိုက်သော လေ့လုပ်သားတို့ ပါသကဲ့သို့ လွှန်းထောင်လုပ်ငန်းမှ လစ်ထွက်လာသော လွှန်းလက်သမားတို့လည်း ပါဝင်ကာ သူတို့သည် လက်ထဲဝယ် ငွေစများကိုကိုင်လျက် သဲသောင်ပြင်ညီပေါ်၌ အန်စာတုံးလှိမ့်ကာ လောင်းကစားကျိုတ်ဝိုင်း ပြုလုပ်လျက်ရှိလေ၏။

မောင်သံပုံးသည် ယောင်ချာချာဖြင့် လျှောက်သွားရာမှ အနီးကျိုတ်ဝိုင်းအနီးသို့ ရောက်ရှိသွားပြီး ထိုသူတို့ ကစားနေကြသည်ကို အမှတ်မထင် ရပ်ကြည့်နေမိလေ၏။

အန်စာဝိုင်းမှာ ဒိုင်တစ်ဦးနှင့် ထိုးသားလေးငါးဦးရှိပြီး ဦးစွာ ထိုးသားတို့က အန်စာတုံးသုံးတုံးကို နို့ဆီခွက်ထဲထည့်ကာ အဝကို လက်ဖဝါးဖြင့်ပိတ်ပြီး ခေါက်ရလေ၏။ သုံးလေးငါးချက်ခန့် ခေါက်ပြီးမှ သဲသောင်ပြင်ညီပေါ်သို့ ခွက်ထဲမှ အန်စာတုံးတို့ကို လှိမ့်ချလိုက်ပြီး ပက်လက်ပေါ်နေသည့် အပွင့်အရေအတွက်ကို ပေါင်းရလေ၏။

ထိုသို့ ထိုးသားများ တစ်ဦးပြီးတစ်ဦး အန်စာခေါက်ပြီး နောက်ဆုံးမှ ဒိုင်ကခေါက်ရကာ ဒိုက်က အပွင့်သာလျှင် ဒိုင်စားပြီး ထိုးသားက အပွင့်သာလျှင် ဒိုင်က လျော်ရလေ၏။ လောင်းကြေးအတိုင်းအတာမှာ ထိုးသားက ကြိုက်သလောက် ထိုးနိုင်ပြီး ဒိုင်ကလည်း လျော်နိုင်သလောက်သာ လက်ခံလေ၏။

ယင်းသို့ဖြင့် အန်စာဝိုင်းမှာ ငွေစက္ကူများ ပလူပျံလျက် စားသူက စားကြ၊ လျော်သူက လျော်ကြဖြင့် ပျော်ရွှင်စွာ ကစားနေကြသည်ကိုကြည့်ရင်း မောင်သံပုံးမှာ စိတ်ပါဝင်စားလာတော့၏။

လုကွမ်းနှင့်အတူ နေစဉ်ကဆိုလျှင် မောင်သံပုံးမှာ မည်သည့် လောင်းကစားဝိုင်း၏အနီးသို့မျှ သွားခွင့်မရချေ။ လုကွမ်းက လောင်းကစားဝိုင်းဟူသမျှသည် မိမိကို လောင်မည့်မီးဖြစ်သည်ဟုဆိုကာ မောင်သံပုံးကို





လောင်းကစားဝိုင်းတို့၏အနားသို့ပင် သီခွင့်မပေးခဲ့ချေ။

ယခုတော့ သူ့ကို ချုပ်ချယ်ဟန့်တားမည့် သူ၏ဦးရီးလုကွမ်း မရှိတော့သဖြင့် မောင်သံပုံးမှာ လောင်းကစားဝိုင်း၏အနီးသို့ သွားကြည့်ရင်း ငွေစကိုင်ကာ အန်စာခေါက်သူတို့ အလျော်အစားရနေသည်ကို တွေ့ရာ အားကျလာပြီးလျှင် . . .

''ကျွန်တော်လည်း အန်စာခေါက်ပါရစေ''

ဟု ဒိုင်ကိုခွင့်တောင်းပြီး ငွေတစ်ပဲကို လောင်းကြေးတင်ကာ အန်စာ ဝင်ခေါက်ရာ အနိုင်ရသဖြင့် လျော်ကြေးငွေ ရလေ၏။ ပွဲဦးထွက်အနိုင်ရလိုက်သဖြင့် မောင်သံပုံးမှာ သဘောကျသွားပြီး လောင်းကြေးငွေကို တစ်ပဲမှ နှစ်ပဲ၊ တစ်မူးမှနှစ်မူး၊ တစ်မတ်မှနှစ်မတ်၊ တိုးကာတိုးကာ လောင်းကြေး တင်ပြီး အန်စာ ဆက်ခေါက်ရာ ဒိုင်၏အစားခံရသည်မှာ နည်းပြီး ဒိုင်ထံမှ အလျော်ရသည်က များရာ နာရီဝက်အတွင်းမှာပင် ငွေသုံးကျပ်ခန့် နိုင်လိုက်လေ၏။

သို့သော် ကစားရှိန်တက်နေချိန်မှာပင် ဒိုင်လုပ်သူမှာ အပွင့်ဆက်တိုက်သေနေသဖြင့် အရင်းပြုတ်ပြီး ပွဲပျက်သွားတော့ရာ လောင်းကစားရသည်ကို သဘောကျလျက်ရှိပြီဖြစ်သော မောင်သံပုံးမှာ မချင့်မရဲ အားမလို အားမရဖြစ်သွားရလေ၏။

ဤတွင် လူရည်လည်သော လေ့လုပ်သားလောင်းက စားသမားတစ်ဦးက လူစိမ်းဖြစ်သော မောင်သံပုံးကို အကဲခတ်လိုက်ပြီး . . .

''ညီလေး . . . မင်းက အတော်လာဘ်ကောင်းတာပဲ၊ မင်း ငွေနိုင်ရင် ဒိုင်ကိုင်ပါလား''

ဟု မြှောက်ပေးရာ ကစားရှိန်တက်နေသော မောင်သံပုံးမှာ သူ၌ ငွေအများကြီးရှိသည်ဟူသော မာန်ဖြင့် ဒိုင်ကိုင်လိုက်လေတော့၏။

မောင်သံပုံး ဒိုင်ကိုင်ပြီး ဆက်ဆော့ရာ ရှေးဦး လေးငါးလှည့်ဝယ် ဒိုင်စားချည်းဖြစ်လျက် မောင်သံပုံးမှာ အပျော်ကြီး ပျော်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအလုပ်က တော်တော်ဟုတ်ပါလား၊ ကြည့်စမ်း . . . ငါ့ဘဝမှာ ဒီလောက်လွယ်လွယ်နဲ့ ပိုက်ဆံအများကြီး မရဖူးဘူး၊ ခု . . . ခဏလေး ကစားတာနဲ့ ငွေတစ်ဆယ်ကျော်နိုင်တယ်၊ တယ်ဟုတ်တဲ့ လုပ်ငန်းပါလား"

ဟု သဘောကျစွာတွေးကာ ဆက်လက်ကစားရာ နောက်ပိုင်းဝယ် သူ၏အပွင့်များမှာ သေလာပြီး ထိုးသားများကို လျော်နေရရာ ထိုးသားတို့မှာလည်း ငွေကိုပုံအောပြီး မိထိုးလာကြတော့၏။

သို့ဖြင့် . . . ပွဲချိန်ကြာလာသည်နှင့်အမျှ မောင်သံပုံးမှာ အရှုံးကြီးရှုံးလာပြီး သူ၏လွယ်အိတ်ထဲမှ ငွေစက္ကူများကို တနိုက်တည်းနှိုက်ကာ လျော်နေရတော့၏။

ထိုးသားတို့ကလည်း မောင်သံပုံး၌ ငွေများစွာပါသည်ကို သိရာ မိထိုးကြတော့သည်တွင် မောင်သံပုံးမှာ လျော်၍မဆုံး ဖြစ်နေရတော့၏။

ထိုစဉ် မောင်သံပုံးနှင့် သက်တူရွယ်တူခန့်ရှိသော လူငယ်လေးတစ်ဦးသည် မောင်သံပုံး၏အနီးသို့ ချဉ်းကပ်လာပြီး . . .

"သူငယ်ချင်း . . . မင်းအပွင့် ဆက်တိုက်သေနေပြီ၊ တော်လိုက်တော့"

ဟု ခပ်တိုးတိုး သတိပေးလိုက်သော်လည်း မောင်သံပုံးမှာ ဆုံးရှုံးသွားသောငွေများကို နှမြောလှသဖြင့် ယင်းငွေများကို ပြန်ရလိုဇော ပြင်းထန်လျက်ရှိရာ ပွဲကိုမရပ်ဘဲ ဆက်ကစားနေတော့၏။

သည်ကြားထဲ . . .

"ညီလေး . . . ကြွေတစ်လှည့် ကြက်တစ်ခုန်ပဲ အားမလျော့နဲ့ ဆက်ဆော့၊ လေ့မျှောရင် လေ့နဲ့လိုက်၊ ငွေမျှောရင် ငွေနဲ့လိုက်"

ဟူ၍ မြှောက်ပေးသူတို့က မြှောက်ပေးသဖြင့် မောင်သံပုံးမှာ ဆက်လက်ကစားရာ နာရီပြန်နှစ်ချက်တီးလုနီးဆဲ့နှိုဝယ် သူ၌ ပါသမျှ ငွေနှစ်ထောင့်ငါးရာကျော်မှာ တစ်ပြားမျှမကျန်အောင် ကုန်သွားတော့၏။

ဒိုင်ပြုတ်သွားပြီဖြစ်၍ ဝိုင်းလည်း ပျက်သွားကာ တပါလေ့မှ လေ့

လုပ်သားတို့လည်း လေ့ထွက်ရန် ဆိပ်ကမ်းဘက်သို့ ထွက်ခွာသွားကြသလို လွှန်းလက်သမားတို့လည်း လွှန်းတင်ထားသော လေ့ကြီးရှိရာသို့ ထွက်ခွာသွားကြတော့၏။ သူတို့၏လက်မျာ၊ ခါးပိုက်ထောင်များထဲဝယ် ငွေစက္ကူတို့ ဖွေးဖွေးလှုပ်ပါသွားတော့၏။

မောင်သံပုံးမှာသာ အငူစွန်းသစ်ပင်အုပ်အောက်ဝယ် တစ်ကိုယ်လုံးချွေးများပြန်လျက် ငုတ်တုတ်ထိုင်ငေးငိုင်ကာ လက်ချည်းဗလာ ကျန်ရစ်ခဲ့တော့၏။ ထိုအခါမှ ကြီးစွာသော နောင်တတရားသည် မောင်သံပုံး၏နှလုံးသားကို ပြင်းစွာ ရိုက်ခတ်တော့၏။

"ငါမှားပြီ . . . မှားပြီ၊ ငါဟာ ဦးရိုးလုကွမ်း မှာခဲ့တဲ့ ဂငယ်သုံးလုံးကို မေ့လျော့သွားခဲ့လို့ ရှိသမျှကုန်ပြီး သုညဘဝ ရောက်သွားရပြီ၊ ဂငယ်သုံးလုံးထဲက နောက်ဆုံးဂငယ်ဖြစ်တဲ့ ဂရုမမူပြုရမယ်ဆိုတာကို ငါမေ့လျော့သွားတယ်၊ ဟုတ်တယ် . . ငါဟာ ဒီလောင်းကစားကိုမပြုမီ ပြုသင့်လား၊ မပြုသင့်လားလို့ သတိနဲ့ ဂရုပြုဆင်ခြင်လိုက်ရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး၊ ပြီးတော့ ဒုတိယဂငယ်ဖြစ်တဲ့ ဂယ်ပေါက်ထားရမယ်ဆိုတဲ့ အချက်ကိုလည်း မေ့လျော့သွားခဲ့တယ်၊ တကယ်ဆို ငါ့မှာ ငွေဘယ်လောက်ပါတယ်၊ ဘယ်လောက်အထိပဲ အဆုံးရှုံးခံမယ်၊ ဘယ်လောက်ကိုတော့ ချန်ထားမယ်ဆိုပြီး ဂယ်ပေါက်ထားခဲ့ရင် ခုလို တစ်ပြားမှမကျန်အောင် ကုန်မှာမဟုတ်ဘူး၊ အင်း . . . ဂငယ်သုံးလုံးကို မေ့ခဲ့တာက ငါ့အမှားပဲ"

ဟု အကြိမ်ကြိမ် နောင်တရ၊ ယူကျုံးမရဖြစ်လျက် ရှိတော့၏။

မောင်သံပုံးမှာ စိတ်ဓာတ်အကျကြီးကျကာ ဝမ်းနည်းပက်လက်ဖြစ်နေစဉ် သူ၏အနီး၌ လူရိပ်တစ်ခု လာရပ်သဖြင့် မော့ကြည့်လိုက်ရာ သူ့ ထိုးသားတို့ကို အလျော်ကြီးလျော်နေစဉ်က ဝိုင်းကိုရပ်လိုက်ရန် လာသတိပေးသော လူငယ်ဖြစ်ကြောင်း တွေ့ရလေ၏။

ထိုလူငယ်က သူ့ကို အားပေးသလို ပြုံးပြလိုက်ကာ သူ့ရှေ့ဝယ် ထိုင်လိုက်ပြီး သူ၏ ပခုံးတစ်ဖက်ပေါ်သို့ လက်တစ်ဖက်တင်လိုက်လျှင် . .





BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"သူငယ်ချင်း . . . မင်း အန်စာရှုံးသွားလို့ စိတ်သိပ်ပျက်နေသလား၊ မင်းကို ငါပြောသားပဲ ငါပြောတုန်းကသာ မင်း တော်လိုက်ရင် ဒီလောက် ရှုံးမှာမဟုတ်ဘူး"

ဟု ကရုဏာသက်ဟန်ဖြင့် ပြောလိုက်ရာ မောင်သံပုံးက ခေါင်းကို ညိတ်လိုက်ပြီး . . .

"အေး ဟုတ်တယ်ကွ . . . ငါလည်း မှန်ထူသွားတော့ ငါ့ငွေတွေ ပြန်ရနိုးနဲ့ ဆက်ကစားမိလို့ ရှိသမျှ ကုန်သွားရတော့တာပဲ၊ မင်းလာပြီး သတိပေးတာကို ကျေးဇူးတင်ပါတယ်ကွာ"

ဟု ပြောလိုက်ရာ ထိုလူငယ်က ပြုံးလိုက်ပြီး . . .

"လောင်းကစားဆိုတာ ဒီလိုပဲကွ . . . နိုင်တော့လည်း ဆက်နိုင်မယ် ထင်ပြီး ဆော့မိတယ်၊ ရှုံးပြန်တော့လည်း ပြန်နိုင်မလားထင်ပြီး ဆက်ဆော့မိတယ်၊ ဒီလိုနဲ့ နောက်ဆုံး ဒုက္ခရောက်ကြရတာပဲ၊ တကယ်တော့ ဘယ် လောင်းကစားမျိုးမဆို မီးနဲ့တူတယ်ကွ၊ သူ့ကို သွားစမိတာနဲ့ ကိုယ့်ကို လောင်တော့တာပဲ"

"ငါက တစ်ချိန်ကတော့ လွှန်းထောင်ဆရာရဲ့သားပေါ့ကွာ၊ ခုတော့ ငါ့ဦးလေး လွှန်းထောင်ဆရာရဲ့ လွှန်းထောင်လုပ်ငန်းမှာ ငါက လွှန်းလက် သမားအဖြစ် လက်ခစား လုပ်နေရတယ်ကွ"?

ဟု ပြောပြရာ မောင်သံပုံးက သူ၏ပခုံးကို လက်တစ်ဖက်ဖြင့် ဖက်လိုက်ပြီး . . .

"သူငယ်ချင်း . . . မင်းတို့လုပ်ငန်းမှာ ငါလုပ်လို့ မရဘူးလား၊ ခုဆို ငါ့မှာ ငွေအရင်းအနှီးလည်း တစ်ပြားမှ မရှိတော့ဘူး၊ စားဖို့နေဖို့လည်း အတော်ခက်သွားပြီကွ"

ဟု ပြောလိုက်ရာ လူငယ်က မောင်သံပုံးအား စေ့စေ့ကြည့်လိုက်ပြီး . . .

"မင်း လွှန်းလက်သမားအဖြစ် လုပ်နိုင်မယ်ဆိုရင်တော့ အလုပ်ရစေ





ရမယ်ကွာ၊ ငါ့ဦးရီးကို ငါပြောပေးမယ်၊ လွှန်းလက်သမားအလုပ်ရသွားရင် မင်းအတွက် နေဖို့ရော၊ စားဖို့ပါ မပူရဘူး"

"ကဲ . . . ဒါဆို လာ . . . ငါ့ဦးရီးဆီသွားကြစို့ ဒါထက် မင်းရဲ့နာမည်ကို ပြောပါဦးကွ"

"ငါ့နာမည်က သံပုံးလို့ခေါ်တယ်ကွ၊ မင်းရဲ့နာမည်ကိုလည်း ပြောပါဦး"

သောင်ပြင်ကိုဖြတ်ပြီး လမ်းလျှောက်လာကြရင်းမှ . . .

"ငါ့ရဲ့နာမည်က လွှန်းသောင်လို့ခေါ်တယ်"

နှစ်ယောက်သား စကားတပြောပြောနှင့် လာခဲ့ကြရာ သူတို့သည် လွှန်းဆရာ လက်သမားကြီး၏အိမ်ရှေ့သို့ ရောက်ရှိလာတော့၏။

အိမ်ရှေ့ကပြင်ပေါ်ဝယ် ညီသည်နှစ်ဦးသုံးဦးနှင့် စကားပြော နေကြရှိသော လွှန်းထောင်ဆရာကြီးမှာ အသက်ငါးဆယ်ခန့်ရှိပြီး အသား ညိုညို ထောင်ထောင်မောင်းမောင်း ဖြစ်၏။

"ဦးရီး . . . ဒါ ကျွန်တော့်ရဲ့သူငယ်ချင်းပါ၊ နာမည်က သံပုံးတဲ့ သူက ကျွန်တော်နဲ့အတူ လွှန်းလက်သမားလုပ်ချင်လို့ ဦးရီးရဲ့၊ သူ့ကို အလုပ် ခွင်ထဲ သွင်းလိုက်မယ်နော်"

ဟု လွှန်းသောင်က မောင်သံပုံး၏ပခုံးကို လက်တစ်ဖက်ဖြင့် တရင်း တနှီးဖက်ရင်း သူ့ဦးရီး လွှန်းထောင်ဆရာကြီးအား ပြောလိုက်ရာ လွှန်းထောင် ဆရာကြီးမှာလည်း သူ့တူအရင်းမှ တရင်းတနှီး ခေါ်လာသူဖြစ်သဖြင့် မောင်သံပုံးအား ငြင်းပယ်ခြင်းမပြုဘဲ အလုပ်ခန့်လိုက်လေ၏။

သို့ဖြင့် . . . မောင်သံပုံးမှာ နေ့ချင်းညချင်း လွှန်းလက်သမား ဖြစ် သွားပြီးလျှင် လွှန်းသောင်နှင့်အတူ လွှန်းတင်ထားသော လှေကြီးရှိရာသို့ သွားကာ လွှန်းလက်သမားတို့၏ လုပ်စရာရှိသည်တို့ကို ဝိုင်းကူလုပ်ရလေ တော့၏။

"လွှန်းသောင် သူငယ်ချင်း . . . မင်းရဲ့ကူညီမှုကြောင့် ငါ့မှာ အလုပ်

www.burmeseclassic.com



အကိုင်ရော၊ စားဖို့၊ နေဖို့ရော အဆင်ပြေသွားပြီကွာ၊ ဒါပေမဲ့ . . . ငါက ငါ့ဘဝကို ကြီးပွားတိုးတက်အောင် လုပ်မယ်လို့ ဆုံးဖြတ်ထားတဲ့သူကွ၊ ဒီတော့ ဒီလွှန်းထောင်လက်သမားအလုပ်ကို ငါအကြာကြီး လုပ်ဖြစ်မှာတော့ မဟုတ်ဘူး၊ တစ်နေ့နေ့မှာတော့ ငါ တခြားအလုပ်တစ်ခုခုကို ပြောင်းဖြစ်လိမ့်မယ်''

ဟု ပြောလိုက်ရာ လွှန်းသောင်က ပြုံးလိုက်ပြီး . . .

''ဒါပေါ့ကွာ . . . လူ့ဘဝဆိုတာ ဘယ်နေရာမှာမှ လှေနံဓားထစ်တရားသေ တွက်လို့ရတာ မဟုတ်ဘူး၊ ဒီလိုပဲ ဟိုကွေ့ကျရင် ဟိုတက်နဲ့လှော်၊ ဒီကွေ့ကျရင် ဒီတက်နဲ့လှော်ဆိုသလို အခြေအနေအရ လုပ်ကိုင်ရပ်တည်ရတာပဲကွ''

''မင်းက မင်းရဲ့ဘဝကို ကြီးပွားတိုးတက်အောင်လုပ်ဖို့ ဆုံးဖြတ်ထားတယ်ဆိုတော့ ငါတစ်ခုတော့ ပြောလိုက်မယ်၊ ငါက လှေလောကလှေသမားဆိုတော့ လှေစကားပဲ ပြောရမှာပေါ့ကွာ၊ ဒီမှာသံပုံး . . . ငါတို့ရဲ့လှေလောကမှာ 'ရွက်စုတ်နဲ့ လှေစဉ်မီအောင် မလိုက်နိုင်ဘူး' ဆိုတဲ့ စကားရှိတယ်၊ သူများတကာရဲ့လှေကို မီချင်ရင် ကိုယ့်လှေက ရွက်စုတ်ဖြစ်နေလို့တော့ မရဘူးကွ၊ မင်းလည်း တိုးတက်ကြီးပွားချင်ရင် မင်းရဲ့စိတ်ဓာတ်ဖွဲ့သတ္တိတို့ဟာ စုတ်ပွဲနေလို့ မရဘူး၊ စိတ်ဓာတ်ဟာ ရင့်ကျက်ခိုင်မာရမယ်၊ လှေခွက်ချည်းကျွန် အလုံမလုံ စိတ်ဓာတ်မျိုး၊ ဖွဲ့သတ္တိမျိုး ရှိရမယ်၊ အရာရာကိုခပ်ပေါ့ပေါ့တွေးရင်တော့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး၊ ပေါ့တဲ့လှေဟာရေပေါ်ကတတ်တယ်တဲ့ကွ၊ အဲဒီလိုပဲ . . . ပေါ့တဲ့လူဟာ ဒုက္ခရောက်တတ်တယ်တဲ့၊ အဲဒီလိုဖြစ်ရင်တော့ လှေစီးရင်း ရေငတ်တဲ့ကိန်း ဆိုက်မှာပဲ''

ဟု ပြောလိုက်ရာ ဘဝပေးအသိရှိလှသော လွှန်းသောင်၏ စကားများမှာ တန်ဖိုးရှိလှသဖြင့် မောင်သံပုံးမှာ အသည်းစွဲအောင် မှတ်ထားလိုက်တော့၏။

✧ ✧ ✧





## ❖ သမုဒ္ဒယသောင်ပြင် ❖

မောင်သံပုံးမှာ လွှန်းသောင်နှင့်အတူနေပြီး လွှန်းထောင် လက်သမားအဖြစ် လုပ်ကိုင်လာခဲ့သည်မှာ ရက်ပေါင်းအတော် ကြာပြီဖြစ်၏။ လွှန်းသောင်၏အိမ်ဝယ် လွှန်းသောင်၏အမေနဲ့ ညီမဖြစ်သူ မိုးဖြူတို့ရှိရာအိမ်မှာ လွှန်းထောင်တစ်ရာသီစာ ဆောက်လုပ်ထားသော တဲငယ်သာဖြစ်၍ မကျယ်ဝန်းရကား မောင်သံပုံးမှာ လွှန်းသောင်နှင့်အတူ အိမ်ရှေ့ကပြင်ဝယ် ထွက်အိပ်ရလေ၏။

လွှန်းသောင်တို့မှာ ညောင်တုန်းနှင့် ဇကာကြီးအကြားရှိ ကျွံ့လုရွာမှဖြစ်ပြီး ဆောင်းနှောင်းကာလ ရောဝတီမြစ်ကမ်းနံဘေးဝယ် သောင်ပြင်များထွန်းလာသည့်အခါ လွှန်းထောင်လုပ်ငန်း လုပ်ကိုင်ရန် ဤသောင်ပြင်ကြီးသို့ မိသားစုအလိုက် ပြောင်းရွှေ့လာပြီး မိုးမကျမချင်း လွှန်းသောင်ပြင်မှာသာ နေလေ့ရှိသူ၊ လွှန်းလက်သမားမိသားစု ဖြစ်လေ၏။

လွှန်းသောင်၏ညီမ မိုးဖြူမှာ အရွယ်ရောက်စ အပျိုသင်စ မြူကောင်ပေါက်မလေးဖြစ်ရာ သူလေးက မောင်သံပုံးအပေါ်ဝယ် အစ်ကိုဖြစ်သူထက် ပိုမိုခင်တွယ်ဟန်ဖြင့် ပရောပရည် ဆက်ဆံသည့်တွင် မောင်သံပုံးမှာ စိတ်အနှောင့်အယှက် များစွာဖြစ်လျက် ရှိတော့၏။

အသားလတ်လတ်၊ နှာတံပေါ်ပေါ်နှင့် ပြုံးလိုက် ရယ်လိုက်လျှင် သွားတက်လေးများပေါ်ကာ ချစ်စရာကောင်းသော မိုးဖြူလေးမှာ မလိမ်း



www.burmeseclassic.com

www.burmeseclassic.com



မလိမ္မာအရွယ် ဖြစ်သည့်အပြင် သူ၏ကျေးဇူးရှင် သူငယ်ချင်းလွန်းသောင်၏ ညီမဖြစ်နေရာ သူ့မှာ အရိပ်နေနေ အခက်ချိုးချိုးဖြစ်မှာစိုးသဖြင့် ကောင်မလေးနှင့် ခပ်ကင်းကင်းနေနိုင်ရန် မောင်သံပုံး ကြိုးစားသတိထားနေရလေ၏။

"အင်း . . . ဂငယ်သုံးလုံးထဲက ဂရုစမ္မပြုရမယ်ဆိုတာ ဒါပဲ၊ ငါ့ရဲ့ နေထိုင်စားသောက် ပြုမှုမှု ဆိုသမျှမှာ ဂရုစမ္မပြုရမယ်၊ လောင်းကစား ဝိုင်းမှာမှားတဲ့အမှားမျိုး ထပ်ပြီး ဘဝမှာမမှားဖို့ ဂရုစမ္မပြုရမယ်"

ဟု သူ့ကိုယ်သူ သတိပေးဆင်ခြင်ကာ ကောင်မလေးနှင့် အိမ်ဝယ် နှစ်ယောက်တည်းမကျန်ရစ်အောင် သတိထားနေရလေ၏။ သူ၏ စိတ် အာရုံကိုလည်း အလုပ်ထဲ၌သာ စိုက်နှစ်ထားရလေ၏။

တစ်နေ့ဝယ် အလုပ်ဝင်ပန်းသဖြင့် မောင်သံပုံးမှာ ဖျားလေတော့၏။ သူဖျားနေသဖြင့် အလုပ်ခွင်သို့ မလိုက်နိုင်ဘဲ လွန်းသောင်တစ်ဦးတည်း အလုပ်ဆင်းသွားလေ၏။ လွန်းသောင်၏အမေမှာလည်း ရွာသို့ ခဏပြန် သွားရာ လက်သမားတဲဝယ် မောင်သံပုံးနှင့် မိုးဖြူတို့နှစ်ဦးတည်းသာ ကျန်ရစ်ခဲ့ လေ၏။

မောင်သံပုံးမှာ ကပြင်ဝယ် စောင်ခြုံကာ လဲလျောင်းနေရပြီး မိုးဖြူ က မောင်သံပုံးအား ဆေးတိုက်ရန် ကွမ်းရွက်ပြုတ်လျက်ရှိလေ၏။ ကွမ်း ရွက်ပြုတ်ပြီးသောအခါ မိုးဖြူသည် ကွမ်းရွက်ပြုတ်ရည်ကို ကြွေဇလုံ တစ်လုံးဖြင့် ထည့်ယူလာပြီး ငန်းဆေးထုပ်ကိုပါ ယူလာကာ မောင်သံပုံး၏ နံဘေးဝယ် အသာထိုင်လေ၏။

"အစ်ကိုသံပုံး ဆေးရည်သောက်ရအောင်နော် . . . ထ . . . ထ"

ဟု ဆိုကာ သူမက မောင်သံပုံးကို ပွေ့မ၍ အတင်းထူတော့၏။ အဖျားဒဏ်ကြောင့် မှိန်းနေသော မောင်သံပုံးမှာ သူ့ဘာသာ လူးလဲထရန် ကြိုးစားသော်လည်း အပူကြီးနေသဖြင့် ကတုန်ကယင်ဖြစ်ကာ မိုးဖြူ၏ ရင်ခွင်ထဲသို့ ပြန်လဲကျသွားတော့၏။

"အို . . . အစ်ကိုသံပုံးကလည်း ဘာဖြစ်လို့ အတင်းထရတာလဲလို့



မိုးဖြူ ပွေ့ထူမှာပေါ့"

ဟု ဆိုကာ မိုးဖြူက မောင်သံပုံး၏ကိုယ်ကို လက်တစ်ဖက်ဖြင့် သိုင်းဖက်ပြီး ပွေ့မ,ထားရာ မောင်သံပုံး၏ တစ်ကိုယ်လုံးမှာ မိုးဖြူ၏ရင်ခွင်ထဲ ရောက်လျက်ရှိတော့၏။

"ကဲ . . . ဆေးသောက်ရအောင်နော် . . . သောက် . . . သောက်"

မောင်သံပုံးမှာ ဖျားနေသည့်ကြားမှ ရင်တွေက တဒိုင်းဒိုင်းခုန်ကာ မိုးဖြူတိုက်သောဆေးကို ကမန်းကတန်း သောက်လိုက်ပြီးနောက် အိပ်ရာ ပေါ်ပြန်လှဲလျက် စောင်ခေါင်းမြီးခြုံကာသာ ကွေးနေလိုက်ပါတော့သတည်း။

✧

မောင်သံပုံး သုံးလေးရက်ခန့်ဖျားစဥ် မိုးဖြူသည် ဒိုင်ခံပြုစုပေးလေ ရာ ယင်းသို့ အနီးကပ်ပြုစုပေးရင်းဖြင့် မိုးဖြူလေးမှာ မောင်သံပုံးအပေါ်ဝယ် ပိုမိုသံယောဇဉ် ငြိတွယ်သွားဟန်တူ၏။ သူမ၏ မျက်ဝန်းလေးများမှာ သံယော ဇဉ်အငွေ့အသက်တို့ဖြင့် စိုလက်နေသည်ဟု မောင်သံပုံး ထင်မြင်မိလေ၏။

သို့ကြောင့် မောင်သံပုံးမှာ အဖျားပျောက်ပြီးစ အလုပ်ခွင်သို့ မဆင်းမီ အနားယူအားဖြည့်နေသော တစ်ရက်ဝယ် အိပ်ရာပေါ်၌ လဲလျောင်းအိပ် စက်ရင်း နဖူးပေါ်လက်တင်ကာ ဤသို့ စဥ်းစားမိလေ၏။

"အင်း . . . ငါဒီမှာ ကြာကြာဆက်နေလို့ မဖြစ်တော့ဘူး၊ ငါကိုယ်ငါ စောင့်ထိန်းနိုင်တဲ့တိုင် ကောင်မလေးက ငါ့အပေါ် သံယောဇဉ် သိပ်တွယ် သွားလိမ့်မယ်၊ ငါကလည်း သူ့ကိုယူပြီး ဒီလွန်းသောင်ပြင်ပေါ်မှာပဲ ဘဝကို မြှုပ်နှံနိုင်မှာ မဟုတ်ဘူး၊ ငါ့ဘဝရဲ့ မျှော်လင့်ချက်တွေကို မေ့ပစ်၊ စတေးပစ် ပြီး လွန်းထောင်လက်သမားမိသားစုဘဝမှာပဲ ပျော်မွေ့ဖို့ဆိုတာ မဖြစ်နိုင်ဘူး . . . ငါ့ဘဝရဲ့ရည်ရွယ်ချက်တွေ အောင်မြင်အောင် ငါလုပ်ရဦးမယ်၊

ငါ့ရဲ့မွေးစားဖခင်ကြီးနဲ့ ငါ့ကို လှည့်ဖြားလိမ်ညာ ဒုက္ခပေးသွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးချောမကို တွေ့အောင်ရှာပြီး သူ့ကို ပြစ်ဒဏ်ပြန်ခတ်ဖို့ ရည်ရွယ်ထားချက်ကိုလည်း အပျက်ခံလို့မဖြစ်ဘူး''

ဟု တွေးနေရာမှ သူ၏လည်ပင်းဝယ် ဆွဲထားသော ငွေဆွဲကြိုးလေးမှ ငွေကြုတ်လေးကို လက်တစ်ဖက်ဖြင့် ပွတ်သပ်ကိုင်တွယ်ရင်းမှ ...

''ပြီးတော့ ဟောဒီငွေကြုတ်လေးထဲက ဂျမဒါမြဒင်ဆိုတဲ့ လူယုတ်မာကို ကညီရှာဖွေပေးဖို့လည်း ငါ တာဝန်ယူပြီးဖြစ်တယ်၊ ဒါတွေအားလုံးကို ငါ မေ့ဖျောက်ပစ်ဖို့ ပစ်ပယ်ဖို့ ဆိုတာ မဖြစ်နိုင်ဘူး ... အဲဒီရည်ရွယ်ချက်တွေ မပျက်စီးရအောင် ငါ ဒီလွှန်းသောင်ပြင်ကြီးကနေ ခွာမှဖြစ်တော့မယ်''

ဟု တွေးနေမိပါတော့၏။

''သူငယ်ချင်း လွှန်းသောင် ... မင်း ကြားတယ်မဟုတ်လား ... အဲဟိုလှေသူကြီးမှာ လှေထိုးသားလိုနေတယ် ဆိုတာ''

''အေး ကြားသားပဲ ... အဲဒါဘာဖြစ်လဲ''

ဟု ပြန်မေးလိုက်လေ၏။

''ဘာဖြစ်ရမလဲကွ ... အဲဒီလှေသူကြီးရဲ့လှေမှာ လှေထိုးသားအဖြစ်လိုက်ရရင် နေရာဒေသမျိုးစုံကိုလည်း ရောက်ဖူးမယ်၊ ငါ့ဘဝကို ကြီးပွားအောင်လုပ်ဖို့ အခွင့်အလမ်းလည်း တွေ့ချင်တွေ့နိုင်တယ်ကွ၊ ဒီတော့ ငါ လှေထိုးသားလုပ်မယ်လို့ စိတ်ကူးမိတယ်၊ မင်း အဲဒီလှေသူကြီးကို ရင်းနှီးရင် ပြောပေးပါလားကွာ'' ဟု အကူအညီတောင်းရာ ...

''အေး ... မင်းဆန္ဒရှိရင်လည်း ပြောပေးရတာပေါ့ကွာ၊ ငါကတော့ အမေနဲ့ညီမ ရှိနေတော့ ဒီလွှန်းသောင်ပြင်ကြီးကနေ ဘယ်မှ မခွာနိုင်ဘူးကွ''

ဟုဆိုကာ အိမ်ကပြင်ပေါ်သို့ တက်သွားပြီး သူ့ဦးရီးဖြစ်သူ လွှန်းထောင်ဆရာကြီး၏ စကားဝိုင်း၌ ဝင်ထိုင်လိုက် လေ၏။





''ဦးရီးသာဖံ လှေလုပ်သားလိုတယ်ဆိုရင် ကျွန်တော်တို့ အလုပ်ရှင်ထဲက ကျွန်တော့်သူငယ်ချင်းကို ခေါ်သွားပါလား၊ သူက လှေထိုးသားလုပ်ချင်တယ်လို့ ပြောတယ် ... လှေတော့ တစ်ခါမှ မလိုက်ဖူးဘူး''

ဟု ပြောလိုက်ရာ လှေသူကြီးဦးသာဖံက ပြုံးလိုက်ပြီး ...

''မင်းရဲ့သူငယ်ချင်းက ဘယ်သူတုံးကွ၊ ခေါ်လိုက်လေ ... စကားပြောကြည့်သေးတာပေါ့''

ဟု ဆိုလိုက်သဖြင့် လွှန်းသောင်လည်း မောင်သံပုံးကို လှမ်းခေါ်လိုက်ပြီး ...

''သူပဲ ဦးရီး ... နာမည်က သံပုံးတဲ့၊ သူက တစ်ကိုယ်ရေသမားပဲ၊ သူနဲ့ပတ်သက်လို့ စာရိတ္တပိုင်း ကျွန်တော် တာဝန်ယူ အာမခံပါတယ်၊ သူက လွှန်းထောင်လက်သမားအလုပ်ထက် ခရီးသွားရတဲ့ လှေသမားအလုပ်ကို ပိုစိတ်ဝင်စားလို့ပါ''

ဟု ရည်လည်စွာ ရှင်းလင်းပြောပြလိုက်လေ၏။

လှေသူကြီးဦးသာဖံကလည်း အသားညိုစိမ့်စိမ့်နှင့် ကိုယ်လုံးကိုယ်ထည် ကြံ့ခိုင်တောင့်တင်းကာ ယောကျ်ားပီသသော မောင်သံပုံးအား အကဲခတ် ကြည့်ရှုလိုက်ပြီးနောက် ...

''အေးလေ ... ငါ့ရဲ့စည်းကမ်းကို လိုက်နာနိုင်ရင်တော့ ငါ့ရဲ့လှေနဲ့ လိုက်ခဲ့''

ဟု ခပ်ပြတ်ပြတ်ပြောလိုက်လေ၏။ မောင်သံပုံးလည်း ထိုလှေသူကြီး ဦးသာဖံ၏လှေနှင့်လိုက်ရန် ဆုံးဖြတ်လိုက်ပြီး လွှန်းသောင်၏ဦးရီး လွှန်းထောင်ဆရာကြီးအား လွှန်းလက်သမားအဖြစ်မှ ထွက်ခွင့်ပြုရန် တောင်းပန်လေ၏။ လွှန်းထောင်ဆရာကြီးကလည်း လျော့လျော့ရှုရှုခွင့်ပြုရာ ထိုနေ့မှစ၍ လှေလုပ်သားအဖြစ်လိုက်ရန် ကြိုတင်ပြင်ဆင်မှု ပြုတော့၏။

လွှန်းသောင်မှာ မောင်သံပုံးအား ခင်မင်နေသဖြင့် မခွဲလိုသော်လည်း မောင်သံပုံး၏ဘဝတက်လမ်းခရီးအတွက် အားပေးမှုပြုကာ ယမ်းခရီး၌



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ထားရန် ဆေးဝါး၊ အဝတ်အစားထည့်ရန် သစ်သားသေတ္တာ စသည်တို့ကို ရရှိအောင် ဝိုင်းဝန်းကူညီ စီစဉ်ပေးလေ၏။

မောင်သံပုံးလှေနှင့် လိုက်သွားတော့မည့်အကြောင်း သိရာ လွှမ်းသောင်၏မိခင်မှာ စိတ်မကောင်းဖြစ်နေကြောင်း၊ သတိရနေမည်ဖြစ်ကြောင်းသာ ပြောသော်လည်း မိုးဖြူမှာမူ သူမ၏အိပ်ခန်းလေးထဲမှ မထွက်တော့ဘဲ ကိုးတိ၍ မျက်ရည်ကျနေရှာလေရာ မောင်သံပုံးမှာ စိတ်မကောင်းသော်လည်း မသိဟန်ဆောင်နေရလေ၏။

ဤသို့ဖြင့် မောင်သံပုံး လှေနှင့်လိုက်ရန်ရက်မှာ နီးသည်ထက်နီးကပ်လာတော့၏။

✧

လှေထွက်မည့်နံနက်ဝယ် မောင်သံပုံးသည် လွှမ်းထောင်ဆရာကြီးထံသွားပြီး နှုတ်ဆက်ကာ ကန်တော့လေ၏။ လွှမ်းထောင်ဆရာကြီးကလည်း မောင်သံပုံး၏ လွှမ်းလက်သမားခ ကျန်ငွေအားလုံးကို ရှင်းပေးလိုက်လေ၏။

မောင်သံပုံးသည် လွှမ်းသောင်တို့၏အိမ်သို့ ပြန်လာပြီး လွှမ်းသောင်၏မိခင်အား နှုတ်ဆက်ကာ သူစုဆောင်းထားသော လွှမ်းလက်သမားခထဲမှ ငွေနှစ်ဆယ်ကျပ်ဖြင့် ကန်တော့လိုက်လေ၏။ ယင်းငွေကို လွှမ်းသောင်၏အမေက အတင်းပြန်ပေးသော်လည်း မောင်သံပုံးက ပြန်မယူဘဲ လွှမ်းသောင်မိခင်၏ လက်ထဲသို့ အကြိမ်ကြိမ်ပြန်ထည့်ကာ ပေးအပ်ကန်တော့နေသဖြင့် မောင်သံပုံး စိတ်မကောင်းမှာစိုး၍ ကန်တော့ငွေကို လွှမ်းသောင်၏အမေက လက်ခံထားလိုက်ရလေ၏။

လွှမ်းသောင်က လှေဆိုက်ထားရာသို့ လိုက်ပို့ရန် မောင်သံပုံး၏ အဝတ်သေတ္တာကို ပခုံးထက်၌ထမ်းထားစဉ် မောင်သံပုံးက မိုးဖြူကို နှုတ်ဆက်စကားဆိုရာ မိုးဖြူမှာ စကားတစ်လုံးမျှ ပြန်မပြောဘဲ မောင်သံပုံးကိုသာ





မျက်ရည်ဝဲနေသော မျက်ဝန်းကြီးများဖြင့် စိုက်ကြည့်ရင်း အောက်နှုတ်ခမ်းကို သွားဖြင့်ဖိကိုက်ထားရှာလေရာ မိုးဖြူ၏သွင်ပြင်ကို မကြည့်ရက်တော့သဖြင့် မောင်သံပုံးမှာ မျက်နှာလွှဲကျောခိုင်းကာ လှေဆိပ်တက်သို့ ထွက် ခဲ့ရတော့၏။

လှေဆိပ်သို့ရောက်သည့်အခါ မောင်သံပုံးသည် လှေပေါ်မတက်မီ လွှမ်းသောင်ထံမှ သူ့သေတ္တာကိုလွှဲယူကာ နှုတ်ဆက်စကားဆိုလေ၏။

"သူငယ်ချင်းလွှမ်းသောင် . . . ငါသွားတော့မယ်၊ ငါလိုက်တဲ့လှေ ညောင်တုန်းဘက်ရောက်တဲ့အခါ မင်းဆီကို လာလည်မယ်ကွာ၊ ငါ့ကို မင်းကူညီခဲ့သမျှကျေးဇူးကို ငါ ဘယ်တော့မှမမေ့ပါဘူး"

ဟု ပြောလိုက်ရာ လွှမ်းသောင်က ပြုံးလိုက်ပြီး . . .

"ငါ့ကို ကျေးဇူးအထူးတင်စရာ မလိုပါဘူးကွာ၊ မင်း ငါမှာတာသာ မမေ့ပါနဲ့ . . . 'ရှက်စုတ်နဲ့လှေစဉ်မီအောင် မလိုက်နိုင်ဘူး'ဆိုတဲ့စကားကို မမေ့နဲ့၊ မင်းဘဝမှာ သူများတွေလို တိုးတက်ကြီးပွားအောင်မြင်ချင်ရင် မင်းရဲ့ စိတ်ဓာတ်, လုံ့လဝီရိယ ကို မစုတ်ပဲ့စေနဲ့၊ ရည်ရွယ်ရာပန်းတိုင်ရောက်ဖို့ လှေခွက်ချည်းကျန် အလံမလှဲဘူးဆိုတဲ့စိတ်ဓာတ်ဖွဲ့မျိုး ထားပါ၊ တက်ကျိုးရင် လက်ထိုးလှော်မယ်ဆိုတဲ့ သတ္တိမျိုးမွေးပါ၊ 'မသေခင် လှေလုပ်'ဆိုတဲ့ စကားရှိတယ် . . . အချိန်ရှိခိုက် လုံ့လဝီရိယစိုက်ထုတ်ပြီး လုပ်သင့်တာကို ချက်ချင်းလုပ်ရမယ်လို့ ဆိုလိုတာပဲ၊ မင်းရဲ့ဘဝ အောင်မြင်ပါစေကွာ"

ဟုပြောရာ မောင်သံပုံးမှာ လွှမ်းသောင်အား စေ့စေ့ကြည့်ပြီး . . .

"စိတ်ချ သူငယ်ချင်း . . . မင်းရဲ့ အဖိုးတန်စကားတွေကို ငါမမေ့ပါဘူး . . . ငါဖြစ်ချင်တာတွေဖြစ်အောင် ငါကြိုးစားမယ်လို့ မင်းကို ဂတိ (ကတိ) ပေးပါတယ်ကွာ . . . ကဲ ငါသွားပြီ သူငယ်ချင်း"

ဟု ဆိုကာ ကုန်းပေါင်မှတစ်ဆင့် လှေပေါ်သို့ တက်သွားလေတော့၏။ လှေထွက်သောအခါ ကမ်းစပ်သောင်ပြင်ဝယ် လွှမ်းသောင်မှာ လက်ပြရင်း ဝေး၍ဝေးကာ ကျန်ရစ်ခဲ့လေတော့၏။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



## ❖ လှေထိုးသားမောင်သံပုံး ❖

မောင်သံပုံးလိုက်သော ကုန်တင်လှေကြီးမှာ လောင်းကိုယ်လှေ အမျိုးအစားဖြစ်၏။

ရောဝတီမြစ်ကြောင်းအတိုင်း သူတို့၏ လောင်းကိုယ်လှေကြီးကို ဆန်တက်ရာတွင် လှေသူကြီးဦးသာဖုံမှာ ခင်ပုတ်စင် (ခေါ်) ပဲ့စင်ပေါ်မှ တက်မကိုင်လျက်ရှိပြီး ရေကြောင်းကိုကြည့်ကာ စည်းတိမ် စည်းကျများ၊ ဖွက်၊ မော် စသည်တို့ကို လှေလာစူးစမ်းလျက် ခေါင်ဝါးသမားနှစ်ဦးအား လိုအပ်သလို အမိန့်ပေးလျက်ရှိလေ၏။

မောင်သံပုံးမှာ မောင်တိုးဆိုသော နောက်လိုက်ဝါးသမားနှင့် လက်တွဲကာ အလုပ်လုပ်ရပြီး မှဆိုးစိုင်သင်ဆိုသကဲ့သို့ လှေအလုပ်၊ တက်အလုပ်ကို လုပ်ရင်းနှင့် သင်ယူလျက်ရှိလေ၏။

သူနှင့် မောင်တိုးတို့မှာ နောက်လိုက်ဝါးသမားများပီပီ ဆိပ်ကမ်း တစ်ခုခု၌ ဆိုက်ကပ်သည့်အခါ ရေဆင်းအလုပ်ကို လုပ်ကြရလေ၏။

ရေဆင်းအလုပ်မှာ ဤသို့ဖြစ်၏။

ဆိပ်ကမ်းတစ်ခုဝယ် လှေဆိုက်ကပ်တော့မည်ဆိုလျှင် မောင်သံပုံးနှင့် မောင်တိုးတို့မှာ လှေကမ်းသို့မကပ်မီကပင် လှေ၏ထိပ်ဆံကြိုးစများကို ကိုင်ကာ ရေထဲသို့ခုန်ချပြီးလျှင် ကမ်းခြေသို့ လက်ပစ်ကူးရလေ၏။

မောင်သံပုံးတို့ ကမ်းခြေပေါ်သို့ရောက်ပြီဆိုမှ လှေပေါ်ရှိ ခေါင်ဝါးသ





မား ကိုဘနုစ်က ကြက်စူးဝါးများနှင့် လက်ရိုက်တင်းပုတ်တို့ကို မောင်သံပုံး တို့ထံ လှမ်းပစ်ပေးလေ၏။

မောင်သံပုံးနှင့် မောင်တိုးတို့လည်း သင့်တော်ရာနေရာဝယ် ကြက်စူးဝါးများကို ထိုးစိုက်ကာ ကြက်စူးဝါး၏ထိပ်ကို လက်ရိုက်တင်းပုတ်ဖြင့် ရိုက်ကာ ခိုင်အောင်ပြုလုပ်ရလေ၏။ ကြက်စူးဝါးခိုင်ပြီဆိုမှ လှေ၏ ထိပ်ဆံကြိုး အဖျားမှကွင်းကို ကြက်စူးဝါးဝယ် စွပ်ရလေ၏။ ယင်းသို့လျှင် ရေဆင်းအလုပ် ကို မောင်သံပုံးတို့ နောက်လိုက်ထိုးဝါးသမားနှစ်ယောက်က ပြုလုပ်ရလေ သည်။

လှေကို ကမ်း၌ သေချာစွာဆိုက်ကပ်ပြီးလျှင်လည်း လှေပေါ်ပါသူ များစားရန် ထမင်းဟင်းကို မောင်သံပုံးနှင့် မောင်တိုးတို့မှာ အလှည့်ကျ ချက်ပြုတ်ကြရလေ၏။

လှေသူကြီးဦးသာဖုံ၏ဇနီး လှေသူကြီးကတော် ဒေါ်မြနုစ်မှာ လှေ ပေါ်ဝယ် လိုက်ပါလာသဖြင့် ဟင်းချက်သည့်အခါ ကြီးကြပ်ကူညီ ချက်ပြုတ် ပေးရာမှ ဒေါ်မြနုစ်နှင့် မောင်သံပုံးမှာ ခင်မင်ရင်းနှီးလာလေ၏။

လှေသူကြီးဦးသာဖုံမှာ အနေတည်သော်လည်း ဒေါ်မြနုစ်မှာ ဖော် ရွေသူ၊ ဆက်ဆံရေးပြေပြစ်သူဖြစ်သဖြင့် လှေသမားအားလုံးနှင့် ရင်းနှီးလေ ၏။ လှေပေါ်ဝယ် ထမင်းဟင်းချက်ပြုတ်ရသည့် မောင်သံပုံးနှင့် ထိတွေ့ ဆက်ဆံမှု ပိုများသဖြင့် အခြားသူများထက် ပိုမိုရင်းနှီးပြီး မောင်တိုးမှာမူ ပင်ကိုကပင် စကားနည်းလွန်းသူဖြစ်သဖြင့် ဒေါ်မြနုစ်နှင့် လေပေးသိပ်မဖြောင့် လှပေ။

ဤသို့ဖြင့် မောင်သံပုံးမှာ လှေသူကြီးဦးသာဖုံ၏ လောင်းကိုယ် လှေကြီးပေါ်ဝယ် တာဝန်ထမ်းဆောင်လျက် အထက်အညာဒေသနှင့် အောက်အရပ် မြစ်ဝကျွန်းပေါ်ဒေသတို့သို့ ကုန်စည်အပြန်အလှန်ပို့ဆောင် ရာ၌ လိုက်ပါရင်း အောက်အရပ် ညောင်တုန်းသို့ရောက်သည့်အခါ သူငယ် ချင်းဖြစ်သူ လွန်းသောင်အား လှေလွန်းတင်သည့်လုပ်ငန်းခွင်ဝယ် သွားရောက်

www.burmeseclassic.com



တွေ့ဆုံလေ့ရှိပြီး လွန်းသောင်၏အိမ်သို့မူ လိုက်ပါခြင်းမရှိချေ။

သူသည် မိုးဖြူနှင့်ဆုံစည်းရမှာ ဝန်လေးနေသဖြင့် အကြောင်းအမျိုးမျိုးပြကာ လွန်းသောင်တို့အိမ်သို့ လိုက်ရန်ကိစ္စကို ရှောင်လွှဲခဲ့လေ၏။

"ငါတို့လှေက ငါးပိကန်ချိုးတင်ပြီးတာနဲ့ ဒီဆိပ်က ခွာတော့မှာကွ၊ ငါ အချိန်သိပ်မရဘူး သူငယ်ချင်း၊ ရော့ . . . ပြည်ကနေ ငါဝယ်လာတဲ့ မုန့်ထုပ်တွေကိုသာ ဒေါ်လေးနဲ့ မိုးဖြူအတွက် လက်ဆောင်ယူသွားပါကွာ"

ယင်းသို့လျှင် အိမ်သို့အလည်လိုက်ရန် လွန်းသောင်က ခေါ်တိုင်း ဥပါယ်တံမျဉ်ဖြင့် ရှောင်လွှဲပြောဆိုခဲ့သည်ချည်း ဖြစ်၏။

မောင်သံပိုးမှာ လှေသူကြီးဦးသာဖ၏ ကုန်တင်လှေကြီးတွင် လှေထိုးသားအဖြစ် အမှုထမ်းသည်မှာ နှစ်ပေါက်အောင် ကြာသည့်အခါ လှေသူကြီးဦးသာဖ၏ မကောင်းသောအကျင့်ကို သိလာခဲ့ရ၏။

လှေသူကြီးဦးသာဖမှာ သူ၏တပည့် လှေထိုးသားတို့အပေါ်ဝယ် ခပ်မှန်မှန် ခပ်တန်းတန်း ဆက်ဆံလေ့ရှိပြီး ဇနီးဖြစ်သူ ဒေါ်မြနှစ်အပေါ်ဝယ် ဟက်ဟက်ပက်ပက် ကြင်ကြင်နာနာ ဆက်ဆံလေ့မရှိသော်လည်း ကုန်ကူးရင်း ကြားစခန်းအဖြစ် ရပ်နားရာ အညာမြို့တစ်မြို့မှ လုံးကြီးပေါက်လှ အသားညိုချော မိန်းမပျိုတစ်ဦးနှင့် သွားရောက်တွေ့ဆုံသည့်အခါတွင်မူ ရေပက်မဝင်အောင် စကားချိုချိုသာသာပြောလျက် သူ့အသက်အရွယ်နှင့်မလိုက်အောင် ခပ်ချွဲချွဲ ပြောဆိုဆက်ဆံတတ်သည်ကို သိရှိ လာရလေ၏။

ထိုအမျိုးသမီးမှာ ထိုဆိပ်ကမ်းမြို့ ဈေးထဲမှ ပွဲကျဈေးသည်တစ်ဦးဖြစ်ပြီး လှေသူကြီးဦးသာဖမှာ ယင်းမြို့ဝယ် လှေဆိုက်ကပ်ရပ်နားစဉ် ဈေးထဲသို့ ဈေးဝယ်ထွက်ရင်း ထိုအမျိုးသမီးနှင့် တွေ့ဆုံသိကျွမ်းခဲ့ရာမှ နောင်ဝယ် ဦးသာဖက အောက်အရပ်ဒေသမှ အဝတ်အထည်၊ မျက်နှာချေမှုန့်၊ ရေမွှေးစသည့် လက် ဆောင်ပစ္စည်းလေးများ ဝယ်လာပေးရင်း ပိုမိုရင်းနှီးခဲ့သည်ဟု သိရလေ၏။

ထို့နောက်ပိုင်းတွင်မူ ဦးသာဖမှာ ထိုမြို့ဆိပ်ကမ်း၌ လှေရပ်နား





ညအိပ်သည့်အခါတိုင်း ညဥ့်ဘက်ဝယ် အကြောင်းအမျိုးမျိုးပြလျက် မြို့ပေါ်မှာပင် တစ်ညလုံးအချိန်ကုန်ပြီး မိုးလင်းမှသာ လှေပေါ် ပြန်ရောက်လာလေ့ရှိ၏။ ဇာလှော်သားများကမူ ဦးသာဖမှာ ထိုမြို့မှ အမျိုးသမီးထံ ညဥ့်ဘက်သွားလည်ခြင်းဖြစ်သည်ဟု ပြောဆိုကြလေ၏။

လှေသူကြီးကတော် ဒေါ်မြနှစ်မှာ ဦးသာဖ၏ခြေလှမ်းကို ရိပ်မိသော်လည်း လင်ယောကျ်ားကို ကြောက်ရသူဖြစ်သဖြင့် သံသယစကားပင် မဆိုဝံ့ဘဲ ဦးသာဖ၏ ဖောက်လွဲဖောက်ပြန်မှုအတွက် သူ့ခမျာ စိတ်ဆင်းရဲလျက်သာ ကြိတ်မှိတ်၍နေရလေ၏။

သို့သော် ဒေါ်မြနှစ်သည် သူမ၏ရင်မှ ခံစားချက်ကို တူသားနှယ် ခင်မင်သံယောဇဉ်ဖြစ်မိသော မောင်သံပိုးကို မီးဖိုထဲဝယ် ထမင်းဟင်းချက်ရင်း ရင်ဖွင့်ပြောပြတတ်လေ၏။

"ဒေါ်လေးသိပါတယ် မောင်သံပိုးရယ် . . . ကိုသာဖဟာ ဟိုးအရင် ဒေါ်လေးနဲ့ အိမ်ထောင်ဦးကာလကတည်းက သစ္စာမဲ့တတ်တာ ဒေါ်လေး သိပါတယ် . . .၊

သူတို့လှေသူကြီးတွေဟာ များသောအားဖြင့် ဒီအတိုင်းပါပဲ . . . လှေအစုန်အဆန်သွားရာ မြစ်ရိုးတစ်လျှောက်မှာ တစ်မြို့တစ်ယောက်ဆိုသလို မိန်းမတွေ မူလို့ပေါက်အောင် ယူတတ်ကြတယ်၊ တချို့ဆို ပိုတောင်ဆိုးသေးတယ် . . . ပွဲစား၊ ကုန်သည်ကြီးတွေဆီက ကုန်ပစ္စည်းတွေကို ခေါက်ပြန်ပေးသဘောမျိုးနဲ့ လှေကြီးတစ်စီးလုံး အပြည့်အသိပ်တင်ပြီး ရေဝတီမြစ်ရိုးတစ်လျှောက် တစ်မြို့ဝင်၊ တစ်မြို့ထွက်နဲ့ သောင်းကျန်းချင်တိုင်း သောင်းကျန်းတတ်ကြတယ်၊ ဒီလိုနဲ့ စီးပွားပျက်၊ ဘဝပျက်သွားသူတွေလည်း လှေလောကမှာ မနည်းဘူးလေ . . .၊

အင်းပေါ့လေ . . . သူ ဖောက်လွဲဖောက်ပြန်လုပ်တာကို လုံးဝတားလို့ မရသည့်တိုင် လွန်လွန်ကဲကဲ ပရမ်းပတာမဖြစ်အောင် လိုက်ထိန်းထားသောနဲ့ လိုက်နေရတယ်ဆိုရင်လည်း မမှားပါဘူး . . . ဘာဖြစ်လို့လဲဆိုတော့



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်လေးက တည်မိတဲ့အိမ်ထောင်ကို မပြိုကွဲချင်ဘူး . . . သမီးလေးတွေရဲ့ မျက်နှာ ရှိသေးတယ်လေ''

ဟုပြောရာ မောင်သံပုံးက မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ်ပြုရင်း . . .

''ဪ ဒေါ်လေးတို့မှာ သမီးတွေရှိသေးတယ် ဟုတ်လား။ ကျွန်တော်က သားထောက်သမီးခံမရှိဘဲ လင်ကိုယ် မယားနှစ်ယောက်တည်းလို့ထင်တာ''

ဟု ပြောရာ ဒေါ်မြနှစ်က သက်ပြင်းရှိုက်ရင်း . . .

''မိကျောင်းရဲမှာ ဒေါ်လေးတို့အိမ်ရှိတယ် မောင်သံပုံးရဲ့၊ အိမ်မှာ သမီးနှစ်ယောက်ကျန်ခဲ့တယ်၊ အကြီးမက အခုနှစ် ဆယ်တန်းဖြေမယ်လေ၊ အငယ်မကတော့ ခုနစ်တန်း၊ သူတို့ကို ဒေါ်လေးရဲ့ညီမ အပျိုကြီး မဇာဝေနဲ့ ထားခဲ့ရတယ်၊ အဲဒါ ငယ်ငယ်ကတည်းကပါပဲ . . . လှေပေါ်၊ တက်ပေါ် သူတို့ကိုခေါ်လာရင် ပညာရေးမှာ အခက်အခဲဖြစ်မယ်လေ၊ ပြီးတော့ . . . သမီးတို့ အရွယ်ရောက်လာပြီမို့ လှေပေါ်၊ တက်ပေါ်မှာဆို လှေထိုးသား ယောကျ်ားတွေနဲ့ မသင့်တော်လို့ မိကျောင်းရဲမှာပဲ ထားခဲ့ရတာ''

ဟု သေချာရှင်းပြလေ၏။ ဆက်လက်၍ . . .

''လှေသူကြီး၊ တက်မကိုင်တို့ရဲ့ မိသားစုတွေက ဒီလိုပါပဲကွယ်၊ လှေကို အိမ်လိုသဘောထားပြီး နေရတော့ လှေကနေလည်း မခွာနိုင်ဘူး။ တချို့ဆို လှေပေါ်မှာပဲ စညားကတည်းက နေလာကြတော့ မြို့ရွာတစ်ခုခုမှာ အိမ်ရာ အတည်တကျမဝယ်ဖြစ်၊ မဆောက်ဖြစ်ဘူး . . . ဒီလိုနဲ့ လှေပေါ်မှာပဲ သားသမီးတွေမွေးလာရော''

''အဲဒီသားသမီးတွေက တဖြည်းဖြည်းကြီးလာတဲ့အခါ ပညာသင်ပေးရမှာမို့ သူတို့ကို လှေနဲ့ခေါ်သွားလို့မဖြစ်ဘဲ ခင်မင်ရင်းနှီးရာ မိတ်ဆွေ သင်္ဂဟတွေရဲ့အိမ်၊ ဆွေမျိုးနီးစပ်တွေရဲ့အိမ်တွေမှာ စားစရိတ်၊ ပညာသင်စရိတ်ပေးပြီး အပ်နှံထားခဲ့ရလေ့ရှိဘယ်''





''အဲဒီအခါ ကလေးတွေဟာ သူတစ်ပါးအိမ်မှာ အနေကျုံ့၊ အစားကျုံ့နဲ့ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ မပျော်မမွေ့ ဖြစ်ကြရတယ်၊ အဲဒီကလေးတွေဟာ ညနေတိုင်း မြစ်ကမ်းနဖူးထိပ်မှာထိုင်ပြီး ကိုယ့်မိဘရဲ့လှေကို မျှော်တတ်ကြတယ်၊ အသိလှေတွေတွေ့ရင်လည်း မိဘတွေရဲ့ သတင်းပလင်းကို မေးကြရရှာတယ်၊ ဒါဟာ . . . လှေသူကြီးမိသားစုတွေရဲ့ ဘဝဖြစ်စဉ်ပဲလေ၊ ဒါကြောင့် . . . ဒေါ်လေးဟာ ကိုယ့်ရဲ့အိမ်ထောင် ပြိုကွဲသွားရင် ကိုယ့်သမီးလေးတွေ စိတ်ထိခိုက်ကြေကွဲမှာစိုးလို့ ကိုသာဝံဆိုးသမျှကို မသိကျိုးကျွန်ပြုပြီး သည်းခံနေခဲ့ရတာပေါ့ကွယ်၊ သမီးတို့ကို ဒေါ်လေးတို့ မိဘတွေရဲ့ သတင်းဆိုးမျိုး မကြားစေချင်ဘူး''

ဟု ပြောရာလေ၏။ သို့သော် သမီးဖြစ်သူတို့အား မိဘများ၏ သတင်းဆိုး မကြားစေချင်သူ၊ မိဘမေတ္တာ အပြည့်အဝရှိသူ ဒေါ်မြနှစ်၏ ဆန္ဒကား မပြည့်ဝခဲ့ပါ။

မမျှော်လင့်သော လောကဓံမုန်တိုင်း အမွှေခံရသဖြင့် ဒေါ်မြနှစ်၏ ချစ်သမီးလေးတို့အတွက် ရင်ကျိုးစရာသတင်းဆိုး ဖြစ်ပေါ်စေရန် အကြောင်းဖန်လာပုံကား ဤသို့တည်း။

✧ ✧ ✧

www.burmeseclassic.com



### ❖ ကံဆိုးသူ ❖

မောင်သံပုံးတို့၏ ကုန်တင်လောင်းကိုယ်လှေကြီး သည်တစ်ခေါက် အထက်အညာသို့ ကုန်အပြည့်ဖြင့် ဆန်တက်လာသည့်အခါ အညာဒေသ ရေဝတီမြစ်ရိုးတစ်လျှောက်မှ မြို့ရွာအတော်များများဝယ် ကြောက်မက်ဖွယ် ကပ်ရောဂါတစ်ခုကျရောက်ကာ လူတွေ တဖြုတ်ဖြုတ်သေပြီး တချို့ဆို ရွာလုံးကျွတ် သေသည်အထိ အခြေအနေဆိုးဝါးလျက်ရှိလေ၏။

ယင်းရောဂါသည်ကား ပလိပ်ရောဂါပင်ဖြစ်ချေ၏။ ကြောက်မက် ဖွယ်ကောင်းသော ကူးစက်မှု လွန်စွာမြန်ဆန်သည့် ပလိပ်ရောဂါမှာ ရှေးဦးစွာ တောနေသတ္တဝါများဖြစ်ကြသော တောကြွက်၊ ရှဉ့်၊ ယုန် စသည့် သတ္တဝါ များမှ လူ့ရပ်ရွာရှိ လယ်ကြွက် ယာကြွက်များသို့ ကူးစက်ပြီး လယ်ကြွက် ယာကြွက်တို့မှတစ်ဆင့် အိမ်ကြွက်တို့သို့ကူးကာ အိမ်ကြွက်မှ လူသို့ကူးလေ ၏။

ခေတ်ကာလမှာလည်း ဗြိတိသျှနယ်ချဲ့အစိုးရ အုပ်စိုးထားသော ခေတ်ဖြစ်သည်နှင့်အညီ ကျေးလက်တောရွာများ၏ ကျန်းမာရေးအဆင့် အတန်းမှာ များစွာနိမ့်ကျလျက်ရှိရာ ပလိပ်ရောဂါအတွက် ကုသရန်ဆေး ကာကွယ်ရန်ဆေး မရှိသဖြင့် ပလိပ်ရောဂါကျရောက်သည့် မြို့ရွာတို့တွင် လူတွေ တဖြုတ်ဖြုတ် သေကြရသည်မှာ မြင်မကောင်းအောင်ဖြစ်ရလေ၏။

မောင်သံပုံးတို့၏ ကုန်တင်လှေကြီးမှာ ဆိပ်ကမ်းမြို့ရွာများသို့





မကပ်ဘဲ ယင်းမြို့ရွာ၌ ပလိပ်ရောဂါဖြစ်ပွားနေခြင်း ရှိမရှိ ဦးစွာမေးမြန်း စနည်းနာပြီး ရောဂါမဖြစ်ကြောင်း သိရမှ လှေကိုကမ်းသို့ကပ်ကာ ရပ်နား ခြင်း၊ ကုန်တင်ကုန်ချခြင်းတို့ ပြုလုပ်လေ၏။ ရောဂါဖြစ်ပွားလျက်ရှိသော မြို့ရွာဆိပ်ကမ်းတို့တွင်မူ လှေကို ရပ်နားခြင်းမပြုဝံ့ချေ။

သေရေးရှင်ရေးဖြစ်လာပြီမို့ လှေသူကြီးဦးသာဇံမှာလည်း လှေ ပေါ်ဝယ် တစ်ချက်လွှတ်အမိန့်ကို ထုတ်ရလေတော့၏။

"ဒီမှာဟေ့ . . . လှေထိုးသားတွေအားလုံး နားထောင်ကြစမ်း၊ အခု မြစ်ရိုးတစ်လျှောက်က ရွာတွေမြို့တွေမှာ ပလိပ်ရောဂါ အကြီးအကျယ် ဖြစ်နေတယ်၊ ငါတို့လှေကလည်း ညောင်ဦးဆိပ်ကမ်းအထိ မဖြစ်မနေ ဆန် တက်ပြီး ပွဲစားရဲ့ကုန်ပစ္စည်းတွေကို အချိန်မီ ပို့ပေးရမှာဆိုတော့ လှေကို ပြန်ခေါက်စုန်ဆင်းလို့လည်း မဖြစ်ဘူး၊ ဒီတော့ ရောဂါပိုးကို ရှောင်ပြီး နှတ်တိုးသွားရမှာပဲ . . . ၊

အရေးကြီးတာက ပလိပ်ရောဂါပိုးဟာ ငါတို့ရဲ့လှေပေါ် ရောက်မလာ ဖို့ပဲ . . . ဒီတော့ ဘယ်ဆိပ်ကမ်းမှာပဲ လှေနားနား မင်းတို့ တစ်ယောက်မှ ကမ်းပေါ်တက်ပြီး လျှောက်လည်တာတို့၊ အရက်တက်သောက်တာတို့၊ အမျိုးအိမ်ဝင်တာတို့ မလုပ်ပါနဲ့၊ မင်းတို့နဲ့အတူ ရောဂါပိုးပါလာရင်တော့ ပလိပ်ရောဂါရှိနေပြီလို့ သိသိချင်းမှာပဲ လှေကို ရောက်ရာအရပ်ကကမ်းဆီ ကပ်ပြီး လှေပေါ်ကနေ ရောဂါရှိသူကို ချထားရစ်ခဲ့မှာပဲ၊ အဲဒီလိုမှမဟုတ် ရင် တစ်ယောက်ကစပြီး တစ်လှေလုံးကူး အားလုံး မသာပေါ်ကုန်မယ်၊ ငါရောဂါဖြစ်ရင်လည်း ငါ့ကို နီးရာကမ်းကပ်ပြီး ထားခဲ့ . . . အတန်တန် သတိပေးလို့မှ ငါ့စကားကို မလိုက်နာရင်တော့ မင်းတို့ထိုက်နဲ့ မင်းတို့ကံပဲ"

ဟု တစ်ချက်လွှတ်အမိန့်ထုတ်လိုက်ရာ လှေထိုးသားများမှာ မည်သူမျှ ကမ်းပေါ်မတက်ရဲကြချေ။

ဤသို့ဖြင့် မောင်သံပုံးတို့၏ ကုန်တင်လှေကြီးမှာ ရေနံချောင်းအ ထွက် ပင်းချောင်းအဝသို့အရောက်ဝယ် လေကောင်းလာသဖြင့် ရွက်ဖွင့်ကာ



www.burmeseclassic.com

www.burmeseclassic.com

ခရီးနှင်ဖို့ ပြင်ကြရလေ၏။ ခပ်ပုတ်စင် (ခေါ်) ပွဲစင်ပေါ်မှ လှေသူကြီးဦးသာဖံက "ရွက်ဖွင့်ကြပေဟေ့"ဟု ဟစ်အော်အမိန့်ပေးလိုက်ရာ . . .

ခေါင်ဝါးသမားတစ်ဦးဖြစ်သည့် ကိုစံမောင်က ရွက်တိုင်ဝယ် ယာယီချည်နှောင်ထားသော ရေသီကြိုးကိုဖြုတ်လျက် ကြိုးစမှနေကာ ဖြောင်းခနဲ ဆောင့်ဖွင့်ချလိုက်လေ၏။

မြစ်ပြင်တစ်ကြောဝယ် လေက ဟူးဟူးရားရား တိုက်ခတ်နေရာ မောင်သံပုံးတို့၏ လောင်းကိုယ်လှေကြီးမှာ ရွက်ကြီးများဖောင်းကားလျက် ခရီးတွင်တွင်နှင်လျက်ရှိစဉ် ပေါင်းလုံးအောက်ရှိ လှေသူကြီးလင်မယား၏ အခန်းထဲမှ တဟီးဟီးညည်းညူသံတစ်ခု ထွက်ပေါ်လာလေ၏။

ခဏအကြာဝယ် နောက်လိုက်ဝါးသမား မောင်တိုးမှာ ပွဲစင်အောက်သို့ ရောက်ရှိသွားပြီး ပွဲစင်ပေါ်ဝယ်ထိုင်လျက် ဗောလက်ကြိုး (ရွက်လက်ကြိုး)ကိုကိုင်ထားကာ ရေကြောင်းလေကြောင်းကိုကြည့်ပြီး ပွဲထိန်းနေသူ လှေသူကြီးဦးသာဖံအား သတင်းပို့လေ၏။

"လှေသူကြီး . . . လှေသူကြီးကတော် ဖျားနေပြီဗျ . . . လည်ပင်းနဲ့ ချိုင်းက အကျိတ်တွေလည်း ရောင်နေတယ်ဗျ"

ဟူသော မောင်တိုး၏သတင်းစကားကို ကြားလိုက်ရသည်တွင် လှေသူကြီးဦးသာဖံ၏မျက်နှာမှာ ဖွေးခနဲဖြစ်ကာ ဖြူဖပ်ဖြူရော်ဖြစ်သွားပြီး သူ၏ခန္ဓာကိုယ်မှာလည်း ဆတ်ခနဲ တုန်သွားလျက် . . .

"ဟင်"ဟု အာမေဋိတ်သံကြီးပြုကာ တက်မလုံးကို လက်မှလွှတ်ပြီး ခင်ပုတ်ပေါ်မှ ခုန်ဆင်းလိုက်လေ၏။

"ရော့ . . . ဗောလက်ကြိုးကိုကိုင်ပြီး ပွဲကို ခဏထိန်းထား၊ ငါသွားကြည့်ဦးမယ်"

ဟု ပြောပြောဆိုဆိုဖြင့် ဗောလက်ကြိုး (ခေါ်) ရွက်လက်ကြိုးကို မောင်တိုး၏လက်ထဲထည့်ပြီး ပေါင်းလုံးအောက်သို့ လှေသူကြီး ဝင်သွားတော့၏။





ခဏအကြာဝယ် လှေသူကြီးဦးသာဖံမှာ ပေါင်းလုံးအောက်မှ မျက်နှာအပျက်ပျက်ဖြင့် ထွက်လာပြီးလျှင် မောင်တိုး၏လက်ထဲမှ ဗောလက်ကြိုးကို ပြန်ယူလိုက်ကာ ပွဲစင်ပေါ် ပြန်တက်လိုက်လေ၏။

ထို့နောက် ပွဲစင်ပေါ်မှနေ၍ 'ရွက်သိမ်းတော့ဟေ့'ဟု တစ်လှေလုံးကြားအောင် အော်ဟစ်အမိန့်ပေးလိုက်ပါတော့သတည်း။

✧ ✧ ✧

www.burmeseclassic.com



## ❖ ရှင်သေမင်းကိုအာခံခြင်း ❖

ရှက်သိမ်းပြီးသည်နှင့် လှေသူကြီးဦးသာဖကအမိန့် ထပ်မံပေးလေ၏။

"လှေကိုကမ်းကပ်မယ်"

ဟု အမိန့်ပေးလိုက်သည်နှင့် ဘနှစ်နှင့် လှေထိုးသမားသုံးဦးက ထိုးဝါးများထိုးကာ လှေကို ကမ်းသို့ကပ်ပြီး လှေသူကြီးက တက်မလုံးကို ကိုင်ကာ ပဲ့ကို ချိုးပေးရလေ၏။

"မမြနှစ်မှာ ပလိပ်ရောဂါ စွဲကပ်နေပြီ ... သူ့ကို ဒီလှေပေါ်မှာထားလို့ မဖြစ်တော့ဘူး။ ပလိပ်ရောဂါဟာ တောမီးထက် အကူးမြန်တယ်၊ နောက် နာရီပိုင်းအတွင်း သူ့ဆီကနေ ငါတို့လှေပေါ်ပါသူအားလုံးကို ရောဂါကူးစက်တော့မယ် ...၊

ဒီတော့ ငါထုတ်ထားတဲ့အမိန့်အတိုင်း သူ့ကို ဒီကမ်းခြေမှာပဲ ထားရစ်ခဲ့ရမယ်၊ မတတ်နိုင်ဘူး ... သူ့အတွက်နဲ့ ငါတို့အားလုံး အသေခံလို့မဖြစ်ဘူး။ ခြေမကောင်း ခြေမ, လက်မကောင်း လက်မဆိုသလို မကောင်းတဲ့ ပုပ်သွားတဲ့သွေးကိုတော့ ဖောက်ထုတ်ပစ်ရမှာပဲ၊ ဒီလိုမှမဟုတ်ရင် ငါတို့တစ်လှေလုံး နေမညို့ခင်မှာပဲ အားလုံး မသာပေါ်ကုန်မယ်"

"ကဲ မမြနှစ်ကို ကမ်းပေါ် ဘယ်သူပို့ပေးမလဲ"

ဟု မေးလိုက်ရာ မောင်သံပုံးမှလွဲ၍ လှေထိုးသားအားလုံးမှာ ခေါင်း





ငုံ့သွားကြတော့၏။ ပလိပ်ရောဂါဖြစ်နေသူကို သူတို့ မကိုင်တွယ်ရဲကြတော့ချေ။ သို့သော် ဒေါ်မြနှစ်အပေါ် မိခင်လို အဒေါ်လို သံယောဇဉ်ဖြစ်နေမိသော မောင်သံပုံးကမူ ရဲဝံ့စွာ ပြောလိုက်လေ၏။

"ဦးရီး ကျွန်တော် ဒေါ်လေးဒေါ်မြနှစ်ကို ကမ်းပေါ်ခေါ်သွားပါ့မယ်၊ ကျွန်တော် ကမ်းပေါ်မှာပဲ သူနဲ့အတူ နေခဲ့မယ်၊ ဒေါ်လေးကို ဒီကမ်းခြေနားက ရွာတစ်ရွာရွာနား ခေါ်သွားပြီး ဆေးဆရာရှာလို့ ကျွန်တော်ကြိုးစားကုပေးချင်ပါတယ်"

ဟု ပြောလိုက်ရာ လှေသူကြီးအပါအဝင် လှေထိုးသားများအားလုံး အံ့အားသင့်သွားကြပြီး မောင်သံပုံးကို မယုံနိုင်စွာ ဝိုင်းကြည့်လိုက်ကြလေ၏။ လှေသူကြီးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားရာမှ ...

"မောင် မောင်သံပုံး ... မင်း ဘယ်လိုပြောလိုက်ပါလိမ့်၊ မမြနှစ်နဲ့အတူ မင်းနေရစ်ရင် မင်းကို သူ့ရောဂါကူးသွားမှာပေါ့"

ဟု ဆိုလိုက်ရာ ...

"ရောဂါကူးလို့ပဲသေသေ ဦးရီး ... ကျွန်တော် ဒီကမ်းခြေမှာ ဒေါ်လေးတစ်ယောက်တည်းကို မထားခဲ့ရက်ဘူးဗျာ၊ ကျွန်တော် ဒေါ်လေးနဲ့အတူ နေခဲ့ပါရစေ"

ဟု မောင်သံပုံးက ပြောလိုက်ပြီးနောက် ပေါင်းလုံးထဲသို့ ဝင်သွားတော့၏။

ခဏအတွင်းမှာပင် မောင်သံပုံးသည် ဘယ်ဂျုံးဝယ် အဝတ်အိတ်တစ်အိတ်ကိုလွယ်လျက် အဖျားတက်နေသော ဒေါ်မြနှစ်ကို လက်နှစ်ဖက်ဖြင့် ပွေ့ချီမကာ ပေါင်းလုံးအောက်မှ ထွက်လာလေ၏။

ထို့နောက် သူသည် မည်သူ့ကိုမျှ နှုတ်မဆက်တော့ဘဲ ကုန်းပေါင်မှတစ်ဆင့် ကမ်းခြေပေါ်သို့ တက်သွားတော့၏။

လှေသူကြီးဦးသာဖမှာ မောင်သံပုံး၏ကျောပြင်အား ငေးငိုင်ကြည့်နေရာမှ သက်မကြီးချလိုက်ပြီးနောက် ...



www.burmeseclassic.com

www.burmeseclassic.com

"သစ္စေသစ္စာ ကမ္ဘာသက်ာပဲလေ"

ဟု ညည်းညူလိုက်ကာ ...

"ကဲ ... ကုန်းပေါင်တင်၊ ထိပ်ဆံကြိုးတွေဖြုတ်၊ ငါတို့ ဒီ ကမ်းက အမြန်ဆုံးခွာပြီး သွားကြမယ်"

ဟု အမိန့်ပေးလိုက်တော့၏။

ယင်းနောက် မိနစ်ပိုင်းအတွင်းမှာပင် လောင်းကိုယ်လှေကြီးမှာ ရွက်စုံဖွင့်လျက် မြစ်ကြောင်းအတိုင်း ဆန်တက်သွားလေ၏။

မောင်သံပုံးမှာမူ ဒေါ်မြနှစ်အား ပွေ့မလျက်မှ ကန်သင်းရိုးပြတ်တို့ကို ဖြတ်သန်းကာ ခပ်ဝေးဝေး၌ သစ်ပင်အုပ်အုပ်တို့နှင့်အတူ မြင်ရသည့် ရွာလေးတစ်ရွာဆီသို့ဦးတည်ကာ ခြေလှမ်းကျဲကြီးတို့ဖြင့် ခရီးနှင်လျက်ရှိလေ၏။

သူ၏ရည်ရွယ်ချက်မှာ ထိုရွာလေးဝယ် တိုင်းရင်းဆေးဆရာတစ်ဦးဦးရှိပါက ဒေါ်မြနှစ်၏ရောဂါအား တတ်နိုင်သရွေ့ ကုသပေးရန်ဖြစ်လေ၏။

တကယ်တော့ ဒေါ်မြနှစ်ဝယ် လွန်စွာကြောက်စရာကောင်းသော ပလိပ်ရောဂါစွဲကပ်နေပြီဖြစ်ကြောင်း မောင်သံပုံး သိပါ၏။ သို့သော် မည်သို့ပင်ဖြစ်စေ မိန်းမသားတစ်ဦးဖြစ်သော ဒေါ်မြနှစ်တစ်ဦးတည်း ဝေဒနာခံစားနေရစဉ် စွန့်ပစ်ထားခဲ့ရန် သူလုံးဝ မစဉ်းစားချေ။

"ဒေါ်လေးကို ငါအတတ်နိုင်ဆုံး ရအောင်ကုပေးမယ်"

ဟု သူ့စိတ်ထဲမှ ကြုံးဝါးလိုက်လေ၏။

✧ ✧ ✧





❖ သက်မဲ့ရွာ ❖

နေပူဒ်သာသာ ရွာတန်းရှည်လေး၏အနီးသို့ ရောက်ရှိသွားသည့်အခါ ဇရပ်ငယ်တစ်ဆောင်ကို တွေ့ရလေ၏။ သို့ဖြင့် မောင်သံပုံးမှာ ဇရပ်ပေါ်သို့ ဒေါ်မြနှစ်ကို ပွေ့မကာခေါ်သွားပြီး ဇရပ်ကြမ်းပျဉ်ထက်ဝယ် အသာချသိပ်လိုက်ရာ ဒေါ်မြနှစ်၏မျက်လုံးများမှာ ခပ်ဖြည်းဖြည်းပွင့်လာလေ၏။

"ဒေါ်လေး ဒီမှာခဏနေဦးနော် ... ကျွန်တော် ဒီက ရွာထဲမှာ ဆေးဆရာသွားရှာဦးမယ်၊ ဒေါ်လေး ဘာမှမဖြစ်စေရဘူး ... သိလား"

ဟု ပြောကာ နေရာမှထမည် ပြင်လိုက်စဉ် ဒေါ်မြနှစ်က မောင်သံပုံး၏ပုဆိုးစကို ဆွဲထားပြီးလျှင် လေသံသဲ့သဲ့ဖြင့် ပြောရှာလေ၏။

"လူလေး ... ဘယ်ဆေးဆရာကိုမှ မရှာပါနဲ့ကွယ်၊ ဒေါ်လေးရောဂါကို ဒေါ်လေးသိတယ် ... ပြီးခဲ့တဲ့ ဆိပ်ကမ်းမှာတုန်းက ဆိပ်ကမ်းပေါ် ဟင်းစားတက်ဝယ်ရင်း ရောဂါပိုး ကူးခဲ့တာပဲဖြစ်မယ်"

ဟု အားယူပြောရာမှ မောသွားဟန်ဖြင့် ခေတ္တနားလိုက်ပြီးနောက်

"ဒေါ်လေးကို ကိုသာဖံ စွန့်ပစ်ထားခဲ့တာကိုလည်း ဒေါ်လေးခွင့်လွှတ်ပါတယ်ကွယ်၊ လူလေး ဒေါ်လေးနဲ့အတူ နေခဲ့တာကိုပဲ အံ့သြတယ် ... မင်းရဲ့စိတ်ဓာတ်ကို ချီးကျူးတယ်၊ မင်းရဲ့စိတ်ဓာတ်ကိုလည်း လေးစားယုံကြည်လို့ ဒေါ်လေး အကူအညီတောင်းပါရစေ"

ဟု ပြောလိုက်ရာ မောင်သံပုံးက ဒေါ်မြနှစ်၏ လက်ဖျားလေးများ



www.burmeseclassic.com

www.burmeseclassic.com

ကို လက်ဖြင့်ဆုပ်နယ်လိုက်ရင်း . . .

"ပြောပါ ဒေါ်လေး . . . ကျွန်တော် ဘာကူညီရမလဲ"

ဟု မေးလိုက်ရာ ဒေါ်မြနှစ်က စကားကို အားယူပြော လိုက်ရှာလေ၏ -

"ဒီလိုပါကွယ် . . . ဒေါ်လေးမှာ ဒေါ်လေးရဲ့အဘွား အမွေပေးထားရစ်ခဲ့တဲ့ ဘိုးဘွားပိုင်ရတနာပစ္စည်းတွေရှိတယ်၊ အဲဒီပစ္စည်းတွေကို မီးကျောင်းရဲ့က အိမ်ရဲ့ ခေါင်တိုင်အောက် မြေကြီးထဲ နှစ်တောင်လောက်မှာ သံသေတ္တာနဲ့ မြှုပ်ထားတယ်၊ အဲဒါကိုတူးဖော်ပြီး သမီးမြရတီရဲ့လက် အပ်ပေးပါ၊ ကိုသာဖံ မသိစေနဲ့ . . . သူသိရင် သူ့ရဲ့မယားငယ် စားသွားလိမ့်မယ်၊ သူ့ရဲ့ အကျင့်ကိုသိလို့ ရတနာတွေအကြောင်း သူ့ကိုမပြောဘဲ ဒေါ်လေးကိုယ်တိုင် မြေမှာမြှုပ်ပြီး ဝှက်ထားခဲ့တာ . . . အဲ အဲဒါကို ဆောင်ရွက်ပေးပါနော်"

ဟု လေသံသဲ့သဲ့ဖြင့် ပြောလေရာ မောင်သံပုံးမှာ ခေါင်းညိတ်လိုက်ပြီး . . .

"စိတ်ချပါဒေါ်လေး . . . ကျွန်တော် သစ္စာရှိစွာ ဆောင်ရွက်ပေးပါ့မယ်၊ ကဲ . . . ခုတော့ ဒေါ်လေး ခဏလေး မှိန်းနေလိုက်ဦးနော် . . . ကျွန်တော် ရွာထဲပြေးပြီး ဆေးဆရာ သွားရှာလိုက်ဦးမယ်"

ဟု ငြင်သာစွာပြောကာ ထိုင်ရာမှထပြီး ဇရပ်ပေါ်မှဆင်းလျက် ရွာထဲသို့ ပြေးဝင်လာခဲ့လေ၏။

မောင်သံပုံးမှာ ရွာလေးထဲသို့ ရွာလယ်လမ်းအတိုင်း ဝင်လာခဲ့ရာ အိမ်လေးငါးလုံးရှေ့မှ ဖြတ်ကျော်လာသည့်တိုင် လူသူအရိပ်အယောင် လုံးဝ မတွေ့ရဘဲ တစ်ရွာလုံး တိတ်ဆိတ်လျက်ရှိသည်ကို တွေ့ရရာ လွန်စွာအံ့ဩသွားတော့၏။

"ဟာ . . . တစ်ရွာလုံး တိတ်လို့ပါလား . . . ခွေးတစ်ကောင် ကြောင်တစ်မြီးမှတောင် မတွေ့ရဘူး"

ကျီးနှင့်ဖုတ်ဖုတ်ဆိုသကဲ့သို့ ခြောက်ကပ်တိတ်ဆိတ်လျက်ရှိသော ရွာလေးထဲသို့ သူ ဆက်လက်ဝင်လာရာမှ စိတ်ဝယ် စနိုးစနောင့်ဖြစ်လာလေ၏။

ရွာ၏ တချို့သောအိမ်တံခါးတို့မှာ ပိတ်ထားပြီး တချို့အိမ်တို့၏ တံခါးတို့မှာ ဟောင်းလောင်းပွင့်လျက်ရှိလေ၏။ အချို့အိမ်ဝိုင်းတို့ထဲမှ အိမ်ရှေ့ဝါးတန်းတို့ဝယ် အဝတ်အချို့ လှန်းထားသည်ကိုတွေ့ရပြီး ထိုအဝတ်အထည်တို့မှာ လေဝယ် တဖျပ်ဖျပ်လွင့်လျက်ရှိလေ၏။ သို့သော် လူသူအရိပ်အယောင်မှ လုံးဝ မတွေ့ရသကဲ့သို့ လူသံသူသံ၊ ခွေးသံ၊ ကြက်သံ မည်သည့်အသံမျှ မကြားရဘဲ အံ့ဩစရာကောင်းလောက်အောင် တိတ်ဆိတ်လျက်ရှိရာ မောင်သံပုံးမှာ သက်ာမကင်းဖြစ်လာပြီး အနီးဆုံးအိမ်ဝိုင်းတစ်ခုအတွင်းသို့ ဝင်လိုက်တော့၏။

ယင်းအိမ်ဝိုင်းထဲမှ တစ်ဖက်ရပ်တဲလေး၏ အိမ်ရှေ့တံခါးမှာ ပွင့်လျက်ရှိရာ တဲအိမ်ပေါ်သို့ မောင်သံပုံးတက်လိုက်ပြီး အိမ်ထဲသို့ ကဲကြည့်လိုက်လေ၏။

အိမ်ရှေ့ခန်းဝယ် လူတစ်ယောက်သည် ပက်လက်လဲလျောင်း အိပ်စက်လျက်ရှိပြီး သူ၏မျက်နှာပေါ်ဝယ် ပဝါတစ်ခုက အုပ်လျက်ရှိလေ၏။

မောင်သံပုံးသည် အိမ်ထဲသို့ တစ်လှမ်းချင်းဝင်သွားပြီး ထိုလူ့ကို သေချာအနီးကပ်ကြည့်လိုက်ရာ . . .

"ဟင် . . . သေနေတာပါလား"

ဟု သူ့နှုတ်မှ လွှတ်ခနဲပြောလိုက်မိပြီး အိမ်အနှံ့ မျက်စိဝေ့ယမ်းကြည့်လိုက်ရာ အခြားမည်သူ့ကိုမျှ မတွေ့ရချေ။ မသာကို ထားရစ်၍ အိမ်ရှင်တို့ အဘယ်သို့ ထွက်သွားလေသနည်း။

မောင်သံပုံးသည် ယင်မည်းရိုင်းတို့အုံလျက်ရှိပြီဖြစ်သော မသာကို စိတ်မသက်သာစွာကြည့်ရင်း နောက်ပြန်ဆုတ်ကာ အိမ်ထဲမှ ထွက်ခဲ့လေ၏။

ထို့နောက် နောက်ခြံဝိုင်းတစ်ခုသို့ ကူးခဲ့ရာ ထိုခြံဝိုင်းထဲရှိ အိမ်မှာ နှစ်ထပ်အိမ်ဖြစ်ပြီး အောက်ထပ်ဝယ် လူသူအရိပ်အယောင် လုံးဝမတွေ့ရဘဲ





ခုနှစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

တိတ်ဆိတ်လျက်ရှိရာ မောင်သံပုံးက လှေကားအတိုင်း အိမ်ပေါ်ကပ်သို့ တစ်လှမ်းချင်းသာ သတိထား တက်ခဲ့လေ၏။

အိမ်ပေါ်ထပ်လှေကားထိပ်မှ အခန်းထဲဝယ် ပက်လက်ကုလားထိုင် တစ်လုံးနှင့် လူတစ်ယောက်ထိုင်ပြီး အိပ်ပျော်လျက် ရှိလေ၏။

"ဗျို့ အိမ်ရှင်တို့ . . . ဗျို့ အိမ်ရှင်တို့ . . ."

ဟု ခေါ်သော်လည်း ထိုသူက မလှုပ်သဖြင့် မောင်သံပုံးမှာ ထိုလူ၏အနီးသို့ တိုးကပ်သွားပြီး သေချာကြည့်လိုက်ရာ ထိုလူ၏မျက်နှာ၊ လက် စသည်တို့ဝယ် အမည်းကွက်များ ဖြစ်ပေါ်လျက် သေဆုံးနေသည်ကို တွေ့ရလေ၏။

"ဘုရားရေ . . . ဒီလူလည်း သေနေတာပါလား"

ထိုအခါမှ မောင်သံပုံးမှာ တစ်စုံတစ်ရာကို စဉ်းစားမိသွားပြီး . . .

"ဟာ ဟုတ်ပြီ . . . ဒီရွာကလူတွေဟာ ပလိပ်ရောဂါဖြစ်ပြီး တဖြုတ်ဖြုတ်နဲ့ ရွာလုံးကျွတ် သေကုန်ကြတာပဲဖြစ်မယ်၊ ရောဂါကူးစက်ပြီးသေတာ မြန်လွန်းအားကြီးလို့ သေတဲ့သူတွေကိုတောင် မသင်္ဂြိုဟ်နိုင်တော့ဘဲ ကျန်လူတွေဟာ ကမန်းကတန်း လက်လွတ်ထွက်ပြေးကုန်ကြတာပဲဖြစ်မယ်"

ဟု စဉ်းစားကာ လွန်စွာ စိတ်မချမ်းမသာဖြစ်သွားပြီး ထိုအိမ်ပေါ်မှ ဆင်းလာခဲ့တော့၏။

မောင်သံပုံးမှာ ရွာထဲမှထွက်ပြီး ဇရပ်သို့ ပြန်ရောက်သောအခါ ဒေါ်မြနှစ်မှာ သေဆုံးလျက်ရှိကြောင်း တွေ့ရလေ၏။

"ဖြစ်ရလေ ဒေါ်လေးရယ် . . . ကျွန်တော်ပြန်လာအောင်တောင် မစောင့်နိုင်ပါလား၊ စိတ်ထားကောင်းပြီး အေးချမ်းတဲ့ဒေါ်လေး နောက်ဘဝတွေမှာ ဒီလိုအဖြစ်ဆိုးနဲ့ မကြုံရပါစေနဲ့ဗျာ၊ ဒေါ်လေးပေးအပ်တဲ့ တာဝန်ကိုလည်း ကျွန်တော် ကျေပွန်အောင် ထမ်းဆောင်ပါ့မယ်ဗျာ"

ဟု မောင်သံပုံးမှာ စိတ်မကောင်းစွာ ရေရွတ်ပြီးနောက် ဒေါ်မြနှစ်၏ အလောင်းကို ဇရပ်အောက်မြေပြင်သို့ ပွေ့မ,သွားပြီး ရွာထဲရှိ အိမ်တစ်အိမ်မှ





သံတူရွင်းတစ်ချောင်းသွားယူကာ ဇရပ်အနီးမှာပင် တွင်းတူးလျက် ဒေါ်မြနှစ်၏ အလောင်းကို ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်လိုက်ပါတော့သတည်း။

✧

"အင်း . . . ဒေါ်လေးဒေါ်မြနှစ် အကူအညီတောင်းခဲ့တဲ့ဆန္ဒကို ဆောင်ရွက်ပေးနိုင်ဖို့ ငါဟာ မိကျောင်းရဲကာ ဒေါ်လေးတို့ရဲ့အိမ်ကို အရောက် သွားနိုင်မှဖြစ်မယ်၊ ခုလို ရွာစဉ့်,မြို့စဉ်တစ်လျှောက် ပလိပ်ရောဂါတွေ နေရာအနှံ့ ဖြစ်ပွားနေချိန်မှာ ငါ တစ်မြို့ပြီးတစ်မြို့ဖြတ်ပြီး မိကျောင်းရဲအထိ ရောက်အောင် ဘယ်လိုသွားရပါ့မလဲ၊ ငါ သွားခဲ့ရင်လည်း လမ်းမှာတင် ပလိပ်ရောဂါဖြစ်ပြီး သေသွားနိုင်တယ်၊ ငါသာ သေသွားခဲ့ရင် ဒေါ်လေးဒေါ်မြနှစ်ရဲ့ဆန္ဒ ပြည့်ဝတော့မှာ မဟုတ်ဘူး။ ဖြစ်တဲ့နည်းနဲ့ ဒေါ်လေးရဲ့ဆန္ဒ ပြည့်အောင် ငါဖြည့်ပေးရမယ် . . .၊

တစ်ခုရှိတာက မြစ်ကြောင်းအတိုင်း စုန်ဆင်းလာမယ့် လှေသင်္ဘော တစ်စီးစီးနဲ့ လိုက်သွားရင်တော့ မိကျောင်းရဲကို အလွယ်တကူ ရောက်သွားနိုင်တယ်၊ ခက်တာက ဧရာဝတီမြစ်ရိုးတစ်လျှောက်က မြို့ရွာတွေမှာ ပလိပ်ရောဂါတွေ ဖြစ်ပွားနေတော့ လှေသင်္ဘောတွေလည်း မြစ်ရိုးတစ်လျှောက် စုန်ဆန်သွားလာမှု ရှိမှာမဟုတ်ဘူး . . . ဒီတော့ ငါဘယ်လိုလုပ်ရပါ့မလဲ"

ဟု မောင်သံပုံးမှာ အမျိုးမျိုးစဉ်းစားရင်းမှ နောက်ဆုံးဝယ် ဆုံးဖြတ်ချက်တစ်ခု ချလိုက်လေ၏။

"ငါ မိကျောင်းရဲက ဒေါ်လေးဒေါ်မြနှစ်ရဲ့အိမ်ကို သွားဖို့ဆိုတာက ဦးသာဖုံပါမှဖြစ်မှာ . . . ဒီတော့ ဦးသာဖုံနဲ့ အဲဒီအိမ်ကို အတူလိုက်သွားနိုင်အောင် ကြိုးစားရမယ်၊ ဦးသာဖုံရဲ့လှေကတော့ ညောင်ဦးမှာ ကုန်ချပြီးတာနဲ့ ပြန်ပြီးစုန်ဆင်းလာမှာပဲ၊ သူလည်း မိကျောင်းရဲမှာကျန်ခဲ့တဲ့ သူ့သမီးတွေ အတွက် ပလိပ်ရောဂါနဲ့ပတ်သက်ပြီး ပူပန်ချင်ပူပန်နိုင်တယ် . . . အဲဒီလိုပူပန်



www.burmeseclassic.com

www.burmeseclassic.com

ရင်တော့ လှေနဲ့ ချက်ချင်း ပြန်စုန်ဆင်းလာမှာပဲ''

"အဲဒီတော့ ဦးသာဖိရဲ့လှေ ပြန်မစုန်ဆင်းလာမချင်း ငါ မြစ်ကမ်းနှုတ်ခမ်းမှာနေ သွားစောင့်နေရရင်ကောင်းမယ်၊ ဟုတ်တယ် ... အဲဒါပဲကောင်းတယ်၊ ဒေါ်လေးဆုံးတဲ့သတင်းကိုလည်း ပြောရတာပေါ့''

ဟု တွေးဆဆုံးဖြတ်ပြီးနောက် မောင်သံပိုးသည် ရွာထဲသို့ ပြန်ဝင်ခဲ့ကာ ဥစ္စာပစ္စည်းပြည့်စုံဟန်ရှိသော နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးတစ်အိမ်အတွင်းသို့ ဝင်ရောက်ခဲ့လေ၏။

ယင်းအိမ်ကြီးထဲဝယ် လူသေအလောင်း တစ်စုံတစ်ရာ မတွေ့ရသော်လည်း အိမ်တံခါးများမှာ စေ့ရုံစေ့ထားပြီး လူသူကင်းမဲ့လျက်ရှိလေ၏။ မောင်သံပိုးသည် အိမ်ကြီး၏နောက်ပိုင်း မီးဖိုဆောင်သို့ ဝင်သွားပြီး ရိက္ခာခြောက်တို့ ရလိုရငြား ရှာဖွေကြည့်လိုက်သည်။

မီးဖိုဆောင်ထဲသို့ ရောက်ရှိသွားသောအခါ သံစည်ပိုင်းပြတ်တစ်ခုထဲ၌ ဆန်တစ်ဝက်ခန့်ရှိသည်ကို တွေ့ရရာ အိတ်တစ်လုံးယူပြီး ဆန်များကို လက်ခုပ်ဖြင့် ကျုံးထည့်လိုက်သည်။

ဆန်အတော်အတန်ရပြီးနောက် ကြောင်အိမ်၊ ဗီရိုတို့ကို ဖွင့်ကာရှာဖွေရာ ကြောင်အိမ်တစ်လုံး၏အောက်ဆုံးထပ်ရှိ ဂုံနီအိတ်ထဲမှ ငါးပုတ်ခြောက်ပြားများကိုတွေ့သဖြင့် ယူလိုက်လေ၏။

ထို့နောက် ဒန်အိုးတစ်လုံးနှင့် သံပန်းကန်ပြားတစ်ချပ် ယူလိုက်ပြီး ပစ္စည်းအားလုံးကို ဆန်အိတ်ထဲသို့ စုထည့်လိုက်ကာ ပခုံးထက်ဝယ် တင်လိုက်လေ၏။ တန်းတစ်တန်းပေါ်မှ သစ်သားမီးခြစ်တစ်လုံးတွေ့သဖြင့် ယူလိုက်ပြီးနောက် အိမ်နောက်ဘက်ပိုင်း ရာဝင်အိုးအနီးမှ လက်ဆွဲသံပုံးတစ်လုံးကိုပါ ယူခဲ့လေ၏။

ယင်းနောက် ရေပုံးကို လက်တစ်ဖက်ဖြင့်ဆွဲကာ ဆန်အိတ်ကို ပခုံးထက်တွင်တင်ပြီး မြစ်ကမ်းနားဘက်သို့ ထွက်ခဲ့ပါတော့၏။

မောင်သံပိုးသည် သူ ဖုတ်ဖက်ခါထားသော တံငါတဲ၏ ကြမ်းပျဉ်





ပေါ်ဝယ် ပက်လက်လှဲကာ အနားယူအပန်းဖြေနေလိုက်ရာမှ မြစ်လေတဖြူးဖြူးဝယ် မေ့ခနဲ အိပ်ပျော်သွားလေတော့၏။

သူ မည်မျှ အိပ်ပျော်သွားသည်မသိ။ သူ ဖျတ်ခနဲ ပြန်နိုးလာသောအခါ သူ့ရင်ထဲမှ စိမ့်ခနဲနေအောင် ချမ်းစိမ့်သလို ဖြစ်သွားရာ သူ ဖျားပြီလားဟု စိုးထိတ်တုန်လှုပ်သွားမိ၏။ သူဖျားပြီဆိုလျှင်တော့ ဒေါ်မြနှစ်ထံမှ ပလိပ်ရောဂါကူးစက်ခံရခြင်းပင် ဖြစ်ပေရောမည်။

မောင်သံပိုးသည် လဲလျောင်းနေရာမှ လူးလဲထပြီး သူ့နဖူး သူ့လက်ဖဝါးဖြင့်စမ်းကြည့်ရာ ပူနွေးသလိုဖြစ်နေသဖြင့် ကြောက်မက်ဖွယ် ပလိပ်ရောဂါကြီး ကူးစက်ခံရပြီဟု ယူဆကာ စိတ်အကြီးအကျယ် ပျက်သွားလေ၏။

ဒေါ်မြနှစ်ကို ကူညီမိခြင်းကြောင့် သူ့ဝယ် ပလိပ်ရောဂါကူးစက်ခံရခြင်းဖြစ်သော်လည်း ယင်းသို့ ကူညီမိခြင်းအတွက် သူ နောင်တလုံးဝမရချေ။ ကူညီသင့်သူကို ကူညီသင့်သည့်အနေအထားမို့ ကူညီလိုက်မိခြင်းအတွက် သူ့အသက်ပေးလျှင် ပေးရပါစေ။

အကယ်၍ သူ ပလိပ်ရောဂါဖြင့် မကြာမီ နာရီပိုင်းအတွင်း သေဆုံးသွားပါက ဒေါ်မြနှစ်အား ကူညီပါမည်ဟု ပေးခဲ့သည့်ကတိ (ဂတိ) ပျက်ရတော့မည်ကိုသာ သူ စိတ်မကောင်း ဖြစ်မိလေ၏။ သူသေဆုံးသွားလျှင် ဒေါ်မြနှစ်မှ သူ့သမီးတို့အား ပေးအပ်ခဲ့ချင်ရှာသည့် ဘိုးဘွားအမွေအနှစ် ရတနာပစ္စည်းများကို သူ့သမီးများ သည်တစ်သက်ရရှိရန်အကြောင်း မမြင်တော့ချေ။ ယင်းရတနာပစ္စည်းတို့မှာ မြေကြီးအောက်ထဲဝယ် နောင် နှစ်ပေါင်းများစွာ နစ်မြုပ်နေလျက်မှ မြေဩဇာသာ ဖြစ်သွားချေရောမည်။ သို့ဆိုလျှင် တမလွန်မှ ဒေါ်လေးဒေါ်မြနှစ် စိတ်ထိခိုက် ရှာမည်လော။

ခဏအကြာဝယ် သူ့ဗိုက်က လွန်စွာဆာလောင်လျက်ရှိကြောင်း သတိပြုမိရာ ထမင်းချက်ရန် သတိရပြီး တဲပေါ်မှခုန်ဆင်းလျက် ထမင်းအိုးတည်လေသည်။

ထမင်းကျက်လေလျှင် မီးကျိုးခဲဖြင့် ငါးခြောက်ဖုတ်လေ၏။ ငါး



www.burmeseclassic.com

www.burmeseclassic.com

ခြောက်မှတ်ပြီးသော် ထမင်းပွပွနှင့် ငါးခြောက်မှတ်ကို ဖွဲ့ကာဖွဲ့ကာ စားလေ၏။ ဗိုက်လွန်စွာဆာလောင်နေသဖြင့် ထမင်းပွပွကို အေးအောင်မစောင့်နိုင်ဘဲ ကောက်ညှင်းနယ် ဆုပ်ကာဆုပ်ကာစားလေရာ စားရင်းဖြင့် ချွေးများပြန်လာလေ၏။ သို့ဖြင့် ထမင်းစားပြီးသည့်အခါ ဖျားချင်သလိုလိုဖြစ်နေသော ဝေဒနာလည်း မည်သည့်အရပ်သို့ ထွက်ပြေးသွားမှန်းမသိတော့ ချေ။

"အင်း . . . ငါ့ကိုယ်လည်း မပူတော့ဘူး။ ချမ်းလည်း မချမ်းတော့ဘူး။ စောစောက အိပ်ပျော်သွားတုန်း မြစ်ပြင်က လေတအားတိုက်လို့ အအေးပတ်ပြီး ကိုယ်နွေးလာတာကိုး"

ဟု တွေးရင်း ပီတိဖြစ်မဆုံး ဖြစ်နေပါတော့သတည်း။

✧ ✧ ✧



## ❖ မောင်သံပုံး၏မာယာ ❖

မောင်သံပုံးမှာ မြစ်ကမ်းစပ်မှ လှေသူကြီးဦးသာဖံ၏ ကုန်တင်လှေကြီး ပြန်လည်စုန်ဆင်းလာမည်ကို စောင့်စားလျက်ရှိရာ ခုနစ်ရက်မြောက်သောနေ့တွင် မြစ်ကြောင်းအတိုင်း စုန်ဆင်းလာသော ဦးသာဖံ၏လှေကြီးကို တွေ့ရလေ၏။

မောင်သံပုံးမှာ လောင်းကိုယ်လှေကြီးကိုမြင်သည်နှင့် မိမိတို့၏လှေမှန်း သိလေရာ သူ၏အဝတ်အိတ်ထဲမှ ပုဆိုးတစ်ထည်ကိုထုတ်ပြီး ကမ်းပါးပေါ်မှ အဆက်မပြတ် ဝှေ့ယမ်းပြလေ တော့၏။

လောင်းကိုယ်လှေပေါ်မှလူတို့သည် မောင်သံပုံး အချက်ပြခေါ်နေသည်ကို မြင်သွားဟန်တူ၏။ လှေဦးမှ ရေရွက်ကို လှေပေါ်သို့ ဆွဲတင်လိုက်ကာ ခတ်တက်များခတ်ပြီး လှေဦးကို မောင်သံပုံးရှိရာကမ်းပါးသို့ တရွေ့ရွေ့ ဦးတည်ကပ်လာလေ၏။

လှေသူကြီးဦးသာဖံသည် ပွဲဝင်ပေါ်မှ တက်မလုံးကို ထိန်းကိုင်လျက်မှ မောင်သံပုံးအား လှမ်းကြည့်နေပြီးလျှင် လှေ ကမ်းနှင့်နီးလာသည်နှင့် အော်ဟစ်မေးလိုက်လေ၏။

"ဟော့ကောင် သံပုံး . . . မင်း ဘာမှ မဖြစ်ဘူးလား၊ ငါတို့က မင်း ပလိပ်ရောဂါဖြစ်ပြီး သေပြီလို့မှတ်တာ"

ဟု အော်မေးလိုက်ရာ မောင်သံပုံးက လက်တစ်ဖက်ထောင်ကာ



www.burmeseclassic.com

www.burmeseclassic.com

လက်ခါပြလိုက်ပြီး . . .

"ကျွန်တော် မသေပါဘူး။ ပလိပ်ရောဂါလည်း ကူးစက်မခံရပါဘူး။ ဒေါ်လေးဒေါ်မြနှစ်တော့ ပြီးခဲ့တဲ့ဗုဒ္ဓဟူးနေ့ကပဲ ဆုံးသွားလို့ သူ့ကို ကျွန်တော် မြေမြှုပ်ပြီး သင်္ဂြိုဟ်လိုက်တယ်"

ဟု လှမ်းပြောလိုက်လေ၏။

ယင်းအချိန်ဝယ် လှေမှာ ကမ်းသို့ကပ်ပြီး ကုန်းပေါင်ထိုးပေးလာသဖြင့် မောင်သံပုံးမှာ ကုန်းပေါင်မှတစ်ဆင့် လှေပေါ်သို့ ပြန်တက်လိုက်လေ၏။

ဘနှစ်၊ မောင်လုံး စသည့်လှေထိုးသားတို့မှာ မောင်သံပုံး မသေသဖြင့် ဝမ်းသာနေကြလေသည်။ လွန်စွာ အသည်းမာပုံရသော လှေသူကြီးဦးသာဖံမှာ သူ၏ဇနီး ဒေါ်မြနှစ်ဆုံးကြောင်း အတည်ပြုစကား ကြားသည့်တိုင် မျက်နှာတစ်ချက် ပျက်ခြင်း၊ ညှိုးခြင်း မရှိချေ။ မောင်သံပုံးကမူ ဝတ္တရားရှိသည့်အတိုင်း ဒေါ်မြနှစ် မည်သို့ကွယ်လွန်သဖြင့် သူ မည်သို့ကောင်းမွန်စွာ သင်္ဂြိုဟ်လိုက်ကြောင်း ပြောပြလေ၏။ ရတနာပစ္စည်းကိစ္စကိုမူ လုံးဝမပြောချေ။

"ဒီတော့ ဆုံးသွားတဲ့ဒေါ်လေးအတွက် ရည်စူးပြီး ဆွမ်းကျွေး၊ အမျှအတမ်းပေးဝေဖို့ မိကျောင်းရဲကအိမ်မှာ အလှူအတန်း လုပ်မယ်မဟုတ်လား ဦးရီး . . . ဒေါ်လေးက မသေခင် သူ့အတွက် မိကျောင်းရဲကအိမ်မှာ အဲဒီလို လုပ်ပေးဖို့ တဖွဖွ မှာသွားရှာတယ်"

ဟု မောင်သံပုံးမှာ သူ မိကျောင်းရဲမှအိမ်သို့ လိုက်ပါနိုင်စေရေးအတွက် မှသားသုံးကာ စကားခင်းလိုက်လေ၏။

လှေသူကြီးဦးသာဖံက ခေါင်းညိတ်လိုက်ပြီး . . .

"ကောင်းပြီလေ . . . သူက ဆန္ဒပြုသွားတယ်ဆိုရင်လည်း လုပ်ပေးရမှာပေါ့၊ ဒါမှ သူ ကျွတ်လွတ်ချင် ကျွတ်လွတ်သွားမှာ"

ဟု ပြောလိုက်ရာ မောင်သံပုံးမှာ ဝမ်းသာသွားပြီး . . .

"ဒီကအပြန် မိကျောင်းရဲကို အရင်ဝင်ပြီး ဆွမ်းသွပ်မှာမဟုတ်လား ဦးရီး . . . ဒေါ်လေးအတွက် အဲဒီလို ရည်စူးဆွမ်းသွပ်ရင် ကျွန်တော်လည်း





ဦးရီးနဲ့အတူ လိုက်ပါပြီး ဒေါ်လေးကို အမျှပေးဝေပါရစေ"

ဟု တောင်းဆိုမှုပြုလိုက်ရာ ဦးသာဖံမှာ ငြင်းရခက်သွားပြီး . . .

"အေးလေ . . . မင်းက မြနှစ်မသေခင် နောက်ဆုံး ပြုစုပေးခဲ့သူဆိုတော့ မင်းကို ခေါ်ရပေမပေါ့"

ဟု စကားသံခပ်အေးအေးဖြင့် ပြောလိုက်ရာ မောင်သံပုံးမှာ သူ၏အကြံ အောင်တော့မည်ဟူ၍ ဝမ်းသာမဆုံး ဖြစ်သွားပါတော့၏။

ဤသို့ဖြင့် လောင်းကိုယ်လှေကြီးမှာ ဆက်လက်စုန်ဆင်းလာရာ နောက်သုံးရက်ခန့်အကြာဝယ် မိကျောင်းရဲဆိပ်ကမ်းသို့ ဆိုက်ရောက်လေတော့၏။ ပလိပ်ရောဂါမှာ မကွေးမြို့အောက်ဘက်မှ မြို့ရွာများဝယ် ဖြစ်ပွားခြင်းမရှိသဖြင့် တော်သေးသည်ဟု ဆိုရပေမည်။

မိကျောင်းရဲဆိပ်ကမ်းဝယ် လှေကို ဆိုက်နားပြီးသည်နှင့် လှေသူကြီးဦးသာဖံသည် မောင်သံပုံးအားခေါ်လျက် ကမ်းပေါ်တက်ခဲ့လေ၏။ ကျန်လှေထိုးသားတို့ကိုမူ မနက်ဖြန်နေ့လယ်၌ လှေပြန်ထွက်မည်ဖြစ်သဖြင့် လှေပေါ်မှာပင် ညအိပ်စောင့်နေရစ်ရန် မှာကြားခဲ့လေ၏။

လှေသူကြီးဦးသာဖံတို့၏အိမ်မှာ မိချောင်းရဲရွာ၏ အလယ်ပိုင်းဝယ်ရှိပြီး ခြံဝိုင်းကျယ်ထဲမှ တစ်ထပ်ပျဉ်ထောင် သွပ်မိုးအိမ် ဖြစ်လေ၏။

ဦးသာဖံနှင့် မောင်သံပုံးတို့ ခြံဝိုင်းထဲဝင်လာသည်နှင့် အိမ်ရှေ့ကပြင်ဝယ် ဆန်ပြာလျက်ရှိသော အသားလတ်လတ် ခပ်ဝဝအမျိုးသမီးကြီးက . .

"ဟယ် . . . အစ်ကိုသာဖံပါလား . . . အစ်မမြနှစ်ရော"

ဟု နှုတ်ဆက်ကာမေးလိုက်စဉ် အိမ်ခန်းထဲမှ အသက်ဆယ့်ရှစ်နှစ်ခန့်အရွယ် အသားဖြူဖြူ၊ ကိုယ်လုံးသွယ်နွဲ့နွဲ့ရှိသော ဆံပင်ဖားလျားချထားသည့် မိန်းမချောလေးတစ်ဦးနှင့် ဆံတောက်ဖားဖား အုပ်လုံးသိမ်းစ အသက်ဆယ့်လေးငါးနှစ်ခန့်ရှိ မိန်းကလေးတစ်ယောက်တို့ ပြေးထွက်လာကာ . . .

"အဖေပြန်လာပြီ . . . ဝမ်းသာလိုက်တာ၊ အမေရောဟင်"

ဟု အငမ်းမရ မေးကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ဦးသာဇံမှာ ဘာမျှမပြောသေးဘဲ ကပြင်ဝယ် ဝင်ထိုင်လိုက်ကာ ခေါင်းမှ ခေါင်းပေါင်းပဝါကို ချွတ်လိုက်ပြီးနောက် . . .

"သမီးတို့ရဲ့အမေတော့ မရှိတော့ဘူး . . . အညာမှာ ပလိပ်ရောဂါ ဖြစ်ပြီး မြနှစ်ဆုံးခဲ့ပြီ"

ဟု ခပ်လေးလေးတွဲ့တွဲ့ဖြင့် ပြောလိုက်ရာ မိန်းမကြီးတစ်ယောက်နှင့် မိန်းကလေးနှစ်ယောက်၏ စူးစူးဝါးဝါးအော်ငိုသံများမှာ ချက်ချင်း ပွက်လောရိုက်သွားတော့၏။

မောင်သံပုံးမှာ အမျိုးသမီးများ ဝမ်းနည်းကြေကွဲစွာ ငိုကြွေးနေသည်ကို မကြည့်ရက်သဖြင့် ကပြင်ဝယ် တင်ပါးလွှဲထိုင်ရင်း မျက်နှာလွှဲနေရလေ၏။

✧

ဦးသာဇံ၊ ဒေါ်မြနှစ်တို့၏သမီး အကြီးမလေး မြရတီမှာ တောနှင့်မတန်အောင် လှသူလေးဟု ဆိုရချေမည်။ သူမသည် အသားဖြူဖြူ၊ မျက်ခုံးမျက်လုံးကောင်းကောင်းနှင့် မျက်နှာကျလှပကာ ဆံပင်အရှည်ကြီးများဖြင့် မဟာဆန်ဆန် လှပသူလေး ဖြစ်ချေ၏။

မက်ထရစ် (ခေါ်) ဆယ်တန်းဖြေထားသူလေး ဖြစ်သဖြင့်လည်း ပညာတတ်လေးဖြစ်သည်နှင့်အညီ အမူအရာ အပြောအဆို လွန်စွာ သိမ်မွေ့ယဉ်ကျေးသူလေးဖြစ်၏။

သူမမှာ မိခင်ကြီးဆုံးပါးသွားပြီဖြစ်ကြောင်း ကြားသိရသည့် အချိန်မှစ၍ မျက်နှာလေးညှိုးလျှနေရှာသော်လည်း လုပ်စရာရှိသည့်ဝတ္တရားတို့ကို မပျက်မကွက် ဆောင်ရွက်လျက် ရှိရှာလေ၏။

မောင်သံပုံးမှာ ယခုလို အသက်ဆယ့်ရှစ်နှစ်ကျော်လာသည့်တိုင် မြရတီလောက် လှပသိမ်မွေ့သော မိန်းကလေးမျိုး မတွေ့ဖူးသဖြင့် ဦးသာဇံ လစ်တိုင်း မြရတီကို ခိုးခိုးကြည့်မိလေ၏။





မြရတီကလည်း ဖခင်ဖြစ်သူ ပြောပြထားသဖြင့် သူမတို့၏မိခင်ကြီးကွယ်လွန်ခါနီး မောင်သံပုံးမှ တာဝန်ယူ ပြုစုပေးပုံ၊ မိခင်ကြီး၏အလောင်းအားကိုယ်တိုင်ကျင်းတူးကာ ကောင်းစွာသင်္ဂြိုဟ်ပေးခဲ့ပုံတို့ကို သိထားရာ မောင်သံပုံးအား များစွာ ကျေးဇူးတင်လျက်ရှိလေ၏။ အသားညိုစိမ့်စိမ့်ရှိသော်လည်း အရပ်ပေါ်ပေါ်၊ မျက်ခုံးကောင်းကောင်းနှင့် ယောကျ်ားချောချောသော မောင်သံပုံးကို အပျိုစင်မလေး မြရတီက အိမ်မှုကိစ္စပြုရင်း တစ်ခါတစ်ရံ လှမ်းကြည့်လိုက်ရာ မောင်သံပုံးကလည်း ခိုးအကြည့်နှင့်ဆုံပြီး သူမမှာ ပါးမို့မို့၌ ရှက်သွေးလေးများ ဖြန်းသွားရှာလေ၏။

သို့သော် အိမ်၌ လူသူရှုပ်ထွေးနေသဖြင့် မောင်သံပုံးနှင့် မြရတီတို့မှာ တစ်ဦးနှင့်တစ်ဦး လှမ်းကြည့်အကဲခတ်ရုံသာ တတ်နိုင်ကြပြီး စတင်ဆုံစည်းချိန်မှစ၍ စကားတစ်ခွန်းမျှ မပြောဖြစ်ကြသေးချေ။

ဦးသာဇံက နောက်နေ့နံနက်မှာပင် ဒေါ်မြနှစ်အတွက် ဆွမ်းသွပ်ရန်စီစဉ်သဖြင့် အိမ်နီးနားချင်းများပါ ရောက်ရှိလာကြပြီး မုန့်ဟင်းခါးဟင်းချက်ရန် ငါးပြုတ်၊ ကြက်သွန်နွှာ၊ ပဲထောင်း စသည်ဖြင့် ဝိုင်းကူလုပ်နေကြရာ ခြံဝိုင်းထဲရှိ ဇရပ် အိမ်ပေါ်မှာပါ သတင်းလာမေးသူ၊ ဝိုင်းကူသူများနှင့် လူသူရှုပ်ထွေးလျက်ရှိလေ၏။

မောင်သံပုံးမှာ မုန့်ဟင်းရည်အိုးတည်ရန်အတွက် ခြံထဲရှိ ပေါက်ခြမ်းထင်းများကို ပေါက်ဆိန်တစ်လက်ဖြင့် ခွဲပေးနေရင်း အိမ်၏ ခေါင်တိုင်ခြေရင်းဆီသို့ မသိမသာ ကြည့်ရှုလှေ့လာလျက် ရှိလေ၏။

✧

သို့ဖြင့် ညဉ့်ဦးပိုင်းသို့ရောက်သောအခါ ခြံဝိုင်းအတွင်း အိမ်ရှေ့ကုလားဖျဉ်းအောက်ဝယ် အောက်လင်းဓာတ်မီးကြီးများ ထွန်းထားသလို အိမ်ပေါ်မှာလည်း ထွန်းထားသဖြင့် ထိန်ထိန်လင်းလျက်ရှိပြီး ရွာသူရွာသား



www.burmeseclassic.com

www.burmeseclassic.com



တို့မှာ ထွက်လိုက်ဝင်လိုက်နှင့် ရှုပ်ယှက်ခတ်လျက်ရှိလေ၏။

ဦးသာဇံက ခွင့်မပြုသဖြင့် ဖဲဝိုင်းမလုပ်ရသော်လည်း ကာလသားတို့မှာ ရွာဓလေ့ထုံးစံအတိုင်း လာရောက်စုရုံးကြပြီး ဤညအဖို့ ဤအိမ်မှာပင် အိပ်ကြမည်ဖြစ်လေရာ မောင်သံပုံးမှာ လူသူရှုပ်ထွေးပြီး လူမလစ်လေသဖြင့် ရတနာသေတ္တာကိစ္စကို မြရတီအားပြောပြရန် အခွင့်မသာနိုင်ဖြစ်လျက်ရှိလေ၏။

“ဒုက္ခပဲ . . . တော်ကြာနေ မြရတီ အိပ်ရာဝင်သွားရင် ဒုက္ခ၊ ငါ သူ့ကို ဘယ်လိုချဉ်းကပ်ပြီး ပြောရပါ့မလဲ၊ သူကလည်း မိန်းမတွေရဲ့ဝိုင်းကကို မခွာတော့ဘူး၊ သူ့အဖေကြီးကလည်း ခေါင်းရင်းက လူကြီးဝိုင်းမှာထိုင်ပြီး ဟိုလူ့ ဩဇာလှမ်းပေး၊ သည်လူ့ ဩဇာလှမ်းပေးနဲ့ လှေသူကြီးရယ်လို့ မပြောရဘူး . . . ဆရာလုပ်တဲ့အကျင့်က ပါနေတာ၊ သူ့ရဲ့မျက်စိရှေ့မှောက်မှာ သူ့သမီးကို ငါ ဘယ်လိုလုပ်ပြီး စကားသွားပြောလို့ ဖြစ်မှာလဲ . . .၊

အဲဒီကိစ္စကို ဒီနေ့ညနဲ့ မနက်ဖြန်မနက်ပိုင်းမှာ ပြီးပြတ်အောင် မလုပ်လို့မဖြစ်ဘူး၊ ငါ ဒီအိမ်ကို နောက်တစ်ခါ ပြန်လာနိုင်စရာ အခွင့်အရေး မရှိတော့ဘူး . . .၊

အင်း . . . ပြောသာပြောရတယ် . . . အဲဒီအိမ်ရဲ့ ခေါင်တိုင်အောက်မှာ ရတနာသေတ္တာရှိတယ်ဆိုတာရော တကယ်ဟုတ်ပါ့မလား၊ ခေါ်လေးခေါ် မြနှစ် သေခါနီးမို့ စိတ်ထဲစွဲရာထင်ရာ ကယောင်ကတမ်း ပြောသွားတာများလား . . .၊

အကောင်းဆုံးကတော့ လူတွေအားလုံး အိပ်ချိန်ကျရင် ငါ ရတနာသေတ္တာကို သွားတူးကြည့်မယ်၊ တကယ်တွေ့မှ မြရတီကို ဖြစ်တဲ့နည်းနဲ့ ဖွင့်ပြောရင်း ရတနာတွေကို ဘယ်သူမှမသိအောင် ပေးအပ်လိုက်မယ် . . . ဒါမှ သူလေးလည်း တစ်ခါတည်း ဝမ်းသာသွားမှာ၊ ဟုတ်တယ် . . . အဲဒီအတိုင်းလုပ်တာ အကောင်းဆုံးပဲ”

ဟု တွေးတောဆုံးဖြတ်လိုက်ပြီးနောက် သူ့ရင်သည်လည်း ပေါ့သွား





ကာ ရွာကာလသားတို့နှင့် စပါးရောဖွဲရောလုပ်နေရင်းမှ ညဉ့်နက်ပြီး အားလုံး အိပ်ပျော်မည့်အချိန်ကို စောင့်နေလိုက်တော့၏။

သို့ဖြင့် ညသန်းခေါင်ယံကျော်လာသည့်အခါ လူကြီးများ၊ မိန်းမများမှာ စကားဝိုင်းသိမ်းလိုက်ကြပြီး မိမိတို့အိမ်သို့ ပြန်သူပြန်၊ ဤအိမ်မှာပင် အိပ်သူအိပ်ကြရာ ကာလသားဝိုင်းက ရောက်တတ်ရာရာစကားပြောရင်း မအိပ်စက်နိုင်၊ ဝိုင်းမသိမ်းနိုင်ကြသေးချေ။

မောင်သံပုံးမှာ ကုလားဖျဉ်းအောက်မှ ဖျာကြမ်းပေါ် ပက်လက်လှန်လှဲအိပ်လျက် လူအားလုံး အိပ်စက်ချိန်ကို စိတ်ရှည်ရှည်ဖြင့် စောင့်စားနေရလေ၏။

ညဉ့်နှစ်နာရီထိုးသောအခါတွင်မူ တစ်အိမ်လုံးရှိ လူအားလုံး အတုံးအရုံး အိပ်မောကျကုန်ကြတော့၏။

အားလုံး အိပ်မောကျသွားကြသည်မှာ သေချာမှ မောင်သံပုံးမှာ အိပ်ရာမှ အသာထလိုက်လေ၏။

“အင်း . . . အချိန်တစ်နာရီပဲ ရတော့မယ်၊ အဲဒီတစ်နာရီအတွင်းမှာ ရတနာသေတ္တာကို ငါ ရအောင်ရှာဖွေတူးရမယ်၊ ငါတူးနေတုန်း တစ်ယောက်ယောက်တွေ့သွားလို့ မဖြစ်ဘူး . . .၊

အင်း . . . အိမ်ပေါ်နဲ့ အိမ်ရှေ့ပိုင်းမှာတော့ အောက်လင်းဓာတ်မီးရဲ့ အလင်းရောင်က ရှိနေတယ်၊ ဒါတောင် အောက်လင်းဓာတ်မီးတွေက လေပေါင်လျော့ပြီး မှိန်သွားလို့ . . .၊

အိမ်ရဲ့ခေါင်းရင်းပိုင်းကတော့ မှောင်ရိပ်ထဲမှာ ကျနေတယ်၊ အတော်ပဲ . . . အဲဒီမှောင်ရိပ်ကို အားပြုပြီး ငါ့ကိစ္စကို အကောင်အထည်ဖော်ရမယ်”

မောင်သံပုံးမှာ သူ ညနေက ထင်းခွဲရာမှ ချထားခဲ့သော ထင်းခွဲဓားမအား ယူလိုက်ပြီး မြေကြီးမှ လေးပေခန့်မြင့်သော အိမ်အောက်သို့ ခါးကုန်းကာ ဝင်ရောက်ခဲ့လေ၏။

သူက အိမ်၏ခေါင်တိုင်ခြေရင်းရှိ မြေသားအား အသံမမြည်အောင်



www.burmeseclassic.com

www.burmeseclassic.com



သတိထားလျက် ဓားမဦးဖြင့်ဆွကာ စတင်တူးလေတော့၏။ မြေသားမှာ အပေါ်ပိုင်းဝယ် မာပြီးကျစ်သဖြင့် တူးရခက်သော်လည်း တစ်ထွာကျော်ခန့် နက်သွားပြီးနောက်မှာတော့ မြေကြီးမှာ အစိုဓာတ်ရှိသဖြင့် တူးရလွယ်သွားတော့၏။

မောင်သံပုံးက မြေကြီးကို အားစိုက်ပြီးတူးလာရာ နှစ်တောင်ခန့် အနက်သို့ ရောက်လာခဲ့ချေပြီ၊ သူက သတိထားပြီး ဓားဦးဖြင့် ထပ်စိုက်တူးလိုက်ရာ . . .

'ဒုတ်' ဟူသောအသံ ကြားလိုက်ရသဖြင့် ရင် ဒိန်းခနဲ ခုန်သွားပြီး လျှင် လက်ဖြင့် ကပျာကသီနှိုက်စမ်းလိုက်ရာ အေးမြမာကျောသော ပြင်ညီ တစ်ခုကို လက်ချောင်းထိပ်တို့က စမ်းမိသွားလေ၏။

"ဟုတ်ပြီ . . . သံသေတ္တာကိုတွေ့ပြီ"

မောင်သံပုံးမှာ ဝမ်းသာသွားပြီး မြေကြီးများကို လက်ဖြင့် ယက်တင် လိုက်ကာ နောက်တစ်ကြိမ် လက်နှိုက်လိုက်သည့်အခါမှာတော့ လေးလံလှ သော သံသေတ္တာလေးကို အောင်မြင်စွာ ဆွဲထုတ်ယူနိုင်လိုက်ပါတော့၏။

အိမ်အောက်မှာ မှောင်နေသည်ဟုဆိုသော်လည်း အိမ်ရှေ့ကုလားဖျဉ်းမှ အောက်လင်းဓာတ်မီး၏အလင်းရောင် ဟပ်နေသဖြင့် အတော်အတန် မြင်ရရာ သံသေတ္တာလေးမှာ သော့ငယ်ဖြင့်ခတ်ထားသည်ကို တွေ့ရလေ၏။

သို့သော် သော့မှာ ရွှံ့မြေများလူးလျက်ရှိလေရာ မောင်သံပုံးက သော့မှရွှံ့များကို လက်ဖြင့်ခြစ်ထုတ်လိုက်စဉ် သော့ငယ်မှာ သံချေးများစား လျက် အတန်ငယ်ဆွေးနေရာ သံချေးစားသည့်နေရာမှ ရုတ်တရက် ပြတ် ထွက်သွားပြီး သော့က ပြုတ်ထွက်သွားတော့၏။

သို့ကြောင့် မထူးတော့သဖြင့် မောင်သံပုံးက သံသေတ္တာလေး၏ အဖုံးကို ဖွင့်ကြည့်လိုက်ရာ အလင်းရောင်မှိန်မှိန်အောက်ဝယ် တဖျပ်ဖျပ် လက်နေသော ရွှေငွေကျောက်သံပတ္တမြား ရတနာပစ္စည်းများကို သံသေတ္တာ ငယ်ဖြင့် အပြည့်တွေ့ရလေ၏။



"အားပါး . . . ရတနာပစ္စည်းတွေက အတော်များတာပါလား"

သူက မှင်တက်မိပြီး ရတနာထည်တို့ကို ငေးငိုင်ကြည့်နေစဉ် လက် နှိပ်မီးရောင်တစ်ခုက အိမ်နောက်ဘက်ဆီမှ ဖျတ်ခနဲ လင်းလာပြီး သူရှိရာ အိမ်အောက်သို့ ဝေ့ခနဲရောက်လာရာ . . .

"ဟာ . . . ဘယ်သူလဲမသိဘူး"

မောင်သံပုံးမှာ လန့်ဖျပ်သွားကာ အိမ်နောက်ဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်ရာ ရတနာသေတ္တာလေးမှာ ရုတ်ခနဲ စောင်းသွားပြီး လက် ဝတ်လက်စား ရတနာထည်အချို့မှာ အောက်သို့ ပြုတ်ကျကုန်တော့၏။

'ချွင် . . ချွင်'

အလေးချိန်အတန်ငယ်စီးသော လက်ဝတ်ရတနာထည်တို့မှာ မြေ ပြင့်၌ချထားသော ဓားမပေါ်သို့ ပြုတ်ကျရာ တချွင်ချွင် အသံထွက်ကုန် တော့၏။

ရတနာထည်တို့နှင့် ဓားသွားတို့၏ ရိုက်ခတ်သံမှာ တိတ်ဆိတ်သော ညဥ့်ယံမို့ ပြည်သံအတော်ထွက်ပေါ်သွားရာ လက်နှိပ်ဓာတ်မီးရောင်က ချက် ချင်း ဝေ့ခနဲရောက်လာပြီးနောက် ရုတ်တရက် အော်သံထွက်ပေါ်လာတော့၏။

"ဟာ . . . လူ . . . လူ . . . အိမ်အောက်မှာ လူ . . . သူခိုး သူခိုး"

'သူခိုးပါဗျို့ . . . သူခိုး သူခိုး"

လက်နှိပ်ဓာတ်မီးနှင့်လူက အသံကုန်အော်ဟစ်ရင်း အိမ်နောက် ဘက်မှ ပြေးလာရာ ထိုသူ၏အော်သံကြောင့် အိမ်ပေါ်မှလူများ နိုးလာပြီး တဒုံးဒုံးဖြင့် ပြေးဆင်းလာကြသလို အိမ်ရှေ့ကုလားဖျဉ်းအောက်ဝယ် အိပ် ပျော်နေကြသော ကာလသားများမှာလည်း ငေါက်ခနဲ နိုးကုန်ကြကာ . . .

"သူခိုးဆိုပါလား . . . ဘယ်မှာလဲ ဘယ်မှာလဲ"

ဟူ၍ ပြူးတူးပြဲတဲဖြင့် နိုးရာလက်နက် တုတ်ဓားတို့ဆွဲကိုင်ကာ အော်သံကြားရာသို့ ပြေးလာကြတော့ရာ မောင်သံပုံးမှာ လွန်စွာ ထိတ်လန့် ချောက်ချားသွားပြီး . . .

www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ဒါကို လူတွေ တွေ့သွားတော့မယ် . . . ဒီရတနာ့သတ္တာနဲ့အတူ မိသွားလို့ကတော့ ငါ ဘယ်လိုမှ ဖြေရှင်းလို့ရမှာ မဟုတ်တော့ဘူး။ ငါ အမိခံလို့မဖြစ်ဘူး၊ မဖြစ်ဘူး"

သူ လွန်စွာထိတ်လန့်သွားပြီး သွေးရူးသွေးတန်းဖြင့် သံသေတ္တာကို ပိုက်ကာ အိမ်အောက်မှ ကမူးရှူးထိုး ပြေးထွက်လိုက်တော့ရာ သူ့ကိုယ်ပေါ်သို့ လက်နှိပ်ဓာတ်မီးရောင်က တိုက်ရိုက် ကျရောက်လာတော့၏။

"ဟိုမှာ သူခိုး . . . သူခိုး"

"ရိုက် ရိုက် . . . အသေသတ် . . . ဓားနဲ့အသေပိုင်း"

ကြောက်မက်ဖွယ်အော်သံများ၊ ကြိမ်းဝါးသံများဖြင့် လူတို့က အိမ်နောက်မှရော အိမ်ရှေ့ဘက်ကပါ ပြေးလာကြရာ မောင်သံပုံးမှာ ဘာမျှစဉ်းစား မနေတော့ဘဲ တစ်ဖက်ခြံပိုင်းထဲသို့ ပြေးဝင်ကာ ခြေဦးတည့်ရာသို့ ခွတ်ပြေး တော့၏။

"ဟိုဘက်ကိုပြေးပြီဟေ့ . . . လိုက်ပါဟ . . . ဝိုင်းပါဟ"

လူတွေ၏အော်သံမှာ များသည်ထက်များ ကျယ်လောင်သည်ထက် ကျယ်လောင်ဆူညံလာပြီး မောင်သံပုံး၏နောက်သို့ တစ်ဟုန်ထိုး ပြေးလိုက် လာကြရာ မိသွားပါက တစ်ခွန်းမျှ ရှင်းမပြနိုင်မီမှာပင် ထိုသူတို့၏လက်ထဲမှ ဓား၊ လှံ၊ မှိန်းတို့၏လက်ချက်ဖြင့် နေရာမှာပင် အသက်ပျောက်သွားမည်မှာ မလွဲကေန်ပင် ဖြစ်ချေ၏။

သို့ကြောင့် မောင်သံပုံးမှာ နောက်သို့ လုံးဝလှည့်မကြည့်တော့ဘဲ ခြေဦးတည့်ရာသို့သာ ခွတ်ပြေးခဲ့ပါတော့သတည်း။

✧ ✧ ✧





❖ ရင်တွင်းအမုန်း ❖

"တောက် . . . အကြံပက်စက်လိုက်တဲ့ကောင်"

ဦးသာဖုံ၏တောက်ခေါက်သံက ကျယ်လောင်ပြတ်သားလှပြီး သူက အံကို ဒေါသဖြင့် တင်းတင်းကြိတ်ထားလေ၏။

"ဟာ . . . သူခိုးဆိုတာ သံပုံးလို့ ပြောနေကြတာပါလား"

ဟု သူ ဇဝေဇဝါတွေးမိရာမှ သူခိုးဟု စတင်အော်သူ နောက်ဖေးခြံမှ ကိုလူခင့်ကိုမေးကြည့်ရာ လူတစ်ဦးမှာ သံသေတ္တာကိုပိုက်ပြီး ကုန်းကွက်ဖြင့် ထွက်လာသည်ကို တွေ့ရသဖြင့် သူခိုးဟုယူဆပြီး သူခိုး၊ သူခိုးဟု အော်ဟစ် ရာ ထိုသူမှာ ပြူးပြူးပျာပျာဖြင့် တစ်ဖက်ခြံမှောင်ရိပ်ထဲ ဝင်ပြေးသွားခြင်းဖြစ် ကြောင်း ရှင်းပြလေ၏။

ဦးသာဖုံလည်း မောင်သံပုံးထွက်လာသည်ဆိုသော သူ၏အိမ်အောက်သို့ လက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ သေသေချာချာ ဝင်ရောက်စစ်ဆေး ကြည့်ရှုရာ သူ၏အိမ်ခေါင်တိုင်နံဘေးဝယ် မြေကျင်းငယ်တစ်ခု တူးထားသည်ကို တွေ့ရလေ၏။ ကျင်း၏နံဘေးဝယ် ထင်းခွဲဓားမတစ်လက်ကို တွေ့ရပြီး ကျင်းထဲဝယ် ရွှေကွပ်ထားသော နီလာလက်စွပ်တစ်ကွင်းနှင့် ရွှေကြိုးဆစ်လက်ကောက်တစ်ရံကို တွေ့ရလေ၏။ လက်စွပ်ရော၊ လက်ကောက်ပါ ရှေးခေတ်ပန်းထိမ်လက်ရာများဖြစ်ကြောင်း တွေ့ရရာ ဦးသာဖုံမှာ အရာရာကို ဆက်စပ် စဉ်းစားမိရာမှ မောင်သံပုံးအပေါ် ဒေါသအကြီးအကျယ်ဖြစ်လျက် ရှိလေ၏။

"ဒီမှာ သမီးမြရတီ . . . နင့်အမေရဲ့အဘိုး ဦးခိုင်နော့ဟာ မြေပိုင်



www.burmeseclassic.com

www.burmeseclassic.com



ရှင်သူဌေးကြီး သိရဲ့လား၊ အဲဒီခေတ်က ဓားပြသုံးကြိမ်အတိုက်ခံရလို့ ချမ်းသာသမျှကုန်ပြီး လယ်မြေတွေ ရောင်းပစ်ရတယ်ဆိုပေမယ့်အတွင်း ပစ္စည်းရတနာတွေ ကျန်ခဲ့ပုံရတယ် ...၊

အဲဒီအတွင်းပစ္စည်း ရတနာရွှေထည်တွေကို သူတို့မျိုးရိုးစဉ်ဆက် လျှို့ဝှက်ပြီး လက်ဆင့်ကမ်း အမွေပေးခဲ့ပုံရတယ်၊ ဒါကြောင့် အဲဒီရတနာရွှေထည်တွေကို နင့်ရဲ့အမေက ဆက်ခံရရှိခဲ့ပေမယ့် ဘယ်သူ့မှ မပြောပြဘဲ အိမ်ခေါင်တိုင်ရဲ့အောက် မြေကြီးထဲမှာ လျှို့ဝှက်မြှုပ်နှံထားခဲ့ပုံရတယ်၊ အဖေ့ကိုတောင် မပြောခဲ့လို့ အဖေဟာ အဲဒီရတနာတွေရှိမှန်း လုံးဝမသိခဲ့ဘူး၊

နင်တို့အမေဟာ ပလိပ်ရောဂါနဲ့ သေခါနီးမှ ရတနာတွေရှိတဲ့အကြောင်း သံပုံးကို ဖွင့်ပြောပြခဲ့ပုံရတယ်၊ ပြောရတဲ့ ရည်ရွယ်ချက်ကလည်း သံပုံးကသိရင် အဖေတို့ကို ပြန်ပြောစေဖို့ ပြောခဲ့ပုံရတယ်၊ ဒါပေမဲ့ သံပုံးက အဖေတို့ကို လုံးဝမပြောဘဲ ရတနာပစ္စည်းတွေကို အပိုင်စီးချင်လို့ ဒီအိမ်အထိ လိုက်လာပြီး ခုလို လူအလစ်မှာ ရတနာသေတ္တာကို ခိုးတူးပြီး ထွက်ပြေးသွားတယ်၊ အဖေတို့မိသားစုပိုင် ရှေးဟောင်းရတနာရွှေထည်ပစ္စည်းတွေကို သံသေတ္တာငယ်နဲ့တစ်လုံး သင်းခိုးပြေးတာပဲ၊ သင်းကို အဖေ လုံးဝမကျေဘူး သမီး၊ သင်းကို မြေလှန်ရှာပြီး တွေ့တဲ့နေရာမှာ သင်းရဲ့ခေါင်းကိုဖြတ်ရမှ ကျေနပ်နိုင်မယ်၊ သံပုံး ... လူယုတ်မာကောင်၊ မင်း ပြေးနိုင်သရွေ့ ပြေးထားစမ်း၊ မိရင်တော့ အရေခွံအန္တာခံရဖို့သာ ပြင်ပေတော့''

ဟူ၍ ဦးသာဖဲက ကြုံးဝါးလျက်ရှိသလို မြရတီမှာလည်း လူပုံလေးသနားကမားနှင့် ဤကဲ့သို့ ရက်စက်ယုတ်မာစွာ သူတို့မိသားစုပိုင် ရတနာပစ္စည်းတို့ကို ခိုးပြေးသော သံပုံးအပေါ်ဝယ် အမုန်းကြီးမုန်း၊ အနာကြည်းကြီးနာကြည်းသွားလေတော့၏။

''သံပုံး ... သံပုံး ... သင်းရဲ့ ရက်စက်ယုတ်မာမှုအတွက် သင်းတစ်နေ့ နောင်တကောင်းကောင်းရစေရမယ်''

ဟူ၍ မြရတီကလည်း စိတ်ထဲမှကြုံးဝါးလျက် ရှိပါတော့သတည်း။

✧ ✧ ✧



## ❖ မြေရာပျောက်သောမိန်းကလေး ❖

မောင်သံပုံးမှာ အခက်အခဲကြီးများစွာတွေ့လျက် ရှိလေသည်။ သူ၏စေတနာမှာ မမျှော်လင့်သောကံကြမ္မာ၏ အလှည့်အပြောင်းကြောင့် ဝေဒနာဖြစ်ရပြီး ယခုဆိုလျှင် မြရတီလည်း သူ့အား လွန်စွာရွံရှာစက်ဆုပ် မုန်းတီးလျက် ရှိရှာပေမည်။

မောင်သံပုံးမှာ ဦးသာဖဲတို့၏အိမ်အောက်မှ ရတနာသေတ္တာအားအောင်မြင်စွာ တူးဖော်ရရှိသော်လည်း ယခုတော့ သူသည် သူခိုးလုံးလုံးဖြစ်နေခဲ့ရချေပြီ။ မူလက ရတနာသေတ္တာ တူးဖော်ရရှိပါက မည်သူမျှမသိအောင် ကွယ်လွန်သူ ဒေါ်လေးဒေါ်မြနှစ်၏ဆန္ဒအတိုင်း မြရတီ၏လက်သို့အပ်နှံရန် ရည်ရွယ်ခဲ့သော်လည်း မမျှော်လင့်သောအကြောင်းကြောင့် သူ၏ရည်ရွယ်ချက်မှာ ပြောင်းပြန်ဖြစ်သွားကာ မြရတီတို့ညီအစ်မ ပိုင်ဆိုင်ရမည့်ရတနာပစ္စည်းတို့ကို အပိုင်စီးခိုးယူသွားသလို ဖြစ်ခဲ့ရလေ၏။

သူ၏ ဖြစ်ရပ်အမှန်အား မည်သူ့ကို ရှင်းပြရမည်နည်း။ မြရတီနှင့်နှစ်ဦးတည်း တွေ့ခွင့်ရပါက သူက သေချာ ရှင်းပြနိုင်မည်ဖြစ်၏။

ဦးသာဖဲကိုတော့ ရှင်းပြ၍မဖြစ်။ ကွယ်လွန်သူဒေါ်လေး ဒေါ်မြနှစ်အပေါ် သူ သစ္စာမဲ့ရာရောက်သွားလိမ့်မည်။

သူ၏အဖြစ်က မြရတီနှင့်သာ တွေ့ပြီး ရင်ဆိုင်ဖြေရှင်းမှ ဖြစ်မည်။

''အင်း ... ငါ မြရတီနဲ့တွေ့ရအောင် ဘယ်လိုလုပ်ရပါ့မယ်၊ ငါ



www.burmeseclassic.com

www.burmeseclassic.com

မိကျောင်းရဲကို တစ်ခေါက်ပြန်သွားပြီး မြရတီနဲ့တွေ့နိုင်အောင် ကြိုးစားမှပဲ၊ ဒါပေမဲ့ အခုလောလောဆယ်တော့ သွားလို့မဖြစ်သေးဘူး၊ ခုလောက်ရှိ ဦးသာဖနဲ့ မိကျောင်းရဲက လူတွေဟာ ငါ့ကို သူခိုးဆိုပြီး မြေလှန်ရှာနေလောက်မှာ ခုနေ သူတို့နဲ့ရင်ဆိုင်တွေ့ရင် ငါ့မှာ လုံးစေ့ပတ်စေ့ရှင်းပြခွင့်တောင် ရမှာ မဟုတ်ဘူး၊ သူတို့က ငါ့ကို တွေ့ရာသချိုင်း တားမဆိုင်းစတမ်း အန္တရာယ်ပြုကြမှာပဲ၊ အကောင်းဆုံးကတော့ အားလုံး သွေးအေးသွားတဲ့အချိန်ကျမှ မြရတီရဲ့အနား ချဉ်းကပ်ရှင်းပြနိုင်ဖို့ ငါကြိုးစားမယ်၊ ခုနေအခါမှာတော့ လှေလောကလည်း ပြန်ဝင်လို့မဖြစ်မယ့်အတူတူ မိကျောင်းရဲနဲ့ ဝေးဝေးနေပြီး အခြားစီးပွားရေးတစ်ခုခုလုပ်လို့ ဘဝကို ရပ်တည်မှပဲ''

ဟု တွေးမိပြီးလျှင် မောင်သံပုံးသည် မိကျောင်းရဲနှင့် အနီးဝန်းကျင်ရှိ မကွေး၊ မြင်ကွန်း၊ မင်းဘူး၊ မင်းလှ၊ မလွန်၊ ဆင်ပေါင်ဝဲ၊ ဆိတ်သွား၊ တောင်တွင်းကြီးစသည့် မြို့နယ်များ၊ ဒီစကြိုတ်ဒေသများကိုရှောင်ပြီး ရမည်းသင်းဘက်သို့ ဦးတည်ခရီးနှင်ခဲ့ကာ ရန်ကုန်–မန္တလေး ရထားလမ်းပေါ်ရှိ မြို့တစ်မြို့ဝယ် အခြေချ နေထိုင်လိုက်လေတော့၏။

ယင်းမြို့လေးမှာ ရန်ကုန်–မန္တလေး ရထားလမ်း၊ ကားလမ်းပေါ်ဝယ် တည်ရှိသဖြင့် လူသူစည်ကားကာ ရောင်းရေးဝယ်တာကောင်းသော မြို့လေးဖြစ်ရာ လှေထိုးသားအဖြစ် လုပ်ကိုင်စဉ်က သူစုဆောင်းထားသော ငွေလေးဖြင့် ရင်းနှီးမြှုပ်နှံပြီး အရောင်းအဝယ်တစ်ခုခု ပြုလုပ်ရပ်တည်ရန် မောင်သံပုံး ရည်ရွယ်ခဲ့လေ၏။

သူသည် ဈေးအနီးရှိ လွန်စွာကျဉ်းမြောင်းသော အခန်းငယ်တစ်ခုကို ဈေးနှုန်းချိုချိုသာသာဖြင့် ငှားရမ်းနေထိုင်လိုက်ကာ သူ့တစ်ဝမ်းတစ်ခါးအတွက် မည်သည့်အရောင်းအဝယ်လုပ်လျှင် ကောင်းမည်နည်းဟု စဉ်းစားတွေးတောလျက် ရှိလေ၏။ ဈေးသို့သွားကာ သူများတကာ ရောင်းဝယ်ဖောက်ကားနေကြသည်တို့ကိုလည်း လေ့လာမှုပြုလေ၏။

သို့သော် သူ၌ရှိသော ငွေစအနည်းငယ်ဖြင့် ရင်းနှီးရောင်းဝယ်မှုပြု





ရန် ခက်ခဲကြောင်းတွေ့ရာ အကြံကုန်ဂဠုန်ဆားချက်ဟူသည့်စကားအတိုင်း သူငယ်စဉ် လုကွမ်းနှင့်လျှောက်လိုက်စဉ်က လုကွမ်းကို ကူညီရောင်းချပေးခဲ့သော ဂျုံရောင်စုံ မုန့်အရုပ်လေးများရောင်းရန်သာ စိတ်ကူးမိပြီး သူ၏လုပ်ငန်းကို စတင်အကောင်အထည်ဖော်လေတော့၏။

သူသည် ဈေးသို့သွားပြီး သစ်သားဗျက်တစ်ခု ဝယ်၏။ ပြီးလျှင် ကုန်စုံဆိုင်မှ ဂျုံမှုန့်ကို ဝယ်၏။ ပရဆေးဆိုင်မှ ရေခဲခြစ်ဆိုးဆေး မှုန့်တို့ကို ဝယ်၏။ ဝါးဆိုင်သို့သွားကာ ဝါးတိုဝါးစတို့ကို ကောက်ယူခဲ့ပြီး နံဘေးအိမ်မှ ဓားမတစ်လက်ငှားကာ ဝါးတုတ်ချောင်းလေးများ ပြုလုပ်လေ၏။

မောင်သံပုံးသည် စာသင်ကျောင်းတစ်ကျောင်း၏ရှေ့နား၌ သစ်သားဗျက်ကိုချကာ မြေပြင်ဝယ် ဖိနပ်ခုထိုင်ပြီး ဂျုံရောင်စုံရုပ်လေးများ စတင်ပြုလုပ်တော့ရာ ခဏအတွင်းမှာပင် ကျောင်းတက်ရန်လာသော ကလေးငယ်တို့သည် မောင်သံပုံး၏ရှေ့ဝယ် ဝိုင်းအုံလာကြပြီး မောင်သံပုံး ကျင်လည်စွာ ရောင်စုံအရုပ်လေးများပြုလုပ်သည်ကို သဘောကျစွာ ကြည့်ကြလေ၏။

ဤသို့ဖြင့် မောင်သံပုံးမှာ ဈေးများ၊ ကျောင်းများဝယ် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ဈေးထွက်လျက် လှည့်လည်ရောင်းချ စားသောက်နေထိုင်ရာ သူ့တစ်ဝမ်းတစ်ခါးအတွက် ပူစရာမလိုဘဲ စားရေးသောက်ရေး အဆင်ပြေလျက်ရှိလေ၏။

မောင်သံပုံးမှာ ဤသို့ နေထိုင်လုပ်ကိုင်စားသောက်လျက် ထိုမြို့လေး၌ ဘဝကိုကျင်လည်ရာတွင် သတိထားကာ ဂရုစိုက်မှုပြုသော အချက်နှစ်ချက် ရှိလေ၏။ ပထမအချက်မှာ သူ၏အမည်ကို ပတ်ဝန်းကျင်အသစ်ဝယ် မောင်သံပုံးဟု မသိစေဘဲ သူ့ကိုယ်သူ မောင်လှမြတ်ဟု အမည်ပြောင်းကာ ပတ်ဝန်းကျင်မှလူများကို ခေါ်ပြောစေခြင်းဖြစ်လေ၏။

ဒုတိယအချက်မှာ သူ့လက်ဝယ်ရှိနေသော တန်ဖိုးများစွာထိုက်တန်သည့် ရွှေထည်လက်ဝတ်ရတနာများကို အမြဲမပြတ် ကိုယ်နှင့်မကွာ ထိန်းသိမ်းထားရှိခြင်းပင် ဖြစ်လေ၏။ သူငှားရမ်းနေထိုင်သောအခန်းမှာ လုံခြုံမှုမရှိသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

သူအပြင်သွားသည့်အခါ၊ ဈေးထွက်သည့်အခါ၊ သူ၏အခန်းဝယ် ထိုရတနာပစ္စည်းများကို ထားရစ်ခဲ့၍မဖြစ်ရာ ယခုကဲ့သို့ သွားလေရာ သတိထားပြီး ယူဆောင်သွားခြင်းဖြစ်လေ၏။ သူသည် ရတနာသေတ္တာကို လုံချည်ဟောင်းတစ်ထည်ဖြင့် သေချာစွာပတ်ထုပ်ကာ သူ၏အဝတ်အိတ်ထဲ သေချာထည့်ပြီး အမြဲလိုလို အဝတ်အိတ်ကို စလွယ်သိုင်းလွယ်ထားလေ့ရှိလေ၏။

သူသည် ယင်းသို့ဖြင့် ထိုမြို့လေးဝယ် လအတန်ကြာ ခြေရာဖျောက်နေပြီးနောက် ရှစ်လတင်းတင်းပြည့်သောအခါ ထိုမြို့မှထွက်ခဲ့ပြီး မိကျောင်းရဲသို့ ဦးတည်ခရီးနှင်လာခဲ့လေ၏။ သူနှင့်ပတ်သက်၍ မိကျောင်းရဲမှလူများ သွေးအေးလာပြီဟု ယူဆသဖြင့် အခြေအနေပေးပါက မြရတီနှင့်တွေ့ဆုံပြီး ရတနာသေတ္တာအားပေးအပ်ရန် ရည်ရွယ်ကာ ခရီးထွက်ခဲ့ခြင်း ဖြစ်လေ၏။

မောင်သံပုံးမှာ မိချောင်းရဲသို့လာရာ၌ သူ၏လုံခြုံရေးအတွက် ပိုမိုစိတ်ချစေရန် အဝတ်ဦးထုပ်ကြီးတစ်လုံးကိုဝယ်ကာ ဦးခေါင်းထက်၌ ရှေ့သို့ ခပ်ငိုက်ငိုက်ပြုဆောင်းလေ၏။ နေကာမျက်မှန်အနက်ကြီးတစ်လက် ဝယ်ကာ သူ့မျက်လုံးများရှေ့မှ ဖုံးကွယ်တပ်ဆင်လေ၏။ သူသည် ယင်းသို့လျှင် ရုပ်ဖျက်ပြီး မိချောင်းရဲသို့ သွားလေ၏။

သူသည် ခေတ္တမှီတင်းနေထိုင်ရာ မြို့မှ ခြေလျင်ခရီးထွက်ခဲ့ပြီး မြို့လုကိုကျော်ကာ ဆင်သေချောင်းကိုဖြတ်ရလေ၏။ လမ်း၌ နှစ်ညအိပ်ပြီးသော် မြို့သစ်သို့ရောက်လေ၏။

မြို့သစ်မှ နွားလှည်းငှားကာ တောင်တွင်းကြီးမြို့သို့ ခရီးဆက်လေ၏။ တောင်တွင်းကြီးမှ မြင်းလှည်းငှားကာ မိချောင်းရဲသို့ လာခဲ့လေ၏။

မိချောင်းရဲသို့ ရောက်သောအခါ သူသည် ဆက်လက်ရုပ်ဖျက်ပြီး မြရတီတို့အိမ်ဘက်သို့ စနည်းနာထွက်ခဲ့တော့၏။ သို့သော် မြရတီတို့အိမ်နားသို့ရောက်သော် မြရတီတို့မိသားစုနှင့်ပတ်သက်ပြီး မသိမသာ စူးစမ်းစကားထောက်ကြည့်ရာမှ ထင်မှတ်မထားသော အံ့အားသင့် စိတ်ပျက်ဖွယ်သတင်းကို ကြားရလေ၏။





"မြရတီတို့ညီအစ်မ ဒီမြို့ကပြောင်းသွားတာ နှစ်လလောက်ရှိပြီကွဲ၊ သူတို့ရဲ့အဒေါ် အပျိုကြီး မီးယပ်ရောဂါနဲ့ ရုတ်တရက်ဆုံးသွားပြီးတဲ့နောက် သူတို့ရဲ့အဖေ လှေသူကြီးကလည်း နောက်မိန်းမငယ်ငယ်လေးက ချူလို့ ရှိသမျှကုန်၊ စီးပွားပျက်ပြီး သူပိုင်လှေကြီးကို ရောင်းချပစ်လိုက်ရတယ်...၊

အဲဒီနောက် အဘိုးကြီးက မယားငယ်ရဲ့နောက် ကောက်ကောက်ပါအောင် လိုက်သွားပြီး သမီးတွေကို ပြန်လှည့်မကြည့်တော့ဘူး၊ မြရတီလည်း သူ့အဖေကိုစိတ်နာပြီး အိမ်ကြီးကို ရတဲ့ဈေးနဲ့ရောင်းလို့ သူ့ညီမနဲ့အတူ ဒီမြို့က အပြီးပြောင်းသွားတာပဲ... ဘယ်ကိုပြောင်းသွားသလဲဆိုတာ ဘယ်သူမှ မသိကြဘူးကွဲ့"

ဟူသော သတင်းကိုကြားရရာ မောင်သံပုံးမှာ မြရတီနှင့်ပတ်သက်၍ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားလေ၏။ သူသည် ဖွံမလျှော့သေးဘဲ မိချောင်းရဲရွာဆိပ်ကမ်းမှ ထမင်းဆိုင်ဝယ် လှေကြုံစောင့်ဟန်ဖြင့် နှစ်ရက်သုံးရက် နီကပ်နေပြီး မြရတီတို့ မည်သည့်အရပ်သို့ ပြောင်းသွားသည်ကို သိရန် နည်းမျိုးစုံဖြင့် စုံစမ်းသော်လည်း ခြေရာလုံးဝဖျောက်ကာ ပြောင်းရွှေ့ထွက်ခွာသွားသော မြရတီတို့၏သတင်းအစအနမျှပင် မရချေ။

"အင်း... ငါ့ရဲ့ဘဝမှာ ရှာဖွေရမယ့်သူတစ်ယောက် တိုးလာပြန်ပြီ ငါဟာ အရင်ဦးဆုံး ငါ့ရဲ့မဟာရန်သူ ဒေါ်ချောမေကို ရှာရမယ်၊ ပြီးတော့ ဦးရီးလုကွမ်းအတွက် ဂျမဒါမြဒင်ဆိုတဲ့လူကို ရှာရမယ်၊ အခု မြရတီတို့ညီအစ်မကို ရှာရမယ်၊ ဖြစ်နိုင်ရင် ငါ့ရဲ့ မိရင်းဘရင်းတို့ကို ရှာရမယ်၊ ငါ သူတို့ကို ဘယ်လိုရှာရမလဲ... ငါ့မှာ ကောက်ရိုးပုံထဲ ကျသွားတဲ့အပ်ပျောက်ကို ရှာသလိုဖြစ်နေပြီ...၊

ငါဟာ သူတို့ကို ရှာရမည့်အပြင် ငါ့ရဲ့ဘဝရည်မှန်းချက်ဖြစ်တဲ့ ကြီးပွားတိုးတက်အောင်လည်း လုပ်ရဦးမယ်၊ ဟူး... ငါထမ်းဆောင်ရမယ့် တာဝန်တွေက မနည်းပါလား... ဘာပဲဖြစ်ဖြစ် ငါရည်ရွယ်ထားတဲ့ကိစ္စမှန်သမျှ အောင်မြင်ပြီးမြောက်စေဖို့ ဦးရီးလုကွမ်းညွှန်ပြထားတဲ့ ဂငယ်သုံးလုံးကို



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ပြီး အောင်မြင်အောင်လုပ်ရမှာပဲ''

ဟူ၍သာ တွေးနေမိပါတော့သတည်း။

မောင်သံပုံးသည် သူတစ်ခါမျှမရောက်ဖူးသော ရန်ကုန်မြို့ကြီးသို့ အသိအကျွမ်းလုံးဝမရှိဘဲ မီးရထားစီး၍ ရောက်ရှိလာသည်ဖြစ်ရကား ကျိုးကြည့်ကြောင်ကြည့်၊ ဟိုကြည့်သည်ကြည့်ဖြင့် တောသားမြို့ရောက် ယောင်ချာချာဖြစ် လျက်ရှိနေရာမှ အများသွားရာနောက်သို့ မယောင်မလည် လိုက်ပါသွားရာ ဘိုင်စကုပ်ရုံများ တန်းစီကာရှိနေသည့် လမ်းမကျယ်ကြီးသို့ ရောက်ရှိသွားတော့၏။

မောင်သံပုံးသည် လုကွမ်းနှင့် မြို့ရွာအနှံ့ လျှောက်သွားခဲ့စဉ်က အညာဒေသမှ မြို့ကြီးများနှင့် မြစ်ဝကျွန်းပေါ်ဒေသမှ မြို့ကြီးအတော်များများသို့ ရောက်ဖူးသော်လည်း အင်္ဂလိပ်မင်းရုံးစိုက်ရာ ရန်ကုန်ရွှေမြို့တော်ကြီးသို့မူ လုံးဝရောက်ဖူးခြင်းမရှိသဖြင့် တိုက်တာအဆောက်အအုံများ လွန်စွာများပြားကာ ကားကြီးကားငယ်အသွယ်သွယ်နှင့် စည်ကားခမ်းနားလှသည့်မြို့ကြီးကို ရင်သပ်ရှုမောငေးကြည့်လျက် အံ့သြသဘောကျနေလေ၏။

မော်တော်ကားလမ်းကျယ်ကြီးများပေါ်ဝယ် ဥဒဟို သွားလာလျက်ရှိသော မော်တော်ကားများ၊ ဓာတ်ရထား၊ ရစ်ရှော (ခေါ်) လူဆွဲပြေးရသည့် လန်ချားများ၊ ချယ်ရီလီ (ခေါ်) ကုန်တင်တွန်းလှည်းများ ရှုပ်ယှက်ခတ်အောင် သွားလာလျက်ရှိသကဲ့သို့ ကားလမ်းနံဘေးဝဲယာရှိ ပလက်ဖောင်းတို့ပေါ်တွင်လည်း ဝတ်ကောင်းစားလှဝတ်စားထားသည့်လူများ ပျားပန်းခပ် သွားလာလျက်ရှိရာ ဤမျှ လူသူများပြားစည်ကားလှသော မြို့ကြီးဝယ် အောင်မြင်သော ရောင်းဝယ်ဖောက်ကား စီးပွားရှာမှုပြုလုပ်နိုင်သော် ကောန်ကြီးပွားနိုင်ကြောင်း ဆင်ခြင်မိသဖြင့် ရန်ကုန်မြို့ကြီးသို့လာမိသည်မှာ မှန်ပြီဟု မောင်





သံပုံး ယုံကြည်မိလိုက်လေတော့ ၏။

''အင်း ... ရန်ကုန်ရွှေမြို့တော်ကြီးကိုရောက်ရင် ရောက်ရခဲလှတဲ့ ရွှေတိဂုံစေတီတော်ကြီးကို ဦးခိုက်ဖူးမြော်ရတယ်လို့ အညာကလူတွေ ပြောဖူးတယ် ... ဒါ ရွှေတိဂုံဘုရားကြီးကို သွားဖူးလေမှ''

သို့ဖြင့် မောင်သံပုံးမှာ ရွှေတိဂုံစေတီကြီးတည်ရှိရာ ဗဟန်းဘက်သို့ ခြေတက်လာခဲ့တော့၏။ သူသည် ရွှေတိဂုံစေတီတော်ကြီးအား ဖူးမြော်ပြီးနောက် စေတီတော်ကြီးတည်ရှိရာ ကုန်းတော်ပေါ်မှ ဆင်းသက်လာသောအခါ ဗဟန်းမုခ်ဘက်မှ ဆင်းလာမိသဖြင့် ဗဟန်းအုတ်လမ်းသို့ ရောက်ရှိသွားပြီးလျှင် အုတ်လမ်းအတိုင်းလျှောက်လာရာမှ ဗိုက်ဆာလာရာ လမ်းဘေးထမင်းဆိုင်လေးဝယ် ငွေတစ်မူးပေးပြီး ထမင်းအဝစားလိုက်လေ၏။

မောင်သံပုံးသည် ယောင်ချာချာဖြင့် ဆက်လျှောက်လာခဲ့ရာ လူသူအတော်အတန် စည်ကားလျက်ရှိသော ဖျိုင်းရေအိုးစင်ရပ်ကွက်သို့ ရောက်ရှိသွားလေတော့၏။ သူသည် ဖျိုင်းရေအိုးစင်ရပ်ကွက်အတွင်းသို့ ဟိုကြည့်သည်ကြည့်ဖြင့် လျှောက်လာရာ ခပ်ကုပ်ကုပ်အိမ်တစ်အိမ်၏ရှေ့၌ အိမ်ငှားရန်ရှိသည်ဟူသော ဆိုင်းဘုတ်ငယ်ကို တွေ့ရသဖြင့် ဝင်ရောက်စုံစမ်းလေ၏။

ထိုအိမ်မှာ တစ်ထပ်ပျဉ်ထောင် သွပ်မိုးအိမ်ငယ်ဖြစ်ပြီး အိမ်ရှင်၊ အိမ်ငှား တစ်ခန်းစီနေရသော အိမ်ဖြစ်ရာ မူလအိမ်ငှားမိသားစု ပြောင်းရွှေ့သွားသဖြင့် အိမ်ရှင်အဘိုးကြီး၊ အဘွားကြီးတို့က မိသားစုနည်းသော၊ လူနည်းသောအိမ်ငှားကို ငှားလိုသည်ဖြစ်ရကား မောင်သံပုံးမှာ တစ်ကိုယ်ရေတစ်ကာယသမားမို့ သဘောကျပြီး အိမ်လခလျှော့ကာ မောင်သံပုံးကို ငှားရမ်းလေ၏။

''ကျွန်တော့်ရဲ့နာမည်က မောင်လူမြတ်ပါ ခင်ဗျာ၊ ကျွန်တော်ဟာ အညာဒေသက ပြောင်းရွှေ့လာသူပါ။ ကျွန်တော့်မှာ အိမ်ထောင်ပရိဘောဂ ရယ်လို့ ဘာမှမပါပါဘူး။ ဟောဒီ အဝတ်အိတ်ကြီးတစ်လုံးပဲ ပါပါတယ် ... ဒါကြောင့် အခုပဲ အိမ်ခန်းကိုဆေးကြောပြီး တက်နေပါတော့မယ်ခင်ဗျာ''

ဟု မောင်သံပုံးက ပြောဆိုပြီး အိမ်စပေါ်ငွေ သုံးဆယ့်ငါးကျပ်အောင်



www.burmeseclassic.com

www.burmeseclassic.com

ဘာ အိမ်ခန်းပေါ်သို့ တက်နေလိုက်လေတော့၏။

✧

မောင်သံပုံးသည် အခြေတကျ အိမ်ငှားနေပြီး နောက်နေ့မှစ၍ ခြေသလုံးမြင်းခေါင်းအားကိုးဖြင့် ရန်ကုန်မြို့တွင်းအနှံ့ လျှောက်သွားကာ စီးပွားရေးလုပ်ငန်းမျိုးစုံ၊ မြို့၏အနေအထားအရပ်ရပ်တို့ကို နေ့စဉ် လေ့လာမှုပြုလေတော့၏။

သူသည် လောကဓာတ်ပညာကို လေးတန်းအထိသာ သင်ယူဖူးသော်လည်း သူ၏ကျေးဇူးရှင်ဆရာသမားကြီး လုံကွမ်းထံမှ လောကီပညာမျိုးစုံကို အနီးကပ် နှစ်ပေါင်းများစွာ ဆည်းပူးခဲ့ပြီး မြို့တကာ ရွာတကာအနှံ့ လျှောက်သွားဖူးကာ လူပေါင်းစုံနှင့် ပေါင်းသင်းဆက်ဆံဖူးသည်ဖြစ်ရကား လူရေးလူရာ ညံ့လှခြင်းမရှိဘဲ တစ်ပတ်ခန့် နှံ့နှံ့စပ်စပ်လေ့လာပြီးသည်နှင့် ရန်ကုန်မြို့အကြောင်း အတော်အတန်သိကာ စီးပွားရေးဈေးကွက်တို့ကိုလည်း မြင်လာလေ၏။

သူသည် သိမ်ကြီးဈေး၊ စကော့ဈေး (ယခု ဗိုလ်ချုပ်အောင်ဆန်းဈေး)၊ ကီလီ၊ ရိုးလ်ကုန်တိုက်၊ မဂိုလမ်း (ယခု ရွှေဘုံသာလမ်း)၊ ပန်းဆိုးတန်း၊ ဖရေဇာလမ်း (ယခု အနော်ရထာလမ်း)၊ ဒါလဟိုဇီလမ်း (ယခု မဟာဗန္ဓုလလမ်း)၊ ရော်တန်းလမ်း (ယခု ဆူးလေဘုရားလမ်း) တို့ရှိ ဆိုင်ခန်းများ၊ ကုန်တိုက်များကို လေ့လာမှုပြုပြီးဖြစ်လေ၏။

''ငါဟာ နှစ်ပေါင်းအတော်ကြာ ကလေးတွေနဲ့ထိတွေ့ပြီး ကလေးတွေရဲ့အကြိုက် ဂျုံရောင်စုံအရုပ်လေးတွေ လုပ်ရောင်းဖူးတယ် . . . ဒါကြောင့် ကလေးတွေရဲ့အထာ, ကလေးတွေရဲ့သဘောကို အတော်ခြုံငုံမိတယ်၊ ငါ့ရဲ့ အတွေ့အကြုံကို အခြေခံပြီး ကလေးကြိုက်ပစ္စည်းတွေ ရှာဖွေ ရွေးချယ် တီထွင်ရောင်းချရရင် ငါနဲ့ လိုက်ဖက်သင့်လျော်တဲ့ စီးပွားရေးလုပ်ငန်း ဖြစ်လာ





နိုင်တယ်''

ရန်ကုန်မြို့ဝယ် ကလေးများနှင့်ပတ်သက်၍ မဂိုလမ်း (ယခု ရွှေဘုံသာလမ်း) တွင်သာ ကစားစရာအရုပ်ဆိုင် နှစ်ဆိုင်ခန့် သူတွေ့ရသည်။ ယင်းဆိုင်များမှာလည်း ကစားစရာသက်သက်သာ ရောင်းချကြ၍ အခြားကလေးအသုံးအဆောင်ပစ္စည်းများ မရှိချေ။ ပြီးတော့ ယင်းဆိုင်များမှာ နိုင်ငံခြားမှလာသော ကလေးကစားစရာပစ္စည်းများကိုသာ ရောင်းချသည်ဖြစ်ရကား မောင်သံပုံးကမူ နိုင်ငံခြားမှတင်သွင်းသော ဈေးကြီးလှသည့် ကစားစရာအရုပ် စသည်တို့ထက် ပြည်တွင်းဖြစ် နိုင်ငံခြားအဆင့်မီ အရုပ်မျိုးစုံကို တီထွင်ထုတ်လုပ်လိုခြင်း၊ ဖြန့်ချိရောင်းချလိုခြင်းဖြစ်၏။ သူ၏ရည်ရွယ်ချက်မှာ လူတန်းစားမရွေး ကလေးသူငယ်များ ဝယ်ယူသုံးစွဲနိုင်စေရန်ဖြစ်၏။

ယင်းလုပ်ငန်းလုပ်ရန်နေရာအတွက် အကွက်အကွင်းကောင်းသော ဆိုင်ခန်းတစ်ခုလိုသည်။ တီထွင်ထုတ်လုပ်ရန် အရင်းအနှီးလိုသည်။

သူလိုအပ်သော အရင်းအနှီးရရှိရန် သူ့၌ဖြစ်နိုင်သော လမ်းတစ်လမ်းသာ ရှိသည်။ ယင်းမှာ မြရတီတို့၏ ရွှေထည်လက်ဝတ်ရတနာပစ္စည်းတို့ကို ရောင်းချပြီး အရင်းအနှီးပြုလုပ်ရန် ဖြစ်၏။

သို့သော် ယင်းသို့သောအလုပ်ကို သူ မလုပ်လိုပေ။ ယင်းသို့ပြုလုပ်ပါက မြရတီတို့ညီအစ်မနှင့် ပြန်ဆုံတွေ့သည့်အခါ သူမတို့၏ပစ္စည်းများကို ပြန်ပေးနိုင်တော့မည်မဟုတ်။ ပစ္စည်းများအစား ငွေကိုပေးမည်ဆိုပါကလည်း သဘာဝမကျ။ မြရတီတို့က သူမတို့၏ ဘိုးဘွားပိုင်ပစ္စည်းကိုသာ ပြန်လိုချင်သည်၊ ငွေဘယ်လောက်ပုံပေးပေး မလိုချင်ပါဟုဆိုသော် ခက်ချေမည်။

ထို့ကြောင့် မြရတီတို့၏ ရွှေထည်လက်ဝတ်ရတနာတို့ကို ရောင်းချပစ်ရန်ဆိုသည်မှာ လုံးဝ မဖြစ်နိုင်ချေ။ သို့ဆိုလျှင် သူ မည်သို့လုပ်ရအံ့နည်း စဉ်းစားရင်း မောင်သံပုံးမှာ ခေါင်းခြောက်လာတော့သည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



## ❖ အသက်လုပွဲ ❖

တစ်နေ့သ၌ မောင်သံပုံးသည် နံနက်စောစော ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ပြီးနောက် ဖျိုင်းရေအိုးစင်ရပ်ကွက်သို့ ပြန်လာရာ လူသူပြတ်လပ်လှပြီး ကားအသွားအလာလည်း ကျဲပါးလှသော ကန်တော်ကြီး ပတ်လမ်းအတိုင်း တစ်ယောက်တည်း လမ်းလျှောက်ပြန်လာစဉ် . . .

ကနေဒီကျွန်းအလွန်သို့ ရောက်လာခိုက် ဖို့(ဒ်)ကားအနက်ကြီး တစ်စီးမှာ လမ်းဘေး၌ ထိုးရပ်လျက်ရှိပြီး ကားပေါ်မှ အသက်ကြီးကြီးလူကြီးတစ်ဦးကို လူရွယ်နှစ်ဦးက အတင်းဆွဲချနေသည်ကို မမျှော်လင့်ဘဲ တွေ့ရလေ၏။

ကားပေါ်မှ လူကြီးမှာ အယ်(လ်)ပတ်ကား ပိုးတိုက်ပုံအင်္ကျီကို ကိုယ်အထက်ပိုင်းဝယ် ဝတ်ထားပြီး ခါး၌ ဘန်ကောက်လုံချည်ဝတ်ထားကာ သားရေခါးပတ်ကြီး ပတ်ထားလေ၏။ ထိုလူကြီးက အတင်းရုန်းဖယ်နေသော်လည်း ဘောင်းဘီရှည်ဝတ်ထားကြသော ရုပ်ကြမ်းကြမ်းနှင့်လူရွယ်နှစ်ဦးက ကားရှေ့တံခါးကိုဖွင့်ကာ အတင်းဆွဲချလျက်ရှိပြီး လူရွယ်တစ်ဦးက လက်ထဲဝယ် အသွားခြောက်လက်မကျော်ခန့်ရှိ ဓားမြှောင်တစ်လက် ကိုင်ထားသည်ကို တွေ့ရလေ၏။

"အဘိုးကြီး . . . ဆင်းမလား၊ မဆင်းဘူးလား။ ဓားနဲ့ ထိုးလိုက်လို့ ဗိုက်ပွင့်သွားမယ် . . . ဘာမှတ်လဲ၊ ဓားဘအုံးဆိုတာ မကြားဖူးဘူးလား"

ဟု ဓားကိုင်ထားသောလူရွယ်က ဟိန်းဟောက်ကာ အဘိုးကြီးအား





အတင်းဆွဲချနေစဉ် သူတို့၏အနီးသို့ မောင်သံပုံး ရောက်ရှိသွားလေတော့သည်။

"ဟေ့လူတွေ . . . ဒါဘာလုပ်တာလဲ"

ဟု မောင်သံပုံးသည် မျက်မှောင်ကြီးကုတ်ကာ ဟစ်အော်မေးလိုက်ရင်း အဘိုးကြီးအား အတင်းဆွဲချနေသည့် လူရွယ်တစ်ဦး၏ ကုပ်ပိုး အင်္ကျီစကို လက်တစ်ဖက်ဖြင့် စုကိုင်ကာ ဆောင့်ဆွဲလိုက်လေ၏။

ထိုလူရွယ်က အဘိုးကြီးအားလွှတ်လိုက်ကာ မောင်သံပုံးဘက်သို့ ဖျတ်ခနဲလှည့်လိုက်ပြီး . . .

"ဟေ့ကောင် . . . မင်းနဲ့ဘာဆိုင်လဲ၊ သေချင်လို့လား ခွေးသား"

ဟု ဆဲလိုက်ကာ လက်သီးဖြင့် မောင်သံပုံး၏မျက်နှာကို လျှပ်တစ်ပြက် ထိုးချလိုက်လေ၏။

သို့သော် လုကွမ်းထံမှ တိဘက်လားမားတို့၏ တိုက်ခိုက်ရေးနည်းများကို သင်ယူတတ်မြောက်ထားသော မောင်သံပုံးက ကိုယ်ကိုနွဲ့ကာ ကပ်ရှောင်လိုက်ပြီး ထိုလူဆိုး၏ချိုင်းအောက်သို့ ညာဘက်လက်ညှိုး၊ လက်ခလယ် ထိပ်တို့ဖြင့် ဆတ်ခနဲ ထိုးလိုက်ရာ ထိုလူဆိုးမှာ . . .

"အား"

ခနဲအော်ပြီး ယိမ်းယိုင်သွားစဉ် မောင်သံပုံးက ထိုလူဆိုး၏မေးကို ညာခြေဖြင့် ခတ်ထည့်လိုက်လေ၏။

'ဖောင်း'ခနဲအသံနှင့်အတူ ထိုလူဆိုးမှာ ပလက်ဖောင်းပေါ်သို့ ပက်လက်လန်ကျကာ သတိလစ်သွားလေတော့၏။

ထိုအခါ ဓားမြှောင်ကိုင်ထားသောလူဆိုးမှာ အဘိုးကြီးအား လွှတ်လိုက်ပြီးလျှင် . . .

"တောက် . . . လူပါးဝလိုက်တဲ့ကောင် . . . သေစမ်းကွာ"

ဟု အသံနက်ကြီးဖြင့် အော်ဟစ်ဟိန်းဟောက်ရင်း ဓားမြှောင်နှင့် လှစ်ခနဲထိုးလိုက်လေတော့၏။

မောင်သံပုံးမှာ ညာခြေတစ်လှမ်းတိုးပြီး ညာဒူးညွှတ်၍ ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



စောင်းကာ အတွင်းသို့ဝင်လိုက်လျက်မှ ညာလက်ဝါးစောင်းဖြင့် ထိုလူဆိုး၏ ဓားကိုင်လက်ကို လက်ကောက်ဝတ်နားမှ ဆတ်ခနဲ ဘေးသို့ တွန်းထုတ်လိုက်လေ၏။

ဓားချက်လွဲပြီး ရှေ့သို့ငိုက်ကျလာသည့် ထိုလူဆိုးကို ညာတံတောင်ဖြင့် နောက်ပြန်တွက်ထည့်လိုက်ရာ ထိုလူဆိုးမှာ အင့်ခနဲ ပါးစပ်မှအော်ညည်းရင်း လက်ထဲမှဓားမြှောင်လည်း လွတ်ကျသွားကာ လက်နှစ်ဖက်ဖြင့် ရင်ဝကိုဖိလျက်မှ ကုန်းကုန်းကြီးဖြစ်သွားလေ၏။

ထိုစဉ် မောင်သံပုံးက ညာခြေကိုရုပ်လျက် ထိုလူ၏ဘက်သို့ ချာခနဲလှည့်ပြီး ဘယ်ခြေဝိုက်ကာ ခတ်ထည့်လိုက်ရာ ခြေကန်ချက်မှာ ထိုလူဆိုး၏ညာဘက်နံစောင်းကို ပယ်ပယ်နယ်နယ်ထိ သွားသည်မို့ ဖြောင်းခနဲမြည်သွားပြီး ထိုလူဆိုးမှာ ပလက်ဖောင်းပေါ်လဲကျနေသော သူ၏အဖော် လူဆိုးကိုယ်ပေါ်သို့ ကန့်လန့်ဖြတ် လဲကျသွားလေ၏။

ဓားဘအုံးဟုခေါ်မည်သော ထိုလူဆိုးမှာ သူ၏ညာနံစောင်းနှင့် ရင်ဝတို့အား လက်ဖြင့်ဖိကာ တအင်းအင်းညည်းရင်း ဝေဒနာ လူးလိမ့်ခံစားနေရာမှ သတိလစ်သွားလေတော့၏။

ထိုအခါ ကားပေါ်မှ ဆွဲချခြင်းခံရသောလူကြီးမှာ သူ၏ တွန့်ကြေနေသော အယ်(လ်)ပဟ်ကား တိုက်ပုံအင်္ကျီကို ဆွဲဆန့်နေရင်း မောင်သံပုံးကို အံ့ဩကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်လိုက်ကာ ...

"အလိုလေး မောင်ရင်လေးရယ် ... မောင်ရင်လေး မိုးပေါ်က ကျသလို အချိန်ကိုက်ရောက်လာလို့ပေါ့ နို့မို့ဆို ကျုပ်မှာ ဓားဘအုံးရဲ့ဓားချက်ကြောင့် အသွင့်လောက်ပြီ ဒီကောင်တွေက ကျုပ်ရဲ့ကားကို အတင်းတားပြီး ကားကိုလုနေတာ၊ ကျုပ်ကားရဲ့ ဒက်(ရှ်)ဘုတ်ထဲမှာ မက္ကာဆင့်ဘဏ်က ခုပဲထုတ်ပြီး ယူလာတဲ့ငွေတွေ ရှိနေတော့ ကျုပ်ကလည်း ကားကိုပေးလိုက်ဖို့ မဖြစ်နိုင်လို့ အတင်းငြင်းပြီး ရုန်းနေမိတာ၊ မောင်ရင်လေး ကယ်ပေလို့ပဲ"

ဟု အသံတုန်တုန်ဖြင့်ပြောရင်း လဲကျသတိလစ်နေကြ





သော လူဆိုးနှစ်ဦးကိုကြည့်ကာ ...

"ဒီလို ရာဇဝင်လူဆိုးတွေကို မောင်ရင်လေး တိုက်ခိုက်လိုက်ပုံကတော့ မြန်သလောက် သေသပ်လှပါပေတယ်၊ မောင်ရင်လေးရဲ့သတ္တိနဲ့ စွမ်းရည်ကို ကျုပ် အံ့ကျသဘောကျလှပါတယ်၊ ကဲ ကဲ ... ကျုပ်ရဲ့ကားနဲ့ အိမ်ကိုလိုက်ခဲ့စမ်းပါ၊ ကျုပ် မောင်ရင်လေးကို ကျေးဇူးတစ်ခုခု တုံ့ပြန်ပါရစေ"

ဟု အဘိုးကြီးက ရွှန်းရွှန်းဝေအောင်ပြောလေရာ မောင်သံပုံးက ပြုံးပြီး ခေါင်းခါပြလျက် ...

"နေပါစေ ဦးရီး ... ကျွန်တော့်ကို ကျေးဇူးတုံ့ပြန်ဖို့ မလိုပါဘူး။ ပြဿနာအခက်အခဲတွေ့နေသူကို ကြုံလို့ ကူညီဖြစ်တာပါ၊ ဦးရီး သွားစရာရှိတဲ့လမ်းကို ဆက်သွားပါ၊ ကျွန်တော်လည်းသွားပြီ"

ဟု ပြောလိုက်ကာ လမ်းလျှောက်ထွက်ခွာလာခဲ့တော့၏။

အဘိုးကြီးလည်း မောင်သံပုံးထွက်သွားရာသို့ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်ကျန်ခဲ့ရာမှ သတိဝင်လာကာ သူ၏ကားပေါ်တက်ပြီး ကားကို စက်နှိုးမောင်းလာခဲ့ရာ မောင်သံပုံးကိုမီလာလျှင် မောင်သံပုံးဘက်အခြမ်းမှ ကားရှေ့ခန်းတံခါးကို ဖွင့်လိုက်ပြီးလျှင် ကားကို ကျော်ရပ်လိုက်လေ၏။

"မောင်ရင်လေး ဒီလိုမလုပ်ပါနဲ့ ... ကျုပ်ရဲ့အိမ်ကို လိုက်ဖြစ်အောင် လိုက်ခဲ့စမ်းပါ၊ ကျုပ် မောင်ရင်လေးကို တစ်ခုခု မတုံ့ပြန်ရရင် တာဝန်မကျေသလို တနုံ့နုံ့ ခံစားရပါလိမ့်မယ်၊ လာပါ ... လိုက်ခဲ့စမ်းပါ၊ ကားပေါ်တက်ပါ"

ဟု တွင်တွင်ကြီးပြောပြီး ခေါ်နေရာ လူကြီးနှင့်လူငယ်ဖြစ်နေသဖြင့် မောင်သံပုံးမှာ အားနာလာပြီး ကားရှေ့ခန်းဝယ် ဝင်ထိုင်လိုက်ရလေ၏။

ထိုအခါမှ အဘိုးကြီး၏မျက်နှာမှာ ပြုံးသွားပြီး သူ၏ဖို့ဒ်ကားကြီးကို ဖြောင့်ဖြောင့်မောင်းကာ ...

"ကျုပ်ရဲ့နာမည်က ဦးဘလှိုင်လို့ခေါ်တယ်၊ နေတော့ ကင်းဘဲလမ်း (ယခု ငါးထပ်ကြီးဘုရားလမ်း) မှာ နေတယ်၊ ကျုပ်ရဲ့မိန်းမကတော့ နှစ်ကာပဲ ဆုံးပါးသွားပြီ၊ ကျုပ်ရဲ့သားက ပြင်သစ်နိုင်ငံ ပါရီမြို့မှာ ဗိသုကာပညာ



www.burmeseclassic.com

www.burmeseclassic.com



ဒီပလိုမာတွဲ့ယူဖို့ သင်တန်းသွားတက်နေတယ်၊ ကျုပ်က တွင်းစားမျိုးရိုးက ဆင်းသက်လာသူဖြစ်တယ်၊ အရင်ကတော့ ရေနံချောင်းနဲ့ ချောက်မှာရှိတဲ့ ကျုပ်တို့ရဲ့ဘိုးဘွားပိုင် ရေနံတွင်းလုပ်ငန်းလုပ်တယ် . . . ခုတော့ ကျုပ်လည်း အသက်ကြီးလာလို့ ရေနံတွင်းတွေကို ဘီအိုစီကုမ္ပဏီကို ရောင်းလိုက်ပြီး အနားယူနေတယ်''

ဟု ကားမောင်းရင်း သူ့ကိုယ်သူ မိတ်ဆက်ပေးလေ၏။ မောင်သံပုံးက ဦးဘလှိုင်ဘက်သို့ ခေါင်းငဲ့ကြည့်လိုက်ရင်း . . .

''ကျွန်တော့်ရဲ့နာမည်က လှမြတ်ပါ ဦးရီး . . . ဖအိက အညာကပါ၊ ရန်ကုန်မှာ အလုပ်တစ်ခုခုလုပ်ဖို့ လာခဲ့တာပါ၊ နေတော့ ဖျိုင်းရေအိုးစင်ရပ်ကွက်ထဲမှာ အိမ်ငှားနေပါတယ် . . . တစ်ကိုယ်ရေတစ်ကာယသမားပါ''

ဟု သူ့ကိုယ်သူ ပြန်လည်မိတ်ဆက်ပေးလိုက်ရလေ၏။

✧

ကင်းဘဲလမ်း (ယခု ငါးထပ်ကြီးဘုရားလမ်း)ရှိ ခြံဝင်းကျယ်ကြီးထဲမှ နှစ်ထပ်တိုက်ကြီးမှာ ခမ်းနားလွန်းလှသည်။

ထိုတိုက်၏ပိုင်ရှင် ဦးဘလှိုင်က မောင်သံပုံးအား မှိုင်းလုံးကော်ဇော ခင်းထားသော ခမ်းနားထည်ဝါလှသည့် ဧည့်ခန်းကြီးထဲခေါ်သွားကာ ကတ္တီပါ ဆိုဖာခုံကြီးထက်၌ ထိုင်စေပြီးလျှင် သူ၏အိမ်မှ အိမ်စေတို့အား မောင်သံပုံး သောက်ရန် ကော်ဖီ၊ ကိတ်မုန့် စသည်တို့ကို ယူလာစေလိုက်လေ၏။

ကော်ဖီနှင့်မုန့်တို့ကို ငွေလင်ပန်းဖြင့် အိမ်စေတစ်ဦးက ယူဆောင်လာလေလျှင် ကော်ဖီခွက်ကို ဦးဘလှိုင်ကိုယ်တိုင်ကိုင်ကာ မောင်သံပုံး၏ရှေ့မှ မဟော်ဂနီရောင် ကျွန်းစားပွဲပုလေးပေါ်သို့ ချပေးပြီးလျှင် . . .

''မောင်လှမြတ် . . . ကော်ဖီသောက်ပါကွယ်၊ ဒီကိတ်က ဗိုလ်ယာနာမုန့်တိုက်က ကိတ်ကွဲ့ . . . အားရပါးရ စားစမ်းပါ''





ဟု လောကွတ်ပျူငှာပြောဆိုကာ ကော်ဖီနှင့်မုန့်တို့ကို အတင်းတိုက်ကျွေးလေ၏။ မောင်သံပုံးလည်း အားနာနာနှင့်ပင် ကော်ဖီနှင့်ကိတ်မုန့်တို့ကို ဦးဘလှိုင်ကျေနပ်အောင် စားသောက်ရလေ၏။

စားသောက်ပြီးသော် ဦးဘလှိုင်က ငွေစက္ကူ ထောင်ထုပ်နှစ်ထုပ်ကို မောင်သံပုံးအားပေးရာ မောင်သံပုံးက ငွေကိုမူ လုံးဝ လက်မခံဘဲငြင်းလေ၏။

''ကျုပ်က တကယ်ကျေးဇူးတင်ပြီး တကယ်စေတနာရှိလို့ ပေးတာပါ မောင်လှမြတ်''

ဟု ဦးဘလှိုင်က စိတ်မကောင်းသံဖြင့်ပြောရာ မောင်သံပုံးက ပြုံးလျက်မှ . . .

''ကျွန်တော် ဦးရီးရဲ့စေတနာကို နားလည်ပါတယ် ခင်ဗျာ . . . ဒါပေမဲ့ ကျွန်တော် သူတစ်ပါးဆီကငွေကို အလကား မယူလိုလို့ပါ''

ဟု ငြင်းရာ ဦးဘလှိုင်က သက်ပြင်းချပြီး . . .

''အင်းလေ . . . ဒီငွေကို မယူချင်ရင်နေပါ . . . ဒါပေမဲ့ မောင်ရင်လေးမှာ အကူအညီလိုတဲ့အခါ ကျုပ်ဆီ အချိန်မရွေး လာပါ၊ ကျုပ်မှာ မောင်ရင်ပေးတဲ့အသက်ပဲ ရှိပါတော့တယ်၊ ကျုပ်ရဲ့အိမ်ကိုလည်း မကြာမကြာ လာလည်ပါ''

ဟု ဖိတ်မန္တကပြု ပြောကြားရာ မောင်သံပုံးက အကူအညီလိုသည့် အခါ ပြောပါမည်။ မကြာခဏလည်း လာလည်ပါမည်ဟု ကတိ(ဂတိ)ပြု ပြောကြားကာ ရိုသေလေးစားစွာ နှုတ်ဆက်ပြီးနောက် ဖျိုင်းရေအိုးစင်ရပ်ကွက်သို့ ပြန်လာခဲ့ပါတော့သတည်း။

✧

မောင်သံပုံးမှာ ကတိ(ဂတိ)စကား ပြုထားသည့်အတိုင်း နောက်သုံးလေးရက်ခန့်အကြာဝယ် ဦးဘလှိုင်ထံ သွားရောက်လည်ပတ်ရာ သဘော



www.burmeseclassic.com

www.burmeseclassic.com

သင်္ကာရကောင်းသော ဦးဘလှိုင်က လိုက်လှဲ့ပူ့ငှာစွာ ဆက်ဆံပြောဆိုကာ လိုလေသေးမရှိရအောင် ဧည့်ခံကျွေးမွေးခြင်းပြုပြီး စကားကိုလည်း ဖော်လောက်အောင် ပြောဆိုလေ၏။ များသောအားဖြင့် ဦးဘလှိုင်ပြောသော စကားတို့မှာ သူ၏ဘဝအတွေ့အကြုံများသာ ဖြစ်လေ၏။ မည်သို့ဆိုစေ နောက်ထပ်နှစ်ကြိမ် သွားရောက်လည်ပတ် စကားစမြည်ပြောဆိုပြီးသောအခါ မောင်သံပုံးနှင့် ဦးဘလှိုင်မှာ အတော်ရင်းနှီးခင်မင်သွားတော့၏။

မောင်သံပုံးမှာ ဦးဘလှိုင်ထံ ဤကဲ့သို့ မကြာခဏ သွားရောက်လည်ပတ်သည်မှာ သူ့ဝယ် အကြံအစည်တစ်ခုရှိသောကြောင့် ဖြစ်ပါ၏။ သူသည် ဦးဘလှိုင်၏ စိတ်နေသဘောထား၊ ကိုယ်ကျင့်သိက္ခာနှင့် ချမ်းသာကြွယ်ဝမှုတို့ကို အကဲခတ်သိရှိလိုသဖြင့် ယင်းသို့ ရင်းနှီးမှုယူကာ လေ့လာစူးစမ်းခြင်း ဖြစ်လေ၏။

"အင်း ... လူဆိုတာ စကားထဲက ဓာတ်ပြတတ်စမြဲမို့ ငါဟာ ဦးရှိုး ဦးဘလှိုင်နဲ့တွေ့တိုင်း စကားအကြာကြီး ပြောဆိုစေပြီး သူ့ကို လေ့လာ အကဲခတ်ကြည့်တာပဲ၊ သူဟာ တကယ့်ကို လူကြီးလူကောင်းပီသတဲ့ စိတ်နေသဘောထားနဲ့ ကိုယ်ကျင့်သိက္ခာ ရှိသူပဲ၊ ဘဏ်တွေမှာလည်း ငွေတော်တော် များများ ထည့်သွင်းထားနိုင်သူပဲ၊ ငါလိုချင်တဲ့ အရည်အချင်း အနေအထားတွေ သူ့မှာ အပြည့်အစုံရှိတယ်၊ ဒီတော့ ငါ့ရဲ့အကြံကို အကောင်အထည်ဖော်လေမှပဲ"

ဟူ၍ တွေးတောကြံဆ ဆင်ခြင်ပြီးနောက် မောင်သံပုံးသည် တစ်နေ့သောအခါဝယ် သူ၏ အဝတ်အိတ်ကြီးကို လွယ်ပိုးလျက် ဦးဘလှိုင်၏ ကင်းဘဲလမ်း (ယခု ငါးထပ်ကြီးဘုရားလမ်း) မှ တိုက်သို့သွားလေ၏။

မောင်သံပုံးသည် ဦးဘလှိုင်နှင့် အာလာပသလ္လာပစကားများ ပြောဆိုပြီးနောက် သူ၏ဘဝဖြစ်စဉ်ကို ဦးဘလှိုင်အား ဖြည်းဖြည်းချင်း ပြောပြလေတော့၏။ ဦးဘလှိုင်မှာ မောင်သံပုံး ပြောပြသမျှကို စိတ်ဝင်စားစွာ နားထောင်လျက်ရှိလေ၏။ မောင်သံပုံးမှာ သူရန်ကုန်သို့ ရောက်ရှိလာပြီး ဦးဘလှိုင်နဲ့





မမျှော်လင့်ဘဲ တွေ့ဆုံသိကျွမ်းရသည်အထိ အပိုအလိုမရှိဘဲ အတိုချုံးသင့်သည်ကို အတိုချုံး၍လည်းကောင်း သေချာစေ့ငှစွာ ရှင်းပြသင့်သည်ကို ခရေစေ့တွင်းကျ ရှင်းပြလျက်လည်းကောင်း ပြောပြပြီးနောက် ...

"အဲဒီတော့ ဦးရှိုးရယ် ... ကျွန်တော်ဖြစ်ချင်တဲ့ ဆန္ဒကတော့ မြရတီတို့ညီအစ်မရဲ့ ဘိုးဘွားပိုင် ရတနာရွှေထည်ပစ္စည်းတွေ အလုံးအရင်း မလျော့ဘဲ ကျွန်တော်လည်း ကျွန်တော်လုပ်ချင်တဲ့စီးပွားရေး လုပ်လို့ရအောင် ဒီလိုလုပ်ချင်တယ် ... ဦးရှိုး ကူညီနိုင်ရင် ကူညီပါခင်ဗျာ"

ဟု ပြောရာ ဦးဘလှိုင်က ပြုံးပြီး ခေါင်းညိတ်လျက်

"ကျုပ် ကူညီနိုင်သရွေ့ ကူညီပါ့မယ်၊ မောင်သံပုံး ဘယ်လိုလုပ်ချင်လို့လဲ ... ပြောပါ"

ဟု စကားလမ်းကြောင်းဖွင့်ပေးရာ ...

"ကျွန်တော့်ရဲ့လက်ထဲမှာရှိတဲ့ ဟောဒီရတနာရွှေထည်ပစ္စည်းတွေ အားလုံးကို ဦးရှိုးရဲ့ဆီမှာ အပေါင်သဘောမျိုးနဲ့ အပ်နှံထားပြီး ကျွန်တော် ငွေတစ်သိန်း ချေးငှားလိုပါတယ်၊ အတိုးနှုန်းကိုလည်း သင့်သလိုယူပါ ...၊

'ကျွန်တော့်ရဲ့စီးပွားရေးလုပ်ငန်းကို အောင်မြင်အောင်လုပ်ပြီး ငွေကြေးလည်ပတ်တဲ့အခါ ယူထားတဲ့ငွေကို ဖဲ့ဆပ်သွားချင်ပါတယ်၊ ယူထားတဲ့ငွေ တစ်သိန်းလုံး ကျေတဲ့အခါမှ ရတနာပစ္စည်းတွေကို ပြန်ပေးပါ"

ဟု ပြောပြီးလျှင် သူ၏အဝတ်အိတ်ကြီးထဲမှ သံသေတ္တာလေးအား ထုတ်ယူပြီး သော့ဖွင့်ကာ ရတနာပစ္စည်းတို့ကို ဦးဘလှိုင်အား ပြသလေ၏။ သံသေတ္တာမှသော့မှာ သူ့ဘာသာ အသစ်ဝယ်ကာ ခတ်ထားခဲ့ခြင်းဖြစ်လေ၏။

ဦးဘလှိုင်သည် စကားတစ်လုံးမျှ တုံ့ပြန်ပြောဆိုခြင်းမပြုဘဲ ရတနာရွှေထည်ပစ္စည်းများကို အတန်ကြာ လေ့လာစစ်ဆေးမှုပြုနေပြီးနောက် မောင်သံပုံးအား မော့ကြည့်ကာ ...

"ဒီရတနာပစ္စည်းတွေဟာ ကာလတန်ဖိုး သုံးသိန်းထက် မနည်း တန်တယ် မောင်သံပုံး ... ဒီတော့ မောင်သံပုံးကို ကူညီရာရောက်အောင်



www.burmeseclassic.com

www.burmeseclassic.com

မောင်သံပုံးရဲ့အစီအစဉ်ကို ကျုပ်လက်ခံပါ့မယ်၊ ဒီရတနာပစ္စည်းတွေကို ကျုပ် လက်ခံယူထားပြီး မောင်သံပုံးလိုတဲ့ ငွေတစ်သိန်းကို ကျုပ် ဘဏ်က ထုတ်ပေးပါ့မယ်၊ မောင်သံပုံး ရွေးနိုင်တဲ့အခါ ရတနာပစ္စည်းတွေကို ပြန်ရွေးယူပါ၊ တစ်ခုတော့ရှိတယ် . . . မောင်သံပုံးရဲ့ကျေးဇူး ကျုပ်ရဲ့အပေါ်မှာ ရှိတဲ့အတွက် ငွေတစ်သိန်းအပေါ်မှာ ကျုပ် အတိုးလုံးဝမယူပါဘူး . . . ဘယ်လောက်ကာလပဲကြာကြာ မယူပါဘူး၊ မောင်သံပုံးသာ ကိုယ့်ရည်မှန်းချက်အတိုင်း စီးပွားရေးလုပ်ငန်းကို အောင်မြင်အောင်ကြိုးစားပါ''

ဟု ပြောဆိုရာ မောင်သံပုံးမှာ လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး ငွေတစ်သိန်းအပေါ် ဘဏ်တိုးတော့ယူပါဟု ပြောသော်လည်း ဦးဘလှိုင်က မယူဘဲ အတိုးမဲ့ပေးမည်ဟုသာ တွင်တွင်ပြောလေ၏။

သို့ဖြင့် ထိုနေ့မှာပင် ရတနာသေတ္တာအား ဦးဘလှိုင်ထံ ပေးအပ်ခဲ့ကာ နောက်တစ်နေ့နံနက်ဝယ် ဦးဘလှိုင်က သူ၏ ဖို့(ဒ်)ကားနက်ကြီးဖြင့် မောင်သံပုံးအား တင်ဆောင်လျက် ရန်ကုန်မြို့ထဲရှိ မက္ကဆင့်ဘဏ်တိုက်သို့ သွားပြီးလျှင် သူ၏ဘဏ်စာရင်းမှ ငွေသားတစ်သိန်းအား ထုတ်ယူကာ ယင်းငွေအားလုံးကို မောင်သံပုံး၏လက်ထဲသို့ အပ်လေ၏။

''ကဲ . . . ဒီနေ့ဒီအချိန်ကစပြီး ဒီငွေတွေကို အရင်းအနှီးပြုပြီး ကြီးပွားတိုးတက်အောင် ကြိုးစားပေတော့ မောင်သံပုံးရေ၊ မောင်ရင်လေးရဲ့ ရည်မှန်းချက် အောင်မြင်ပါစေကွာ''

ဟု ဦးဘလှိုင်က ပြောဆိုဆုတောင်းခြင်း ပြုပေးလေ၏။ မောင်သံပုံးလည်း တန်ဖိုးများပြားလှသော ငွေထုပ်ကြီးကိုပိုက်ပြီး သူရည်ရွယ်မျှော်လင့်ထားသည်တို့ကို လက်တွေ့အကောင်အထည်ဖော် လုပ်ဆောင်ရန် စိတ်အားလွန်စွာတက်ကြွလျက် ရှိပါတော့သတည်း။

✧ ✧ ✧





## ❖ မောင်သံပုံး၏အောင်ပွဲ ❖

မောင်သံပုံးသည် လိုအပ်သောအရင်းအနှီးကို လက်ဝယ်ပိုင်ပိုင်ရရှိပြီးနောက် ရှေးဦးစွာ ရန်ကုန်မြို့အလယ်ရှိ နေရာအကွက်အကွင်းကောင်းကောင်းဝယ် ဆိုင်ဖွင့်နိုင်ရန် အခန်းရှာဖွေလေ၏။

သူသည် စေ့ငုစွာရှာဖွေရာ ပန်းဆိုးတန်းလမ်းနှင့် ရှော်တန်းလမ်း (ယခု ဆူးလေဘုရားလမ်း)အကြားရှိ ဖရေဇာလမ်း (ယခု အနော်ရထာလမ်း) မကြီးပေါ်ဝယ် မြေညီထပ်တိုက်ခန်းကို ငွေနှစ်ထောင်မျှဖြင့် အပိုင်ဝယ်ယူရရှိလေ၏။

မောင်သံပုံးသည် ထိုတိုက်ခန်းကို လက်သမား ပန်းရံသမားများငှားလျက် တစ်ပတ်ခန့် စိတ်တိုင်းကျ ပြင်ဆင်မွမ်းမံမှုပြုပြီးနောက် အင်္ဂလိပ်စကားနှင့် အိန္ဒိယတိုင်းရင်းသားတို့၏စကားကို တတ်ကျွမ်းသော စကားပြန်တစ်ဦးအား စာရေးအဖြစ် ခန့်ထားလိုက်လေ၏၊ ချောမောလှပငယ်ရွယ်ပြီး ကလေးသူငယ်တို့အား ချစ်ခင်စိတ်ရှိသည့် မြန်မာမိန်းကလေးနှစ်ဦးကိုလည်း အရောင်းစာရေးမများအဖြစ် လစာပေးကာ ခန့်ထားလိုက်လေ၏။ မြန်မာပန်းချီဆရာတစ်ဦးထံသို့လည်း သွားရောက်ပြီး ကလေးသူငယ်တို့၏ ချစ်ချင်စဖွယ်ဟန်ပန်အမူအရာ၊ ပျော်ရွှင်လန်းဆန်းစွာ ဆော့ကစားနေပုံတို့ကို အရောင်လွင်လွင် တောက်တောက်နုနုလေးများဖြင့် ပန်းချီကားများ ရေးဆွဲစေရန် အပ်နှံကာ ပန်းချီကားများရရှိသောအခါ သူ၏တိုက်ခန်းနံရံများဝယ် ချိတ်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com

ထားလိုက်လေ၏။

သူသည် စကားပြန်စာရေးနှင့်အတူ အင်္ဂလိပ်လူမျိုးအရာရှိများ အများဆုံးနေထိုင်ရာ ဂိုးလ်ဒင်းဘယ်လီ (ခေါ်) ရွှေတောင်ကြားလမ်း၊ လင့်လမ်း၊ ဆောင်ထရီလမ်း (ယခု ဓမ္မစေတီလမ်း)၊ ဟာမစ်တစ် စသည့်နေရာများသို့ နှံ့နှံ့စပ်စပ်သွားရောက်ကာ ထိုအင်္ဂလိပ်အရာရှိအိမ်ကြီးများမှ နိုင်ငံခြားဖြစ် ကလေးကစားစရာ အရုပ်ဟောင်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူပြီးလျှင် မဂိုလမ်း (ယခု ရွှေဘုံသာလမ်း)နေ အိန္ဒိယလူမျိုး လျှပ်စစ်ပစ္စည်းပြုပြင်သူ တစ်ဦးအား ခေါ်ယူလျက် အော်တိုမက်တစ် (ခေါ်) ဓာတ်ခဲထည့်ပြီး ခလုတ်နှိပ်လိုက်ပါက အလိုအလျောက် လှုပ်ရှားမှုပြုသော အရုပ်ထို့ကို ပြုပြင်ခိုင်းလေ၏။

ယင်းသို့ နိုင်ငံခြားဖြစ် ဘိလပ်မှလာသော အကောင်းစား ကစားစရာ အရုပ်တို့ကို ပြုပြင်မွမ်းမံပြီးနောက် သူ၏ဆိုင်ဝယ် ရှိုးကေ့စ် (ခေါ်) အလှပြဗီရိုကောင်းကောင်းကြီးများထဲ ထည့်ကာ ဈေးကောင်းကောင်းဖြင့် ရောင်းချခြင်းပြုလေ၏။

ပြည်ပ ပို့ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်တစ်ခုနှင့်လည်း ဆက်သွယ်ကာ ဥရောပနိုင်ငံများမှ ကစားစရာအရုပ်တို့ကိုလည်း တိုက်ရိုက်မှာယူတင်သွင်းပြီး ရောင်းချခြင်းပြုလေ၏။

သူ့ဆိုင်တွင်ရှိသော ဘိလပ်လုပ် အရုပ်ဟောင်းများနှင့် ပြင်သစ်၊ ဂျာမနီ၊ အီတလီ စသည့် ဥရောပနိုင်ငံတို့မှ မှာယူတင်သွင်းသည့် အရုပ်သစ်များကို နမူနာယူပြီး ကျွမ်းကျင်သော လျှပ်စစ်နှင့် စက်မှုပညာရှင်များကို အလုပ်သမားများအဖြစ် ငှားရမ်းကာ ကြို့ကုန်း၌ မြေနေရာဝယ်လျက် စက်ရုံငယ်တစ်ခု တည်ထောင်ပြီး ကလေးကစားစရာအရုပ်သစ်များကို ပြုလုပ်စေလေ၏။

ယင်းအရုပ်များကို တတ်နိုင်သရွေ့ မြန်မာဆန်ဆန် အရုပ်များအဖြစ် ပြုလုပ်စေရာ ဓာတ်ခဲထည့်ကာ အလိုအလျောက်လှုပ်ရှားစေသော နည်းပညာ





ကို နိုင်ငံခြားဖြစ်အရုပ်များမှ နမူနာယူပြီး အရုပ်တို့နှင့် ကစားစရာတို့၏ သွင်ပြင်ကိုမူ မြန်မာမှုမှယူကာ ဆန်းသစ်တီထွင်ပြုလုပ်စေခြင်းဖြစ်လေ၏။

တကယ်တမ်း သူ့ဆိုင်ဝယ် ဈေးကွက်တင်ပြီး ရောင်းချသည့်အခါ သူမျှော်လင့်သည့်အတိုင်း အလိုအလျောက်လှုပ်ရှားသော မြန်မာဆန်ဆန် အရုပ်လေးများကို ကလေးတို့ ပိုမိုနှစ်သက်ကာ လွန်စွာအဝယ်လိုက်ကြောင်း တွေ့ရလေ၏။

မောင်သံပုံးသည် ကလေးတို့အကြိုက် ကစားစရာနှင့် အရုပ်တို့ကို လှိုင်လှိုင်ကြီးထုတ်ကာ ပြည်တွင်းကုန်သည်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်း အနယ်နယ်အရပ်ရပ်သို့ ဖြန့်ချိပေးပို့ရောင်းချရာ အရုပ်နှင့်ကစားစရာတို့မှာ မြန်မာဆန်ကာ မြန်မာကလေးတို့အကြိုက်ဖြစ်ပြီး ဈေးနှုန်းမှာလည်း နိုင်ငံခြားအရုပ်တို့ထက် များစွာသက်သာ အဆိုနှုန်းချိုသာသဖြင့် နယ်များမှ ကစားစရာရောင်းသောဆိုင်များ၊ ကုန်စုံဆိုင်များတွင် တွင်ကျယ်စွာ ရောင်းရလျက်ရှိရာ နယ်အော်ဒါများ အဆက်မပြတ် ရရှိလာလေတော့၏။

ယင်းအပြင် မောင်သံပုံးသည် နိုင်ငံခြားမှလာသော ဓာတ်ပုံစာအုပ်၊ ကတ်တလောက်တို့ကိုကြည့်ပြီး ယနေ့ကမ္ဘာတွင် ခေတ်စားလျက်ရှိသော ကလေးဆောင်းဦးထုပ်ပုံစံများကို အတုယူကာ ကလေးဆောင်း ဦးထုပ်ပုံစံဆန်းများ ချုပ်လုပ်ရောင်းချခြင်း၊ နယ်များသို့ ဖြန့်ချိပေးပို့ခြင်း ပြုလုပ်လေ၏။

သို့ဖြင့် မောင်သံပုံးထုတ်လုပ်သော ကလေးဆောင်းဦးထုပ်များမှာ ဈေးကွက်တွင် အဝယ်လိုက် လူကြိုက်များလာလေရာ သူ၏ဦးထုပ်လုပ်ငန်းမှာလည်း နေ့ချင်းညချင်း အောင်မြင်လာလေ၏။

မောင်သံပုံးသည် ကလေးတို့၏စိတ်ဓာတ် ဆန္ဒနှင့် ဟပ်မိသည့် အရုပ်၊ ကစားစရာ၊ ဦးထုပ်၊ ဖိနပ်၊ ထီး၊ လွယ်အိတ်၊ ကျောပိုးအိတ် စသည်တို့ကို တစ်ခုပြီးတစ်ခု တိုးချဲ့ထုတ်လုပ်ရာ သူထုတ်လုပ်ဖြန့်ချိသမျှ ပစ္စည်းတို့မှာ အောင်မြင်မှုရပြီး သူ၏ 'မြန်မာ့ကလေးများကမ္ဘာ' ဆိုင်မှာ ရန်ကုန်မြို့ဝယ် နာမည်ကြီးလာတော့၏။


www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းအောင်မြင်လာသောအခါ မောင်သံပုံးသည် စကော့ဈေးနှင့် သိမ်ကြီးဈေးတို့၌ပါ ဆိုင်ခန်းများထပ်ဝယ်ပြီး 'မြန်မာ့ကလေးများကမ္ဘာ' ဆိုင်ခွဲ (၁) (၂) (၃) စသည်ဖြင့် ဖွင့် လှစ်လေတော့၏။ မောင်သံပုံးမှာ ဖရေဇာလမ်း (ယခု အနော် ရထာလမ်း)မှဆိုင်ဝယ် ရုံးထိုင်ရာ နောက်ပိုင်းဝယ် ယင်းဆိုင်မှာ ကုမ္ပဏီရုံးခန်းတစ်ခု ဖြစ်လာလေတော့၏။

✧ ✧ ✧





# အကျိုးပေးသော ဂယ်များ

မောင်သံပုံး ယင်းကဲ့သို့ လုပ်ငန်းများ အောင်မြင်ခြင်းမှာ ကံလိုက်ကာ အကျိုးပေးခြင်း၊ စီးပွားရေးဦးနှောက်ကောင်းခြင်းတို့ကြောင့်ထက် ဂုယ် သုံးလုံးဆောင်ခြင်းကြောင့် ဖြစ်ပါ၏။

မောင်သံပုံးသည် စီးပွားရေးလုပ်ငန်းလုပ်သည့်အခါ ကင်းခြေများ ကဲ့သို့ အကျိုးဖြစ်ထွန်းမည်ဟု တွက်ဆယုံကြည်မိသော လုပ်ငန်းခွဲတို့ကို နှစ်တကျ ပျိုးထောင်တည်ဆောက်ထားရာ လုပ်ငန်းတစ်ခုက ကျဆင်းတိမ်း ပါးသွားပါက အခြားလုပ်ငန်းတစ်ခုမှ ဖေးမထောက်ကူပေးနိုင်လေ၏။

ထိုသို့ပြုလုပ်ခြင်းဖြင့် လုပ်ငန်းတစ်ခုတည်းအား အသေဆုပ်ကိုင် စွဲမြဲပြုလုပ်ကိုင်မိသဖြင့် ယင်းလုပ်ငန်း ထိုးကျသွားသည်နှင့် စီးပွားပါပျက်သွား သော ဘေးဆိုးမှ လွတ်ကင်းကာ လုပ်ငန်းတစ်ခု အရှုံးပေါ်ပါက အခြား လုပ်ငန်းတစ်ခုမှ အမြတ်ရပြီး ရှုံးသမျှကို ထေမိ၊ ကာမိလေ၏။

ယင်းသို့ ဒုတိယဂယ်ဖြစ်သော ဂယ်ပေါက် (မိမိ၏ စီးပွားရေးကို ထောက်အကူပြုသော လုပ်ငန်းခွဲများ) ထားရှိခြင်းသည်လည်း မောင်သံပုံး ၏ စီးပွားဖြစ်ခြင်း အကြောင်းတစ်ချက် ဖြစ်ချေ၏။

အထူးသဖြင့် မောင်သံပုံးသည် စီးပွားတက်လာသည့်အခါ လူအ တော်များများ ဖြစ်လေ့ရှိသော ဘဝင်မြင့် အောက်ခြေလွတ်ခြင်း၊ အရက်၊ သောင်းကစား၊ မိန်းမ စသည့်အပျော်အပါးတို့၌ ပျော်မွေ့ကာ အချိန်၊ ငွေ



www.burmeseclassic.com

www.burmeseclassic.com

တို့ကို ဖြုန်းတီးလိုခြင်း စသည့် မလိုလားအပ်သည့် ပေါ့တန်သောစိတ်ထားများ သူ၏စိတ်အာရုံအတွင်း မဝင်ရောက်လာအောင် ဂရုစမ့်ပြုနိုင်သူဖြစ်၏။ အတိတ်မှ သူ၏အမှားတို့ကို ပြန်လည်ဆင်ခြင်သုံးသပ်ကာ နောင် မမှားအောင် ဂရုစမ့်ပြုခြင်းပင်ဖြစ်ရာ မောင်သံပုံး ကြီးပွားချမ်းသာလာရခြင်းမှာ ယင်းတတိယဂငယ်ဖြစ်သော ဂရုစမ့်ပြုရမည်ဟူသည့်အချက်ကို လွန်စွာ အလေးအနက်ထား လိုက်နာခြင်းကြောင့် ဖြစ်သည်ဟု ဆိုရပေမည်။

မောင်သံပုံးသည် ယင်းသို့လျှင် ဂငယ်သုံးလုံးကို ဆောင်ပြီး လုပ်သမှုလုပ်ငန်းများအောင်မြင်ကာ စီးပွားတိုးတက် အဆင်ပြေလာသောအခါ ဦးဘလှိုင်ထံမှ ယူထားသော ငွေတစ်သိန်းကို တစ်သောင်း၊ နှစ်သောင်း စသည်ဖြင့် ဖဲဆပ်ရာမှ နှစ်နှစ်၊ သုံးနှစ်အတွင်း အကြွေးငွေများကျေသွားရာ ဖရေဇာလမ်းမှ ရုံးခန်း၊ သိမ်ကြီးဈေးနှင့် စကော့ဈေးမှ ဆိုင်ခန်းများ၊ ကြို့ကုန်းမှ အရုပ်စက်ရုံ၊ ဂွတ္တာလစ်နှင့် သက်န်းကျွန်းတို့မှ ဦးထုပ်ရုံ၊ ထီးဖိနပ်၊ ကျောပိုးအိတ်စက်ရုံများမှာ သူပိုင်အဖြစ် အသားတင်အမြတ် ကျန်ခဲ့သည့်အပြင် သောမတ်(စ်)ကုဘဏ်တိုက်ဝယ် ငွေသားငါးသောင်း စုဆောင်းမိလေ၏။

မြရတီတို့ညီအစ်မ၏ ရတနာရွှေထည် ပစ္စည်းအားလုံးကိုလည်း ဦးဘလှိုင်ထံမှ ပြန်ရကာ ငါးနှစ်အတွင်း သူသည်လည်း ဗျိုင်းရေအိုးစင်ရပ်ကွက်မှ အိမ်ကုပ်လေး၏တစ်ခြမ်းကို ငှားနေရသော ဘဝမှ ဂိုးလ်ဒင်းဘယ်လီ (ခေါ်) ရွှေတောင်ကြားလမ်းဝယ် အင်္ဂလိပ်အရေးပိုင်တစ်ဦးထံမှ နှစ်ထပ်တိုက်ကို ဝယ်ယူကာ သူဌေးဦးလှမြတ်အဖြစ် ထည်ဝါစွာ နေထိုင်နိုင်ပြီဖြစ်ပြီး ဘေဘီအော်စတင်ကားလေးကို ကိုယ်တိုင်မောင်းကာ ဖရေဇာလမ်း (ယခု အနော်ရထာလမ်း)ရှိ ကုမ္ပဏီရုံးခန်းသို့ ဝင့်ထည်စွာ သွားလာနိုင်ပြီ ဖြစ်ပါ၏။

✧ ✧ ✧





❖ ရင်ထဲကချစ်သူ ❖

ချမ်းသာကြွယ်ဝသော ဦးလှမြတ်ဘဝသို့ ရောက်ရှိလာသည့် မောင်သံပုံးမှာ ရွှေထည်ရတနာပစ္စည်းတို့ကို မြင်တိုင်း မြရတီကို သတိရလေ့ရှိပြီး မြရတီအား သတိရတိုင်းလည်း ရင်ထဲဝယ် လွမ်းသလို၊ ဆွေးသလို၊ ကြေကွဲသလိုလို၊ အပြစ်ရှိသလိုလို ခံစားရလေ့ရှိပေ၏။

မိကျောင်းရဲဝယ် ခဏတာ သူတွေ့မြင်ဖူးခဲ့သော မြရတီ၏ မြန်မာဆန်သည့် မဟာဆန်ဆန် သိမ်မွေ့သောအလှကို မျက်ဝန်းဝယ် ဘယ်သောအခါမှ မေ့ဖျောက်နိုင်ခြင်း မရှိခဲ့ချေ။

သူ၏ဘဝဝယ် မြရတီနှင့် မဆုံမီကတည်းက မိန်းကလေးများစွာကို တွေ့မြင်ဖူးခဲ့သလို ယခုနောက်ပိုင်းတွင်လည်း ပိုရွှဲများပြားသော၊ ပိုရွှဲခေတ်ဆန်သော၊ ပိုရွှဲလှပချောမောသော မိန်းကလေးများစွာကို တွေ့ဖူး၊ ဆုံဖူးသည့်တိုင် မြရတီလောက် သူ့နှလုံးသားကို စွဲငင်တုန်လှုပ်စေနိုင်စွမ်းသော မိန်းကလေးမျိုး မရှိသေးချေ။

အမှန်တော့ သူသည် မြရတီကို စမြင်စကတည်းက စွဲလမ်းမြတ်နိုးသွားကာ ရင်နှင့်အောင် ချစ်မိခဲ့ပြီထင်၏။

“ဩော် . . . မြရတီ မြရတီ . . . မင်းလေးကို တို့ ချစ်နေမိပြီထင်ပါရဲ့ကွယ်၊ တို့ရှာဖွေကြိုးစားသမျှဟာလည်း မင်းတို့ရဲ့ ရတနာပစ္စည်းတွေအပေါ် အခြေပြုရရှိတဲ့ အရင်းအနှီးနဲ့ ကြိုးစားလုပ်ကိုင်ခဲ့တာမို့ ရရှိပါတဲ့



www.burmeseclassic.com

www.burmeseclassic.com

အသီးအပွင့်၊ ချမ်းသာသမျှဟာလည်း မင်းတို့ညီအစ်မနဲ့ ဆိုင်ပါတယ်ကွယ်

တကယ်လို့များ မင်းတို့ညီအစ်မကို ရှာဖွေတွေ့ရှိခဲ့ရင် မင်းတို့ရဲ့ ရွှေထည်ရတနာတွေအပြင် တို့ရှာဖွေစုဆောင်းမိထားတဲ့ ဥစ္စာစိမ်ချမ်းသာရဲ့ ထက်ဝက်ကိုလည်း ခွဲပေးမှာပါကွယ် ...။

တကယ်တော့ မင်းတို့က အရင်းအနှီးစိုက်, တို့က လုံ့စိုက်ပြီး ဒီစီးပွားရေးလုပ်ငန်းတွေကို ထူထောင်ခဲ့တဲ့ သဘောပါပဲလေ၊ ဒါကြောင့် ဒီစီးပွားရဲ့ထက်ဝက်ကို မင်းတို့ ဆိုင်သင့်,ပိုင်သင့်ပါတယ်''

မောင်သံပုံးမှာ သူ့ရင်ထဲမှဆန္ဒတို့နှင့် ရည်ရွယ်ချက်တို့ကို သူ့အပေါ် မိဘသဖွယ် ဦးလေးအရင်းသဖွယ် ကောင်းရှာလွန်းသော ဦးဘလှိုင်အား ရင်ဖွင့်ပြောပြရာ ဦးဘလှိုင်က မောင်သံပုံး၏ရည်ရွယ်ဆုံးဖြတ်ချက်မှာ တရားနည်းလမ်းကျပါပေသည်ဟု မှတ်ချက်ပြုလေသည်။

✧

လူတို့သည် ချမ်းသာကြွယ်ဝလာပါက လူရာဝင် လူဝင်ဆံ့လာလေ့ ရှိလေ၏။ မောင်သံပုံးသည်လည်း ချမ်းသာကြွယ်ဝကာ စီးပွားရေးလုပ်ငန်းများ အောင်မြင်လာသောအခါ အလှူပွဲ၊ ညစာစားပွဲ၊ ပါတီပွဲများ ကျင်းပလေ့ရှိသည့် ရန်ကုန်မြို့၏ မျက်နှာပုံး လူ့မလိုင်၊ လူကုံထံအသိုင်းအဝိုင်းမှ ဟိုလူက ဖိတ်ချင်၊ သည်လူက ဖိတ်ချင် ဖြစ်လာတော့၏။

သို့ကြောင့် မောင်သံပုံးမှာ သူဌေးဦးလူမြတ်အဖြစ် မင်းပွဲစိုးပွဲတို့ကို သွားရောက်ရာ သူ၏ရိုးသားမှု၊ ကြိုးစားမှု၊ အောင်မြင်မှု၊ ချမ်းသာကြွယ်ဝမှု တစ်ကိုယ်တည်း လူပျိုကြီးဖြစ်နေမှု၊ ရုပ်ရည်တည်ကြည်သန့်ပြန့်မှုတို့ကြောင့် တက်ရောက်ရာပွဲတိုင်း၌ မျက်နှာပွင့်လျက်ရှိတော့၏။

မောင်သံပုံးမှာ ချမ်းသာကြွယ်ဝလာသည်နှင့်အမျှ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ထုံးစံအတိုင်း လှူဒါန်းမှု၊ စွန့်ကြဲမှုတို့ ပြုလာလေရာ သဟာရအသင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအဖွဲ့အစည်းများ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ ဆေးရုံ၊ လူအိုရုံ စသည့် နေရာဌာနတို့သို့ အလှူငွေများ ပေးအပ်လှူဒါန်းဖြစ်လေ၏။





ထိုရောအခါ အလှူအတန်းရက်ရောသော ကုသိုလ်ရှင် သူဌေးဦးလူမြတ်အဖြစ် သူ၏ဓာတ်ပုံသတင်းများမှာ သူရိယ၊ ဗန္ဓုလ၊ မြန်မာ့အလင်း၊ သူကြီးဂေဇက်သတင်းစာကြီးများနှင့် ဂျာနယ်အချို့၌ မကြာခဏ ပါရှိလာလေ၏။

မောင်သံပုံးမှာ ဤသို့လျှင် စီးပွားရေးတွင်သာမက လူမှုရေးကိစ္စများပါ များပြောင်လာရာ သူ၏ ကြီးမားကျယ်ပြန့်သောလုပ်ငန်းကို နိုင်နင်းစွာ ထိန်းကွပ်အုပ်ချုပ်နိုင်ရန် ကိုယ်ရေးအတွင်းရေးမှူးတစ်ဦး ထားရှိရန် မလွှဲမသွေ လိုအပ်လာပါတော့၏။

သူ၏မိတ်ဆွေ ကုမ္ပဏီပိုင်ရှင်များ၊ သူဌေးများကသာမက ဦးဘလှိုင်ကပါ တိုက်တွန်းသဖြင့် သူ၏လုပ်ငန်းအတွက် အမှန်တကယ် အထောက်အကူပြုနိုင်မည့် ထက်မြက်ကျွမ်းကျင် အရည်အချင်းရှိသော အတွင်းရေးမှူးမ တစ်ဦး ခန့်အပ်ရန် စိစဉ်ရတော့ရာ အမျိုးသမီး ကိုယ်ရေးအတွင်းရေးမှူး စက္ကူထရီတစ်ဦး အလိုရှိကြောင်း သူ၏ကုမ္ပဏီနာမည်ဖြင့် သူရိယ၊ ဗန္ဓုလ၊ မြန်မာ့အလင်းသတင်းစာတို့၌ ကြော်ငြာချက် ထည့်လိုက်လေတော့၏။

အသက်နှစ်ဆယ်မှ သုံးဆယ်အတွင်း၊ ယူနီဗာစီတီမှ ဘွဲ့ရပြီး အိမ်ထောင်မရှိသေးသူ အပျိုဖြစ်ရမည်။ အင်္ဂလိပ်စကား အပြော၊ အရေး ကျွမ်းကျင်ရမည်။ လက်ရေးတိုလက်နှိပ်စက် ကျွမ်းကျင်တတ်မြောက်ရမည်။ ယင်းစက္ကူထရီတစ်ဦး၏ အရည်အချင်းများ ပြည့်စုံသူအမျိုးသမီးများ လျှောက်ထားနိုင်သည်ဟု ကြော်ငြာလိုက်ရာ ကြော်ငြာသည့်ရက်မှ တစ်ပတ်အတွင်း အမျိုးသမီး ဆယ့်ငါးဦးခန့် လာရောက်လျှောက်ထားရာ ယင်းတို့အထဲမှ အမျိုးသမီးတစ်ဦးကို မောင်သံပုံးကိုယ်တိုင် ရွေးချယ်ခန့်ထားခြင်း ပြုလေ၏။

လာရောက်လျှောက်ထားသော အမျိုးသမီးတို့ထဲမှ ခင်မင်တိုတို



www.burmeseclassic.com

www.burmeseclassic.com

ကောက်ကောက်နှင့် ရွှေကိုင်းမျက်မှန်လေးတပ်ထားသော 'မေရီကို' ဆိုသော မိန်းကလေးကို မောင်သံပုံး သဘောအကျဆုံးဖြစ်သဖြင့် သူမကိုပင် စက္ကူထရီ အဖြစ် ခန့်ထားလိုက်လေ၏။

မေရီကိုမှာ ရန်ကုန်ယူနီဗာစီတီမှ ဘွဲ့ရခဲ့ပြီး အသက်မှာ နှစ်ဆယ့်နှစ်နှစ်သာ ရှိသေးကာ အင်္ဂလိပ်စာအရေးအပြော ထူးခြားစွာ ကျွမ်းကျင်သူလေး ဖြစ်ချေ၏။ ရုပ်ရည်မှာလည်း လာရောက်လျှောက်ထားသူများထဲဝယ် အပြေပြစ် အချောမောဆုံး ဖြစ်ပြီး၊ ကိုယ်လုံးကိုယ်ထည်မှာလည်း လွန်စွာ အချိုးအစားကျနလှပသူလေးဖြစ်၏။

သူမသည် ဆံပင်တိုတိုကို ကောက်ထားပြီး ရွှေကိုင်းမျက်မှန်လေးကို လှပကျနစွာ တပ်ထားလေ့ရှိ၏။ သူမ၏မျက်တောင်တို့မှာ ရှည်လျားကော့ပျံ မည်းနက်လျက်ရှိပြီး မျက်ခွံတို့ဝယ် ကာခြယ်ရောင်စုံကို ပါးပါးလေး ဆိုးလေ့ရှိပြီး နှုတ်ခမ်းလှလှကိုမူ နှုတ်ခမ်းနီရဲရဲလေး ဆိုးလေ့ရှိလေ၏။ သူမသည် ပါးနီကိုလည်း သုံးလေ့ရှိရာ သူမ၏ပါးမို့မို့မှာ ပန်းဆီရောင်ပြေးလျက်ရှိပြီး သူမ၏မျက်နှာမှာ လှပသော ကော်ရုပ်လေးနှင့် တူချေ၏။

သူမသည် အသံစာစာလေးဖြင့် စကားသွက်သွက်လက်လက်ပြောတတ်ပြီး သူမ၏လှုပ်ရှားဟန်တို့ကလည်း ဖျတ်လတ်သွက်လက်လွန်းရာ ခေတ်မီစွာ ဝတ်စားထားသော သူမကို ကြည့်ရသည်မှာ ငှက်အသွင် ပျံကြွမတတ် ရှိဘိ၏။

သူမသည် အချိန်ကိုလေးစားပြီး အလုပ်ကိုလည်း ရိုသေကြိုးစားစွာ လုပ်ကိုင်တတ်သူလေးဖြစ်ရာ မောင်သံပုံးမှာ သူမ၏အရည်အသွေးကို များစွာ သဘောကျလျက်ရှိတော့၏။

မေရီကိုရောက်လာမှ မောင်သံပုံး၏ စီးပွားရေးလုပ်ငန်းကြီး တစ်ခုလုံးမှာ စာရင်းဇယားအတိအကျဖြင့် ပိုမိုစနစ်ကျ တိုးတက်လာခဲ့ရာ အခြားမိတ်ဆွေ ကုမ္ပဏီပိုင်ရှင်တို့ကပင် မေရီကိုအား မျက်စိကျလာကာ မောင်သံပုံးကိုပင် စနောက်လာကြလေ၏။





"ဗျို့ ကိုလှမြတ် . . . အိုင်ဆေး ခင်ဗျားရဲ့စက္ကူထရီလေးက အဆောင်ရော, အချင်းပါ ပြည့်ဝသူလေးပါလားဗျ။ ခင်ဗျား သူ့ကို အလုပ်နားမယ်လို့ စိတ်ကူးတဲ့အခါ ကျွန်တော့်ကို လက်တို့ပါနော်၊ ကျွန်တော့်ရဲ့ကုမ္ပဏီမှာ ခင်ဗျားထက် လစာပိုပေးပြီး စက္ကူထရီခန့်ချင်လို့ပါဗျာ"

ဟု စသလို နောက်သလို ပြောကြရာ မောင်သံပုံးက ပြုံးပြုံးကြီးဖြင့် လက်ခါပြပြီးလျှင် . . .

"အိုင်ဆေး ကိုတင်လှိုင်နဲ့ ကိုချစ်သန်း . . . မေရီကိုလို အရည်အချင်း ပြည့်ဝတဲ့ စက္ကူထရီမျိုး ထပ်မရနိုင်ဘူးဆိုတာ ကျုပ် သဘောပေါက်ပြီးသားဗျ၊ သူဟာ ကျုပ်အတွက် မရှိမဖြစ်ပဲ၊ သူ့ကို ကျုပ် ဘယ်တော့မှ လက်မလွှတ်ဘူး . . . သိရဲ့လား။ ခင်ဗျားတို့ ဆည်ဝက ဖျိုးစောင့်သလို စောင့်မနေကြနဲ့၊ မေရီကိုဟာ ခင်ဗျားတို့လို ကာလသားလူမိုက်လေးတွေနဲ့ လားလားမှ မထိုက်ဘူးဗျ . . . မင်းကြိုက်တိုးကြိုက်, ကျုပ်ရဲ့အကြိုက် . . . သိရဲ့လား အိုင်ဆေးရဲ့"

ဟု မောင်သံပုံးက ပြန်နောက်ရာ မိတ်ဆွေသူဌေးများမှာ တဟားဟား ရယ်မိကြလေ၏။

"ဒါဆို ကိုလှမြတ် . . . ခင်ဗျားက မေရီကိုကို လုပ်ငန်းရဲ့စက္ကူထရီ အပြင် ဘဝရဲ့ စက္ကူထရီအဖြစ်ပါ ခန့်ဖို့ စိတ်ကူးထားသလား အိုင်ဆေးရဲ့ . . . ပြောပါဦး"

"မဖြစ်ပါဘူးဗျာ . . . ကျုပ်ရဲ့ရင်ထဲက စွဲလမ်းပြီး သိပ်ချစ်တဲ့ မိန်းတလေးတစ်ဦး ရှိတယ်ဗျ။ သူက မေရီကိုလိုတော့ ခေတ်ဆန်ဆန် ထက်ထက်မြက်မြက်, သွက်သွက်လက်လက် မဟုတ်ဘူး။ ဆံပင်အရှည်ကြီးနဲ့ မြန်မာဆန်တယ်၊ နန်းဆန်တယ်၊ စကားပြောဆိုလှုပ်ရှားပုံ သိမ်မွေ့ညင်သာပြီး မိန်းကလေးပီသတယ်၊ မေရီကိုလိုလည်း ကာခြယ်တွေလိမ်း, မိတ်ကပ်တွေလိမ်း၊ နှုတ်ခမ်းနီဆိုး မလုပ်ဘူး . . . သနပ်ခါး ပါးကွက်ကြားလေးနဲ့ ယဉ်ယဉ်လေးဗျ"

"သူ့ကို ကျုပ်ရဲ့ဘဝတစ်သက်တာမှာ ဘယ်တော့မှ မမေ့ဘူး



www.burmeseclassic.com

www.burmeseclassic.com

. . . ကျုပ်ရဲ့ဘဝမှာ မိန်းကလေးတစ်ယောက်ကို လက်ထပ်ဖြစ်ရင် ကျုပ်လက်ထပ်တဲ့သူဟာ သူပဲဖြစ်ရမယ်၊ သူနဲ့မှ ဖူးစာမဆုံရင် ဘယ်မိန်းမကိုမှ မယူဘူးလို့ ဆုံးဖြတ်ထားတယ်ဗျ''

ဟု နိုင်နိုင်မာမာကြီး ပြောလိုက်ရာ မောင်သံပုံးမှာ စကားပြောသည့်အခါ လွန်စွာ စကားတည်တတ်သူမှန်း သိကြသဖြင့် ဦးတင်လှိုင်တို့လူစုမှာ စကားထပ်မကွန့်ဖြစ်ကြတော့ဘဲ . . .


''အဲဒီမိန်းကလေးက ဘယ်သူလဲဗျ၊ သူက အခုဘယ်မှာလဲ . . . ပြောပါဦး။ ခင်ဗျားလိုလူမျိုးက စွဲလမ်းတယ်ဆိုတဲ့ မိန်းကလေးမျိုးကို တွေ့ဖူးချင်စမ်းပါဘိ''

ဟု ဝိုင်းမေးကြရာ မောင်သံပုံးက ခေါင်းကိုခါယမ်းကာ လက်ကာပြလိုက်ပြီး . . .

''သူနဲ့ပတ်သက်ပြီး ဘယ်သူ့ကိုမှ မပြောနိုင်ဘူးဗျာ . . . ပြောလို့လည်း မဖြစ်ဘူး။ အဲ . . . တစ်နေ့ သူနဲ့ကျုပ် လက်ထပ်ဖြစ်ရင်တော့ ခင်ဗျားတို့ဆီ ဖိတ်စာ ဆက်ဆက်ပို့ပါ့မယ်''

✧ ✧ ✧





❖ အတိတ်မှလိုက်လာသူ ❖

လုပ်ငန်းများ အဆင်ပြေချောမွေ့နေသဖြင့် စိတ်လက်ချမ်းသာလျှက်ရှိသော မောင်သံပုံးအတွက် မမျှော်လင့်သော အန္တရာယ်၏အငွေ့အသက်စတင်ရောက်ရှိလာသောနေ့ . . . ။

ထိုနေ့က မောင်သံပုံးမှာ ဖရေဇာလမ်း (ယခု အနော်ရထာလမ်း)မှ သူ့ကုမ္ပဏီရှိရာသို့ ဘေဘီအော်စတင်ကားလေးဖြင့် ရောက်ရှိလာပြီး သူ၏သီးသန့်ရုံးခန်းထဲမှ စားပွဲနောက်ဝယ် ထိုင်လိုက်စဉ် သူ့ရှေ့စားပွဲပေါ်၌ သူ့နာမည်လိပ်မူထားသော စာအိတ်တစ်အိတ်ကို တွေ့ရရာ စာအိတ်ပေါ်မှ သူ့နာမည်ကို ဖတ်ကြည့်လိုက်သည့်တွင် ခန္ဓာကိုယ်မှာ ဆတ်ခနဲဖြစ်သွားပြီး ရင်သိမ့်ခနဲ တုန်သွားလေ၏။

သူက စာအိတ်ကို မကောက်ယူသေးဘဲ ခပ်ကြောင်ကြောင်ဖြင့်စိုက်ကြည့်နေရာမှ မျက်လွှာကိုပင့်ကာ မေရီကိုကြည့်လိုက်ရာ သူ့စားပွဲနှင့်ခပ်လှမ်းလှမ်းရှိ ဗီရိုတစ်လုံးနံဘေးဝယ် မေရီကိုက မတ်တတ်ရပ်လျှက်သူ့ကို အကဲခတ်သလိုကြည့်နေကြောင်း တွေ့ရလေ၏။

မောင်သံပုံးက သူ့ကို မေရီကို အကဲခတ်နေမှန်းသိသဖြင့် ချက်ချင်းဣန္ဒြေဆည်လိုက်ပြီး ညာလက်ဖြင့် စာအိတ်ကို ခပ်ဖြည်းဖြည်းကောက်ယူကာ စာအိတ်ပေါ်မှ လက်နှိပ်စက်ဖြင့်ရိုက်နှိပ်ထားသော စာလုံးများကို သေချာစွာ ဖတ်ကြည့်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဦးလှမြတ် (ခေါ်) သံပုံး
မြန်မာ့ကလေးများကမ္ဘာကုမ္ပဏီ
အမှတ် ( ... )၊ ဖရေဇာလမ်း
ရန်ကုန်မြို့

ဟူသော စာလုံးများကိုကြည့်ရင်း သူ့ရင်က လှိုင်းထ၍ တုန်လှုပ်သလို ဖြစ်လာ၏။ မေရီကိုက သူ့ကို အကဲခတ်သလို ကြည့်နေရင်းမှ မပွင့်တပွင့်ပြုံးလိုက်ကာ ...

"ဆရာ ... အဲဒီစာဟာ စောစောကပဲ စာပို့သမား လာပေးသွားတာပါ၊ စာထည့်တဲ့သူက ရန်ကုန်စာတိုက်ကြီးကနေ ထည့်တာပါ၊ စာအိတ်ပေါ်မှာ ရန်ကုန်စာတိုက်ကြီးရဲ့ တံဆိပ်တုံးပါတယ်၊ ဆရာ့ရဲ့ ကိုယ်ရေးကိုယ်တာစာ ဖြစ်မယ်လို့ ယူဆတဲ့အတွက် အဲဒီစာကို မေရီ မဖောက်ဘဲ ဆရာ့စားပွဲပေါ် တင်ထားတာပါ၊ ဒါပေမဲ့ ဆရာ့နာမည်က သံပုံးလို့လည်း ခေါ်သလား၊ အဲဒါက ငယ်နာမည်လား ဆရာ၊ စက္ကူထရီတစ်ယောက်က သူ့ဌေးရဲ့ ငယ်နာမည်ကိုတော့ သိသင့်တာပေါ့"

ဟု ခပ်သွက်သွက်မေးလိုက်ရာ မောင်သံပုံးမှာ သက်ပြင်းမှုတ်ထုတ်လိုက်ပြီး ...

"ဟုတ်တယ် မေရီ ... ကျုပ်ရဲ့ငယ်နာမည်က သံပုံးပါ၊ အကြောင်းတစ်ခုကြောင့် လှမြတ်ဆိုတဲ့နာမည် ပြောင်းခဲ့တာပါ"

ဟု ဝန်ခံလိုက်ရလေတော့၏။ မေရီကိုက သူ့လက်ထဲမှ စာကိုတစ်ချက်လှမ်းကြည့်လိုက်ပြီး ...

"ဆရာ ... စာကို ဖောက်ဖတ်ကြည့်ပြီးလို့ မေရီ့ကို အသိပေးတိုင်ပင်စရာရှိရင် ဘဲလ်နှိပ်ပြီး ခေါ်လိုက်ပါ ဆရာ"

ဟု လေသံမှန်ဖြင့် အလုပ်သဘောအရ ပြောကာ သူ၏အခန်းထဲမှ မေရီကိုထွက်သွားရာ ထိုအခါမှ မောင်သံပုံးမှာ စာအိတ်ကို ဖွင့်ဖောက်လိုက်ရလေ၏။





စာအိတ်ပွင့်သွားသည်နှင့် စာအိတ်ထဲမှ စာရွက်ဖြူလေးကို ထုတ်ယူလိုက်ပြီး စာရွက်ဖြူခေါက်ကို ဖွင့်ဖတ်လိုက်လေ၏။

သံပုံး ...

သင်ဟာ ခုတော့ လှမြတ်ဆိုပြီး လူတစ်လုံးသူတစ်လုံး
ဟန်တစ်လုံးပန်တစ်လုံးဖြစ်နေပြီပေါ့လေ။

သင့်ကြောင့် ဒုက္ခရောက်ရသူတွေကတော့ သင့်ရဲ့ရက်စက်
မှုကို မမေ့နိုင်ကြဘူး။

အဲဒီအတွက် သင့်ဆီက မကြာမီ လျော်ကြေးလာယူမယ်။

သင့်ရဲ့ရန်ကြွေးရှင်

ဟူသော အထက်ဖော်ပြပါစာကို ဖတ်ပြီးနောက် မောင်သံပုံး၏မျက်နှာမှာ ဖွေးခနဲ ဖြစ်သွားပါတော့၏။

✧

ယင်းနေ့ညနေဝယ် မောင်သံပုံးမှာ သူ၏နေအိမ်ရှိရာ ဂိုးလ်ဒင်ဘာယလီ (ခေါ်) ရွှေတောင်ကြားလမ်းသို့ တိုက်ရိုက်မပြန်ဘဲ ဘောဘီအော်စတင်ကားလေးဖြင့် ကင်းဘဲလမ်း (ယခု ငါးထပ်ကြီးဘုရားလမ်း) သို့ လာခဲ့ကာ ဦးဘလှိုင်၏နေအိမ်သို့ အရောက်ဝယ် ...။

ဦးဘလှိုင်အား အိမ်ပေါ်ထပ်ရှိ စာကြည့်ခန်းထဲသို့ ခေါ်သွားပြီး မနက်က ရရှိခဲ့သောစာကို ထုတ်ပြလိုက်လေ၏။

ဦးဘလှိုင်က လက်နှိပ်စက်ဖြင့်ရိုက်ထားသော စာအိတ်ပေါ်မှ စာလုံးများနှင့် စာအိတ်ထဲမှစာကို ထုတ်ကာ သေချာစွာဖတ်ကြည့်လိုက်ပြီးနောက် သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်ကာ ...

"တစ်နေ့ကျရင် ဒီလိုဖြစ်လာမယ်ဆိုတာ ကျုပ် မျှော်လင့်ခဲ့ပြီးသားပါ မောင်သံပုံး။ မောင်ရင်လေးရဲ့ တတ်ပုံတွေ သတင်းစာတို့



www.burmeseclassic.com

www.burmeseclassic.com

ဗျာနယ်တို့မှာ ဟိုတစ်ခေါက်က အဆက်မပြတ်ဆိုသလို ပါလာပြီးကတည်းက မောင်ရင်လေးရဲ့ အတိတ်ကရန်သူတွေ လိုက်လာတော့မယ်ဆိုတာ ကျုပ်က တွက်ပြီးသားပါ''

ဟု ပြောလိုက်ရာ မောင်သံပုံးက ...

''အဲဒီစာဟာ ကျွန်တော့်ကို ခြိမ်းခြောက်တဲ့စာပဲ ဦးရီး၊ အဲဒီစာ ပို့သူဟာ ဘယ်သူဖြစ်နိုင်မလဲခင်ဗျ''

ဟု မေးလိုက်ရာ ဦးဘလှိုင်က ဒန်းဟောင်းလ်ဆေးတံကြီးကို ခပ်မှုန်မှုန် ဖွာရှိုက်နေလိုက်ပြီးမှ ဆေးတံကို နှုတ်ခမ်းဖျားမှ ချွတ်လိုက်ပြီး ...

''အဲဒီစာပို့သူဟာ အကြံကြီးပြီး သူ့ကိုယ်သူ အတော်သတိထားတဲ့သူပဲ မောင်သံပုံး၊ သူဟာ လက်ရေးနဲ့ပို့ရင် သူ့လက်ရေးကို မှတ်မိမှာစိုးလို့ လက်နှိပ်စက်နဲ့ ရိုက်ပို့တာပဲ၊ လက်ရေးနဲ့ရေးပို့ရင် ဘယ်သူ့လက်ရေးလဲလို့ မသိသည့်တိုင် ယောကျ်ားလက်ရေးလား၊ မိန်းမလက်ရေးလားလို့ အနည်းဆုံး ခွဲခြားသိနိုင်မယ်၊ နောက်တစ်ခုက သူဟာ မောင်ရင်လေးကို အသက်အန္တရာယ်အထိ လုပ်ကြံမယ့်သဘောရှိတယ် ... ဒါကြောင့် လက်ရေးကအစ ခြေရာဖျောက်နိုင်အောင် လက်နှိပ်စက်နဲ့ ရိုက်ပြီးပို့လိုက်တာပဲ''

ဟု တွေးတွေးဆဆ ပြောလိုက်ရာ ...

''သူက ကျွန်တော့်ရဲ့အသက်ကို လုပ်ကြံဖို့ ရည်ရွယ်ထားရင် လုပ်ကြံခွင့်ကြုံမှ ပြုန်းခနဲ လုပ်ကြံလိုက်တာပေါ့၊ ဘာဖြစ်လို့ ခုလို ခြိမ်းခြောက်စာ ရေးမလဲ ... ခြိမ်းခြောက်ပြီး ငွေညှစ်ချင်လို့ရော မဖြစ်နိုင်ဘူးလား ဦးရီး''

ဟု မောင်သံပုံးကမေးလိုက်ရာ ဦးဘလှိုင်က ဆေးတံကြီးကို ဖွာလိုက်ပြန်ပြီး အတန်ကြာမှ ဖြည်းလေးစွာဖြင့် သူ၏ထင်မြင်ချက်ကို ပြောပြလေ၏။

''ဒါက ဒီလိုရှိတယ် မောင်သံပုံးရဲ့ ... တချို့လူတွေက သူတို့ရဲ့ ရန်သူကို နာနာကြည်းကြည်းနဲ့ လက်စားချေတုံ့ပြန်တော့မယ်ဆိုရင် ရုတ်တရက် ချုံခိုပြီး တိုက်ခိုက်ပစ်လိုက်တာမျိုးကို သိပ်မလုပ်ချင်ကြဘူး၊ ဘာဖြစ်လို့





လဲဆိုရင် အဲဒီလိုလုပ်ရင် သူ အနိုင်ရပြီး တစ်ဖက်လူသေသွားရင် သေသွားမယ်၊ ဒါပေမဲ့ အဲဒီလိုသေသွားတဲ့လူဟာ သူ့ကို ဘယ်သူသတ်မှန်းတောင် သိလိုက်မှာမဟုတ်ဘူး၊ ဒီလိုပုံစံမျိုးကို လက်တုံ့ပြန်သူတွေက မလိုချင်ဘူး၊ သူတို့က သူတို့ လက်တုံ့ပြန်တယ်ဆိုတာကို လက်တုံ့ပြန်ခံရသူက သိသွားစေချင်တယ်၊ အဲဒီလိုသိသွားမှ လက်စားချေရတာ အရသာရှိတယ်လို့ ယူဆတတ်ကြတယ် ...၊

အခု စာပို့တဲ့သူဟာလည်း အဲဒီလိုပဲ ... သူက မောင်ရင်လေးကို လက်တုံ့ပြန်တဲ့အခါ ပြုန်းခနဲ လက်တုံ့ပြန်ချင်ပုံ မရဘူး၊ မောင်ရင်လေးကို ချောက်ချားတုန်လှုပ်အောင် လုပ်နေမယ်၊ မောင်ရင်လေး ချောက်ချားတုန်လှုပ်ပြီး စားမဝင်အိပ်မပျော် ဖြစ်နေတာကို သူက အဝေးကနေကြည့်ပြီး အရသာခံလိုပုံရတယ်၊ မယုံရင်ကြည့်ပါ ... အဲဒီလိုစာမျိုးတွေ သူက ထပ်ပို့ပါလိမ့်ဦးမယ် ...၊

အဲဒီစာပို့သူဟာ ငွေညှစ်ချင်လို့တော့ မဖြစ်နိုင်ဘူး ... ငွေညှစ်ချင်ရင် ငွေစကားကြေးစကားကို ပထမဦးဆုံးစာထဲမှာကိုက ထည့်ပြောရမယ်၊ ငွေညှစ်သူတွေဟာ များသောအားဖြင့် စာခဏခဏ မပို့ချင်ကြဘူး၊ စာတစ်စောင် ပို့ပြီးတာနဲ့ ငွေရတာကိုပဲ လိုချင်ကြတာ၊ သူ့ရဲ့ ဒုတိယစာ ရောက်လာရင်တော့ ငွေညှစ်လိုခြင်းဟုတ်မဟုတ် ပိုပြီး တိတိပပသိရမှာပဲ''

ဟု ရှည်လျားစွာ ရှင်းပြပြီးနောက် စားပွဲပေါ်မှ ဆေးတံဆေးဘူးကိုယူကာ သူ၏ ဒန်းဟောင်းလ်ဆေးတံကြီးကို ဆေးဖြည့်နေလေ၏။ မောင်သံပုံးက မျက်မှောင်ကြီးကုတ်ကာ ခပ်ငူငူထိုင်နေရာမှ ...

''အဲဒီစာပို့သူဟာ ဘယ်သူဖြစ်နိုင်မလဲ ဦးရီး''

ဟု တရားခံကို ခန့်မှန်းပေးရန် မေးလိုက်လေ၏။

''မောင်ရင်လေးရဲ့ ရန်သူတွေဟာ မောင်ရင်လေးကြောင့် ထောင်သုံးနှစ်ကျသွားတဲ့ ကြာကူရီ မောင်မောင်သန့်နဲ့ ချောမေ၊ ပြီးတော့ လေ့သူကြီးဦးသာဖိုးနဲ့ သူ့ရဲ့သမီးနှစ်ယောက် ... ဒါပဲမဟုတ်လား၊ အဲဒီတော့



www.burmeseclassic.com

www.burmeseclassic.com

မြိမ်းခြောက်စာပို့သူဟာ မောင်မောင်သန့်တို့ဘက်က ဖြစ်နိုင်သလို ဦးသာစံတို့သားအဖတွေ ဘက်ကလည်း ဖြစ်နိုင်တာပဲလေ"

ဟု ပြောကာ ဆေးတံကြီးကို ဆက်လက်ဖွာရှိုက်လျက်သာ ရှိပါတော့၏။

✧

တစ်နေ့နံနက် ကုမ္ပဏီရုံးခန်းသို့ မောင်သံပုံး ရောက်ရှိလာကာ သူ၏စားပွဲ၌ ထိုင်လိုက်ပြီး ခဏအတွင်းမှာပင် စက္ကူထရီမေရီကိုသည် အခန်းထဲသို့ဝင်လာပြီး အခန်းထောင့်ရှိ ဗီရိုပုလေးပေါ်မှ မိုင်လိုပုလင်းကိုယူကာ ဓာတ်ဘူးထဲမှရေနွေးဖြင့် မိုင်လိုတစ်ခွက်ဖျော်လျက် ရှိလေ၏။

ထို့နောက် မိုင်လိုခွက်ကို ရွှေနားရေအောက်ခံ ပန်းကန်ပြားလေးပေါ်တင်လျက် မောင်သံပုံး၏စားပွဲဆီသို့ ယူဆောင်လာပြီး မောင်သံပုံး၏ရှေ့ဝယ် အသံမမြည်အောင် ဂရုတစိုက် ချထားပေးလိုက်လေ၏။

ပြီးလျှင် မေရီကိုမှာ အခန်းညာဘက်ထောင့်ရှိ ဘေစင်နံဘေးတန်းပေါ်မှ လက်သုတ်ပဝါလျှော်ပြီးသားကိုယူကာ ခေါက်ပြီး စားပွဲဆီ ယူလာလျက် မိုင်လိုခွက်၏နံဘေးဝယ် အသာချထားပေးလိုက်လေ၏။

မောင်သံပုံးမှာ မိုင်လိုကို မှုတ်သောက်နေရင်းမှ မေရီကို အသင့်တင်ပေးထားသော စားပွဲ၏ညာဘက်မှ လက်မှတ်ထိုးရန် စာရွက်အထပ်အားတစ်ရွက်ပြီးတစ်ရွက် စစ်ဆေးကြည့်ရှုလျက် ရှိလေ၏။

မေရီကိုမှာ စားပွဲဘေးဝယ် မတ်မတ်ရပ်လျက် စောင့်စားနေရာ မောင်သံပုံးမှာ မိုင်လိုခွက်ကို တစ်ဝက်ခန့်သောက်ပြီးသည်နှင့် အောက်ခံပန်းကန်ပြားပေါ် ပြန်တင်လိုက်ပြီး ဖောင်တိန်ကိုကောက်ကိုင်ကာ လက်မှတ်ထိုးစရာရှိသည်တို့ကို ထိုးလိုက်လေ၏။

မေရီကိုသည် မောင်သံပုံး လက်မှတ်ထိုးပြီးသော စာရွက်အထပ်အား သေချာစွာစီကာ ဘယ်လက်ဖြင့် ပွေ့ကိုင်လိုက်ပြီးနောက် သူမ၏လက်ယာဘက်လက်ထဲဝယ် ကိုင်ထားသည့်စာအိတ်ကို မောင်သံပုံး၏ရှေ့စားပွဲပေါ်သို့ အသာတင်ပေးလိုက်လေ၏။

"ဆရာ ... ဒီမနက် ရောက်လာတဲ့စာပါ၊ စာပို့လုလင် လာပေးသွားတာပါ၊ ပထမစာလိုပဲ စာတိုက်ကြီးက ထည့်လိုက်တဲ့စာပါ ... စာတိုက်ကြီးရဲ့တံဆိပ်တုံး ပါပါတယ်"

ဟု မေရီကိုက ဆိုလိုက်ရာ စားပွဲပေါ်မှစာအိတ်ကို မောင်သံပုံးမှာ မှင်တက်မိသလိုကြည့်ရင်း ရင်ထဲဝယ် တဖျတ်ဖျတ် ခုန်လှုပ်လာတော့၏။

မေရီကိုမှာ မောင်သံပုံး၏မျက်နှာကို အကဲခတ်သလို တစ်ချက်ကြည့်လိုက်ပြီးနောက် စာရွက်ထပ်ကို ပွေ့ပိုက်ကာ အခန်းထဲမှ လှမ်းထွက်သွားပါတော့၏။

မောင်သံပုံးမှာ ငူငူကြီးဖြင့် ဆိုဖာကုလားထိုင်ပေါ်ဝယ် ထိုင်ရင်း စာအိတ်ပေါ်မှ လက်နှိပ်စက်စာလုံးလေးများအား တစ္ဆေသရဲကိုတွေ့သဖြင့် ထိတ်လန့်စွာကြည့်သည့်နှယ် မျက်လုံးအပြူးသားဖြင့် ကြည့်နေမိလေ၏။

ဦးလှမြတ် (ခေါ်) သံပုံး
မြန်မာ့ကလေးမျှားကမ္ဘာကုမ္ပဏီ
အမှတ် ( ... )၊ ဖရေဇာလမ်း
ရန်ကုန်မြို့

ဟူသော လိပ်မူချက်က ပထမစာအိတ်အတိုင်းပင် ဖြစ်ချေ၏။

မောင်သံပုံးသည် သက်ပြင်းရှိုက်လိုက်ပြီးနောက် စာအိတ်ကို ဖြည်းလေးစွာ ကောက်ယူလိုက်ကာ ဖွင့်ဖောက်လိုက်ပြီး စာအိတ်ထဲမှ စာရွက်ခေါက်လေးကို လက်ညှိုးလက်မတို့ဖြင့် ညှပ်ကာ ထုတ်ယူလိုက်လေ၏။

ထို့နောက် စိတ်မချမ်းမြေ့စွာဖြင့် စာရွက်ဖြူပေါ်မှ လက်နှိပ်စက်စာလုံးတို့ကို ဖတ်ကြည့်လိုက်လေ၏။





www.burmeseclassic.com

www.burmeseclassic.com



သံပုံး . . .

သင့်ရဲ့ အတိတ်ကာယုတ်မာမှုကို မေ့ချင်ဟန် မဆောင်နဲ့။

သင့်ကို လက်တုံ့ပြန်ရမှ ကျေနပ်မယ်။

သင့်ရဲ့အသက်ကိုပေးဖို့ ပြင်ထားပါ။

သင့်ကြောင့် ဒုက္ခရောက်ရသူ

စာကိုဖတ်ပြီးနောက် စိတ်တိုစွာဖြင့် လုံးချေကာ အမှိုက်တောင်းထဲသို့ ပစ်ထည့်လိုက်မိသည်။

"တောက် . . . တတိတိနဲ့ ခြိမ်းခြောက်နိုပ်စက်နေတယ်၊ ငါ့ကိုသတ်ချင်ရင် အခု လာသတ်လိုက်ပါလား၊ လာစမ်းပါ . . . လာခဲ့"

ဟု သူ သတိလက်လွတ်ဖြင့် နှုတ်မှ အော်လိုက်မိ၏။ ထို့နောက်မှ မည်သည့်အခြေအနေ၌မဆို ဂရုစိုက်ပြုရမည်ဟူသော တတိယဂငယ်ကို သတိရသွားပြီး သူ၏ပေါက်ကွဲမှုကို သူ ဘရိတ်အုပ်လိုက်ရလေ၏။

ပြီးလျှင် ထိုင်ရာမှထကာ အမှိုက်ခြင်းဆီ လျှောက်သွားပြီး စောစောက ပစ္စလက်ခတ်လွှင့်ပစ်လိုက်မိသော စာရွက်ကို ပြန်ကောက်ယူလိုက်လျက် မီးခြစ်ခြစ်ပြီး မီးရှို့ဖျက်ဆီးပစ်လိုက်လေ၏။

✧ ✧ ✧





❖ ပြေးမလွတ် ❖

မောင်သံပုံးမှာ ဒုတိယစာ ရရှိခဲ့သည့်ညနေဝယ် ရန်ကုန်မြို့သို့ ခေတ္တရောက်ရှိနေသော ပြင်သစ်နိုင်ငံမှ မှန်စီယာလော့ကမ္ပဏီ မန်နေဂျာအား ညှိခံရင်း လုပ်ငန်းကိစ္စဆွေးနွေးစရာရှိသဖြင့် ကမ်းနားလမ်းရှိ စထရင်းဟိုတယ်သို့ စက္ကထရီ မေရီကိုနှင့်အတူ ဘေဘီအော်စတင်ကားလေးဖြင့် လာခဲ့ရလေ၏။

ပြင်သစ်မန်နေဂျာနှင့် ဆွေးနွေးစရာရှိသည်တို့ကို ဆွေးနွေးပြီး ညစာဖြင့် တည်ခင်းညှိခံပြီးနောက် စထရင်းဟိုတယ်မှ ကားလေးဖြင့် ပြန်ထွက်လာသောအခါ ညမှောင်ရီသန်းစပြုပြီး လမ်းမီးများပင် ထွန်းလင်းလျက်ရှိချေပြီ။

မောင်သံပုံးမှာ လှိုင်ဘက်မှ မိန်းကလေးဘော်ဒါဆောင်၌ နေထိုင်သူ မေရီကိုအား လိုက်ပို့ရမည့်တာဝန်ရှိသဖြင့် ကားလေးကို ပြည်လမ်းမကြီးအတိုင်း ရှေးဦးစွာ လှည်းတန်းဘက်သို့ မောင်းနှင်လာခဲ့လေ၏။ ဤကဲ့သို့ အလုပ်နှင့်ဆက်နွယ်နေသည့် ညစာစားပွဲများ၊ ညှိခံပွဲများ၊ အစည်းအဝေးများ ရှိသည့်နေ့ဝယ် မောင်သံပုံးမှာ သူနှင့်အတူ သူ၏ကိုယ်ရေးအတွင်းရေးမှူးမလေး မေရီကိုကို မခေါ်မဖြစ် ခေါ်သွားရသဖြင့် အပြန် ညနေအတော်စောင်းသွားပါက လှိုင်အထိ လိုက်ပို့ရလေ့ရှိမြဲပင် ဖြစ်ပါ၏။

မောင်သံပုံးမှာ သူ၏ကားလေးကို ပြည်လမ်းအတိုင်း မှန်မှန် မောင်း



www.burmeseclassic.com

www.burmeseclassic.com



လာရာမှ (ကမာရွတ်) လှည်းတန်းအဝိုင်းသို့အရောက်ဝယ် အဝိုင်းကြီးကို ပတ်ကွေ့ကာ အင်းစိတ်လမ်းမကြီးဘက်သို့ သွားရန် ရည်ရွယ်ခဲ့သော်လည်း ရုတ်တရက် သူ၏ကားကို ကျော်တက်သွားသည့် ဖို့ဒ်ကားတစ်စီး၏ ယာဉ်မောင်း သူကို အမှတ်မထင် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိရာ သူ၏ခန္ဓာကိုယ်မှာ ဆတ်ခနဲဖြစ်သွားရလေ၏။

အဆိုပါ ဖို့ဒ်ကားနက်ကြီး၏ ရှေ့ခန်းမှ ကားမောင်းသွားသူကလည်း မောင်သံပုံး၏ကားကို အရှိန်ဖြင့်ကျော်တက်ရင်း မောင်သံပုံးဘက်သို့ လှည့်ကြည့်သွားရာ ထိုသူ၏မျက်နှာမှာ မောင်သံပုံးဘက်သို့ တည့်တည့်မျက်နှာချင်းဆိုင် လှည့်လိုက်သလို ဖြစ်သွားလေ၏။

ထိုအခါ လမ်းမီးရောင်က ထိုသူ၏မျက်နှာပေါ်သို့ ထင်လင်းစွာ ထိုးကျနေရာ ထိုလူ၏မျက်နှာကို မောင်သံပုံးက သုံးလေးပေအကွာမှ ထင်ထင်ရှားရှားကြီးကို မြင်လိုက်ရချေ၏။

ထိုလူ၏အသားမှာ အတော်ဖြူပြီး အင်္ဂလိပ်ကပြားတစ်ဦး ဖြစ်ဟန်တူ၏။ အသက်ငါးဆယ်ကျော်ခန့်ရှိကာ မျက်နှာ ခပ်ရှည်ရှည်ဝယ် မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများရှိကာ နှာတံမြင့်မြင့် မေးရိုးကားကားတောင့်တောင့် ရှိသည့်အပြင် ထူထဲသော မျက်ခုံးမွေးတို့မှာ ကျိုးတိုးကျဲတဲဖြူလျက်ရှိချေ၏။

ဘာမျှ စဉ်းစားမနေတော့ဘဲ ထိုလူ၏ကားကို မျက်ခြည်ပြတ်မခံဘဲ နောက်ခပ်ခွာခွာမှ နောက်ယောင်ခံ လိုက်ပါသွား တော့၏။

မေရီကိုမှာ မျက်ခုံးပင့်သွားပြီး ...

"အို ဆရာ ... အင်းစိန်လမ်းဘက် မမောင်းဘဲ ဘယ့်နှယ် ပြည်လမ်းအတိုင်း မောင်းရတာလဲ"

ဟု မေးလိုက်ရာ မောင်သံပုံးက ရှေ့နစ်ကားကျော်မှ ဖို့ဒ်ကားနက်ကြီးကို မျက်ခြည်ပြတ်သွားမည်စိုးသဖြင့် ကားရှေ့သို့သာ စူးစိုက်ကြည့်ရင်း

"ဆောရီး မေရီ ... ကျုပ်မှာ သိပ်အရေးကြီးတဲ့ကိစ္စတစ်ခု ပေါ်လာလို့ ... မေရီကို နောက်ပြီး လိုက်ပို့ပါ့မယ်၊ ခုတော့ ခဏ သည်းခံလိုက်ပါဦး





... ဟိုရှေ့က ဖို့ဒ်ကားကို မျက်ခြည်ပြတ်သွားလို့မဖြစ်ဘူး"

ဟု ခပ်သွက်သွက်ရှင်းပြလိုက်ကာ ရှေ့မှ လိပ်လို မောင်းနှင်နေသော ဆလွန်းကားတစ်စီးကို ကျော်တက်လိုက်လေ၏။

မေရီကိုမှာ ဘာမျှ ဆက်မပြောတော့ဘဲ မောင်သံပုံး၏နံဘေးမှ အသာငြိမ်ကာ လိုက်ပါလာတော့၏။

ရှေ့မှ ဖို့ဒ်ကားမှာ ပြည်လမ်းအတိုင်း မောင်းနှင်လာရာမှ ရှစ်မိုင်သို့ ရောက်ရှိလာသည့်တွင် လမ်း၏ဘယ်ဘက်သို့ ချိုးကွေ့သွားပြီး လမ်းတိုလေးတစ်ခုထဲသို့ မောင်းဝင်သွားရာ မောင်သံပုံးမှာ သူ၏ကားကို ချိုးကွေ့ခြင်းမပြုဘဲ လမ်းတိုလေး၏ထိပ်ဝယ် ထိုးရပ်လိုက်ကာ ဖို့ဒ်ကားကို လှမ်းကြည့်နေလိုက်လေ၏။

ဖို့ဒ်ကားနက်ကြီးမှာ လမ်းတိုလေး၏အဆုံးရှိ တိုက်ပုဝါဝါလေးရှိရာ ခြံဝင်းထဲသို့ မောင်းဝင်သွားပါတော့၏။ ထိုအခါမှ မောင်သံပုံးမှာ တိုက်ပုဝါဝါလေးကို စိတ်မှ သေချာမှတ်သားပြီးနောက် ကားကိုပြန်လည်ကွေ့ပြီး လာလမ်းအတိုင်း မောင်းနှင်လာတော့၏။

သို့ဖြင့် လှည်းတန်း (ကမာရွတ်) အဝိုင်းသို့ ပြန်လည် ရောက်ရှိသွားသောအခါ အဝိုင်းကြီးကိုပတ်ပြီး အင်းစိန်လမ်းမကြီးအတိုင်း လှိုင်ဘက်သို့ ဦးတည်မောင်းနှင်လာပါတော့သတည်း။

✧

နောက်နှစ်ရက်အကြာဝယ် နံနက်ပိုင်း ကုမ္ပဏီရုံးခန်းသို့ မောင်သံပုံး ရောက်သည့်နှင့် မေရီကိုက မိုင်လိုဖျော်မည်ပြုစဉ် ...

"မိုင်လိုမဖျော်ခင် ပြာတာမောင်စိုးကို ဒီနေ့ထုတ် သူရိယသတင်းစာဝယ်ပြီးလာပို့ပါလို့ ခိုင်းလိုက်ပါ မေရီ"

ဟု မေရီကိုအား အမိန့်ပေးလိုက်ရာ မေရီကိုမှာ အခန်းထဲမှ ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားလေ၏။

ခဏအကြာဝယ် မေရီကိုမှာ မောင်သံပုံး၏အခန်းထဲ ပြန်ဝင်လာပြီး သူမ၏ဝတ္တရားအတိုင်း မိုင်လိုကို ဖျော်လေ၏။ မိုင်လိုကိုဖျော်ပြီးသော် မိုင်လိုခွက်ကို ရွှေနားရေးကြွေပန်းကန်ပြားပေါ်တင်ပြီး မောင်သံပုံး၏ရှေ့မှ စားပွဲပေါ် အသာတင်ပေးလိုက်လေ၏။ ထို့နောက် ဘေစင်ရှိကြိုးတန်းဝယ် လျှော်ပြီးလှန်းထားသော လက်သုတ်ပဝါကိုယူကာ သေသပ်စွာခေါက်ပြီး မိုင်လိုခွက်၏နံဘေး၌ အသာတင်ပေးလေ၏။

ထိုစဉ် ပြာတာမောင်စိုးမှာ ယနေ့ထုတ် သူရိယသတင်းစာကို ကိုင်ရင်း မောင်သံပုံး၏အခန်းထဲသို့ ဝင်လာလေ၏။ မောင်သံပုံးသည် သူရိယသတင်းစာ၏ ကြော်ငြာစာမျက်နှာကို ဦးစွာလှန်ပြီး သူ မနေ့က သူရိယသတင်းစာတိုက်သို့ သွားကာ ကြော်ငြာခပေးပြီးထည့်ခဲ့သော ကြော်ငြာပါ,မပါကို ကြည့်လေ၏။

သူ၏ကြော်ငြာကိုတွေ့လျှင် မိုင်လိုခွက်ကို မှုတ်သောက်ရင်းမှ ပုံနှိပ်စာလုံးဖြင့်ရှိသော ကြော်ငြာကို သေချာစွာ ဖတ်လေ၏။

ရန်ကုန်မှာ နေနဲ့လ နှစ်ပါးဆိုင်ပြီ။
အမှတ် (...)၊ ဖရေဇာလမ်းသို့ စောစောလာပါ။

✧

သို့ဖြင့် တစ်နေ့နံနက်၌ ကုမ္ပဏီရုံးခန်းရှေ့ရှိ ပလက်ဖောင်းဘေးဝယ် ကားရပ်ကာ မောင်သံပုံးသည် ကားပေါ်တွင် ပြာတာမောင်စိုးအလာကို စောင့်နေစဉ် ...

လူရိုင်းတစ်ခုသည် မောင်သံပုံး၏အနီးသို့ ဖျတ်ခနဲကပ်လာပြီး ...

"နေနဲ့လ နှစ်ပါးဆိုင်ပြီလား"





ဟု အသံသြသြကြီးဖြင့် ခပ်တိုးတိုးမေးလိုက်ရာ မောင်သံပုံးမှာ ဖျတ်ခနဲလှည့်ကြည့်လိုက်သည်တွင် သူနှင့်ဆယ်နှစ်ခန့်ကွဲကွာခဲ့သော သူ၏ဆရာရင်း ကျေးဖူးရှင် တရုတ်လူဝကြီး လုကွမ်းကို တွေ့ရရာ ဝမ်းသာအားရဖြစ်သွားပြီး

"ဟာ ဦးရီးလုကွမ်း ... လာသေးတယ်နော်၊ ကျွန်တော်က ကြော်ငြာသာထည့်ရတာ ဦးရီးလုကွမ်း သူရိယသတင်းစာကို ဖတ်မှဖတ်ဖြစ်ပါ့မလား ... တိဘက်ကိုပဲ ပြန်သွားပြီလားလို့ ထင်နေတာ"

ဟု ပြောလိုက်ရာ လုကွမ်းက တဟင်းဟင်းရယ်ရင်း ...

"ကျုပ်သေပြီလို့ရော မထင်ဘူးလား၊ သူဌေးကြီးဦးလူမြတ်ရဲ့"

ဟု မေးလိုက်ရာ မောင်သံပုံးမှာ လုကွမ်း၏လက်မောင်းကို လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ရင်း ဝမ်းနည်းဝမ်းသာ ဖြစ်နေရာမှ ...

"ဦးရီး လုကွမ်း ... ဦးရီးရဲ့လမ်းညွှန်ချက်အတိုင်း ဂယ်သုံးလုံးကို ဆောင်လို့ ကျွန်တော် သူဌေးဖြစ်နေပြီဗျ၊ အဲဒါဟာ ဦးရီးရဲ့ ကျေးဇူးကြောင့်ပါပဲ ...၊

ခုလည်း ဂျမဒါမြဒင်ကို ဟိုနေ့ညဦးပိုင်းကတွေ့တာနဲ့ ဦးရီးမှာတဲ့အတိုင်း သူရိယသတင်းစာကနေ ကြော်ငြာထည့်ခဲ့တာ ... ဒါဟာ ဦးရီးကို ကျွန်တော် ကျေးဇူးဆပ်တဲ့သဘောနဲ့ ဆောင်ရွက်ပေးတာပါ၊ ကဲ ... အခု ဂျမဒါမြဒင်နေတဲ့ နေရာကို လိုက်ပြမယ် ... ကားပေါ်တက်ပေတော့"

ဟု ပြောရာ လုကွမ်းမှာ ကားပေါ်သို့ တက်လိုက်သည်နှင့် မောင်သံပုံးက ဘေဘီအော်စတင်ကားလေးကို မောင်းထွက်လိုက်ပါတော့သတည်း။

✧

မောင်သံပုံးသည် သူ၏ ဘေဘီအော်စတင်ကားလေးကို ပြည်လမ်းအတိုင်း ရှစ်မိုင်ဘက်သို့ ဦးတည်မောင်းနှင်လာလေ၏။ လုကွမ်းမှာ ကား



www.burmeseclassic.com

www.burmeseclassic.com

ရှေ့ခန်းရှိ မောင်သံပုံး၏နံဘေးမှ ဆိုဖာခုံပေါ်ဝယ် ဆိုဖာကိုကျောမှီကာ ဖိမ်ဖြင့် စီးနင်းလိုက်ပါလာရင်း ကားကို ကျင်လည်စွာမောင်းနှင်နေသော မောင်သံပုံး ကို လှည့်ကြည့်လှည့်ကြည့်လုပ်လျက် သဘောအကျကြီး ကျနေလေ၏။

"ငါ့ကောင်က ဒီလိုကျတော့ အဟုတ်ကြီးပါလားကွ ... ဟော ... မော်တော်ကားတွေ,ဘာတွေ မောင်းလို့၊ ဒီကားဟာ မင်းပိုင်တဲ့ကား လားကွ မောင်သံပုံး"

ဟု မေးလိုက်ရာ မောင်သံပုံးက ပြုံးလျက်မှ ...

"ကျွန်တော့်ရဲ့ကားပေါ့ ဦးရိုးလုကွမ်းရဲ့၊ ကျွန်တော်က အခု ဇရပ် မှာနေတဲ့ မောင်သံပုံး မဟုတ်တော့ဘူး ... ရွှေတောင်ကြားလို့ခေါ်တဲ့ တကယ့် လူ့မလိုင်, လူကုံထံတွေနေတဲ့ ပထမတန်းစားရပ်ကွက်မှာ နှစ်ထပ်တိုက် ကြီးနဲ့နေရတဲ့ မောင်သံပုံးဖြစ်နေပြီ ဦးရိုးရဲ့"

ဟု ခပ်ပြုံးပြုံးမျက်နှာဖြင့်ပြောလိုက်ရာ လုကွမ်းမှာ ခေါင်းတညိတ် ညိတ်လုပ်ရင်း သူ၏တပည့်ကြီးအား ရွှန်းရွှန်းစားစား ကြည့်နေရာမှ ...

"အေးပါကွာ ... ငါ့ကောင်ကြီး ဒီလို ကြီးပွားနေတာကို ငါသိနေ တာ ကြာပါပြီ သူရိယ, ဗန္ဓုလ, သံတော်ဆင့် သတင်းစာတွေမှာ သူဌေးကြီး ဦးလူမြတ်, သူဌေးကြီးဦးလူမြတ်ဆိုပြီး ဓာတ်ပုံတွေ ပါပါလာတာ ငါဖတ်ရပါ တယ် မောင်သံပုံးရဲ့၊ ငါ့မှာ မင်းရဲ့လူပုံအလယ် တင့်တယ်နေတဲ့ပုံတွေကို ကြည့်ပြီး ပီတိပွားနေရတာပါကွ ... ဟား ဟား ဟား"

ဟု သဘောကျရွှင်မြူးစွာ အော်ရယ်လျက် ရှိပါတော့၏။ မောင်သံပုံး က လုကွမ်းအား လှည့်ကြည့်လိုက်ပြီး ...

"ဦးရိုးလုကွမ်း ... ကျွန်တော် အခုကြီးပွားပြီး တကယ် ချမ်းသာနေ ပြီဗျ၊ ကျွန်တော် ဒီလိုဖြစ်တာဟာ ဦးရိုးလုကွမ်းရဲ့ကျေးဇူးကြောင့်ပဲ၊ ဒီတော့ ကျွန်တော်က တစ်လှည့်ပြန်ပြီး ကျေးဇူးဆပ်ပါရစေ၊ ဦးရိုးလုကွမ်း ... ကျွန်တော့်တိုက်မှာ လာနေပါ၊ ဦးရိုးကို အိမ်ဦးခန်းမှာတင်ပြီး ကျွန်တော် ကျေးဇူးဆပ် ကျွေးမွေးပါရစေ"





ဟု တကယ့် လှိုက်လှဲသောစေတနာဖြင့် မောင်သံပုံးက ပြောလိုက် ရာ လုကွမ်းက လက်ကာပြလိုက်ပြီး ...

"နေပါစေ ကောင်လေးရယ် ... ကျုပ်အတွက် ချမ်းသာစည်းစိမ် ဆိုတာ မလိုပါဘူး၊ တိုက်ကြီးပေါ်မှာ နေရတာနဲ့ ဇရပ်ပေါ်မှာနေရတာ ကျုပ်အတွက်တော့ အတူတူပါပဲ၊ မင်း ကြီးပွားတင့်တယ်နေတာကို မြင်တွေ့ ကြားနေရတာနဲ့တင် ကျုပ်အဖို့ ပြီးပြည့်စုံနေပါပြီ မောင်သံပုံးရယ်"

ဟု လေအေးအေးဖြင့် ပြောလိုက်ရာ မောင်သံပုံးမှာ စိတ်မကောင်း ဖြစ်သွားပြီး

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်ရဲ့တိုက်ကိုတော့ ဦးရိုး လိုက်ဖြစ်အောင် လိုက်ခဲ့ပါဦး ... ခဏဖြစ်ဖြစ်တော့ လိုက်နေပါ"

ဟု ဈေးဆစ်လိုက်ရာ လုကွမ်းက ပြုံးလိုက်ပြီး ...

"ကိုယ့်ဘာသာပဲ ချမ်းသာစွာနေပါ မောင်သံပုံးရယ် ... ကျုပ် အတွက် ဘာမှ ထည့်မစဉ်းစားပါနဲ့၊ ကျုပ်က တကယ်တော့ တာဝန်နဲ့ လာရသူပါ၊ ဂျမဒါမြဒင်ဆိုတဲ့ လူယုတ်မာနဲ့တွေ့ပြီး သူ့ဆီက သွေးကြွေး တောင်းပြီးတာနဲ့ ဆီးနှင်းတောင်တွေကြားက တိဘက်ကို ချက်ချင်းပြန်ရ မယ့်သူပါ"

ဟု ပြောလိုက်စဉ်မှာပင် သူတို့၏ ဘေဘီအော်စတင်ကားလေးမှာ ရှစ်မိုင်သို့ ရောက်ရှိလာပြီး တိုက်ဝါပုလေးသို့သွားရာ လမ်းတိုလေး၏ထိပ်သို့ ဆိုက်ရောက်သွားပါတော့၏။

မောင်သံပုံးက တိုက်ဝါပုလေးရှိရာသို့ မေးငေါ့ပြလိုက်ပြီး ...

"ဦးရိုးလုကွမ်း ... အဲဒီတိုက်ဝါလေးဟာ ဂျမဒါမြဒင်ရဲ့အိမ်ပဲ"

ဟု ခပ်တိုးတိုး ပြောလိုက်လေ၏။ လုကွမ်းက လူသူအရိပ်အယောင် မမြင်ရသော တိုက်ဝါပုလေးကို စူးစူးရဲရဲ လှမ်းကြည့်အကဲခတ်လိုက်ပြီးနောက် မောင်သံပုံးကိုလှည့်ကြည့်ကာ ...

"မောင်သံပုံး ... မင်းရဲ့ကားကို ကိုက်ငါးဆယ်လောက် ရှေ့တို



www.burmeseclassic.com

www.burmeseclassic.com

ဆက်မောင်းလိုက်စမ်း''

ဟု အမိန့်ပေးလိုက်ရာ မောင်သံပုံးက လုကွမ်း၏အမိန့်အတိုင်း ကားကို ရှေ့သို့ မောင်းထွက်လိုက်ပြီး လမ်းနံ့ဘေးမှ ကုက္ကိုပင်ကြီးတစ်ပင်၏အောက်ဝယ် ရပ်တန့်လိုက်လေ၏။

ထိုအခါ လုကွမ်းသည် ကားတံခါးဖွင့်ကာ ကားပေါ်မှ ဆင်းလိုက်ပြီးနောက် ခါးကိုကိုင်းညွတ်လျက် ကားထဲမှ မောင်သံပုံးကို ငုံ့ကြည့်ရင်း . . .

''ကဲ မောင်သံပုံး . . . မင်းရဲ့တာဝန်ကျေပြီ၊ မင်းဘာသာ ကားမောင်းပြန်ပေတော့''

ဟု ခပ်ပြုံးပြုံးပြောလိုက်ရာ မောင်သံပုံးက မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်ပြုရင်း လုကွမ်းကို ငေးကြည့်နေရာမှ . . .

''ဦးရီးက ဒီမှာနေခဲ့တော့မှာလား . . . ဂျမဒါမြဒင်နဲ့ အခုပဲ သွားတွေ့တော့မှာလား . . . ဘာဆက်လုပ်မှာလဲ''

ဟု မေးလိုက်ရာ လုကွမ်းက လက်ကာပြလျက် . . .

''အဲဒါက ကျုပ်ရဲ့ကိစ္စပါ မောင်သံပုံး၊ ခုအချိန်ကစပြီး ကျုပ်ရဲ့ကိစ္စမှာ မောင်သံပုံး မပါဝင်တော့ဘူး။ ဒီတော့ ကျုပ် ဒီနေရာမှာ နေခဲ့တဲ့အဖြစ်ကို မေ့လိုက်၊ ဂျမဒါမြဒင်ကိုလည်း မေ့လိုက်၊ အဲဒါတွေဟာ မောင်သံပုံးနဲ့ ဘာမှမဆိုင်ဘူး၊ ကဲ သွားပေဦးတော့ . . . ဘဝတစ်ကွေ့မှာ ကံမကုန်ရင်တော့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပြန်ဆုံကြသေးတာပေါ့''

ဟု ပြောကာ နှုတ်ဆက်လက်ပြလျက်ရှိရာ မောင်သံပုံးမှာ ဘာမျှထပ်မပြောသာတော့ဘဲ လုကွမ်းကို လက်ပြနှုတ်ဆက်လိုက်ပြီးနောက် ကားကို ပြန်ကွေ့ကာ လာလမ်းအတိုင်း မောင်းထွက်ခဲ့ရပါတော့၏။

✧

နောက်နှစ်ရက်ခန့်အကြာတွင် သူရိယသတင်းစာအပါအဝင် နေ့စဉ်





ထုတ်သတင်းစာတို့၌ ကျောဖုံးဝယ် စာလုံးမည်းကြီးများဖြင့် သတင်းထူးတစ်ပုဒ် ပါလာလေ၏။

သတင်းအကျဉ်းမှာ ရှစ်မိုင် ခြံအမှတ် (. . .) နေ၊ ငြိတိသျှစစ်တပ်မှ ဆေးပင်စင်ယူကာ နှုတ်ထွက်ထားသူ ဂျမဒါမြဒင်ဆိုသူသည် တမြန်နေ့က နေအိမ်မှပျောက်ဆုံးသွားကြောင်း၊ အိမ်သူအိမ်သားတို့က သူ့ကိုရှာဖွေရာ နောက်တစ်နေ့နံနက် ဝေလီဝေလင်းဝယ် အင်းယားကန်စပ်၌ ရေနစ်သေဆုံးနေသော သူ၏အလောင်းကို တွေ့ရကြောင်း၊ သူ၏အကျႌဘောင်းဘီတို့မှာ အရက်နံ့များ ထောင်းထောင်းထနေသဖြင့် အရက်အမူးလွန်ပြီး ရေကန်စပ်သို့ ပြုတ်ကျနစ်မြုပ် သေဆုံးသည်ဟု ယူဆရကြောင်း၊ မှုခင်းဆရာဝန်ကြီးက စစ်ဆေးရာ သူ၏ခန္ဓာကိုယ်တွင် မည်သည့်ဒဏ်ရာမျှမရှိဘဲ သူ့အလောင်းကို ခွဲစိတ်ကြည့်သည်တွင် အစာအိမ်ထဲဝယ် အယ်လ်ကိုဟောဓာတ် တွေ့ရှိရကြောင်း၊ ပုလိပ်ဌာနက မတော်တဆမှု၊ သေမှုသေခင်းဖြင့် အမှုပိတ်လိုက်ကြောင်း ဖြစ်လေ၏။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com





## ❖ ရန်သူတော်များ၏ ကျဆုံးခန်း ❖

တစ်နေ့သ၌ . . .

မောင်သံပုံးသည် သူ၏ကုမ္ပဏီမှ မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့ကြီးများသို့ ဖြန့်ချိသည့် ကုန်ပစ္စည်းများ သင်္ဘောတင်ပို့ခြင်းကိစ္စနှင့်ပတ်သက်၍ လမ်းမတော်ဆိပ်ကမ်းသို့ဆင်းကာ သင်္ဘောမာလိန်မှူးများ၊ သင်္ဘောစာရေးများနှင့် ညှိနှိုင်းပြောဆိုစရာများကို ပြောဆိုပြီးနောက် ဆိပ်ခံဇောတံတားမှ တက်လာစဉ် သူ၏နောက်မှ "ဘေးကို . . . ဘေးကို" ဟူသော အော်သံကြားသဖြင့် နံဘေးသို့ကပ်ကာ ရှောင်ပေးလိုက်ရင်း ကုန်ပစ္စည်းထုပ်ကြီးတစ်ထုပ်ကို မနိုင်မနင်း ထမ်းတက်လာသော ကုန်ထမ်းသမားအား အမှတ်တမဲ့ လှမ်းကြည့်လိုက်မိရာ သူ၏မျက်လုံးပင် သူ့မယုံနိုင် ဖြစ်သွားရလေ၏။

"ဟာ . . . ဒါ ငါ့ရဲ့သူငယ်ချင်း လွန်းသောင်မဟုတ်လား"

သူသည် ဇဝေဇဝါဖြစ်သွားပြီးနောက် ထိုကုန်ထမ်းသမား၏နောက်မှ မသိမသာ လိုက်ပါလာခဲ့တော့၏။

အထမ်းသမားသည် နောက်ထပ်ကုန်ထမ်းရန် ဆိပ်ခံတံတားဘက်သို့ ပြန်လှည့်လာစဉ် မောင်သံပုံးနှင့် မျက်နှာချင်းဆိုင် ပက်ပင်းတိုးလေ၏။ ထိုအခါ မောင်သံပုံးသည် အင်္ကျီဗလာဝယ် ခါး၌ ပုဆိုးညစ်ညစ်ကို တိုတိုဝတ်ထားလျက် ပခုံးထက်၌ ပုဆိုးအစုတ်တစ်ထည်ကို စလွယ်သိုင်းချည်ထားသော ခေါင်းစုတ်ဖွားနှင့် တစ်ကိုယ်လုံးပေကျံနေသည့် အထမ်းသမား၏



မျက်နှာကို စူးစူးဝါးဝါးကြည့်ပြီးလျှင် . . .

"ဟေ့ . . . မင်း လွန်း . . လွန်းသောင်မဟုတ်လား"

ဟု မေးလိုက်ရာ ထိုသူက ဝတ်ကောင်းစားလှဝတ်ထားသည့် လူကုံထံသူဌေးဂိုက်အပြည့်ဖြင့် ဖြစ်နေသော မောင်သံပုံးအား ဖျတ်ခနဲ မော့ကြည့်လိုက်ရာမှ ထိုသူ၏မျက်လုံးများမှာ ဝင်းခနဲလက်သွားပြီး ပါးစပ်အဟောင်းသားလည်း ဖြစ်သွားလေ၏။

"ဟာ . . . သံပုံး"

ဟု လွန်းသောင်က မရဲတရဲ ရေရွတ်လိုက်သည်တွင် မောင်သံပုံးက လွန်းသောင်ကို ပွေးဖက်လိုက်ပြီး . . .

"သူငယ်ချင်း လွန်းသောင် . . . ဖြစ်ရလေကွာ . . . မင်း ဒီဆိပ်ကမ်းမှာ ကူလီလုပ်နေရသလား"

ဟု စိတ်မကောင်းသံကြီးဖြင့် ပြောလိုက်ရာ လွန်းသောင်ကလည်း မောင်သံပုံးကို ပြန်ဖက်ရင်း . . .

"သူငယ်ချင်း သံပုံး . . . ဒီတစ်သက်မှာ မင်းကို ပြန်မတွေ့ရတော့ဘူး ထင်နေတာ . . . ဝမ်းသာလိုက်တာကွာ"

ဟု လှိုက်လှဲဝမ်းသာစွာ ပြောလိုက်လေ၏။

ဆိပ်ကမ်းဝန်းကျင်ရှိ ကုန်တင်ကုန်ချ အလုပ်သမားများ၊ အလုပ်သမားခေါင်းများ၊ ပွဲရုံပိုင်ရှင်များ၊ ပွဲရုံစာရေးများနှင့် လမ်းသွားလမ်းလာ ခရီးသည်တို့မှာ ဦးခေါင်းတွင် ပန်းနုရောင်ပိုးပဝါစကို ခေါင်းပေါင်းပေါင်းထားပြီး အယ်(လ်)ပတ်ကား ပိုးတိုက်ပုံအင်္ကျီကိုဝတ်ကာ ဘန်ကောက်လုံချည်ကို ခါး၌ဆင်ယင်လျက် ပေတင်ရှူးဖိနပ်ကိုစီးထားသည့် လူကုံထံ သူဌေးဟန်အပြည့်ရှိသော လူခန့်ခန့်တစ်ဦးနှင့် ခါးအောက်ပိုင်း၌ နံငယ်ပိုင်းသာသာ ပုဆိုးအစုတ်ကို တိုတိုဝတ်လျက် ပုဆိုးဟောင်းတစ်ထည်ကို ပခုံးဝယ် သိုင်းချည်ထားပြီး ခေါင်းစုတ်ဖွားရှိရသည့်အထဲ တစ်ကိုယ်လုံး ဖုန်မှုန့်၊ ချွေးနံ့တို့ ပေကျံနေသည့် အထမ်းသမားတစ်ဦးတို့ တစ်ဦးကိုတစ်ဦး အားရပါးရဖက်ကာ



www.burmeseclassic.com

www.burmeseclassic.com

နှုတ်ဆက်စကားဆိုနေကြသည်ကို အထူးအဆန်းမြင်ကွင်းသဖွယ် ဝိုင်းကြည့်နေကြတော့၏။

ထိုအခိုက် လွန်းသောင်၏ အလုပ်ကြပ်၊ အလုပ်သမားခေါင်းသည် လွန်းသောင် သင်္ဘောဆီသို့ ပြန်မဆင်းလာဘဲ ကြာနေသည့်အတွက် ဆူပူဟိန်းဟောက်ရန် ဒေါနှင့်မောနှင့် လိုက်လာရာ သူတို့ မော်ရှမျှမကြည့်ဝံ့သော သူဌေးဦးလူမြတ်က လွန်းသောင်အား ဖက်လှဲတကင်းလုပ်နေသည်ကို မမျှော်လင့်ဘဲတွေ့ရရာ အံ့အားကြီးသင့်လျက် လွန်းသောင်၏အနားသို့ ရောက်ခါမှ ဘာပြောရ၍ဘာဆိုရမှန်းမသိဘဲ ဖင်ကုတ်ခေါင်းကုတ်လုပ်လျက် ယောင်ပေပေဖြစ်သွားတော့၏။

လွန်းသောင်မှာမူ သူ၏အလုပ်ကြပ်၊ အလုပ်သမားခေါင်းအား တွေ့သွားရာ မောင်သံပုံးဘက်သို့ ကပျာကယာ လှည့်ကြည့်ပြီး . . .

"သူငယ်ချင်း . . . ငါ့အလုပ်ကြပ် လိုက်လာပြီကွ၊ ကုန်တွေက သင်္ဘောနဲ့အပြည့်ပဲ . . . ငါ သွားထမ်းလိုက်ဦးမယ်"

ဟု ပြောကာ မောင်သံပုံး၏အနားမှ ခွာဟန်ပြုလေလျှင် မောင်သံပုံးက လွန်းသောင်၏လက်မောင်းကို ဖမ်းဆွဲလိုက်ပြီး

"ဟေ့ကောင် လွန်းသောင် . . . မင်း အခုချိန်ကစပြီး ဘာကုန်မှ ထမ်းစရာမလိုတော့ဘူး၊ ကူလီအလုပ်က မင်း ခုချက်ချင်းထွက်ပြီး ငါနဲ့လိုက်ခဲ့ . . . မင်းဟာ ငါ့သူငယ်ချင်း"

ဟု ခပ်ပြတ်ပြတ်ပြောဆိုကာ ဆိပ်ကမ်းရှေ့ဝယ်ရပ်ထားသည့် သူ၏ ဘေဘီအော်စတင်ကားပေါ်သို့ လွန်းသောင်အား တက်စေပြီးလျှင် ကားကိုမောင်းကာ ထွက်ခွာသွားရာ လွန်းသောင်၏အလုပ်ကြပ်မှာ ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့ပါတော့သတည်း။

✧





ရွှေတောင်ကြားလမ်းရှိ မောင်သံပုံး၏တိုက်ကြီးသို့ ရောက်ရှိသွားသောအခါ လွန်းသောင်မှ လွန်စွာ အံ့ဩဘနန်း ဖြစ်လျက်ရှိလေ၏။

"ဟာ သံပုံး . . . သူငယ်ချင်း . . . မင်းရဲ့တိုက်ကြီးက ခမ်းနားလှချေလားကွ၊ မင်းက တကယ့်သူဌေးကြီး ဖြစ်နေတာပေါ့ နော်၊ မင်းဟာ မင်းရည်မှန်းထားတဲ့အတိုင်း ကြီးပွားတိုးတက်အောင် တကယ်လုပ်နိုင်ခဲ့တာကိုးကွ"

ဟု ဝမ်းသာအားရပြောလေရာ မောင်သံပုံးမှာ လွန်းသောင်အား တိုက်အပေါ်ထပ်ရှိ အထူးဧည့်ခန်းဆောင်သို့ ခေါ်သွားကာ မိုင်လို၊ သစ်သီးကိတ်၊ ပန်းသီးတို့ဖြင့် ဧည့်ခံကျွေးမွေးရင်း . . .

"ငါ့ရဲ့ဘဝ ကြီးပွားတိုးတက်ခဲ့တာဟာ ငါ့ရဲ့ ကျေးဇူးရှင်ဦးရီး ဆရာလုကွမ်းဆိုတဲ့ တရုတ်လူဝကြီး လမ်းညွှန်မှုပြုပေးခဲ့တဲ့ ဂငယ်သုံးလုံးကို ဆောင်ခဲ့လို့ဖြစ်သလို . . .

မင်းသေချာမှာကြားခဲ့တဲ့ 'ရှက်စုတ်နဲ့ လေ့စဉ်မီအောင် မလိုက်နိုင်ဘူး' ဆိုတဲ့စကားကို ငါ့ရဲ့နားထဲမှာ အမြဲကြားယောင်နေပြီး ငါ့ရဲ့ဘဝ တိုးတက်အောင် ကြိုးစားရာမှာ ငါ့ရဲ့စိတ်ဓာတ် ဖွဲ့ သတ္တိ၊ လုံ့လတို့ကို နိုင်မာအောင် ကြိုးစားခဲ့လို့၊ မင်းပြောခဲ့သလို ဖွဲ့၊ လုံ့လ၊ ဝီရိယ၊ စိတ်ဓာတ် မစုတ်ပဲ့ရအောင် သတိထားခဲ့လို့ကွ လွန်းသောင်ရဲ့"

"ဒါထက် သူငယ်ချင်းမောင်သံပုံး . . . မင်း ငါတို့ရဲ့ လွန်းသောင်မြင်ကြီးကနေ ထွက်ခွာသွားပြီး နောက်ပိုင်း မင်း ငါ့ဆီကို နှစ်ခေါက်လောက်လာလည်တယ်၊ အဲဒီနောက် မင်း လုံးပပျောက်သွားရော၊ အဲဒီကာလတွေမှာ မင်း ဘာတွေဖြစ်ပျက်၊ တွေ့ကြုံခဲ့သလဲ၊ ပြီးတော့ မင်း ဘယ်လိုဖြစ်ပြီး ခုလို ကြီးပွားလာရသလဲဆိုတာတွေ ပြောပြပါဦးကွ"

ဟု တောင်းဆိုလိုက်ရာ မောင်သံပုံးက သူလွန်စွာ ကြိုက်နှစ်သက်လှသော မိုင်လိုကို ခပ်မျှင်းမျှင်းသောက်လိုက်ပြီးနောက် သူ လေ့ထိုးသားအဖြစ် လောင်းကိုယ်လှေကြီးဖြင့် လိုက်ပါရင်း တွေ့ကြုံခဲ့ရသမျှ အဖြစ်အပျက်များ မိကျောင်းရဲ့မှ ဖြစ်ရပ်များကို ခရေစေ့တွင်းကျ ပြောပြလိုက်ပြီး ယခုချိန်အထိ



www.burmeseclassic.com

www.burmeseclassic.com

သူ့ဘဝ၏ ကြုံဆုံရသမျှကိုလည်း ပြောပြလိုက်လေတော့၏။

မောင်သံပုံး၏စကားကို လွန်းသောင်က သေချာစွာ နားထောင်ပြီး နောက် ...

"အေး ... လှေသူကြီးဦးသာဖုံဟာ သူသေခါနီးမှာ ငါတို့ရဲ့ လွန်းသောင်ပြင်ကြီးဆီ ရောက်လာပြီး ငါ့ရဲ့ဦးရီး လွန်းထောင်ဆရာကြီးဆီမှာ လာရောက်ခိုကပ်နေသေးတယ်ကွ၊ သူ့ရဲ့ နောက်မိန်းမကာနိုပ်စက်လို့ စီးပွား ပျက်ပြီး အဲဒီမိန်းမက လင်ငယ်နောက်လည်း လိုက်ပြေးသွားရော၊ ဦးသာဖုံ ဟာ စိတ်ထိခိုက်, စိတ်ဓာတ်ကျရာက အရက်သမားကြီးလုံးလုံး ဖြစ်သွားရ တယ်ကွ ...၊

အရင်က အရက်ကို အနံ့တောင်မခံတဲ့သူက အဲဒီအချိန်မှာ ဘဝ ပျက်ပြီး အရက်သမားကြီးလုံးလုံး ဖြစ်ခဲ့ရတယ်၊ အရက်ဒဏ်ပိ ရောဂါရပြီး မလုပ်နိုင် မကိုင်နိုင်, စားရမဲ့ သောက်ရမဲ့ဖြစ်လာတော့ လှေကြုံနဲ့ ညောင်တုန်း ကိုလိုက်လာပြီး ငါ့ဦးရီးရဲ့ဆီမှာ လာမှီခိုကပ်ရပ်နေရာက တစ်ညမှာတော့ အရက်ပုလင်းကို လက်ကဆွဲပြီး လွန်းသောင်ပြင်ကြီးထဲ ထွက်သွားတာ ပေါ်မလာတော့ဘူးကွ၊ အတော်ညဥ့်နက်တဲ့အထိ ပြန်မလာလို့ စိတ်ပူပြီး ငါတို့တစ်တွေ မီးတုတ်တွေထွန်း လိုက်သွားမှ လွန်းသောင်ပြင်ရဲ့တစ်နေရာ မှာ သွေးအန်ပြီးသေနေတာကို တွေ့ရတော့တယ်"

ဟု လွန်းသောင်ကပြောပြမှ သူ၏ရန်သူတော်ကြီး ဦးသာဖုံ လောက ကြီးထဲမှာ မရှိတော့ကြောင်း မောင်သံပုံး သိရလေတော့၏။

"ဒါထက် လွန်းသောင် ... မင်းက ဘယ်လိုဖြစ်ပြီး ရန်ကုန်ရောက် လို့ ကူလီလုပ်နေရတာလဲ၊ ဒေါ်လေးရော နေကောင်းရဲ့လား ... ပြီးတော့ မင်းရဲ့ညီမ မိုးဖြူရော"

ဟု မောင်သံပုံးက မေးလိုက်ရာ လွန်းသောင်က ပန်းသီးစိတ်ကို ဝါးလိုက်ရင်းမှ ...

"ငါတို့ရဲ့ ကုန်တင်လှေလောကဟာ နောက်ပိုင်းမှာ ကျဆင်းသွား





ခဲ့တယ်ကွ၊ တပါလှေတို့, ပိန်းကောတို့, လောင်းကိုယ်တို့ဟာ မြစ်ကြောင်း ထဲမှာ တစ်စတစ်စ ပျောက်ကုန်တယ်ကွ၊ အဲဒီလှေကြီးတွေရဲ့နေရာမှာ ဗြိတိသျှအရင်းရှင်တွေပိုင်တဲ့ ဧရာဝတီသင်္ဘောကုမ္ပဏီရဲ့ မီးသင်္ဘောတွေက အစားဝင်လာတယ်လေ ...၊

ဘိုးဘွားဘီဘင် ရှေးရိုးအစဉ်အလာ ကုန်တင်လှေကြီးတွေ ခေတ် ကုန်သွားတော့ အဲဒီလှေကြီးတွေကို လွန်းတင်, လွန်းထိုး ပြုပြင်ပေးရတဲ့ ငါတို့လို လွန်းထောင်သမားတွေလည်း စီးပွားရေးခွင်ပျက်သွားပြီး လွန်း ထောင်လက်သမား တော်တော်များများဟာ အလုပ်လက်မဲ့ ဖြစ်ခဲ့ရတယ်ကွ၊ ငါလည်း အလုပ်လက်မဲ့ဖြစ်ပြီး မိုးကာလ စပါးစိုက်တဲ့ရာသီကျတော့ ရွာမှာ လယ်ထွန်ထယ်ထိုး, စပါးစိုက်လုပ်ရတယ်ကွ ...၊

မိုးကုန်ဆောင်းကူး စပါးပေါ်ပြီးချိန်မှာ လူက အလုပ်ပြတ်သွား တော့ ရန်ကုန်မြို့ပေါ်တက်ပြီး ကူလီလုပ်ရတာပေါ့ကွာ ... ဒါမှ ငါနဲ့ ငါ့ရဲ့ အမေအတွက် ထမင်းနပ်မှန်မှာလေ သူငယ်ချင်းရဲ့ ...၊

မိုးဖြူကတော့ ရွာက ကာလသားတစ်ယောက်နဲ့ပဲ ပြီးခဲ့တဲ့ စပါးပေါ် ချိန်က မင်္ဂလာဆောင် အိမ်ထောင်ပြုသွားပြီကွ၊ အမေကတော့ ရွာမှာကျန်ရစ် တယ်၊ ငါက ဒီရန်ကုန်မှာ ကူလီလုပ်ပြီး ငွေစု, လူကြုံလှေကြုံနဲ့ အမေ့ဆီ ငွေပို့ရတာပေါ့ကွာ"

ဟု ပြောရာ မောင်သံပုံးက လွန်းသောင်၏ပခုံးကို နွေးထွေးစွာ ဖက်လိုက်ပြီး ...

"မင်းရဲ့ဘဝ ကြီးပွားတိုးတက်စေမယ့် အလုပ်အကိုင် စီးပွားရေး လုပ်ငန်းကိုလည်း ငါ စီစဉ်ပေးမယ်၊ ငါ ဒီလို မင်းတို့မိသားစုကို ကူညီတာဟာ တစ်ချိန်တုန်းက ငါ့ဘဝ အန်စာပိုင်းမှာ ခြူးတစ်ပြားတောင်မကျန်အောင် ဆုံးပြီး စားရမဲ့ သောက်ရမဲ့, နေစရာမဲ့, အလုပ်အကိုင်မရှိ ဖြစ်နေတုန်း မင်းက ငါ့ကို စားစရာ, နေစရာနဲ့ အလုပ်အကိုင်ရရှိအောင် ကူညီခဲ့တယ်၊ အဲဒီကျေးဇူးကို ငါ ပြန်ပြီးတုံ့ပြန်တာပဲ သူငယ်ချင်း"

www.burmeseclassic.com



တှ မောင်သံပုံးက ပြောပြနေစဉ် အိမ်ပေါ်ထပ်ရှိ အထူးဧည့်ခန်းကြီးထဲသို့ ဦးဘလှိုင် ဝင်ရောက်လာလေ၏။ ဦးဘလှိုင်မှာ မောင်သံပုံး၏ ကျေးဇူးရှင်တစ်ယောက်ဖြစ်ပြီး မောင်သံပုံးနှင့် သားအဖ တူဝရီးကဲ့သို့ ရင်းနှီးချစ်ခင်သံယောဇဉ်ရှိသူဖြစ်ရာ ဤအိမ်သို့ တံခါးမရှိ ဓားမရှိ ဝင်နိုင်သူဖြစ်ပေ၏။

"ဟော . . . ဦးရီးပါလား၊ လာ . . . ကျွန်တော်ပြောခဲ့တဲ့ ကျွန်တော့်ဘဝရဲ့ အတိတ်ဇာတ်လမ်းထဲက သူငယ်ချင်းလွန်းသောင်ဆိုတာ သူပေါ့ဦးရီး"

ဟု ရွှင်ပြုံးစွာပြောဆိုကာ မောင်သံပုံးက ဦးဘလှိုင်နှင့် လွန်းသောင်ကို မိတ်ဆက်ပေးလိုက်လေ၏။

ဦးဘလှိုင်မှာ လွန်းသောင်နှင့် နှုတ်ဆက်စကား အတန်ကြာပြောဆိုပြီးနောက် သူ၏လက်ထဲ၌ စွဲကိုင်ထားသော သတင်းဂျာနယ်တစ်စောင်ကို မောင်သံပုံးထံ ကမ်းပေးပြီး . . .

"ဒီသတင်းဂျာနယ်ထဲမှာ မောင်ရင်လေးအတွက် ထူးခြားတဲ့သတင်းတစ်ပုဒ်ပါလို့ ကျူပ်ဖတ်မိပြီးတာနဲ့ ချက်ချင်းလာပို့တာပဲ"

ဟု ဦးဘလှိုင်က ပြောပြရာ မောင်သံပုံးက သတင်းဂျာနယ်၏ စာမျက်နှာများကို တစ်ရှုက်ချင်းလှန်ပြီး ကြည့်လိုက်လေ၏။

သူက ဦးဘလှိုင် မင်နီဖြင့်ဝိုင်းပြထားသောသတင်းကို သေချာစွာ ဖတ်ကြည့်လိုက်သည်တွင် . . .

ယင်းသတင်းမှာ မောင်မောင်သန့်ဆိုသော လူလိမ်သည် ချောမေဆိုသော သူ၏ဇနီးသည်နှင့်အတူ အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ပြီး ရွှေအတုများကို အစစ်နှင့် ပုံမှားရိုက် လိမ်ညာရောင်းချစားသောက်လျက်ရှိရာမှ ပဲခူးမြို့တွင် လွန်ခဲ့သောနှစ်လက သူတို့ထံမှ ရွှေအတုဝယ်မိသော လူတစ်ဦးနှင့် တည်းခိုခန်းတစ်ခု၌ စကားအကြီးအကျယ်များကြကြောင်း၊ ထိုသို့စကားများရာမှ ထိုလူက သူ့ရွှေထည်များအတွက် ပေးချေလိုက်ရသော ငွေတစ်သောင်းကို ပြန်မပေးပါက ပုလိပ်ဌာနသို့တိုင်မည်ဟု ခြိမ်းခြောက်ရာမှ မောင်မောင်သန့်နှင့် ချောမေက ထိုလူ့ကို နှုတ်ပိတ်သည့်အနေဖြင့် တည်းခိုရာအခန်းထဲမှာပင် ဓားမြှောင်ဖြင့်ထိုးကာ သတ်ဖြတ်ခဲ့ကြကြောင်း . . .။





ယင်းအမှုမှာ တစ်ပတ်အတွင်း ပေါ်ပေါက်ခဲ့ကာ မောင်မောင်သန့်နှင့် ချောမေတို့အား ပုလိပ်အဖွဲ့မှ ဖမ်းဆီးပြီး တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာမှ ပဲခူးမြို့ ရာဇဝတ်တရားရုံးမှ မောင်မောင်သန့်နှင့် ချောမေတို့အား တစ်သက်တစ်ကျွန်းပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း . . .။

သတင်းပင်ဖြစ်ရာ ဓာတ်ပုံများနှင့်တကွပါသောသတင်းကို ဖတ်ပြီးနောက် မောင်သံပုံးမှာ သူ၏ပေါင်ကို ဖြောင်းခနဲ လက်ဖဝါးဖြင့် ပုတ်ခတ်လိုက်ပြီး . . .

ဒါဆို ဦးရီး . . . ကျွန်တော့်ဆီကို ခြိမ်းခြောက်စာပို့နေသူဟာ မောင်မောင်သန့်နဲ့ ဒေါ်ချောမေတို့ မဟုတ်တာ သေချာသွားပြီပေါ့၊ သူတို့က ပြီးခဲ့တဲ့နှစ်လလောက်ကတည်းက အဖမ်းခံခဲ့ရတာပဲ၊ လူသတ်မှုဆိုတာ အာမခံလည်းမရတော့ ကျွန်တော့်ဆီ စာပို့တဲ့အလုပ်ကို သူတို့ လုံးဝမလုပ်နိုင်ဘူး။

ဒီက သူငယ်ချင်းလွန်းသောင်ရဲ့ ပြောချက်အရ လှေသူကြီးဦးသာခံကလည်း ပြီးခဲ့တဲ့နှစ်ကတည်းက ဆုံးသွားတာဆိုတော့ ကျွန်တော့်ဆီ ခြိမ်းခြောက်စာပို့တာ မြရတီတို့ညီအစ်မပဲ ဖြစ်ရတော့မှာပေါ့"

"မင်းကိုလုပ်ကြံဖို့ ခြိမ်းခြောက်စာပို့နေတာ သူတို့ညီအစ်မပဲဖြစ်မှာ သေချာတယ် . . . အထူးသဖြင့် အကြီးမ မြရတီ ဖြစ်နိုင်တယ်"

ဟု ဦးဘလှိုင်ကပြောရာ မောင်သံပုံးမှာ ဧည့်ခန်းနံရံပေါ်မှ မြန်မာပန်းချီကျော် ဦးဘညာဏ်၏ မြစ်ရေးဆည်းဆာပုံ ပန်းချီကားကြီးအား ငေးစိုက်ကြည့်လိုက်မိရင်း . . .

"ဪ တကယ်တော့ ကျွန်တော့်ကို သတ်ချင်နေသူဟာ ကျွန်တော့်ရဲ့ရင်ထဲမှာ စွဲစွဲလမ်းလမ်းမြတ်နိုးရတဲ့ မိန်းကလေး ဖြစ်နေပါလား"

ဟု နှုတ်မှ တိုးတိုးဖွဖွ ရေရွတ်နေမိပါတော့သတည်း။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



## ❖ အမုန်း၏အစွန်းတစ်ဖက် ❖

ကုမ္ပဏီရုံးခန်းထဲမှ ဆိုဖာနောက်မှီခုံကြီးဝယ် တိတ်ဆိတ်စွာ ထိုင်နေသည့် မောင်သံပုံးမှာ ငေးငေးငူငူကြီး ငြိမ်နေရာမှ သူ၏မျက်နှာက ခပ်ပြုံးပြုံးဖြစ်လာပြီးလျှင် စားပွဲကို လက်ညှိုးထိပ်ဖြင့် တဒေါက်ဒေါက်ခေါက်ကာ ခေါင်းကို တညိတ်ညိတ်ပြုရင်း စည်းချက်လိုက်သလိုပြုနေရာ သူမတို့၏ သူဌေး ရူးများရူးသွားပြီလားဟုပင် မေရီကို စိုးရိမ်ရင်ဖိုသွားမိလေ၏။

မေရီကိုမှာ သူမ၏သူဌေး ထူးခြားသော ဟန်အမူအရာများ ဖြစ်ပျက်နေပုံကို အကဲခတ်ရင်းမှ သူမ၏ နံနက်တိုင်း ပြုနေကျဝတ္တရားဖြစ်သည့် မိုင်လိုခွက်ကို ဖျော်လိုက်လေ၏။

သူမသည် မိုင်လိုခွက်ကိုဖျော်နေရာမှ တစ်ချက် တစ်ချက် သူမ၏ သူဌေးကို ငဲ့ငဲ့ကြည့်နေရသေး၏။ သူမ၏စိတ်ထဲဝယ် သူမ၏သူဌေးမှာ ယခုတစ်လော ရောက်ရှိလာသည့်စာများကြောင့် မူပျက်နေသည်ကို သတိထားမိလေ၏။

"သူရူးသွားရင်တော့ ဒုက္ခပဲ . . . ဒါဆို အရာရာဟာ အလကားဖြစ်သွားမှာပေါ့"

ဟု မေရီကိုက တစ်ကိုယ်တည်းတွေးရင်း မိုင်လိုခွက်ကို မောင်သံပုံး၏ရှေ့ရှိ စားပွဲပေါ်သို့ အသံမမြည်အောင် ဂရုတစိုက် ချပေးလိုက်လေ၏။

ထို့နောက် သူမက ဘေစင်သို့သွားပြီး ဘေစင်ဘေး ကြိုးတန်းပေါ်





ဝယ် လျှော်ဖွပ်လှန်းထားသည့် လက်သုတ်ပဝါကို ယူလိုက်ကာ သေသပ်စွာ ခေါက်ပြီး မိုင်လိုခွက်၏နံဘေးတွင် အသာတင်လိုက်လေ၏။

ယင်းနောက် မေရီကိုက မောင်သံပုံး၏ မျက်နှာချင်းဆိုင်ရှိ ထိုင်ခုံဝယ် အသာထိုင်လိုက်ကာ စားပွဲပေါ်တွင် တံတောင်ဆစ်နှစ်ဖက်ထောက်ပြီး လက်ဖဝါးနှစ်ဖက်ပေါ်၌ မေးကိုတင်လျက် မောင်သံပုံးကို စိမ်ပြေနပြေ ကြည့်နေလိုက်လေ၏။

မောင်သံပုံးလည်း သူ့ရှေ့တည့်တည့်မှာ လာထိုင်လျက် သူ့မျက်နှာကို တည့်တည့်ကြီးလာကြည့်နေသော မေရီကိုကြောင့် အနေရ အထိုင်ရခက်သွားကာ ရှိုးတိုးရှန့်တန့်ဖြစ်သွားပြီးလျှင်

"ဟာ မေရီ . . . ဘယ့်နှယ် ရှေ့တည့်တည့်က လာထိုင်ကြည့်နေရတာလဲ"

ဟု စိတ်ရှုပ်ထွေးစွာ ပြောလိုက်ရာ မေရီကိုက ပြုံးလိုက်ပြီး . . .

"ဆရာက တစ်ခါမှ ဒီလို ပြုံးလိုက်၊ တည်လိုက်၊ ငေးငူကြီးဖြစ်လိုက်နဲ့ စပရိန်မျက်နှာ မဖြစ်ဖူးတော့ ထူးဆန်းလို့ မေရီ ကြည့်မိတာပါ ဆရာရဲ့"

ဟု ပြောလိုက်ရာ မောင်သံပုံးမှာ သူ၏အမူအရာတို့ကို မေရီကို သတိထားမိသွားကြောင်းသိရသဖြင့် သူ့ခေါင်း သူကုတ်လိုက်မိရာမှ သူ့ရှေ့ရှိ မိုင်လိုခွက်ကိုသောက်ရန် လက်ယာလက်ဖြင့် မ,ယူလိုက်လေ၏။

သို့သော် နှုတ်ခမ်းနားအရောက်ဝယ် သောက်မည်ပြုပြီးမှ မိုင်လိုကပူလွန်းနေသဖြင့် စားပွဲပေါ်သို့ အသာပြန်ချထားလိုက်ပြီး . . .

"ဟုတ်တယ် မေရီ . . . ဒီနေ့အဖို့ ကျုပ်ရဲ့ရင်ထဲမှာ ခံစားချက်က အမျိုးမျိုးဖြစ်နေတယ်၊ လွတ်လပ်ပေါ့ပါးပြီး ပျော်သလိုလို၊ ဝမ်းနည်းကြေကွဲသလိုလို၊ စိတ်ညစ်သလိုလို၊ ယူကျုံးမရသလိုလို၊ စိတ်ကြည်နူးချမ်းမြေ့သလိုလို ဖြစ်နေတယ် မေရီ၊ အဲဒီလိုဖြစ်ရတာဟာ ဟိုခြိမ်းခြောက်စာတွေကြောင့်ပဲ . . . ၊



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့ကို ဘယ်သူက သတ်ဖြတ်ချင်နေတာလဲ ဆရာ"

ဟု မေးလိုက်လေရာ မောင်သံပုံးက အခန်းမျက်နှာကြက်ကို မော့ကြည့်လိုက်ပြီးမှ သက်ပြင်းချလိုက်ကာ . . .

"ကျုပ်ကို သတ်ဖြတ်ချင်သူဟာ ကျုပ်သိပ်ချစ်ရတဲ့ မိန်းကလေးပဲ မေရီ"

ဟု ပြောလိုက်ရာ မေရီကို၏ လှပသောခန္ဓာကိုယ်လေးမှာ တောင့်ခနဲဖြစ်သွားပြီး နှုတ်ခမ်းမှလည်း . . .

"အို"

ဟု အာမေဋိတ်သံလေး ထွက်သွားလေ၏။

မောင်သံပုံးက မေရီကို၏ တုန်လှုပ်အံ့သြသွားပုံလေးကို သဘောကျစွာဖြင့် ပြုံးကြည့်လိုက်ပြီး . . .

"ဟုတ်တယ် မေရီ . . . ကျုပ်ရဲ့ဘဝမှာ သိပ်ချစ်ရတဲ့ မိန်းကလေး တစ်ယောက်ရှိတယ်၊ သူ့ကို တစ်ညနေခင်းလေး မြင်လိုက်ရတာနဲ့ သိပ်ချွဲလမ်းပြီး ရင်ထဲမှာ သိပ်ချစ်မြတ်နိုးမိခဲ့တယ်၊ ဒါကို သူကတော့ ခုအထိ သိပုံမရဘူး သူ သတ်လို့ ကျုပ်သေသွားရင်တောင် ကျုပ် သူ့ကို သိပ်ချစ်နေတယ်ဆိုတာကို သူသိမှာ မဟုတ်ဘူး . . .၊

ကျုပ်ရဲ့ဘဝမှာ အဲဒီမိန်းကလေးတစ်ယောက်တည်းကိုပဲ ချစ်ခဲ့မိတယ်၊ ကျုပ် တစ်ချိန်ချိန်မှာ မိန်းမတစ်ယောက်ကို လက်ထပ်ရင် ကျုပ်လက်ထပ်တဲ့သူဟာ သူပဲဖြစ်ရမယ် . . . သူမှ မဟုတ်ရင်တော့ ကျုပ်ဘဝမှာ ဘယ်မိန်းမကိုမှ လက်မထပ်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်၊ သူ့ရဲ့နာမည်က မြရတီတဲ့"

ဟု မောင်သံပုံးက ခပ်ဖြည်းဖြည်းပြောပြလိုက်ရာ မေရီကိုက အံ့သြဟန်မပြေသေးသော မျက်နှာလေးဖြင့် မောင်သံပုံးကို ခပ်တွေတွေလေး ကြည့်ရင်း . . .

"ဆ . . . ဆရာက သူ့ကို သိပ်ချစ်ရဲ့သားနဲ့ သူကတော့ ဆရာ့ကို



BURMESE CLASSIC .com



ဘာဖြစ်လို့ သတ်ပစ်ချင်နေရတာလဲ ဆရာ"

ဟု မေးလိုက်ရာ မောင်သံပုံးက နာကျင်စွာ ပြုံးလိုက်ရင်း . . .

"ကံကြမ္မာရဲ့ လှည့်စားမှုကြောင့်ပါ မေရီ . . . ကံကြမ္မာရဲ့ လှည့်စားမှုကြောင့် ကျုပ်ရဲ့ သူ့လေးအပေါ်ထားတဲ့ စေတနာဟာ ဝေဒနာဖြစ်ခဲ့ရတယ်၊ ကျုပ်ကို သူ သိပ်အထင်လွဲသွားခဲ့တယ်၊ ဖြစ်ရပုံကတော့ ဒီလို . . . ဒီလိုပါ မေရီ"

ဟု အစချီလိုက်ပြီးနောက် မိကျောင်းရဲ၌ ဖြစ်ပျက်ခဲ့ပုံ အလုံးစုံနှင့် ယနေ့အထိ အဖြစ်အပျက်တို့ကို ခရေစေ့တွင်းကျ ပြောပြလိုက်ပြီးလျှင် . .

"အဲဒီလို ဖြစ်ပျက်ခဲ့တာပါ မေရီ . . . ကျုပ်ရဲ့စေတနာကို သူမသိတော့ ကျုပ်ကို သိပ်နာကြည်းမုန်းတီးသွားပုံ ရတယ်၊ ဒါကြောင့် သူက ကျုပ်ကိုသတ်ဖြတ်ဖို့ ကြံစည်ခဲ့တာပဲ . . .၊

ကျုပ်သိပ်ချစ် မြတ်နိုးရတဲ့ မိန်းကလေးကို ဖြစ်ရပ်မှန်, စေတနာအမှန်ကို ကျုပ်မှာ ရှင်းပြခွင့်မရခင် သူက ကျုပ်ကို အလစ်မှာ လုပ်ကြံသတ်ဖြတ်လိုက်မှာကို စိုးရိမ်မိတယ်၊ အဲဒီလိုသာဖြစ်ခဲ့ရင် ကျုပ်လောက် ဝမ်းနည်းကြေကွဲစရာကောင်းသူဟာ ဒီကမ္ဘာမှာ ရှိမှာမဟုတ်ဘူးလို့တွေးပြီး စိတ်မကောင်းဖြစ်မိရတာပါ"

ဟု ရှင်းပြပြီးနောက် မောသွားဟန်ဖြင့် မိုင်လိုခွက်ကို ကောက်ယူကာ နှုတ်ခမ်းဝတွင်တေ့ပြီး မော့သောက်လိုက်စဉ် . . .

"အို . . . မသောက်နဲ့"

ဟု မေရီကိုက အော်ဟစ်လိုက်ရင်း သူမ၏ လက်ယာလက်ဖြင့် မောင်သံပုံး၏မိုင်လိုခွက်ကို လျှပ်တစ်ပြက် ပုတ်ချလိုက်ရာ မိုင်လိုခွက်မှာ မောင်သံပုံး၏လက်ထဲမှ လွတ်ကျသွားပြီး အခန်းကြမ်းပြင်ပေါ်သို့ ခွမ်းခနဲ ပြုတ်ကျကာ ကြွေကိုင်းခွက်မှာ ကွဲကြေသွားလျက် မိုင်လိုများမှာ ကြမ်းပြင်ပေါ်ဝယ် ပြန့်ကျဲသွားလေတော့၏။

မောင်သံပုံးမှာ မေရီကို၏ မထင်မှတ်သောအပြုအမူကြောင့် လွန်စွာ



www.burmeseclassic.com

www.burmeseclassic.com

အံ့သြသွားပြီး ကျွဲမြီးလည်းတိုသွားကာ . . .

"ဟင် မေရီကို . . . ဒါဘာလုပ်တာလဲ"

ဟု စိတ်တိုစွာမေးလိုက်ရာ မေရီကိုက လက်ကာပြလိုက်ပြီး ရွှေကိုင်းမျက်မှန်လေးကို ချွတ်ကာ စားပွဲပေါ်သို့ တင်လိုက်လျက် . . .

"ခဏလေး"

ဟုဆိုကာ ဘေစင်ရှိရာသို့ ထသွားလျက် ရေတံခေါင်း၏ခလုတ်ကို လှည့်ဖွင့်လိုက်ပြီး သူမ၏မျက်နှာကို သစ်လေတော့၏။ ဆပ်ပြာဖြင့် မျက်နှာအနှံ့ ပွတ်တိုက်လျက် ရေဖွားဖွားဖြင့် မျက်နှာကို အထပ်ထပ်သစ်လိုက်ပြီးနောက် ကြိုးတန်းတွင်လှန်းထားသော မျက်နှာသုတ်ပဝါကို ဆွဲယူကာ သူမ၏မျက်နှာကို ပွတ်သုတ်လိုက်လေ၏။

ထို့နောက် ကော်ကပ်ထားသော ဆံပင်အုံဝိုင်းဝိုင်းကြီးကို လက်နှစ်ဖက်ဖြင့် အပေါ်သို့ ဆွဲမလိုက်ရာ ဆံပင်အုံကြီးပါ မြောက်ပါလာပြီး ဆံပင်အုံအောက်မှ ပိတုန်းရောင် ဆံကေသာပျော့ပျော့တစ်ထွေးကြီးမှာ ကျောပြင်ပေါ်သို့ ဖားလျားကျသွားရာ ဆံပင်ရှည်ရှည်ဖြောင့်ဖြောင့်တို့၏ အဖျားမှာ သူမ၏တခေါက်ခွက်အထိ ရောက်ရှိကြောင်း တွေ့ရလေ၏။

မောင်သံပုံးမှာ မေရီကို၏နောက်ကျောဘက်ကို အံ့သြနားမလည်စွာ မှင်တက်မိ ငေးကြောင်ကြည့်နေမိစဉ် သူမက သူ့ဘက်သို့ လှည့်လိုက်ပြီး စားပွဲဆီသို့ တစ်လှမ်းချင်း ပြန်လျှောက် လာတော့၏။

သူမ၏ဦးခေါင်းဝယ် ဆံပင်ကောက်ကောက် ဆံပင်အုံ ဝိုင်းဝိုင်းကြီးမရှိတော့ဘဲ ပိတုန်းရောင် ဆံကေသာပျော့ပျော့ ဖြောင့်ဖြောင့်များသာ ဖားလျားဝေကျလျက်ရှိချေပြီ။

မျက်ခုံးမွေးဆွဲခဲတံဖြင့် သေသပ်စွာ ဆွဲထားလေ့ရှိသော စင်ရော်တောင်မျက်ခုံးမွေးမျှင်မျှင်၏နေရာဝယ် မျက်ခုံးမွေးနုနုတို့က ကွေးညွတ်ခြင်းသိပ်မရှိဘဲ သဘာဝအတိုင်း သိမ်မွေ့စွာ ခပ်တန်းတန်းသာ တည့်နေပြီဖြစ်ပါ၏။





မျက်ခွံပေါ်တို့မှ ရောင်စုံကာခြယ်မှုများသည်လည်း မရှိတော့ဘဲ မည်းနက်ရှည်လျား ကော့ပျံလျက်ရှိသော မျက်တောင်တုတို့၏နေရာဝယ် သဘာဝအတိုင်း မျက်တောင်မွေးစင်းစင်း ညို့ဖျော့ဖျော့တို့သာ တည်ရှိနေပါ၏။ မူလ မျက်တောင်တုတစ်စုံမှာ ဘေစင်ဝယ် ကျန်ရစ်ခဲ့ချေပြီ။

မျက်ဝန်းပတ်လည်ဝယ် ခဲဆွဲကာ လိုင်နာဖော်ထားမှုမှာလည်း မရှိတော့ရာ မျက်ဝန်းက လွန်စွာတောက်ပခြင်း မရှိတော့ချေ။

အစဉ် နီရဲနေအောင် ဆိုးထားလေ့ရှိသော နှုတ်ခမ်းတို့မှ နှုတ်ခမ်းနီတို့ကြက်ပျောက်ငှက်ပျောက် ပျောက်သွားပြီး သဘာဝအဆင်အသွေး ပန်းနုရောင် နှုတ်ခမ်းသားလေးတို့သာ သန့်စင်စွာ နှင်းဆီပန်း၏ ပွင့်ချပ်နုနုလေးများနှယ် စွဲမက်ဖွယ် တည်ရှိနေပါ၏။

မေရီကို၏ အရုပ်မျက်နှာ မိတ်ကပ်ကာခြယ်မျက်နှာ နေရာဝယ် သဘာဝအတိုင်း သိမ်မွေ့စွာလှပနေသည့် မဟာဆန်ဆန် မိန်းမလှလေးတစ်ဦး၏မျက်နှာက အစားထိုး ဝင်ရောက်သွားချေပြီ။

"ဟင် . . . မြရတီ"

ဟု နှုတ်ဖျားမှ လွှတ်ခနဲထွက်သွားပြီး မောင်သံပုံးမှာ မြရတီအား မယုံနိုင်စွာ မှင်တက်မိ ငေးကြည့်နေတော့၏။ မြရတီက သိမ်မွေ့နူးညံ့စွာ ပြုံးလိုက်ပြီး . . .

"ဟုတ်ပါတယ် အစ်ကို . . . ကျွန်မက မြရတီပါ၊ အစ်ကို့အပေါ် အထင်လွဲပြီး အစ်ကို့ရဲ့အနီးဆုံးကိုရောက်အောင် ချဉ်းကပ်လုပ်ကြံဖို့ ကြံစည်မိခဲ့သူပါ . . .၊

မြရတီဟာ မြရတီတို့ရဲ့ ဘိုးဘွားပိုင် ရတနာရွှေထည် သေတ္တာကို အစ်ကို ခိုးပြေးပြီး အဲဒီရတနာတွေကို ထုခွဲရောင်းချ ကြီးပွားချမ်းသာနေတယ်လို့ ယူဆမိတာနဲ့ အစ်ကို့အပေါ် အထင်လွဲစိတ်နာပြီး မေရီကိုအဖြစ် ဟန်ဆောင်ချဉ်းကပ်ခဲ့တာပဲ ဖြစ်ပါတယ် အစ်ကို . . .၊

ခြိမ်းခြောက်စာတွေပို့တာလည်း မြရတီပါပဲ၊ ဒီနေ့လည်း အစ်ကို့ကို



www.burmeseclassic.com

www.burmeseclassic.com

မျှော်တိုက်နေတဲ့ မိုင်လိုထဲမှာ အဆိပ်ပြင်းလှတဲ့ ပိုးသတ်ဆေးတွေထည့်ပြီး အစ်တို့ကို လုပ်ကြံမလို့ပါ၊ လုပ်ကြံမှုအောင်မြင်ပြီး အစ်ကိုသေသွားမှ ထွက်ပြေးတိမ်းရှောင်မယ်၊ မေရီကိုရဲ့ ခေတ်ဆန်တဲ့ရုပ်သွင်ကို ပြောင်းပစ်လိုက်ရင် မေရီကိုကို ဘယ်သူမှ ခြေရာခံလိုက်ရာလို့ မရတော့ဘူးဖြစ်သွားမယ် ...၊

အဲဒီလို ကြံစည်ခဲ့ပေမယ့် စောစောကမှ အစ်ကို့ရဲ့ ရင်ဖွင့်ရှင်းပြတဲ့ စကားတွေကိုကြားရတော့ မြရတီဟာ အစ်ကို့အပေါ်မှာ တစ်ဖက်သတ် အထင်လွဲနေမိပြီ မြရတီ မှားပြီဆိုတာ သိပါပြီ၊ အစ်ကို့ရဲ့ မြရတီတို့ညီအစ်မ အပေါ်ထားတဲ့ စေတနာမေတ္တာတရားကိုလည်း ကောင်းကောင်းကြီး နားလည်ပါပြီ အစ်ကို၊ မြရတီ အထင်လွဲပြီး သတ်ဖို့အထိ ကြံစည်ကြိုးစားမိတာကို ခွင့်လွှတ်ပါနော်''

''မြရတီရယ် ... မြရတီ မတောင်းပန်လည်း တို့က ခွင့်လွှတ်ပြီးသားပါ ... ခုလိုဖြစ်ရပ်အမှန်နဲ့ တို့ရဲ့စေတနာအမှန်ကို သိရှိသွားတာပဲ ဝမ်းသာလှပါပြီကွယ်''

''မြရတီတို့ ညီအစ်မလေ အဖေက ပစ်သွားတော့ သိပ်ကို ဒုက္ခရောက်ခဲ့ရပါတယ်၊ အိမ်ရောင်းပြီး အမေ့ရဲ့ အဒေါ်တစ်ယောက်ရှိရာ အောင်လံကို သွားခဲ့ကြတယ်၊ အောင်လံမှာ ညီမလေး မြသီတာက ကျောင်းကထွက်ပြီး စက်ချုပ်တယ်၊ မြရတီကတော့ မက်ထရစ်အောင်လို့ ရန်ကုန်ယူနီဗာစီတီမှာ လာတက်ပြီး ဘွဲ့ရချိန်မှာ ကုမ္ပဏီစာရေးမ, အရောင်းတာဝန်ခံ စတဲ့အလုပ်တွေလုပ်ပြီး ရန်ကုန်မှာ ကျင်လည်ခဲ့တယ်၊ အဲဒီနောက် သတင်းစာတွေထဲမှာ အစ်ကို့ရဲ့ဓာတ်ပုံတွေတွေ့ပြီး အစ်ကိုဟာ သူဌေးဦးလူမြတ်ဖြစ်နေမှန်း သိရလို့ မြရတီတို့ရဲ့ မိသားစုဘိုးဘွားပိုင် ရတနာရွှေထည်တွေကို ခိုးယူသွားရပ်ပါမလားလို့ စိတ်ဆိုးဒေါသဖြစ်ခဲ့တယ်၊ မြရတီတို့ ဆင်းရဲဒုက္ခရောက်ရတာဟာ အစ်ကို့ရဲ့ယုတ်မာမှုကြောင့်ပဲလို့ ယူဆခဲ့မိပါတယ် ... ဒါကြောင့် အစ်ကို့အပေါ် စိတ်နာမုန်းတီးပြီး အနီးကပ် ချဉ်းကပ်သတ်ဖြတ်ဖို့ ကြံစည်မိတာပါ အစ်ကို ...၊





ညီမလေးကတော့ အောင်လံမှာ စက်ချုပ်လို့ အသက်မွေးဝမ်းကျောင်း ပြုနေပါတယ်၊ မြရတီတို့ရဲ့အဖေ ဦးသာဖုဟာလည်း သူ့ရဲ့ မွေးတဲ့ရပ်တဲ့ မိုက်ပြစ်ကြောင့် ပြီးခဲ့တဲ့နှစ်ကပဲ ညောင်တုန်းမှာ သွေးအန်ပြီး သေသွားပြီဆိုတာ ကြားခဲ့ရပါတယ်''

ဟု လေသံခပ်တိုးတိုးဖြင့် ရှင်းပြရာ မောင်သံပုံးမှာ မြရတီအား ကရုဏာသက်စွာ ငေးကြည့်ရင်းမှ ...

''ဒါဆို အခု မြရတီက တို့ကို မမုန်းတော့ဘူးပေါ့ ... ဟုတ်လား''

ဟု ခပ်ပြုံးပြုံးမေးလိုက်ရာ မြရတီမှာ ပါးပြင်မို့မို့တို့ဝယ် ရှက်သွေးလွှမ်းများဖြန်းရင်း ခေါင်းလေးငုံ့လျက် ...

''မမုန်းတော့ပါဘူးရှင်''

ဟု တိုးတိုးပြောရာ မောင်သံပုံးက မြရတီ၏အနီးသို့ ချဉ်းကပ်သွားကာ ညာလက်ချောင်းလေးများဖြင့် မြရတီ၏ မေးဖျားလေးကို မော့ယူလိုက်ပြီးလျှင် ...

''မြရတီရယ် တော်ပါသေးရဲ့ ... တို့ရဲ့ရင်ထဲက အချစ်မြတ်နိုးခုံမြရတီက တို့ကို သတ်ဖြတ်လုပ်ကြံမိတော့ မလို့နော်''

ဟု ပြောလိုက်ပြီးနောက် ...

''မြရတီလည်း တို့ရင်ထဲကဆန္ဒကို သိပြီးပြီမို့ တို့ကို လက်ထပ်ခွင့်ပြုပါနော်၊ တို့ မြရတီကို သိပ်ချစ်ခဲ့တယ်၊ တို့ရဲ့တစ်သက်မှာ တစ်ခါပဲ ချစ်မူးခဲ့တဲ့ မိန်းကလေးနဲ့ ဖူးစာက် မလွဲပါရစေနဲ့နော်''

ဟု တိုးတိုးဖွဖွပြောကာ မြရတီ၏ ကိုယ်လုံးလှလှလေးအား ထွေးပွေ့လိုက်ရာ ...

''အို ... အစ်ကိုကလည်း''

ဟု အရှက်သည်းသံလေးဖြင့် ညည်းညူရင်း မြရတီမှာ မောင်သံပုံး၏ ရင်ခွင်ထဲသို့ ကြည်နူးစွာ ဦးခေါင်းလေး တိုးဝင်လိုက်ပါတော့သတည်း။

✧



www.burmeseclassic.com

www.burmeseclassic.com



သူဌေး ဦးလှမြတ် (ခေါ်) မောင်သံပုံးမှာ ချစ်ရသော မြရတီနှင့် ကင်းနားလမ်းမှ စထရင်းဟိုတယ်၌ ခမ်းနားစွာလက်ထပ်ပြီး သုံးရက်မြောက် သောနေ့ဝယ် စာတိုက်မှ စာတစ်စောင် ရောက်ရှိလာလေ၏။

ထိုစာကို မောင်သံပုံး ဖတ်ကြည့်လိုက်ရာ . . .

မောင်သံပုံး . . .

ကျုပ် တိဘက်ကိုမသွားခင် ဒီစာကို မြစ်ကြီးနားကနေ ရေးပြီး ပို့လိုက်တာပဲ။

လူယုတ်မာ ဂျမဒါမြဒင်ဆီက သွေးကြွေးတောင်းပြီးနောက် ကျုပ်ဟာ ရန်ကုန်ကနေ မန္တလေးကို ရထားနဲ့အပြန် ရထားပေါ်မှာ ကိုယ်ရေပြားရောဂါသည် သူတောင်းစားကြီးတစ်ဦး ကျုပ်ဆီ ပိုက်ဆံတောင်းရာက သူနဲ့ စကားဆိုမိတယ် . . .။

သူဘာကြောင့် ရောဂါဖြစ်ရတာလဲလို့ မေးမိတော့ သူက သူဟာ ငယ်ငယ်က မိန်းမရှုပ်ခဲ့ကြောင်း၊ အသက်အရွယ်ကြီးတဲ့အထိ မိန်းမပွေခဲ့လို့ မကောင်းတဲ့မိန်းမတွေနဲ့ပါ တွေ့ပြီး ရောဂါရခဲ့တယ်လို့ ဆိုတယ်။

ခင်ဗျားမှာ သားသမီးရော မရှိဘူးလားလို့မေးတော့ ရပ်ရွာတကာလှည့်ပြီး မယားနှစ်ယောက်နဲ့အတူ လိမ်လည်လှည့်ဖြားစားသောက်နေတဲ့တုန်းက သားယောကျ်ားလေးတစ်ယောက် ရခဲ့ဖူးပေမယ့် ကလေးကို တာဝန်ယူပြီး မမွေးနိုင်တော့လို့ အညာမြို့လေးတစ်မြို့မှာ သံပုံးထဲထည့်ပြီး စွန့်ပစ်ခဲ့တယ်လို့ အဲဒီလူကြီးက ပြောတယ်။

ကျုပ်လည်း စိတ်ဝင်စားသွားပြီး အဲဒီလို ဘာကြောင့် လုပ်ရတာလဲလို့ မေးတော့ သူနဲ့ သူ့မိန်းမနှစ်ယောက်ဟာ ဘုရားပွဲ





ဈေးတွေမှာ လူတွေကို မလိမ့်တပတ်နဲ့ 'လူ့ဒူး' ဆိုတာကို ရုံသွင်းပြသခဲ့သတဲ့။ အဲဒီမှာ အခကြေးငွေပေးပြီး တစ်ပတ်အရိုက်ခံရတာကို မကျေနပ်တဲ့ လူရွယ်တစ်ယောက် စိတ်တိုစိတ်ဆတ်သူတစ်ယောက်က ပေါက်ကွဲပြီး သူ့ကိုလည်းရိုက်၊ ရုံကိုလည်း ဖျက်ဆီးလိုက်လို့ သူနဲ့ သူ့မိန်းမနှစ်ယောက်ဟာ ခွေးပြေးဝက်ပြေး ထွက်ပြေးခဲ့ရတယ်တဲ့။

အဲဒီအခါ သူတို့ဟာ အဲဒီမြို့လေးမှာ စီးပွားလည်းဆက်ရှာလို့ မရတော့တာနဲ့ အခက်အခဲသိပ်ဖြစ်ပြီး တစ်လသားအရွယ် ကလေးငယ်ကို ဆက်မမွေးနိုင်တော့တာနဲ့ နောက်နေ့မနက်စောစောမှာပဲ ဈေးနားက အမှိုက်ပုံမှာ သံပုံးပေါင်းတစ်လုံးထဲထည့်ပြီး စွန့်ထားခဲ့ရတယ်လို့ပြောတယ်။ ပြီးတော့မှ သူတို့ဟာ အဲဒီမြို့လေးကနေ ထွက်ခွာခဲ့ပြီး အခြားမြို့ရွာဆီ ခရီးဆက်ခဲ့ရတယ်တဲ့ . . .။

အဲဒီကလေးသာရှိရင် ကျုပ်ရဲ့သားဟာ အသက်အစိတ် သုံးဆယ်လောက်ရှိပြီး အားကိုးရမှာဗျာလို့ အဲဒီလူကြီးက ညည်းညူပြောပြတယ်။ ကလေးရဲ့အမေရောဆိုတော့ အာဟာရပြတ်ရောဂါရပြီးသေတာ ဆယ်နှစ်လောက်ရှိပြီတဲ့။ ခုတော့ သူလည်း ရောဂါသည်ကြီးဖြစ်ရော သူ့ရဲ့မိန်းမတွေက သူ့ကို စွန့်ပစ်ထားခဲ့ပြီး ကျုပ်လည်း မနေရတော့ပါဘူးလို့ ပြောပြီး ငိုနေခဲ့တယ် . . .။

မန္တလေးဘူတာကိုလည်း ရထားဆိုက်ရော အဲဒီလူကြီးဟာ သူလှဲအိပ်နေရာ ရထားကြမ်းပြင်ပေါ်က ထတော့ဘဲ သေဆုံးနေတာကို တွေ့ရတယ်။ သူ့ကို ဘူတာကပဲ တာဝန်ယူပြီး သင်္ဂြိုဟ်လိုက်တယ်လို့သိရတယ် . . .။

အဲဒီလူကြီး ကလေးကို စွန့်ပစ်ခဲ့တဲ့မြို့ဟာ မင်းရဲ့ဇာတိမြို့ဖြစ်နေလို့ သူတို့စွန့်ပစ်ခဲ့တဲ့ကလေးဟာ မင်းဖြစ်မယ်လို့ ကျုပ်ယုံကြည်ယူဆပြီး အဲဒီအကြောင်းကို ကျုပ် တိဘက်မပြန်မီ မင်းဆီ

www.burmeseclassic.com



တရေးသားအကြောင်း ကြားခဲ့တာပဲ ...။

မောင်သံပုံး ...

သဗ္ဗေသတ္တာ ကမ္မဿကာလို့သာ မှတ်ယူလိုက်ပါ။

လောကီအလုပ်ကိုပဲ လုပ်လုပ်၊ လောကုတ္တရာအလုပ်ကိုပဲ လုပ်လုပ် ကျူပ်မှာခဲ့တဲ့ ဂငယ်သုံးလုံးကို မမေ့ပါနဲ့ မောင်သံပုံး။

သင့်ရဲ့ဘဝနေရောင်ခြည်

လုကွမ်း

အထက်ဖော်ပြပါ လုကွမ်း၏စာကို ဖတ်ပြီးနောက် မောင်သံပုံးမှာ သက်ပြင်းကြီးချကာ သဗ္ဗေသတ္တာ ကမ္မဿကာ၊ သဗ္ဗေသတ္တာ ကမ္မဿကာ ဟုသာ တိုးတိုးဖွဖွ ရေရွတ်လျက် ရှိပါတော့သတည်း။

ပြီးပါပြီ

အစဉ်အမြဲကြိုးစားလျက်

**စိတြအဂ္ဂ**

BURMESE CLASSIC .com

# စိတြအဂ္ဂ ၏ ရေးသားထုတ်ဝေပြီးသောလုံးချင်းဝတ္ထုများ


၁။ ကိုးမြို့ကိုးတံခါး ( စိတြကူ ကလောင်အမည်ဖြင့် )
၂။ သေမင်းပုရပိုက်မြို့ ( ။ )
၃။ မရဏာရှင်းတမ်း ( ။ )
၄။ ရွှေဘုံနန်းရှင် ( ။ )
၅။ ဂငယ်သုံးလုံးမောင်သံပုံး ( စိတြအဂ္ဂ ကလောင်အမည်ဖြင့် )
၆။ မိကျောင်းစေတမန် ( ။ )
၇။ ခုနှနဒီကျိန်စာ ( ။ )
၈။ စွယ်နက်ရှင် ( ။ )
၉။ မီးနပ်(စ်)ပုလဲ ( ။ )
၁၀။ ပင်လယ်မြွေဟောက် ( ။ )
၁၁။ အင်ဘီလူး ( ။ )
၁၂။ သင်းမြိုင်မောင်နှမ ( ။ )
၁၃။ အရိုင်းမေတ္တာ ( ။ )
၁၄။ နံ့သာအိမ်ကြီး ရေကြာဆီး ( ။ )
၁၅။ ငှက်ကျွန်မြွေနဂါး ( ။ )
၁၆။ သမုဒ္ဒယကောရီ ( ။ )
၁၇။ ကျောက်စိမ်းယက္ခ ( ။ )
၁၈။ လေးပွင့်သစ္စာ ( ။ )
၁၉။ ကိုးမြို့ ကိုးတံခါး ကိုးဖလား ( ။ )
၂၀။ ဘီလူးတောင်ကျိန်စာ ( ။ )
၂၁။ သွေးနှင်းဆီ ( ။ )
၂၂။ ရေသူမလေး မဥ္ဇူရီ ( ။ )


www.burmeseclassic.com